# အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ




# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်မှု အစီရင်ခံစာ

(၂၀၂၄ ခုနှစ် ဧပြီလအထိ)

MSME

www.msmewebportal.gov.mm

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်
# MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှု အစီရင်ခံစာ
# (၂၀၂၄ ခုနှစ်၊ ဧပြီလ အထိ)



## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဗဟိုကော်မတီ(၁/၂၀၂၂) (၁/၂၀၂၃) အစည်းအဝေးများမှ လမ်းညွှန်မှာကြားချက်

- ❖ ကုန်ထုတ်လုပ်မှုတွင် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီး၊ H/R အရင်းအမြစ်စသည့် အဓိက(၄)ချက် ပြည့်စုံရန်လိုအပ်ကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်မှုအတွက် စဉ်းစားရာတွင် ကုန်ကြမ်းသေချာရရှိနိုင်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ရန် ......

- ❖ MSME လုပ်ငန်းများ အားပေးမြှင့်တင်ခြင်း၏ အခြေခံအကြောင်းအချက်များမှာ ကုန်ထုတ်လုပ်မှု တစ်နည်းအားဖြင့် ပြည်တွင်းစီးပွားရေးကိုမြှင့်တင်ရန်၊ သွင်းကုန်အစားထိုးနိုင်ရန်နှင့် ပို့ကုန်တိုးမြှင့်နိုင်ရန် ......

- ❖ MSME လုပ်ငန်းများနှင့် အကြီးစားစက်မှုလုပ်ငန်းများ ချိတ်ဆက်နိုင်ရေး ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ရာတွင် အဓိကအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန် .......

- ❖ MSME လုပ်ငန်းများအတွက် ဒီဂျစ်တယ် အသုံးပြုနိုင်ရေးနှင့် အသွင်ကူးပြောင်းရေး အပိုင်းသည်လည်းများစွာအရေးပါပြီး မိမိတို့နိုင်ငံ၏ အနေအထားအရ အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ဒီဂျစ်တယ် စီးပွားရေး ပီပြင်လာစေရေးအတွက် ထောက်ပံ့ဆောင်ရွက်ပေးသွားရန် .......



## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၏ လုပ်ငန်းကော်မတီ ၁/၂၀၂၃ အစည်းအဝေးမှ လမ်းညွှန်မှာကြားချက်

- ❖ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် ဒေသထွက် ကုန်ကြမ်းများကို အခြေခံပြီး ကုန်ထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်ရန် .....

- ❖ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) ထုတ်လုပ်နိုင်ရန်နှင့် ဒေသဆိုင်ရာ အောင်မြင်စီအလိုက် အဓိကထုတ်ကုန် သတ်မှတ်ပြီး ပြည်တွင်း ထုတ်ကုန်အပြင် ပြည်ပတင်ပို့နိုင်သည်အထိရည်ရွယ်ဆောင်ရွက်ရန် ......

- ❖ တိုင်းဒေသကြီး/ပြည်နယ် MSME လုပ်ငန်းရှင်များ ငွေကြေးအရင်းအနှီးနှင့် နည်းပညာများ ပံ့ပိုးနိုင်ရေးကိုလည်း ဆောင်ရွက်ရန် ......

- ❖ MSME လုပ်ငန်းရှင်များ အသိပညာရရှိရေး သတင်းကွန်ရက် ဖြန့်ဝေမှုအပိုင်းတွင် MSME လုပ်ငန်းရှင်များနှင့် အများပြည်သူများအတွက် မှန်ကန် မြန်ဆန်စွာ ရောက်ရှိရေးနှင့် ကျွမ်းကျင်လုပ်သားနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် အောင် စီမံဆောင်ရွက်ရန် ......

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
( MSME ဗဟိုကော်မတီဥက္ကဋ္ဌ )

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ
( MSME ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ )

ဗိုလ်ချုပ်ကြီးမြထွန်းဦး
ဒုတိယဝန်ကြီးချုပ်နှင့်
ပြည်ထောင်စုဝန်ကြီး(ပို့/ဆက်)
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဒုတိယဗိုလ်ချုပ်ကြီးညိုစော
နိုင်ငံတော်စီမံအုပ်ချုပ်ရေး
ကောင်စီအဖွဲ့ဝင်
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဦးဝင်းရှိန်
ဒုတိယဝန်ကြီးချုပ်နှင့်
ပြည်ထောင်စုဝန်ကြီး(စီမံ/ဘဏ္ဍာ)
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဒေါက်တာကံဇော်
ပြည်ထောင်စုဝန်ကြီး
(ရင်းနှီး/စီးပွား)
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဒေါက်တာသီတာဦး
ပြည်ထောင်စုဝန်ကြီးနှင့်
ပြည်ထောင်စုရှေ့နေချုပ်
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဦးမောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
(ပြန်ကြားရေး)
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဦးမင်းနောင်
ပြည်ထောင်စုဝန်ကြီး
(စိုက်/မွေး/ဆည်)
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဦးလှမိုး
ပြည်ထောင်စုဝန်ကြီး
(သမ/ကျေးလက်)
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဦးခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
(သယံဇာတ)
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဦးဉာဏ်ထွန်း
ပြည်ထောင်စုဝန်ကြီး
(လျှပ်စစ်စွမ်းအား)
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဒေါက်တာချာလီသန်း
ပြည်ထောင်စုဝန်ကြီး(စက်မှု)
( MSME ဗဟိုကော်မတီ
အတွင်းရေးမှူး )

ဦးမြင့်နောင်
ပြည်ထောင်စုဝန်ကြီး
(အလုပ်သမား)
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဦးထွန်းအုံ
ပြည်ထောင်စုဝန်ကြီး
(စီးပွား/ကူးသန်း)
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဒေါက်တာညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
(ပညာရေး)
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဒေါက်တာမျိုးသိန်းကျော်
ပြည်ထောင်စုဝန်ကြီး
(သိပ္ပံနည်းပညာ)
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
(ကျန်းမာရေး)
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဒေါက်တာသက်သက်ခိုင်
ပြည်ထောင်စုဝန်ကြီး
(ဟိုတယ်ခရီး)
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဒေါ်သန်းသန်းဆွေ
မြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဥက္ကဋ္ဌ
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဦးအေးဝင်း
ဥက္ကဋ္ဌ (UMFCCI)
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဒေါ်ခင်စောဦး
ဥက္ကဋ္ဌ (ဘဏ်များအသင်း)
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

ဦးခင်မောင်ကျော်
နာယက၊ မြန်မာနိုင်ငံ
အင်ဂျင်နီယာအသင်းချုပ်
( MSME ဗဟိုကော်မတီအဖွဲ့ဝင် )

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ
( MSME လုပ်ငန်းကော်မတီဥက္ကဋ္ဌ )

ဦးဝင်းရှိန်
ဒုတိယဝန်ကြီးချုပ်နှင့်
ပြည်ထောင်စုဝန်ကြီး(စီမံ/ဘဏ္ဍာ)
(MSME လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ-၁)

ဒေါက်တာချာလီသန်း
ပြည်ထောင်စုဝန်ကြီး(စက်မှု)
(MSME လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ-၂)

ဒေါက်တာကံဇော်
ပြည်ထောင်စုဝန်ကြီး
(ရင်းနှီး/စီးပွား)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးလှမိုး
ပြည်ထောင်စုဝန်ကြီး
(သမ/ကျေးလက်)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးထွန်းအုံ
ပြည်ထောင်စုဝန်ကြီး
(စီးပွား/ကူးသန်း)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဒေါက်တာမျိုးသိန်းကျော်
ပြည်ထောင်စုဝန်ကြီး
(သိပ္ပံနည်းပညာ)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးသန်းထွန်းဦး
ဥက္ကဋ္ဌ၊နေပြည်တော်ကောင်စီ
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးခက်ထိန်နန်
ဝန်ကြီးချုပ် (ကချင်)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးဇော်မျိုးတင်
ဝန်ကြီးချုပ် (ကယား)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးစောမြင့်ဦး
ဝန်ကြီးချုပ် (ကရင်)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဒေါက်တာဝုန်ဆွန်းထန်
ဝန်ကြီးချုပ် (ချင်း)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးမြတ်ကျော်
ဝန်ကြီးချုပ် (စစ်ကိုင်း)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးမြတ်ကို
ဝန်ကြီးချုပ် (တနင်္သာရီ)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးမျိုးဆွေဝင်း
ဝန်ကြီးချုပ် (ပဲခူး)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးတင့်လွင်
ဝန်ကြီးချုပ် (မကွေး)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးမျိုးအောင်
ဝန်ကြီးချုပ် (မန္တလေး)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးအောင်ကြည်သိန်း
ဝန်ကြီးချုပ် (မွန်)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးထိန်လင်း
ဝန်ကြီးချုပ် (ရခိုင်)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးစိုးသိန်း
ဝန်ကြီးချုပ် (ရန်ကုန်)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးအောင်အောင်
ဝန်ကြီးချုပ် (ရှမ်း)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးတင်မောင်ဝင်း
ဝန်ကြီးချုပ် (ဧရာဝတီ)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း
## (အဆက်)

ဗိုလ်မှူးချုပ်လူမွန်
ဒုတိယဝန်ကြီး (ပို့/ဆက်)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဒေါ်သန်းသန်းလင်း
ဒုတိယဝန်ကြီး(စီမံကိန်းစီမံ/ဘဏ္ဍာ)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဒုတိယဝန်ကြီး
(ဘဏ္ဍာရေး၊ စီမံ/ဘဏ္ဍာ)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးရဲတင့်
ဒုတိယဝန်ကြီး(ပြန်ကြားရေး)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဒေါက်တာတင်ထွဋ်
ဒုတိယဝန်ကြီး(စိုက်/မွေး/ဆည်)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးမင်းသူ
ဒုတိယဝန်ကြီး(သယံဇာတ)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးအေးကျော်
ဒုတိယဝန်ကြီး(လျှပ်စစ်စွမ်းအား)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးရင်မောင်ညွှန့်
ဒုတိယဝန်ကြီး (စက်မှု)
(MSME လုပ်ငန်းကော်မတီ
အတွင်းရေးမှူး)

ဦးဝင်းရှိန်
ဒုတိယဝန်ကြီး(အလုပ်သမား)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဒေါက်တာဇော်မြင့်
ဒုတိယဝန်ကြီး(ပညာရေး)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဒေါက်တာအေးထွန်း
ဒုတိယဝန်ကြီး(ကျန်းမာရေး)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးဝင်းဖေ
ဒုတိယဝန်ကြီး(ဆောက်လုပ်ရေး)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးဖြိုးဇော်စိုး
ဒုတိယဝန်ကြီး(ဟိုတယ်ခရီး)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးဇော်မြင့်နိုင်
ဒုတိယဥက္ကဋ္ဌ(ဗဟိုဘဏ်)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးသိန်းဆွေ
ညွှန်ကြားရေးမှူးချုပ်(စက်မှု)
(MSMEလုပ်ငန်းကော်မတီ
တွဲဖက်အတွင်းရေးမှူး)

ဦးအေးထွန်း
ဒုတိယဥက္ကဋ္ဌ(UMFCCI)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးမင်းဇေယျာလှိုင်
ဥက္ကဋ္ဌ (MCF)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဦးတိုးအောင်မြင့်
ဒုတိယဥက္ကဋ္ဌ (ဘဏ်များအသင်း)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဒေါက်တာသင်းသင်းကျော်
ဥက္ကဋ္ဌ (MYEA)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

ဒေါ်ကြွေကြွေဇင်
ဥက္ကဋ္ဌ (MWEA)
(MSMEလုပ်ငန်းကော်မတီအဖွဲ့ဝင်)

# ဥယျောဇဉ်



MSME အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခန်းကဏ္ဍတွင် ပါဝင်ပြီး MSMEs လုပ်ငန်းစုများသည် ပုံစံအမျိုးမျိုးသော စီးပွားရေးစနစ်များတွင် အခရာအကျဆုံးသော အခြေခံလုပ်ငန်းစုဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒတွင် MSME ကဏ္ဍ၏ အရေးပါပုံလည်း အထူးအလေးထား ဖော်ပြထားပြီး ယင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပါက စီးပွားရေး မတည်ငြိမ်သည့် ကာလများ၌ပင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအား ထိန်းကျောင်းပေးနိုင်စွမ်းရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

MSME ကဏ္ဍသည် ပုဂ္ဂလိက စီးပွားရေးကဏ္ဍ၏ ကျောထောက်နောက်ခံ ဖြစ်သကဲ့သို့ တီထွင်စမ်းသပ်မှုများ၏ အဓိက အရင်းအမြစ်များအဖြစ် လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စွန့်ဦးတီထွင်လုပ်ငန်းစုများ၏ အစပြုရာ နေရာအဖြစ်လည်းကောင်း၊ MSMEs လုပ်ငန်းစုများသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေး တည်ငြိမ်ရေးတို့အတွက်လည်း အရေးပါသည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများ အတွက် လုပ်ငန်းအသစ်များ ဖြစ်ပေါ်လာစေပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း ထပ်မံဖန်တီးပေးနိုင်စွမ်းရှိပါသည်။ MSME များမှ တစ်ဆင့် နိုင်ငံတွင်း ငွေကြေးလည့်ပတ်စီးဆင်းမှုအား စဉ်ဆက်မပြတ် ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းတစ်ရပ်ဖြစ်သည့် GDP တိုးတက်စေရန်လည်း အထောက်အကူပြုနိုင်ပေသည်။

သို့ဖြစ်ပါ၍ ကဏ္ဍအသီးသီးရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ဒေသတွင်းရှိ စီးပွားရေးကွန်ရက်အတွင်း၌ တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ကောင်းများ မြင့်မားလာပြီး နိုင်ငံသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်သွားနိုင်ရန်အတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဗဟိုကော်မတီဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီနှင့် အထောက်အကူပြုအဖွဲ့များမှ ဆောင်ရွက်လျက်ရှိပါသည်။ စက်မှုဝန်ကြီးဌာနအနေဖြင့် MSME စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအား တာဝန်ခံဝန်ကြီးဌာနအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုဝန်ကြီးမှ ဗဟိုကော်မတီအတွင်းရေးမှူး၊ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ(၂)နှင့် ဒုတိယဝန်ကြီးမှ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အေဂျင်စီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ဤအစီရင်ခံစာသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်ချက်များကို ဗဟိုကော်မတီဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီနှင့် အထောက်အကူပြုအဖွဲ့များမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား မူဝါဒကောင်းများ ချမှတ်ပေးနိုင်ရန်ရည်ရွယ်၍ ပြုစုရခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ MSME ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသော သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအေဂျင်စီအသီးသီးတို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ယူစွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

**ဒေါက်တာချာလီသန်း**

**ဒုတိယဥက္ကဋ္ဌ(၂)**

**အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး**

**လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၁ |
| ၃။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃)ရပ် | ၁-၂ |
| ၄။ | MSME များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့မှုသမိုင်းအကျဉ်းချုပ် | ၂ |
| ၅။ | MSME အဖြစ် စတင်သုံးနှုန်းလာခြင်း | ၂-၃ |
| ၆။ | မူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများပြဋ္ဌာန်းခြင်းနှင့် ကော်မတီများဖွဲ့စည်း ဆောင်ရွက်ခြင်း | |
| ၆.၁။ | ဥပဒေများမပြဋ္ဌာန်းမီအထောက်အကူပြု(၉)ဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့မှုအခြေအနေ | ၃-၄ |
| ၆.၂။ | ဥပဒေ၊ မူဝါဒ၊ နည်းဥပဒေများအတည်ပြုပြဋ္ဌာန်းထုတ်ပြန်ခြင်း | ၄-၅ |
| ၆.၃။ | တာဝန်ခံဝန်ကြီးဌာနသတ်မှတ်ခြင်း | ၅ |
| ၇။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် MSME ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်မှုများ | |
| ၇.၁။ | ကော်မတီများဖွဲ့စည်းဆောင်ရွက်ခြင်း | ၅-၁၀ |
| ၇.၂။ | နိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်များ | ၁၁ |
| ၇.၃။ | လုပ်ငန်းရှင်တင်ပြချက်များ | ၁၂ |
| ၇.၄။ | MSME ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဆောင်ရွက်ချက်များ | ၁၂-၁၄ |
| ၈။ | MSME လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ MSME အေဂျင်စီ၊ MSME ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် ဥပဒေပြင်ဆင်ရေးအဖွဲ့တို့၏ ဆောင်ရွက်ချက်များ | |
| ၈.၁။ | MSME လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ | ၂၁၄-၂၁၈ |
| ၈.၂။ | MSME အေဂျင်စီ | ၂၁၈-၂၂၂ |
| ၈.၃။ | MSME ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ | ၂၂၂-၂၂၆ |
| ၈.၄။ | ဥပဒေပြင်ဆင်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များ | ၂၂၆-၂၂၉ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၉။ | သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လေ့ကျင့်သင်ကြား ပေးနေသော သင်တန်းများ | | ၂၂၉-၂၃၀ |
| ၁၀။ | တိုင်းဒေသကြီး/ပြည်နယ်အလိုက် အဆိုပြုထားသည့် စိုက်ပျိုး မွေးမြူရေးအခြေခံ OROP ထုတ်ကုန်ဦးစားပေးအမယ်များ | | ၂၃၀-၂၃၃ |
| ၁၁။ | စိုက်ပျိုးမွေးမြူရေး အခြေခံ ထုတ်လုပ်မှုလုပ်ငန်းများနှင့် MSME ကဏ္ဍရှိ OROP ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက် နိုင်ရန် သုံးသပ်ချက်များ | | ၂၃၃-၂၃၅ |
| ၁၂။ | MSME Webportal နှင့် Online Registration ဆောင်ရွက်ပေးနေမှု အခြေအနေများ | | |
| | ၁၂.၁။ | MSME Webportal (www.msmewebportal.gov.mm) တွင် MSME များ လေ့လာနိုင်ရန်အတွက် သတင်းအချက် အလက် လွှင့်တင်ထားရှိမှု အခြေအနေများ | ၂၃၆-၂၃၇ |
| | ၁၂.၂။ | SME Member Card/ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားမှု အခြေအနေ | ၂၃၈-၂၄၃ |
| | ၁၂.၃။ | MSME များ၏ Digital စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာများ ဆောင်ရွက်ခြင်း | ၂၄၄ |
| ၁၃။ | အကြံပြုသုံးသပ်တင်ပြချက် | | ၂၄၅ |
| ၁၄။ | ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | | ၂၄၆-၂၄၇ |
| ၁၅။ | နိဂုံး | | ၂၄၇ |

# "ဇယား"

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှုအစီရင်ခံစာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ဇယား(၁) | အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ အစည်းအဝေးများ ကျင်းပပြုလုပ်ခြင်း | ၉ |
| ဇယား(၂) | အထောက်အကူပြုအဖွဲ့များ၏ အစည်းအဝေးများ ကျင်းပပြုလုပ်ခြင်း | ၁၀ |
| ဇယား(၃) | နိုင်ငံတော်ဝန်ကြီးချုပ်၏ ဆွေးနွေးမှာကြားချက်များအပေါ် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့များ၊ အေဂျင်စီများနှင့် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှ လိုက်နာဆောင်ရွက်မှု အခြေအနေ | ၁၁ |
| ဇယား(၄) | နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း MSME လုပ်ငန်းရှင်များ တင်ပြချက်အပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေ | ၁၂ |
| ဇယား(၅) | MSME လုပ်ငန်းရှင်များအား ချေးငွေထုတ်ချေးပေးမှုအခြေအနေ | ၁၉-၂၀ |
| ဇယား(၆) | MSME လုပ်ငန်းများအနက် MyCO တွင် မှတ်ပုံတင်ထားမှုနှင့် ကော်မရှင်/ ကော်မတီခွင့်ပြုမိန့်/အတည်ပြုမိန့် ရယူဆောင်ရွက်မှု | ၂၄ |
| ဇယား(၇) | ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ဆီထွက်သီးနှံမျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ | ၂၇ |
| ဇယား(၈) | လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမှ ကြေးနီကုန်ကြမ်းသုံး ပြည်တွင်းရှိ စက်မှုလုပ်ငန်းရှင်များအား ရောင်းချပေးခဲ့မှု အခြေအနေ | ၃၉ |
| ဇယား(၉) | ခဲမဖြူသတ္တုစင်ကို ပြည်တွင်းရှိ စက်မှုလုပ်ငန်းရှင်များအား ရောင်းချပေးခဲ့မှု အခြေအနေ | ၄၀ |
| ဇယား(၁၀) | ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ သင်တန်းများသို့ တက်ရောက်နိုင်ရေး လိုအပ်သည်များ ပံ့ပိုးချိတ်ဆက်ဆောင်ရွက်ပေးခဲ့မှု | ၄၈ |
| ဇယား(၁၁) | ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတွင် ဖွင့်လှစ်ပို့ချခဲ့သည့် သင်တန်းများ | ၅၉ |
| ဇယား(၁၂) | အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ဖွင့်လှစ်နိုင်မှုနှင့် အလုပ်အကိုင်ရရှိမှုအခြေအနေ | ၅၉ |
| ဇယား(၁၃) | ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များက ဖွင့်လှစ်သော MSME အထောက်အကူပြုသင်တန်းများ | ၆၉ |
| ဇယား(၁၄) | အခြေခံပညာနှင့် စက်မှုစိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင်တက်ရောက်သော ကျောင်းသားကျောင်းသူဦးရေ | ၆၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ဇယား(၁၅) | ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအတွင်း MSEM သင်တန်းပို့ချရာတွင်တက်ရောက်သည့် အခြေအနေ | ၇၂ |
| ဇယား(၁၆) | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ MSME သင်တန်းပို့ချသည့် အကြိမ်အရေ အတွက်နှင့် တက်ရောက်သူလူဦးရေစာရင်း | ၇၃ |
| ဇယား(၁၇) | ၂၀၂၃/၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ဖွင့်လှစ်ပေးနိုင်ခဲ့သောသင်တန်းများ | ၇၆ |
| ဇယား(၁၈) | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ဖွင့်လှစ်ရန် လျာထားသော သင်တန်းများ | ၇၆ |
| ဇယား(၁၉) | ၃၀.၄.၂၀၂၄ ရက်နေ့အထိ RBF Grant ငွေကြေးထောက်ပံ့မှု အခြေအနေ | ၁၀၁ |
| ဇယား(၂၀) | ၃၀.၄.၂၀၂၄ ရက်နေ့အထိ ဆီစက်နှင့် အခြား ချေးငွေရရှိမှု အခြေအနေ | ၁၀၁ |
| ဇယား(၂၁) | ချေးငွေလျှောက်ထားမှုအခြေအနေ | ၁၀၂ |
| ဇယား(၂၂) | ၃၀.၄.၂၀၂၄ ရက်နေ့အထိ ကချင်ပြည်နယ်အတွင်း MSME ပြပွဲ/ပြိုင်ပွဲများ ကျင်းပဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေ | ၁၀၄ |
| ဇယား(၂၃) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ (ဧပြီလမှမတ်လ) ကဏ္ဍကြီးများအလိုက် အကောင်အထည်ဖော်နိုင်မှုအခြေအနေ | ၁၇၄-၁၇၅ |
| ဇယား(၂၄) | သင်တန်း၊ ဆွေးနွေးပွဲများ တက်ရောက်မှုအခြေအနေ (၁.၂.၂၀၂၁) ရက်နေ့မှ (၃၀.၄.၂၀၂၄)ရက်နေ့အထိ | ၁၉၀-၁၉၁ |
| ဇယား(၂၅) | E-Market Place for Myanmar Products Platform တွင် MSME လုပ်ငန်းများပြသရောင်းချမှု အခြေအနေ | ၁၉၀-၁၉၁ |
| ဇယား(၂၆) | MSME Product Show Room တွင် ပါဝင်ပြသရောင်းချသည့် လုပ်ငန်းရှင်စာရင်း | ၁၉၁ |
| ဇယား(၂၇) | အစည်းအဝေးကျင်းပခဲ့မှုအခြေအနေ | ၂၁၄-၂၁၅ |
| ဇယား(၂၈) | ဒေသဆိုင်ရာအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အောင်မြင်စီမံအနေဖြင့် MSME Talk Show နှင့် ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲ | ၂၁၉-၂၂၀ |
| ဇယား(၂၉) | SME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်ချက်အကျဉ်းချုပ် | ၂၂၁-၂၂၂ |
| ဇယား(၃၀) | အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအသစ်တွင် ပါဝင်ရမည့် အခန်းများနှင့် အကြောင်းအရာများ | ၂၂၇-၂၂၈ |
| ဇယား(၃၁) | သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လေ့ကျင့်သင်ကြား ပေးနေသော သင်တန်းအရေအတွက်စာရင်း | ၂၂၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ဇယား(၃၂) | သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လေ့ကျင့်သင်ကြားပေးနေသော သင်တန်းများ အသေးစိတ်စာရင်း | ၂၂၉-၂၃၀ |
| ဇယား(၃၃) | ဒေသအလိုက် OROP ထုတ်ကုန်ဦးစားပေးအမယ်များ | ၂၃၁-၂၃၃ |
| ဇယား(၃၄) | ထုတ်ပေးပြီး SME Member Card/ယာယီမှတ်ပုံတင်လက်မှတ်များ၏ လုပ်ငန်းအရွယ်အစားအလိုက်စာရင်း | ၂၃၈ |
| ဇယား(၃၅) | ၃၀. ၄. ၂၀၂၄ ရက်နေ့အထိ သက်တမ်းရှိ SME Member Card အရေအတွက် | ၂၃၉-၂၄၀ |
| ဇယား(၃၆) | ဝန်ဆောင်မှုကဏ္ဍမှ လုပ်ငန်းအမျိုးအစားအလိုက်စာရင်းချုပ် | ၂၄၀-၂၄၁ |
| ဇယား(၃၇) | ထုတ်လုပ်မှုကဏ္ဍမှ လုပ်ငန်းအမျိုးအစားအလိုက်စာရင်း | ၂၄၁-၂၄၂ |
| ဇယား(၃၈) | ရောင်းဝယ်မှုကဏ္ဍမှ လုပ်ငန်းအမျိုးအစားအလိုက်စာရင်း | ၂၄၂-၂၄၃ |
| ဇယား(၃၉) | အခြားကဏ္ဍမှ လုပ်ငန်းအမျိုးအစားအလိုက်စာရင်း | ၂၄၃ |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှုအစီရင်ခံစာ (၂၀၂၄ ခုနှစ်၊ ဧပြီလအထိ)

## ၁။ နိဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ အစီရင်ခံစာကို လုပ်ငန်းကော်မတီမှ ပြုစုဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် MSME ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အထောက်အကူပြုအဖွဲ့များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာန/ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအေဂျင်စီများနှင့် MSME ဖွံ့ဖြိုးတိုးတက်ရေးဌာနတို့၏ MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများ စသည်တို့ ပါဝင်ပါသည်။

## ၂။ ရည်ရွယ်ချက်

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကမောင်းနှင်အားဖြစ်ခြင်းနှင့် ပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများစွာနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာစေခြင်းတို့ကို ဖန်တီး ပေးနိုင်စွမ်းရှိခြင်းကြောင့် MSME များ ပိုမိုရှင်သန် ဖွံ့ဖြိုးလာစေရန်နှင့် ရေရှည်တည်တံ့ ခိုင်မြဲလာစေရန်၊ လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာ စေရန်၊ နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်များနှင့်အညီ ဖြစ်ပေါ်လာသည့် ခေတ်ရေစီးကြောင်းများအရ MSME များ ဘက်စုံဖွံ့ဖြိုး တိုးတက်လာစေရေး ဆောင်ရွက် ပေးနိုင်ရန်ဖြစ်ပါသည်။

## ၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃)ရပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးဦးတည်ချက်(၃)ရပ်၊ စီးပွားရေးဦးတည်ချက် (၃)ရပ်နှင့် လူမှုရေးဦးတည်ချက်(၃)ရပ်တို့ကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိရာ ၎င်းတို့အနက် စီးပွားရေးဦးတည်ချက်(၃)ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

❖ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

- ❖ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
- ❖ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေး မြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်ရေး။

## ၄။ MSME များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့မှု သမိုင်းအကျဉ်းချုပ်

ပုံ (၁) MSME များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့မှုအကျဉ်းချုပ်




ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၉.၁.၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၆) ဖြင့် စက်မှုဝန်ကြီးဌာနအား တာဝန်ခံဝန်ကြီးဌာနအဖြစ် သတ်မှတ်တာဝန်ပေးအပ်ခဲ့ပါသည်။

## ၅။ MSME အဖြစ် စတင်သုံးနှုန်းလာခြင်း

နိုင်ငံတကာနှင့်အာဆီယံနိုင်ငံများနည်းတူ ကိုက်ညီမှုရှိစေရန်အတွက် မူလက ဥပဒေ၊ မူဝါဒ များ၊ နည်းဥပဒေများတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SME) အနေ ဖြင့် သုံးနှုန်းဆောင်ရွက်ခဲ့ရာမှ နိုင်ငံတော်သမ္မတရုံး၏ ၁၇.၁၀.၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၂၅(၁၅/၁၅၉၀)၇/သမ္မတရုံး၏ လမ်းညွှန်ချက်အရ Micro လုပ်ငန်းကို SME အရှေ့တွင် ထပ်မံ ဖြည့်စွက်၍ MSME (အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ) အဖြစ် စတင်သုံးနှုန်း ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကား ဦးစီးဌာန၊

မြန်မာစာအဖွဲ့မှလည်း ၁၀.၉.၂၀၁၈ ရက်စွဲပါစာဖြင့် **“သေး၊ ငယ်၊ လတ်”** အစဉ်အတိုင်း သုံးစွဲရန် သဘောထားမှတ်ချက်ပြုခဲ့ပါသည်။

### ၅.၁။ MSME အဓိပ္ပာယ်ဖွင့်ဆိုချက်




### ၅.၂။ SME အဓိပ္ပာယ်သတ်မှတ်ချက်

**SME ဥပဒေအရ အဓိပ္ပာယ်သတ်မှတ်ချက်**

| | လုပ်ငန်းအမျိုးအစား | လုပ်သား ဦးရေ (ဦး) | ရင်းနှီးမြှုပ်နှံမှု (ကျပ်သန်း) | တစ်နှစ်ဝင်ငွေ (ကျပ်သန်း) |
|---|---|---|---|---|
| အသေးစားလုပ်ငန်းများ | ထုတ်လုပ်မှုလုပ်ငန်း | ၅၀ ထိ | ၅၀၀ ထိ | |
| | လုပ်သားအခြေပြုထုတ်လုပ်မှုလုပ်ငန်း | ၃၀၀ ထိ | ၅၀၀ ထိ | |
| | လက်ကားရောင်းဝယ်ရေးလုပ်ငန်း | ၃၀ ထိ | | ၁၀၀ ထိ |
| | လက်လီရောင်းဝယ်ရေးလုပ်ငန်း | ၃၀ ထိ | | ၅၀ ထိ |
| | ဝန်ဆောင်မှုလုပ်ငန်း | ၅၀ ထိ | | ၁၀၀ ထိ |
| | အခြားလုပ်ငန်း | ၃၀ ထိ | | ၅၀ ထိ |
| အလတ်စားလုပ်ငန်းများ | ထုတ်လုပ်မှုလုပ်ငန်း | ၅၁-၃၀၀ ထိ | > ၅၀၀ - ၁၀၀၀ ထိ | |
| | လုပ်သားအခြေပြုထုတ်လုပ်မှုလုပ်ငန်း | ၃၀၁-၆၀၀ ထိ | > ၅၀၀ - ၁၀၀၀ ထိ | |
| | လက်ကားရောင်းဝယ်ရေးလုပ်ငန်း | ၃၁-၆၀ ထိ | | > ၁၀၀ - ၃၀၀ ထိ |
| | လက်လီရောင်းဝယ်ရေးလုပ်ငန်း | ၃၁-၆၀ ထိ | | > ၅၀ - ၁၀၀ ထိ |
| | ဝန်ဆောင်မှုလုပ်ငန်း | ၅၁-၁၀၀ ထိ | | > ၁၀၀ - ၂၀၀ ထိ |
| | အခြားလုပ်ငန်း | ၃၁-၆၀ ထိ | | > ၅၀ - ၁၀၀ ထိ |

## ၆။ မူဝါဒ၊ ဥပဒေနှင့်နည်းဥပဒေများပြဋ္ဌာန်းထုတ်ပြန်ခြင်း

### ၆.၁။ ဥပဒေမပြဋ္ဌာန်းမီ အထောက်အကူအပြု(၉)ဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့မှုအခြေအနေ

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေမပြဋ္ဌာန်းမီ ကာလအတွင်း အောက်ပါအထောက်အကူပြု အဖွဲ့(၉)ဖွဲ့ကို ဖွဲ့စည်း၍ MSME များ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ပါသည်-

(၁) လုပ်ငန်းစတင်ထူထောင်နိုင်ရေးအစုအဖွဲ့

(၂) ငွေကြေးအရင်းအနှီးလွယ်ကူသက်သာစွာ ရရှိရေးမူဝါဒချမှတ်ရေးအဖွဲ့

(၃) ဈေးကွက်ထိုးဖောက်နိုင်ရေး မူဝါဒချမှတ်ရေးအဖွဲ့

(၄) သတင်းအချက်အလက်ရရှိရေးနှင့် သုတေသနအဖွဲ့

(၅) လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးအဖွဲ့

(၆) ဥပဒေနှင့် ဆက်စပ်ဥပဒေများ ရေးဆွဲရေးအဖွဲ့

(၇) Cluster Development အဖွဲ့

(၈) စံချိန်၊ စံညွှန်းသတ်မှတ်ရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့

(၉) Monitoring and Evaluation အဖွဲ့

**ပုံ (၂) အထောက်အကူပြုအဖွဲ့(၉)ဖွဲ့**




## ၆.၂။ ဥပဒေ၊ မူဝါဒ၊ နည်းဥပဒေများ အတည်ပြုပြဋ္ဌာန်းထုတ်ပြန်ခြင်း

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ၂၀၁၅ ခုနှစ်၊ ဧပြီလတွင် ပြဋ္ဌာန်းခဲ့ပြီး မူဝါဒကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့ပါသည်။ နည်း ဥပဒေများကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့တွင် စတင်ပြဋ္ဌာန်း ခဲ့ပါသည်။

ပုံ ( ၃) MSME ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများ ထုတ်ပြန်ခြင်း

| စဉ် | အကြောင်းအရာ | ရက်စွဲ |
|---|---|---|
| ၁။ | အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ | ၉.၄.၂၀၁၅ |
| ၂။ | အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ | ၂၄.၁၂.၂၀၁၅ |
| ၃။ | အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး နည်းဥပဒေများ | ၁၃.၁၀.၂၀၁၆ |



## ၆.၃။ တာဝန်ခံဝန်ကြီးဌာန သတ်မှတ်ခြင်း

ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဌ) ပါ ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် အဓိကတာဝန်ယူ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၉.၁.၂၀၁၆ ရက်နေ့ ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ် (၁၉/၂၀၁၆) ဖြင့် စက်မှုဝန်ကြီးဌာနအား တာဝန်ခံဝန်ကြီးဌာနအဖြစ် သတ်မှတ်တာဝန်ပေးအပ်ခဲ့ပါသည်။

# ၇။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် MSME ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ

## ၇.၁။ ကော်မတီများဖွဲ့စည်းဆောင်ရွက်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ဗဟိုကော်မတီ၊ လုပ်ငန်း ကော်မတီတို့ကို ဖွဲ့စည်း၍ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ကော်မတီ(၂)ခုမှ ဦးဆောင်၍ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် စေရန်အတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ MSME ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့များ စသည်ဖြင့် လုပ်ငန်းအကောင်အထည်ဖော်မည့် အထောက်အကူပြုအဖွဲ့(၃)ဖွဲ့ကို ဖွဲ့စည်းထား ပါသည်။

ပုံ (၄) MSME ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အထောက်အကူပြုအဖွဲ့များဖွဲ့စည်းခြင်း




MSME ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အထောက်အကူပြုအဖွဲ့များဖွဲ့စည်းခြင်း




## MSME ဗဟိုကော်မတီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်မှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အတွင်းရေးမှူးအနေဖြင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဆောင်ရွက်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပညာရှင်များအဖွဲ့ဝင်အဖြစ်ပါဝင်ပြီး အဖွဲ့ဝင်(၂၃)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ပုံ (၅) MSME ဗဟိုကော်မတီ ဖွဲ့စည်းခြင်း




## MSME လုပ်ငန်းကော်မတီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်မှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အတွင်းရေးမှူးအနေဖြင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဆောင်ရွက်ကာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပညာရှင်များ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး အဖွဲ့ဝင်(၄၂)ဦး ဖြင့် ဖွဲ့စည်းထားပါသည်။ လုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းများကိုလည်း စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ပုံ (၆) MSME လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း



### လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (စီမံကိန်း) မှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအနေဖြင့် ညွှန်ကြားရေးမှူးချုပ် (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန)တို့မှ ဆောင်ရွက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး အဖွဲ့ဝင်(၁၇)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

### MSME အေဂျင်စီ

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူးအနေဖြင့် ညွှန်ကြားရေးမှူးချုပ် (စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန)မှ ဆောင်ရွက်ပြီး သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များနှင့် ပုဂ္ဂလိကအဖွဲ့ အစည်းများမှ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး အဖွဲ့ဝင်(၂၄)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ အေဂျင်စီ၏ ရုံးလုပ်ငန်းများကို စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

### ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ဘဏ္ဍာရေး)မှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအနေဖြင့် ညွှန်ကြားရေးမှူးချုပ် (ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန)တို့မှ ဆောင်ရွက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး စုစုပေါင်းအဖွဲ့ဝင် (၁၀)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ ရုံးလုပ်ငန်းများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှတာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ပုံ (၇) MSME အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းခြင်း



ဇယား (၁) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ အစည်းအဝေးများ ကျင်းပပြုလုပ်ခြင်း

| စဉ် | ရက်စွဲ | အစည်းအဝေးကျင်းပပြုလုပ်ခြင်း | ဆုံးဖြတ်ချက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၂၃.၉.၂၀၂၂ | (၁/၂၀၂၂) MSME ဗဟိုကော်မတီအစည်းအဝေး | ၁၆ | |
| ၂ | ၂၇.၅.၂၀၂၃ | (၁/၂၀၂၃) MSME ဗဟိုကော်မတီအစည်းအဝေး | ၁၁ | |
| ၃ | ၁၅.၁၁.၂၀၂၂ | (၁/၂၀၂၂) MSME လုပ်ငန်းကော်မတီအစည်းအဝေး | ၂၅ | |
| ၄ | ၈.၆.၂၀၂၃ | (၁/၂၀၂၃) MSME လုပ်ငန်းကော်မတီအစည်းအဝေး | ၁၇ | |
| ၅ | ၂၅.၁၀.၂၀၂၃ | (၂/၂၀၂၃) MSME လုပ်ငန်းကော်မတီအစည်းအဝေး | ၁၃ | |
| ၆ | ၂၀.၃.၂၀၂၄ | (၁/၂၀၂၄) MSME လုပ်ငန်းကော်မတီအစည်းအဝေး | ၁၅ | |

ပုံ (၈) MSME ဗဟိုကော်မတီ(၁/၂၀၂၂) အစည်းအဝေးကျင်းပပြုလုပ်မှုမှတ်တမ်းဓာတ်ပုံများ



ပုံ (၉) MSME ဗဟိုကော်မတီ(၁/၂၀၂၃) အစည်းအဝေးကျင်းပပြုလုပ်မှုမှတ်တမ်းဓာတ်ပုံများ



ပုံ (၁၀) MSME လုပ်ငန်းကော်မတီ(၁/၂၀၂၃) အစည်းအဝေး ကျင်းပပြုလုပ်မှုမှတ်တမ်းဓာတ်ပုံများ



ပုံ (၁၁) MSME လုပ်ငန်းကော်မတီ(၁/၂၀၂၄) အစည်းအဝေး ကျင်းပပြုလုပ်မှုမှတ်တမ်းဓာတ်ပုံများ



ဇယား (၂) အထောက်အကူပြုအဖွဲ့များ၏ အစည်းအဝေးများ ကျင်းပပြုလုပ်ခြင်း

| **MSME ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့** | | |
|---|---|---|
| (၁/၂၀၂၂) အစည်းအဝေး | - | ၂၈.၁၂.၂၀၂၂ |
| (၁/၂၀၂၃) အစည်းအဝေး | - | ၃၀.၃.၂၀၂၃ |
| (၂/၂၀၂၃) အစည်းအဝေး | - | ၂၆.၇.၂၀၂၃ |
| (၁/၂၀၂၄) အစည်းအဝေး | - | ၂၃.၄.၂၀၂၄ |
| **MSME အေဂျင်စီအဖွဲ့** | | |
| (၁/၂၀၂၃) အစည်းအဝေး | - | ၃.၁.၂၀၂၃ |
| (၁/၂၀၂၄) အစည်းအဝေး | - | ၂၈.၅.၂၀၂၄ |

| **MSME လုပ်ငန်းသုံးသပ်မှုအစီခံရေးအဖွဲ့** | | |
|---|---|---|
| (၁/၂၀၂၃) အစည်းအဝေး | - | ၅.၁.၂၀၂၃ |
| (၂/၂၀၂၃) အစည်းအဝေး | - | ၃.၃.၂၀၂၃ |
| (၃/၂၀၂၃) အစည်းအဝေး | - | ၁၉.၅.၂၀၂၃ |
| (၄/၂၀၂၃) အစည်းအဝေး | - | ၂၀.၇.၂၀၂၃ |
| (၅/၂၀၂၃) အစည်းအဝေး | - | ၁၃.၉.၂၀၂၃ |
| (၆/၂၀၂၃) အစည်းအဝေး | - | ၆.၁၂.၂၀၂၃ |
| (၁/၂၀၂၄) အစည်းအဝေး | - | ၂၀.၂.၂၀၂၄ |
| (၂/၂၀၂၄) အစည်းအဝေး | - | ၁၄.၅.၂၀၂၄ |

## ၇.၂။ နိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်များ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရည်ရွယ်၍ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ တို့ကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ သွားရောက်တွေ့ဆုံ၍ ဆွေးနွေးပွဲ (၂၄)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ MSME လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ များတွင် MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးမှာကြားချက်များ နှင့် လိုက်နာဆောင်ရွက်မှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**ဇယား (၃) နိုင်ငံတော်ဝန်ကြီးချုပ်၏ ဆွေးနွေးမှာကြားချက်များအပေါ် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့များ၊ အေဂျင်စီများနှင့် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများမှ လိုက်နာဆောင်ရွက်မှုအခြေအနေပြဇယား**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ကျင်းပသည့်နေရာ | ဆွေးနွေးချက် |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနားမြို့ | ၁၀ |
| ၂။ | ကရင်ပြည်နယ် | ဘားအံမြို့ | ၂၁ |
| ၃။ | မွန်ပြည်နယ် | ဘားအံမြို့ | ၈ |
| ၄။ | ရခိုင်ပြည်နယ် | စစ်တွေမြို့ | ၆ |
| ၅။ | ရှမ်းပြည်နယ် | တောင်ကြီးမြို့ | ၇ |
| | | ကျိုင်းတုံမြို့ | ၁၅ |
| | | ပအိုဝ်း | ၈ |
| | | ဓနု | |
| | | လားရှိုး | ၃ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ဟုမ္မလင်းမြို့ | ၇ |
| | | နာဂ၊ လဟယ်မြို့ | |
| | | မုံရွာမြို့ | ၃ |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ်မြို့ | ၁၈ |
| | | မြိတ်မြို့ | |
| ၈။ | ပဲခူးတိုင်းဒေသကြီး၊ | ပြည်မြို့ | ၂ |
| | | ပဲခူးမြို့ | ၆ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | မိတ္ထီလာခရိုင် | ၁၆ |
| | | မန္တလေးမြို့ | |
| | | ပြင်ဦးလွင် | ၂ |
| ၁၀။ | မကွေးတိုင်းဒေသကြီး | မကွေးမြို့ | ၃ |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်မြို့ | ၆ |
| | | လှိုင်သာယာ | ၁၀ |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့ | ၂၅ |
| ၁၃။ | ပြည်ထောင်စုနယ်မြေ | နေပြည်တော် | ၂၇ |
| | **စုစုပေါင်း** | | ၂၀၃ |



## ၇.၃။ လုပ်ငန်းရှင်တင်ပြချက်များ

ဒေသအသီးသီးမှ MSME လုပ်ငန်းရှင်များ၏ တင်ပြချက်များအနေဖြင့် နည်းပညာ၊ ငွေကြေး၊ ဈေးကွက်၊ မြေနေရာ၊ ကုန်ကြမ်း၊ စက်ပစ္စည်း၊ အခြားကဏ္ဍ (၇) ခုတွင် စုစုပေါင်း (၂၅၈) ချက်ရှိပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ/

ဒေသဆိုင်ရာအစိုးရအဖွဲ့များ/ အေဂျင်စီများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

ဇယား (၄) နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း MSME လုပ်ငန်းရှင်များတင်ပြချက်အပေါ်
လိုက်နာဆောင်ရွက်မှုအခြေအနေပြဇယား

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ကျင်းပသည့် နေရာ | တင်ပြချက် စုစုပေါင်း |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနားမြို့ | ၁၃ |
| ၂။ | ကချင်ပြည်နယ် | ဘားမော်မြို့ | ၁၄ |
| ၃။ | မွန်ပြည်နယ် | မော်လမြိုင်မြို့ | ၁၈ |
| ၄။ | ရခိုင်ပြည်နယ် | စစ်တွေမြို့ | ၁၈ |
| ၅။ | ရှမ်းပြည်နယ် | တောင်ကြီးမြို့ | ၂၉ |
| | | ကျိုင်းတုံမြို့ | ၄ |
| | | ပအိုဝ်း | ၁၀ |
| | | ဓနု | ၅ |
| | | လားဟူ | ၅ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ဟုမ္မလင်းမြို့ | ၂ |
| | | နာဂ၊ လဟယ်မြို့ | ၁ |
| | | မုံရွာမြို့ | ၁၃ |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ်မြို့ | ၆ |
| | | မြိတ်မြို့ | ၄ |
| ၈။ | ပဲခူးတိုင်းဒေသကြီး | ပြည်မြို့ | ၀ |
| | | ပဲခူးမြို့ | ၁၆ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | မိတ္ထီလာခရိုင် | ၆ |
| | | မန္တလေးမြို့ | ၁၆ |
| | | ပြင်ဦးလွင် | ၄ |
| ၁၀။ | မကွေးတိုင်းဒေသကြီး | မကွေးမြို့ | ၁၅ |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်မြို့ | ၁၁ |
| | | လှိုင်သာယာ | ၀ |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့ | ၂၂ |
| ၁၃။ | ပြည်ထောင်စုနယ်မြေ | နေပြည်တော် | ၉ |
| | စုစုပေါင်း (၂၄ ခု) | | ၂၆၀ |




## ၇.၄။ MSME ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဆောင်ရွက်ချက်များ

### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို ဒီဂျစ်တယ်နည်းပညာ အသုံးပြု e-Commerce လုပ်ငန်းစဉ်များအတွက် ".msme.mm" Domain လျှောက်ထားမည်ဆိုပါက MSME စီးပွားရေး အဖွဲ့အစည်းများမှ ဆောင်ရွက်နေသောလုပ်ငန်းများအား တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာဌာနတစ်ခုခုတွင် အသိအမှတ်ပြု မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း စာရွက်စာတမ်း အထောက်အထားများနှင့် Domain သုံးစွဲမှု မှတ်တမ်းအထောက်အထားများဖြင့် Domain သုံးစွဲမှု မှတ်ပုံတင်သည့် ကုမ္ပဏီ Registrar များထံတွင် ဝယ်ယူလျှောက်ထားနိုင်ကြောင်းကိုလည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍအလိုက် မှတ်ပုံတင်ထားပြီးဖြစ်သော စီးပွားရေးလုပ်ငန်းရှင် ကုမ္ပဏီများမှ Awareness ရရှိစေရေးအတွက် "ဒိုမိန်း (Domain name) ဆိုင်ရာ သိကောင်းစရာများ" ခေါင်းစဉ်ဖြင့် လက်ကမ်းစာစောင်အား Domain Registrar များအပါအဝင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနများအနေဖြင့် သက်ဆိုင်ရာဌာနများ၏ တိုင်းဒေသကြီး/ပြည်နယ်ရှိ ရုံးခွဲများမှ ထပ်ဆင့်ဖြန့်ဝေပေးနိုင်စေရေးအတွက် ညွှန်ကြားဆောင်ရွက်ထားပြီးဖြစ်ပါသည်။

MSME များ ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများမှာ ဝန်ကြီးဌာနအလိုက် သီးခြားဆောင်ရွက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ MSME များအတွက် လိုအပ်သော သတင်းအချက်အလက်များ အလွယ်တကူရရှိစေရေး၊ ဒီဂျစ်တယ်နှင့် IT နည်းပညာများကို သုံးစွဲလာနိုင်ရေး အတွက် ဒီဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ MSME ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် Digital Business Transformation for MSMEs (Online) သင်တန်းအား စက်မှုဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ၁၄.၈.၂၀၂၃ ရက်နေ့မှ ၁၅.၈.၂၀၂၃ ရက်နေ့အထိ သင်တန်းသား (၃၁) ဦးဖြင့် ဖွင့်လှစ်ခဲ့ခြင်း၊ မဲခေါင်-လန်ချန်း MSME များ ဒီဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြှင့်တင်နိုင်ရေး စွမ်းဆောင်ရည်ဖွံ့ဖြိုး တိုးတက်ရေးသင်တန်းကို ၂၅.၉.၂၀၂၃ ရက်နေ့နှင့် ၂၇.၉.၂၀၂၃ ရက်နေ့တို့တွင် သင်တန်းသား (၉၁) ဦးသို့ စက်မှုဝန်ကြီးဌာနတွင် Hybrid System ဖြင့် သွားရောက်ပို့ချပေးခဲ့ခြင်း၊ Digital Business Transformation for MSMEs(ToT)Online Training ၁၈.၁.၂၀၂၄ ရက်နေ့မှ ၁၉.၁.၂၀၂၄ ရက်နေ့အထိ MSME လုပ်ငန်းကော်မတီ၊ MSME ဗဟိုအေဂျင်စီနှင့် ဒေသဆိုင်ရာအေဂျင်စီများမှ သင်တန်းသား (၃၄) ဦးအား (ပထမအကြိမ်) အဖြစ်လည်းကောင်း၊ ၂၅.၁.၂၀၂၄ ရက်နေ့မှ ၂၆.၁.၂၀၂၄ ရက်နေ့အထိ MSME လုပ်ငန်းကော်မတီ၊ MSME ဗဟိုအေဂျင်စီနှင့် ဒေသဆိုင်ရာအေဂျင်စီများမှ သင်တန်းသား (၂၈) ဦးအား (ဒုတိယအကြိမ်) အဖြစ်လည်းကောင်း၊ Participation in Digital Economy Framework Agreement (DEFA) for MSME Development အလုပ်ရုံဆွေးနွေးပွဲအား ထိုင်းနိုင်ငံ၊ ခွန်ခမ်းမြို့ (Khon Kaen)၊ Mekong Institute(MI) တွင် ပြုလုပ်ခဲ့သော "Training on E-commerce Policy Develop-ment and Implementation Strategies for SME Development in CLMVT Countries" သင်တန်းကို ပါဝင်တက်ရောက်ခဲ့ပြီး သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ဦးဆောင်၍ Consultation Workshop Action Plan အား "Participation in Digital Economy Framework Agreement (DEFA) for MSME Development" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ၂၅.၁၀.၂၀၂၃ ရက်နေ့တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂)တွင် လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲတွင် တက်ရောက်လာသော အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ တာဝန်ရှိပုဂ္ဂိုလ်များက အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၃)ကြိမ်မြောက် ASEAN Economic Community Council (AECC) အစည်းအဝေး၏ အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေးမူဘောင် သဘောတူညီချက်ဆိုင်ရာ Digital Economy Framework Agreement အပေါ် MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်(၆)ချက်ဖြင့် ပါဝင်တက်ရောက်ဆွေးနွေးခဲ့ပါသည်။

အွန်လိုင်းစီးပွားရေး စီမံခန့်ခွဲရေးအစီအစဉ်များ ဆောင်ရွက်လုပ်ကိုင်နိုင်စေရန်နှင့် မိမိလုပ်ငန်း၏ ရောင်းအားမြှင့်တင်ခြင်း၊ Market တိုးချဲ့ခြင်း၊ ဝယ်လိုအား/ ရောင်းလိုအားတို့ကို အချိန်နှင့်တစ်ပြေးညီ စီမံခန့်ခွဲခြင်း နည်းလမ်းများကို သိရှိနိုင်ခြင်း၊ Online Tools များ အသုံးပြုနိုင်သည့် လွယ်ကူထိရောက်သော ဝန်ဆောင်မှုပေးနိုင်သည့် နည်းလမ်းများကို အသုံးပြုနိုင်ခြင်း၊ Digital Tools များ အသုံးပြု၍ ဒေတာများကို အချိန်တိုအတွင်း စိစစ်နိုင်ခြင်း၊ Digital Platform အသုံးပြုသည့် စီးပွားရေး လုပ်ငန်းများသည် Customer များ၏ အရေးကြီးဒေတာများ၊ လုပ်ငန်းတွင်း ငွေကြေးဆိုင်ရာ အချက်အလက်များ ပေါက်ကြားမှု မရှိစေရန်နှင့် အသုံးပြုသည့် website, page များမှ အချက်အလက်များကို စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိစေနိုင်ရန် အသုံးပြုရနိုင်မည့် နည်းလမ်းများကို သိရှိနိုင်မည်ဖြစ်ပြီး အွန်လိုင်းစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတွင် အဓိကလုံခြုံရေး အလေ့အကျင့်ကောင်းများ သိရှိနိုင်ခြင်းတို့ကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ ကုမ္ပဏီ/ အဖွဲ့အစည်း/ ဌာန (၃,၆၁၆) ခုအတွက် B2B ဖိုင်ဘာအင်တာနက်လိုင်း (၅,၅၀၇) ခု၊ ကုမ္ပဏီ/ အဖွဲ့ အစည်း/ ဌာန (၉,၈၃၁) ခုအတွက် B2B Mobile SIM ကတ် (၃၈၃,၃၉၀) ခု ဝန်ဆောင်မှုပေးထားပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**အနေဖြင့် MSME များအတွက် မြန်မာ့စာတိုက်လုပ်ငန်းမှ IT နည်းပညာကို အသုံးပြု၍ Tracking Code ပါဝင်သည့် e- Post System ဖြင့် တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချနေသည့် MSME လုပ်ငန်းများ၏ ထုတ်ကုန်များကို၂၁.၁.၂၀၂၁ ရက်နေ့မှစ၍ ၃၀.၁၂.၂၀၂၃ ရက်နေ့အထိ MSME (Online Shop) (၁,၆၃၉) ဦးမှ ပေးပို့သော အထုပ်အရေအတွက် (၄,၂၈၈,၆၂၀) ကို ကျေးလက်ဒေသ အပါအဝင် တစ်နိုင်ငံလုံးသို့ အချိန်နှင့်တစ်ပြေးညီ လက်ခံ/ပေးဝေ ဆောင်ရွက်ပေးလျက်ရှိခြင်း၊ စာတိုက်လုပ်ငန်းသုံးစွဲသူ ပြည်သူများ၏ စာတိုက်ဝန်ဆောင်ခများကို e-Payment စနစ်ဖြစ်သော MPT Pay ဖြင့် ပေးချေမှုအား မြန်မာ့စာတိုက်လုပ်ငန်း၊ ရန်ကုန်စာတိုက်ကြီး၊ ပြည်ပစာပို့လုပ်ငန်းကောင်တာတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိခြင်းနှင့် ပေးဝေ Online ချောစာထုပ်များအား Customer များမှ KBZ Pay ဖြင့် ပေးချေမှုအား ဆောင်ရွက်ပေးလျက်ရှိပြီး ပါဆယ်အာမခံ (Parcel Insurance) ဝန်ဆောင်မှုလုပ်ငန်းအား စာတိုက်(၈၇) ရုံးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**အနေဖြင့် MSME ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများပေးရန်အတွက် ရေယာဉ်စက်ခန်းအုပ် သင်တန်းများ ဖွင့်လှစ်ခြင်း၊ ရေယာဉ်မှတ်ပုံတင်၊ ခုတ်မောင်းသွားလာခွင့်၊ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်၊ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်စာမေးပွဲစစ်ဆေးချက်အရ ကျွမ်းကျင်မှု လက်မှတ်များထုတ်ပေးခြင်း၊ ရေယာဉ်

တည်ဆောက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ရေယာဉ်တည်ဆောက်ရာတွင် နည်းပညာဆိုင်ရာ ပံ့ပိုးမှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာ့မီးရထားအနေဖြင့်** MSME ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများပေးရန် အတွက် ရထားစက်မှုသင်တန်းကျောင်း၌ ဂဟေသင်တန်း၊ စက်ကိုင်သင်တန်းများဖွင့်လှစ် သင်ကြားပေးခြင်းနှင့် လျှပ်စစ်အခြေခံသင်တန်း Electrical Assessment Center ဖွင့်လှစ်ပြီး ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ၏ အသိအမှတ်ပြုလက်မှတ်ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည်-ပုဂံ၊ ရန်ကုန်-မော်လမြိုင်၊ ပုသိမ်-ဟင်္သာတ-ကြံခင်း၊ တောင်တွင်းကြီး-ပုဂံ၊ တောင်ကြီး-ပေါ်မူ၊ မိုးကောင်း-မြစ်ကြီးနား ရထားလမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်းအတွင်း ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိရာ ခရီးသည် ဦးရေပေါင်း (၁၂,၇၈၀,၅၈၉) ဦး၊ ခရီးသည်တင်ရထားများဖြင့် ကုန်စည်ပါဆယ်ပစ္စည်း ပို့ဆောင်မှုစုစုပေါင်း (၁,၂၇၀,၄၃.၆၁) တန်၊ ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည်၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများအတွင်း ကုန်ရထားများဖြင့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းမှ ကုန်တန် ချိန် (၂,၁၁၀,၁၂၁) တန် သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

**မြန်မာ့သင်္ဘောကျင်းလုပ်ငန်း**အနေဖြင့် အူတိုင်ချော်ပါ လျှပ်ပန်းဂဟေသင်တန်း Fluc Core Arc Welding သင်တန်းများ ဖွင့်လှစ်ပြီး မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းကိစ္စရပ်များ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ ဆောင်ရွက်ပေးလျက်ရှိရာ MSME လုပ်ငန်းရှင်များအတွက် လိုအပ်သော ကျွမ်းကျင်လုပ်သားရရှိစေရန်ရည်ရွယ်၍ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဆင်မလိုက်တွင် သတ္တုလျှပ်ပန်းဂဟေ သင်တန်းအဆင့် (၁)နှင့်(၂)၊ ဓာတ်ငွေ့ကာ လျှပ်ပန်းဂဟေသင်တန်းအဆင့် (၁)နှင့်(၂)၊ အူတိုင်ချော်ပါ လျှပ်ပန်းဂဟေသင်တန်းအဆင့် (၁)နှင့်(၂)ကိုသင်တန်း(၁၁)ကြိမ် ဖွင့်လှစ်ပြီး သင်တန်းသား(၃၈၃)ဦးအား လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ပါသည်။ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းများ ပြုလုပ်ပြီး ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်အား သင်တန်းသား (၄၉၂)ဦး ကို ထုတ်ပေးခဲ့ပါသည်။

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အနေဖြင့်** ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ သံလျင်မြို့နယ်၊ သီလဝါ ရုံးချုပ်တွင် Proficiency in Survival Craft and Rescue Boats ( PSC & RB ) သင်တန်းအား (၁၁၃) ကြိမ်ဖွင့်လှစ်ပြီး သင်တန်းသား (၃,၉၅၆) ဦးအားလည်းကောင်း၊ General Operator Certificate Course (GOC) သင်တန်းအား (၁၄) ကြိမ် ဖွင့်လှစ်ပြီး သင်တန်းသား (၂၃၅) ဦးအားလည်းကောင်း သင်ကြားပို့ချပေးပြီးဖြစ်ပါသည်။

**ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးဌာန**အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ မြစ်ဝ ကျွန်းပေါ်ဌာနခွဲတွင် ခရီးလမ်း (၆) လမ်း၊ ဧရာဝတီဌာနခွဲတွင် ခရီးလမ်း(၁)လမ်း၊ ချင်းတွင်းဌာနခွဲတွင် ခရီးလမ်း(၁)လမ်း၊ ရခိုင်ဌာနခွဲတွင် ခရီးလမ်း(၆) လမ်း စုစုပေါင်းခရီးလမ်း (၁၄)လမ်းတို့ဖြင့် ပြေးဆွဲပေးခဲ့ပြီး၊ ခရီးသည် (၁၅,၂၉၄,၇၉၆) ဦးနှင့် ကုန်တန်ချိန် (၂,၂၈၄,၂၉၅) တန် တို့အား သယ်ယူပို့ဆောင်ပေးခဲ့ပါသည်။

**မြန်မာအမျိုးသားလေကြောင်း**အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ ပြည်တွင်းလေကြောင်း ခရီးစဉ်ပေါင်း(၃,၁၇၁,၃)ခေါက်၊ ခရီးသည်ပေါင်း (၁,၈၁၉,၆၃၀) ဦး၊ ကုန်တန်ချိန်ပေါင်း (၃,၉၂၃) တန်၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်ပေါင်း (၄,၂၃၁) ခေါက်၊ ခရီးသည်ပေါင်း ( ၅၂၀,၀၅၆) ဦး၊ ကုန်တန်ချိန်ပေါင်း (၄,၄၇၇) တန်အား သယ်ယူပို့ဆောင်ပေးခဲ့ပါသည်။

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန် MSME ချေးငွေများ ထုတ်ချေးဆောင်ရွက်လျက်ရှိရာ မြန်မာ့စီးပွားရေးဘဏ်၏ အများပြည်သူအပ်နှံငွေမှ ၃၀.၄.၂၀၂၄ ရက်အထိ စုစုပေါင်းလုပ်ငန်းရှင် (၃၉၀) ဦးသို့ ကျပ် (၃၁.၀၁၁) ဘီလီယံ ထုတ်ချေးခဲ့ပြီး အတိုးနှုန်း ၆.၅%၊ ချေးငွေသက်တမ်း (၃) နှစ်မှ (၅) နှစ်၊ အများဆုံး ထုတ်ချေးပေးနိုင်မှုပမာဏ ကျပ်သန်း (၃၀၀) ဖြစ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်အနေဖြင့်** ၂၀၂၀ ပြည့်နှစ်မှစ၍ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့ရသော စီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးလုပ်ငန်းရှင်များသို့ ထုတ်ချေးခဲ့ရာ ၃၀.၄.၂၀၂၄ ရက်နေ့အထိ စီးပွားရေးလုပ်ငန်းရှင် (၅,၅၄၈) ဦး၊ ငွေပမာဏ ကျပ် ၁၆၀.၃၄၂ ဘီလီယံ ထုတ်ချေးခဲ့ပြီး အတိုးနှုန်း (၁) ရာခိုင်နှုန်း၊ ချေးငွေသက်တမ်း (၁) နှစ်၊ အများဆုံးထုတ်ချေးနိုင်သည့် ပမာဏကို လုပ်ငန်းအလိုက် သတ်မှတ်၍ ထုတ်ချေးခြင်းဖြစ်ပါသည်။ JICA (ODA) SME Two Step Loan စီမံကိန်းအဆင့် (၁) မှ စုစုပေါင်းလုပ်ငန်းရှင် (၆၁၆) ဦးသို့ ချေးငွေကျပ် (၁၄၂.၀၃၈) ဘီလီယံ၊ စီမံကိန်းအဆင့် (၂) မှ စုစုပေါင်း လုပ်ငန်းရှင် (၁,၈၆၉) ဦးသို့ ချေးငွေကျပ်(၃၆၈.၃၆၉)ဘီလီယံကို ထုတ်ချေးခဲ့ပြီး အတိုးနှုန်း ၅.၅%၊ ချေးငွေ သက်တမ်း ၃ နှစ် မှ ၅ နှစ်၊ အများဆုံး ထုတ်ချေးပေးနိုင်မှုပမာဏ ကျပ်သန်း ၅၀၀ ဖြစ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးအနေဖြင့်** စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်ဆင့် ချေးငွေစီမံကိန်းမှ (JICA Agricultural and Rural Development Two Step Loan) ၃၀.၄.၂၀၂၄ ရက်အထိ စုစုပေါင်း တောင်သူ (၅,၇၇၀) ဦးသို့ ချေးငွေကျပ် (၂၄၃.၀၁၃) ဘီလီယံ

ကို ထုတ်ချေးခဲ့ပြီး အတိုးနှုန်း ၅ %၊ ချေးငွေသက်တမ်း (၃) နှစ်မှ (၅) နှစ်၊ အများဆုံး ထုတ်ချေးပေးနိုင်မှုပမာဏ တစ်ဦးချင်း ကျပ်သန်း (၇၀)၊ အစုအဖွဲ့ ကျပ်သန်း (၅၀၀) ဖြစ်ပါသည်။

**ငွေတိုက်ဦးစီးဌာနအနေဖြင့်** ဂျာမနီဖွံ့ဖြိုးရေးဘဏ် KfW ၏ ပထမအဆင့် ထောက်ပံ့ငွေကို သမဝါယမဘဏ်လီမိတက်မှတစ်ဆင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ ထုတ်ချေးခဲ့သည့်ပမာဏ ကျပ် (၇.၈၈၈) ဘီလီယံအနက် ၃၀.၄.၂၀၂၄ ရက်အထိ ပေးဆပ်ရန်ကျန်ရှိသည့် လုပ်ငန်းရှင် (၂၉) ဦးသို့ ချေးငွေကျပ် ၁.၆၇၅ ဘီလီယံ၊ ဒုတိယအဆင့် ထောက်ပံ့ငွေကို သမဝါယမဘဏ်လီမိတက်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်တို့မှ ထုတ်ချေးခဲ့သည့်ပမာဏ ကျပ် (၁၅.၉၇၃) ဘီလီယံအနက် ၃၀.၄.၂၀၂၄ ရက်အထိ ပေးဆပ်ရန် ကျန်ရှိသည့် လုပ်ငန်းရှင် (၅၈) ဦးသို့ ချေးငွေ ကျပ် (၃.၄၁၈) ဘီလီယံကို ထုတ်ချေးခဲ့ပြီး အတိုးနှုန်း ၃.၅%၊ ချေးငွေသက်တမ်း ၁၅ နှစ်၊ အများဆုံးထုတ်ချေးပေးနိုင်မှုပမာဏ ကျပ်သန်း (၁၀၀) ဖြစ်ပါသည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအနေဖြင့်** အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း (MFIs)များသို့ ၂၀၂၄ ခုနှစ်၊ မတ်လအထိ MSME ကဏ္ဍမှ လုပ်ငန်းရှင် (၆၃၁၄၁) ဦးသို့ ချေးငွေကျပ် (၃၉၀.၉၇၅) ဘီလီယံကို ထုတ်ချေးခဲ့ပြီး အတိုးနှုန်း ၂၈%၊ ချေးငွေသက်တမ်း ၂ နှစ်၊ အများဆုံးထုတ်ချေးနိုင်မှုပမာဏ ကျပ်သန်း (၁၀) ဖြစ်ပါသည်။

**နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအနေဖြင့်** အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ) သို့ အရင်းမပျောက်မတည်ငွေကျပ် ၅၀ ဘီလီယံမှ ၃၀.၄.၂၀၂၄ ရက်အထိ ဆီစက်လုပ်ငန်းရှင် (၂၂) ဦးသို့ ချေးငွေကျပ် (၁.၉၇၃) ဘီလီယံကိုလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ (၁၄) ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ (၆) ခုတို့သို့ မတည်ထောက်ပံ့ငွေကျပ် (၁၅၂) ဘီလီယံမှ အခြားစီးပွားရေး (ကုန်ထုတ်လုပ်မှု) လုပ်ငန်းရှင် (၃၅၅၁) ဦးသို့ ချေးငွေကျပ် (၃၆.၈၅၈) ဘီလီယံကို ထုတ်ချေးခဲ့ပါသည်။ အဆိုပါ အရင်းမပျောက်မတည်ငွေနှင့် မတည်ထောက်ပံ့ငွေ စုစုပေါင်းကျပ် (၂၀၂) ဘီလီယံမှ ဆီစက်လုပ်ငန်းနှင့် အခြားစီးပွားရေး (ကုန်ထုတ်လုပ်မှု) အတွက် ၃၀.၄.၂၀၂၄ ရက်အထိ စုစုပေါင်း လုပ်ငန်းရှင် (၃,၅၇၃) ဦးသို့ ချေးငွေ ကျပ် (၃၈.၈၃၁) ဘီလီယံ ထုတ်ချေးခဲ့ပါသည်။ အတိုးနှုန်းမှာ တစ်လလျှင် ပြား ၅၀ မှ (၁)ကျပ် ပြား ၅၀ အတွင်း၊ ချေးငွေ သက်တမ်း (၁) နှစ်၊ အများဆုံးထုတ်ချေးနိုင်မှုပမာဏ တစ်ဦးချင်း ကျပ်သန်း (၁၀၀)၊ အစုအဖွဲ့ ကျပ်သန်း (၂၀၀) ဖြစ်ပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် MSME လုပ်ငန်းများသို့ အတိုးနှုန်းသက်သာသောချေးငွေများ ထုတ်ချေးပေးနိုင်ရေးအတွက် SME ဥပဒေ ပုဒ်မ ၂၀ (ဂ) အရ

ရန်ပုံငွေတစ်ရပ်ထူထောင်ဆောင်ရွက်နိုင်ရန် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၂) ၏ အတည်ပြုချက်ဖြင့် ငွေတိုက်ဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် (ဖြည့်စွက်ခွင့်ပြုငွေစာရင်း) တွင် နိုင်ငံတော်မှ ကနဦးမတည်ထောက်ပံ့ငွေ ကျပ် (၁၇၀) ဘီလီယံအား ထည့်သွင်းလျာထားခဲ့ပါသည်။ ဆက်လက်၍ **"အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ"** အမည်ဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း(OA)ကို ဖွင့်လှစ်၍ နိုင်ငံတော်မှထောက်ပံ့ငွေ ကျပ်(၁၇၀) ဘီလီယံကို ၈.၂.၂၀၂၃ ရက်နေ့တွင် ထည့်သွင်းခဲ့ပြီး ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို MSME ဖွံ့ဖြိုး တိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၃) ဖြင့် ၁၄.၈.၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ရာ ဒေသဆိုင်ရာ MSME အေဂျင်စီများသို့ ၁၇.၈.၂၀၂၃ ရက်နေ့တွင် ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။

MSME ရန်ပုံငွေမှ MSME လုပ်ငန်းရှင်များသို့ ချေးငွေထုတ်ချေးနိုင်ရေးအတွက် **"အသိပေးကြေညာချက်"**အား ၁၀.၁.၂၀၂၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများ၊ MSME Web Portal နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ Website တို့တွင် ထည့်သွင်းကြေညာခဲ့ပါသည်။ ဆက်လက်ပြီး ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ MSME အေဂျင်စီရုံးခွဲများသို့ MSME အေဂျင်စီမှတစ်ဆင့် အကြောင်းကြားခဲ့ပါသည်။ MSME ချေးငွေနှင့်စပ်လျဉ်းပြီး လုပ်ငန်းရှင်များ ယခုထက်ပိုမိုသိရှိပြီး ချေးငွေအပေါ် စိတ်ဝင်စားလာစေရန်အတွက် MSME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်အရ **"အသိပေးကြေညာချက်"** အား ၃၁.၃.၂၀၂၄ ရက်နေ့တွင် ကြေးမုံသတင်းစာနှင့် ၁.၄.၂၀၂၄ ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာတို့၌ ထပ်မံထည့်သွင်းကြေညာခဲ့ပါသည်။ အသိပေးကြေညာချက်ပါအတိုင်း MSME ရန်ပုံငွေမှ ချေးငွေများကို ရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် ဒေသဆိုင်ရာအေဂျင်စီများမှတစ်ဆင့် ချေးငွေများ စတင်လျှောက်ထားလာပြီဖြစ်ပြီး MSME လုပ်ငန်းများ၏ ချေးငွေအဆိုပြုလွှာများကို ဒေသဆိုင်ရာ အေဂျင်စီများအနေဖြင့် ပြည့်စုံကောင်းမွန်သည့် ချေးငွေဆိုင်ရာစံသတ်မှတ်ချက်များဖြင့် စနစ်တကျ စိစစ်ရွေးချယ်နိုင်ရန် ချေးငွေစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိရာ ၁၆.၂.၂၀၂၄ ရက်နေ့အထိ ကချင်ပြည်နယ်မှ လုပ်ငန်းရှင်(၄)ဦးနှင့် ရှမ်းပြည်နယ်မှ လုပ်ငန်းရှင် (၄၉) ဦး၊ စုစုပေါင်း လုပ်ငန်းရှင်(၅၃) ဦး လျှောက်ထားလာခဲ့ပါသည်။ ချေးငွေစိစစ်ရေးအဖွဲ့မှ စိစစ်ပြီးလုပ်ငန်းရှင်များ၏ ချေးငွေအမှုတွဲများအား MSME အေဂျင်စီမှတစ်ဆင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂.၄.၂၀၂၄ ရက်နေ့နှင့် ၄.၄.၂၀၂၄ ရက်နေ့တို့တွင် လွှဲပြောင်းပေးပို့ခဲ့ပြီး ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော လုပ်ငန်းရှင်

များအား ချေးငွေများ လျင်မြန်စွာ ထုတ်ချေးနိုင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့အောက်ရှိ ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့ (မြန်မာ့စီးပွားရေးဘဏ်) မှ ကွင်းဆင်းစစ်ဆေးလျက်ရှိပါသည်။

MSME လုပ်ငန်းရှင်များအနေဖြင့် ချေးငွေများလျှောက်ထားရာတွင် Participating Financial Institutions (PFIs) အဖြစ် မြန်မာ့စီးပွားရေးဘဏ်မှ စတင်ထုတ်ချေးမည်ဖြစ်ပြီး နောင်တွင် အခြားပုဂ္ဂလိကဘဏ်များကပါ PFIs ဘဏ်များအဖြစ် ပါဝင်ထုတ်ချေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် (၁/၂၀၂၄) အစည်းအဝေးကို ၂၃.၄.၂၀၂၄ ရက်နေ့တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်များအရ ချေးငွေ ထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် ချေးငွေအတွက် လက်ခံနိုင်သည့် အာမခံပစ္စည်းများ၌ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ (၇) အား ဖြည့်စွက်နိုင်ရေး၊ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)ကို အာမခံပစ္စည်းအဖြစ် ရယူရေးနှင့်ပတ်သက်၍ ချေးငွေထုတ်ချေးသည့် ဘဏ်များက လိုက်နာရမည့် ညွှန်ကြားချက်နှင့် လိုအပ်သည့် ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် MSME ရန်ပုံငွေမှ ကျပ် (၂၀)ဘီလီယံအား ချေးငွေမဟုတ်သော MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအတွက် သုံးစွဲနိုင်ရန် လုပ်ထုံးလုပ်နည်း(မူကြမ်း)အား ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ချေးငွေမဟုတ်သော MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် MSME လုပ်ငန်းကော်မတီ၏ အတည်ပြုချက်ရယူ၍ သုံးစွဲသွားမည် ဖြစ်ပါသည်။

**ဇယား (၅) MSME လုပ်ငန်းရှင်များအား ချေးငွေထုတ်ချေးပေးမှုအခြေအနေပြဇယား**

| စဉ် | ချေးငွေအမျိုးအစား | ချေးငွေစတင်ထုတ်ချေးသည့်နှစ် | ထုတ်ချေးပြီး | | မှတ်ချက် |
|---|---|---|---|---|---|
| | | | အရေအတွက် | ကျပ်ဘီလီယံ | |
| ၁။ | **မြန်မာ့စီးပွားရေးဘဏ်**<br>(က) MEB MSME **ချေးငွေ** | ၂၀၁၈ | ၃၉၀ | ၃၁.၀၁၁ | အတိုးနှုန်း - ၆.၅%<br>ချေးငွေသက်တမ်း- ၃ နှစ်မှ ၅ နှစ်<br>**အများဆုံးထုတ်ချေးနိုင်မှုပမာဏ** |
| | (ခ) **ကိုဗစ်-၁၉ ရန်ပုံငွေမှ** MSME **များသို့ချေးငွေ** | ၂၀၂၀ | ၅၅၄၈ | ၁၆၀.၃၄၂ | ကျပ်သန်း - ၃၀၀<br>အတိုးနှုန်း - ၁%<br>ချေးငွေသက်တမ်း - ၁ နှစ်<br>**လုပ်ငန်းအလိုက်ထုတ်ချေးခြင်း** |
| ၂။ | မြန်မာ့စီးပွားရေးဘဏ်/ပုဂ္ဂလိကဘဏ်များ<br>JICA (ODA) SME Two Step Loan<br>(က) စီမံကိန်း အဆင့်-၁ ချေးငွေ MEB+ပုဂ္ဂလိကဘဏ် ၆ ဘဏ် | ၂၀၁၅ | ၆၁၆ | ၁၄၂.၀၃၈ | အတိုးနှုန်း -၅.၅%<br>ချေးငွေသက်တမ်း -၃ နှစ်မှ ၅ နှစ် |
| | (ခ) စီမံကိန်း အဆင့်-၂ ချေးငွေ MEB+ပုဂ္ဂလိကဘဏ် ၁၀ ဘဏ် | ၂၀၁၈ | ၁၈၆၉ | ၃၆၈.၃၆၉ | အများဆုံး ထုတ်ချေးနိုင်မှုပမာဏ<br>ကျပ်သန်း - ၅၀၀ |

| စဉ် | ချေးငွေအမျိုးအစား | ချေးငွေစတင် ထုတ်ချေး သည့်နှစ် | ထုတ်ချေးပြီး | | မှတ်ချက် |
|---|---|---|---|---|---|
| | | | အရေ အတွက် | ကျပ် ဘီလီယံ | |
| ၃။ | **မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**<br>စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ နှစ်ဆင့်ချေးငွေစီမံကိန်း JICA ARD TSL | ၂၀၁၇ | ၅၇၇၀ | ၂၄၃.၀၁၃ | အတိုးနှုန်း -၅%<br>ချေးငွေသက်တမ်း -၃ နှစ်မှ ၅ နှစ်ထိ<br>အများဆုံး - တစ်ဦးချင်း ကျပ်သန်း ၇၀<br>- အစုအဖွဲ့ ကျပ်သန်း ၅၀၀ |
| ၄။ | **ငွေတိုက်ဦးစီးဌာန**<br>ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW) ထောက်ပံ့ငွေ<br>(က) ပထမအဆင့်<br><br>(ခ) ဒုတိယအဆင့် | <br><br><br>၂၀၁၆<br><br>၂၀၁၈ | <br><br><br>၂၉<br><br>၅၈ | <br><br><br>၁.၆၇၅<br><br>၃.၄၁၇ | အတိုးနှုန်း -၃.၅%<br>ချေးငွေသက်တမ်း -၁၅နှစ်<br>အများဆုံး ထုတ်ချေးနိုင်မှုပမာဏ ကျပ်သန်း -၁၀၀ |
| ၅။ | **အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ (MFIs)** | ၂၀၁၂ | ၆၃၁၄၁ | ၃၉၀.၉၇၅ | အတိုးနှုန်း -၂၈%<br>ချေးငွေသက်တမ်း -၂ နှစ်<br>အများဆုံး ထုတ်ချေးနိုင်မှုပမာဏ ကျပ်သန်း -၁၀ |
| ၆။ | နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဆီစက်ချေးငွေ<br>အခြားစီးပွားရေး (ကုန်ထုတ်လုပ်မှု) | ၂၀၂၂ | ၃၅၇၃ | ၃၈.၈၃၁ | အတိုးနှုန်း - တစ်လ ပြား ၅၀ မှ ၁ ကျပ် ပြား ၅၀ အတွင်း<br>ချေးငွေသက်တမ်း -၁ နှစ်<br>တစ်ဦးချင်း ကျပ်သန်း -၁၀၀<br>အစုအဖွဲ့ ကျပ်သန်း -၂၀၀ |

## ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းရှိ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်စေရန်အတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား အထောက်အပံ့ပြုနိုင်သည့် ထုတ်ကုန်များ ပံ့ပိုးဆောင်ရွက်နိုင်သော Supporting Industries များ ပေါ်ပေါက်လာစေရေးကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတွင် ပြည်ထောင်စုဝန်ကြီးက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ ၃ ဖွဲ့အနက် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အေဂျင်စီတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်အဖြစ်လည်းကောင်းပါဝင်၍ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

ပုံ(၁၂) MSME ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့်
အထောက်အကူပြုအဖွဲ့များနှင့် MIFER, DICA







MSME ဗဟိုကော်မတီ၊ (၁/၂၀၂၂) နှင့် (၁/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်မှုအခြေအနေများအနေဖြင့် လျှပ်စစ်သုံးယာဉ်(Electric Vehicle– EV) နှင့် ဆက်စပ်လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ “ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးမြှင့်သတ်မှတ်ခြင်း” အမိန့်ကြော်ငြာစာ(၁/၂၀၂၃) တွင် ထည့်သွင်း၍ တိုးမြှင့်သတ်မှတ်ပြီးဖြစ်ပါသည်။ လုပ်ငန်းများ ဆောင်ရွက်လိုသော လုပ်ငန်းရှင်များကို ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်နှင့် စံချိန်စံညွှန်းကော်မတီတို့၏ ထောက်ခံချက်ရရှိပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီများသို့ အဆိုပြုချက်/အတည်ပြု လျှောက်ထားလွှာများတင်ပြ၍ ဆောင်ရွက်နိုင်ပြီး ဦးဆောင်ကော်မတီနှင့် စံချိန်စံညွှန်းကော်မတီတို့၏ ခွင့်ပြုချက်ဖြင့် တင်ပြလာသော လျှပ်စစ်သုံးမော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီစိစစ်၍ ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရေးကို ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ထုတ်လုပ်မှုလုပ်ငန်း ၂ ခု နှင့်လျှပ်စစ်သုံး မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်း ၁ ခု၊ စုစုပေါင်း ၃ ခု ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးနိုင်ခဲ့ပါသည်။

Industrial Linkages Plan ကို အထောက်အကူ ပြုမည့် လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် MSME လုပ်ငန်းများကို မိမိတို့ဌာနက ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ချိတ်ဆက်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) နှင့် တိုင်းဒေသကြီး/ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီတို့က ခွင့်ပြုခဲ့သော ကုန်ထုတ် လုပ်ငန်းများ၏ လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ဒေသဆိုင်ရာအေဂျင်စီများသို့ ပုံမှန်ပေးပို့လျက်ရှိပါသည်။
၂၀၂၄ ခုနှစ်၊ ဧပြီလအထိ ပြည်တွင်းကုန်ကြမ်း အသုံးပြု ထုတ်လုပ်သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၅၇ ခု၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ၃၁ ခု စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈၈ ခုကိုခွင့်ပြုပေးခဲ့ပါသည်။ သွင်းကုန်အစားထိုး ထုတ်လုပ်မှုများကို မြှင့်တင်အားပေးသည့်

အနေဖြင့် ကုန်ထုတ် လုပ်ငန်း ၈ ခုကို “ဦးစားပေးဆောင်ရွက်သွားမည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစား”များအဖြစ် ဓာတ်မြေဩဇာ ထုတ်လုပ်မှုလုပ်ငန်းများ၊ တန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်သည့် လုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အဆိုပါ လုပ်ငန်းများ နှင့်ဆက်စပ်သည့် လုပ်ငန်းများ၊ ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်းများ၊ သံမဏိ ထုတ်လုပ်သည့်လုပ်ငန်းများ၊ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်သည့် လုပ်ငန်း များအား သတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီတို့မှ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ စိုက်ပျိုး မွေးမြူရေး ကဏ္ဍဆိုင်ရာ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၉ ခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၈ ခု စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃၇ ခုကို ခွင့်ပြုပေးခဲ့ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ဖက်စပ်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့်များကို လျှောက်ထားပြီး ဝင်ငွေခွန်၊ အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်များ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များကို ခံစားနိုင်မည် ဖြစ်ပါ သည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာ (၁၃/၂၀၁၇) အရ ဦးစား ပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အကျုံးဝင်သည့် လုပ်ငန်းများသည် ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းတည်ရှိရာ အရပ်ဒေသ၏ ဖွံ့ဖြိုးမှု အပေါ်မူတည်၍ ဝင်ငွေခွန်ကင်းလွတ်ခွင့် ၃ နှစ်၊ ၅ နှစ်၊ ၇ နှစ်အထိ ခံစားခွင့်ရရှိနိုင်မည် ဖြစ်ပါသည်။

MSME လုပ်ငန်းကော်မတီ(၁/၂၀၂၂) ၊ (၂/၂၀၂၃)၊ (၁/၂၀၂၄) အစည်းအဝေးဆုံး ဖြတ်ချက် များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများမှာအိန္ဒိယနိုင်ငံ၏ ထိပ်တန်းအဖွဲ့အစည်းများ ထဲမှ တစ်ခုဖြစ် Indian Chamber of Int’l Business ၊ ကိုလ်ကတ္တား မှ စီးပွားရေး လုပ်ငန်းရှင်များက လုပ်ငန်းကဏ္ဍပေါင်း(၂၀)တွင် စိတ်ဝင်စားပြီးပူးပေါင်းဆောင်ရွက်လိုသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ MSME စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက် ဆောင် ရွက်ပေးခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Talk Show များ၊ ဆွေးနွေးပွဲများ၊ ကုန်စည်ပြပွဲများ၊ အစည်းအဝေးပွဲများ စုစုပေါင်း ၁၂၆ ခု သို့ တက်ရောက်ခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာ MSMEs အေဂျင်စီများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဧပြီလအထိ MSME Member Card ၃၈,၉၂၉ ခုအနက် MyCO တွင် မှတ်ပုံတင်ထားသည့် အရေအတွက် ၂,၅၈၄ ခု ရှိပြီး ယင်းအနက် ကော်မရှင်/ကော်မတီ ခွင့်ပြုမိန့်/အတည်ပြုမိန့်ရယူထားသည့်အရေအတွက် ၆၄ ခု ဖြစ်ပါသည်။ MSME လုပ်ငန်း

များ စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်ရာ၌ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်စေရေးအတွက် Startup DICA အစီအစဉ်ကို ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များနှင့် MSME လုပ်ငန်းရှင်များအနေဖြင့် Startup DICA အစီအစဉ်မှတစ်ဆင့် စီးပွားရေးလုပ်ငန်းစတင် ဆောင်ရွက်ခြင်းအတွက် လိုအပ်မည့်အချက်အလက်များကို လာရောက်ဆက်သွယ် စုံစမ်းနိုင်မည်ဖြစ်ပါသည်။ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် လိုအပ်သော နည်းပညာအထောက်အပံ့များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အာဆီယံနှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များတွင်ပါဝင်သည့် စီးပွားရေးနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်မှုတို့တွင် FERD က Focal ဌာနအဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊ ASEAN SMEs Academy တွင် စီမံခန့်ခွဲမှု၊ ဈေးကွက်၊ ဘဏ္ဍာရေး၊ နည်းပညာ၊ ကုန်သွယ်မှုနှင့် ထောက်ပံ့ ပို့ဆောင်ရေးစသည့် အကြောင်းအရာများကို အွန်လိုင်းစနစ်ဖြင့် သင်ကြားပို့ချပေးလျက်ရှိခြင်း၊ Unique Business Identification Number (UBIN) ထူထောင်ရေးဆိုင်ရာ စံသတ်မှတ်ချက်များ ပါဝင်သည့် လမ်းညွှန်ချက်ရေးဆွဲခြင်းတို့ပါဝင် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံသည် အခြားအာဆီယံနိုင်ငံများနည်းတူ လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသဖြင့် မြန်မာနိုင်ငံရှိ MSME များ၏ စွမ်းဆောင်ရည် တိုးတက်စေရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇ တွင် နေရောင်ခြည် (Solar) စွမ်းအင်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ထည့်သွင်းပြီး အဆိုပါကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမည့် မြန်မာနိုင်ငံသား/နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဦးစားပေး ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆ ခု နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၆ ခု၊ စုစုပေါင်း ၂၂ ခု ကို ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

MSME လုပ်ငန်းများအနက် အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO) တွင် မှတ်ပုံတင်မှုနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)နှင့် တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများတွင် ခွင့်ပြုမိန့်/အတည်ပြုမိန့် အခြေအနေများပြသည့်စာရင်းများအရ MSME လုပ်ငန်း စုစုပေါင်း ၃၈,၉၂၉ ရှိသည့်အနက် MyCO တွင် မှတ်ပုံတင်ထားသည့် အရေအတွက် မှာ ၂,၅၈၄ ခု (၆.၆ ရာခိုင်နှုန်း) ဖြစ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများတွင် အတည်ပြုမိန့်၊ ခွင့်ပြုမိန့် ရယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများမှာ ၆၄ ခု (၀.၁၆ ရာခိုင်နှုန်း) ဖြစ်ပါသည်။

ဇယား (၆) MSME လုပ်ငန်းများအနက် MyCO တွင် မှတ်ပုံတင်ထားမှုနှင့်
ကော်မရှင်/ ကော်မတီ ခွင့်ပြုမိန့်/အတည်ပြုမိန့် ရယူဆောင်ရွက်မှုအခြေပြဇယား

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက MSME Member Card ထုတ်ပေးသည့် အရေအတွက် | MyCO တွင် မှတ်ပုံတင်ထားသည့် အရေအတွက် | ကော်မရှင်/ ကော်မတီ ခွင့်ပြုမိန့်/အတည်ပြုမိန့် ရယူထား သည့် အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | နေပြည်တော် | ၈၀၈ | ၁၇၂ | ၄ | |
| ၂ | ကချင် | ၉၂၂ | ၄၀ | ၄ | |
| ၃ | ကယား | ၃၆၅ | ၁၀၆ | ၄ | |
| ၄ | ကရင် | ၆၄၉ | ၂၅ | ၂ | |
| ၅ | ချင်း | ၁၈၉၃ | ၁၆ | ၁ | |
| ၆ | စစ်ကိုင်း | ၂၈၄၈ | ၆၃ | ၄ | |
| ၇ | တနင်္သာရီ | ၁၆၄၄ | ၃၃ | ၈ | |
| ၈ | ပဲခူး | ၃၇၂၀ | ၄၈ | ၂ | |
| ၉ | မကွေး | ၃၄၆၅ | ၄၅ | ၉ | |
| ၁၀ | မန္တလေး | ၂၅၉၇ | ၉၃ | - | |
| ၁၁ | မွန် | ၁၅၉၆ | ၃၈ | ၆ | |
| ၁၂ | ရခိုင် | ၇၁၅ | ၁၉ | - | |
| ၁၃ | ရန်ကုန် | ၇၈၂၂ | ၁၇၀၁ | ၁၀ | |
| ၁၄ | ရှမ်း | ၄၈၀၆ | ၁၇၂ | ၁၀ | |
| ၁၅ | ဧရာဝတီ | ၅၀၇၉ | ၁၃ | - | |
| | စုစုပေါင်း | ၃၈၉၂၉ | ၂၅၈၄ | ၆၄ | |

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ "ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေခြင်းနှင့် စက်မှုချိတ်ဆက်ဆောင်ရွက်ရေး ဆွေးနွေးပွဲ ၂၀၂၄ (Investment Facilitations & MSMEs Industrial Linkages 2024)" ကို ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းရှင်များ စုစုပေါင်း ၂၇၂ ဦး စကားဝိုင်းဆွေးနွေးပွဲ ၂ ခုဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍ "မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင် ရေးအလုပ်ရုံဆွေးနွေးပွဲ ၂၀၂၄ (Mandalay Region Domestic Investments Promotion Workshop 2024)" ကို MSME လုပ်ငန်းရှင်စုစုပေါင်း ၁၇၀ ဦးခန့်ဖြင့် လည်းကောင်းကျင်းပပြုလုပ်ခဲ့ပြီး MSME ပြည်တွင်း လုပ်ငန်းရှင်များနှင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများချိတ်ဆက်ပေးသည့်အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ပုံ (၁၃) ဆွေးနွေးပွဲမှတ်တမ်းဓာတ်ပုံများ




တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် ဒေသအလိုက် ထုတ်ကုန်ပေါ်မူတည်၍ စက်မှုချိတ်ဆက်ဆောင်ရွက်မှု (Industrial Linkage) အစီ အစဉ်ရေးဆွဲခြင်း၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အကောင်အထည်ဖော်ခြင်း၊ “နယ်စပ်ဒေသများတွင် မိရိုးဖလာစနစ် (သို့)မိသားစုစီးပွားရေးပုံစံဖြင့် လုပ်ကိုင်နေကြသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြန်မာ နိုင်ငံကုမ္ပဏီများဥပဒေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေတို့နှင့်အညီ လုပ်ငန်းထူထောင်၍ ပြဋ္ဌာန်းဥပဒေများပါ အခွင့်အလမ်းများကို ခံစားရရှိစေရေးနှင့် ကုမ္ပဏီလုပ်ငန်းစု၊ စီးပွားရေး လုပ်ငန်းစုများ ဖြစ်ပေါ်လာပြီး လုပ်ငန်းကြီးများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ အရ ပိုမိုတိုးတက်ဆောင်ရွက်သွားနိုင်စေရေး” နှင့် နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက် လိုသော MSME လုပ်ငန်းများက အီလက်ထရောနစ် ကုမ္ပဏီ မှတ်ပုံတင်စနစ် (MyCO) တွင် ကုမ္ပဏီမှတ်ပုံတင်ခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပုံ(၁၄) ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



**အကြံပြုသုံးသပ်တင်ပြချက်များ**

MSME လုပ်ငန်းများအတွက် မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ဆောင်ရွက်ပေးခြင်း၊ ဈေးကွက်မြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်ပေးခြင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်ပေးခြင်းနှင့် ဘဏ္ဍာငွေရရှိနိုင်မှုအခြေအနေ (Assets to Finance) ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးသင့်ပါသည်။ ဒေသဆိုင်ရာ အေဂျင်စီများ အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများမှ ပေးပို့ထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ အချက်အလက်များပေါ်မူတည်၍ ကုန်ကြမ်းပေးသွင်း နိုင်မည့် MSME လုပ်ငန်းများနှင့် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ချိတ်ဆက်ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အထောက်အပံ့ပြုနိုင်မည့် Supporting Industries များ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

## ပြန်ကြားရေးဝန်ကြီးဌာန

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရုပ်မြင်သံကြားတွင် သတင်း (၂၁၈)ပုဒ်၊ အစီအစဉ် (၁၅၁) ပုဒ် တို့ကို ထုတ်လွှင့်ခဲ့ပါသည်။ ရေဒီယိုထုတ်လုပ်မှုအနေဖြင့် သတင်း(၉၈၃)ပုဒ်၊ သတင်း(တို) (၃၀)ပုဒ်၊ အစီအစဉ် (၈၇)ပုဒ်၊ ဆောင်းပါး၊ တိုင်းရင်းသား (ဆောင်းပါး)၊ သတင်းစာအာဘော် (၂၂၅)ပုဒ်၊ အယ်ဒီတာ့အာဘော် (၃၅)ပုဒ် တို့ကို ထုတ်လွှင့်ခဲ့ပါသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သတင်း(၆၅၂)ပုဒ်၊ ဆောင်းပါး (၁၉) ပုဒ်၊ mTube တွင် သတင်းဗွီဒီယို (၃၇၈) ပုဒ်၊ Talk Show(၄၀)ပုဒ်၊ အင်တာဗျူး (၃၇၅)ပုဒ်နှင့် နံရံကပ်စာစောင်(၁၂)ပုဒ်တို့ကို MOI Website အပါအဝင် ဤဦးစီးဌာန၏ New Media Platform များတွင် လွှင့်တင်ခဲ့ပါသည်။ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ စာပေဗိမာန်ထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်များတွင် ဆောင်းပါး (၁၀)ပုဒ် ထည့်သွင်းဖော်ပြခဲ့ပါသည်။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နိုင်ငံပိုင်သတင်းစာများတွင် ခေါင်းကြီး (၃၈)ပုဒ်၊ ဆောင်းပါး(၅၀)ပုဒ်၊ သတင်း (၄၃၃)ပုဒ်၊ ဓာတ်ပုံ (၉၅၇)ပုံ၊ အင်တာဗျူး(၈၇)ပုဒ် တို့ကို ဖော်ပြခဲ့ပါသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးကဏ္ဍတွင် MSME လုပ်ငန်းများ၏ ထုတ်လုပ်မှု (Production) မြင့်မားလာစေရေး အတွက် လိုအပ်သော သီးနှံကုန်ကြမ်းလုံလောက်စွာရရှိစေရန် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးပြီးဧကများ အထွက်နှုန်း တိုးတက်ရရှိရေး၊ Contract Farming စနစ်ဖြင့် ကျယ်ပြန့်စွာ ဆောင်ရွက်စေခြင်း၊ နည်းပညာများပံ့ပိုးကူညီခြင်း၊ စံပြကွက်/စမ်းသပ်ကွက်များ ဆောင်ရွက်ပြသခြင်း၊ စိုက်ပျိုးသူ တောင်သူများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ ဝါစိုက်ပျိုးသူ တောင်သူများအား အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန် သည့်ဝါမျိုးကောင်း၊ မျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ပြည်ပသွင်းကုန်များ ဖြစ်သော စားအုန်းဆီတင်သွင်းမှု လျော့ချနိုင်ရေးအတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊

နှမ်း၊ နေကြာ၊ ပန်း နှမ်း၊ ဆီမုန်ညင်းသီးနှံများ တိုးချဲ့ စိုက်ပျိုးရေးဆောင်ရွက်ခြင်း၊ ပြည်ပ ပို့ကုန် သီးနှံများဖြစ်သော စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်း၊ ကော်ဖီ၊ လက်ဖက် သီးနှံများ၏ အရည်အသွေးကောင်းမွန်ရေးနှင့် ဈေးကွက်ဝင် ယှဉ်ပြိုင်နိုင်ရေးအတွက် တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) စနစ်ကို အခြေခံ၍ နည်းပညာပေး ဆောင်ရွက်ခြင်းနှင့် အဆင့်မြင့် မှိုင်းခံရော်ဘာပြား ထုတ်လုပ်နိုင်ရေးနှင့် ရော်ဘာနှင့်ဆက်စပ်သော သုံးကုန်ပစ္စည်းများ ထုတ်လုပ်နည်းပညာပေးသင်တန်းများ ဆောင် ရွက်ခဲ့ပါသည်။

**ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်** တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆန်စပါး ဂေဟစနစ် (Rice Ecosystem) (၇)ခု ဖြစ်သည့် မိုးရေသောက်ဒေသ၊ ဆည် ရေသောက်ဒေသ၊ သွင်းရေအလုံအလောက် မရရှိနိုင်သည့်ဒေသ၊ အပူပိုင်းခြောက်သွေ့သည့်ဒေသ၊ တောင်ပေါ် ဒေသ၊ ပင်လယ်ဆားငံရေဝင်သော ဒေသများနှင့် ကုန်းတွင်းဆားပေါက်ဒေသ၊ ရေကြီးကွင်း ဒေသ စသည့်ဖြင့် ခွဲခြား၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဒေသနှင့်ကိုက်ညီပြီး ဈေးကွက် တွင် တောင်သူကြိုက်နှစ်သက်သော မျိုးကောင်းမျိုးသန့် အထွက်ကောင်းစပါးများကို ဂေဟ တစ်ခုချင်းအတွင်းတွင် ထောက်ခံမျိုး (၅) မျိုးမှ (၁၀) မျိုးထိဖြင့် (RS–CS) စီးပွားဖြစ် မျိုးသန့်/ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိပါသည်။

ပုံ(၁၅) ၂၀၂၃–၂၀၂၄ စပါးစိုက်ပျိုးမှုအခြေအနေ







ဇယား (၇) ၂၀၂၃–၂၀၂၄ ခုနှစ်အတွင်း ဆီထွက်သီးနှံမျိုးစေ့ ထုတ်လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ

| စဉ် | စိုက်ပျိုးသည့် ဒေသ | ဆီထွက်သီးနှံ | လျာထား ဧက | စိုက်ပျိုး ဧက | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | နေပြည်တော်၊ ကရင်၊ ပဲခူး၊ မန္တလေး ဧရာဝတီ၊ ရှမ်း(တောင်) | မြေပဲ | ၆၂ | ၆၂ | ၁၀၀ % |
| ၂ | | နှမ်း | ၆၁ | ၆၁ | ၁၀၀ % |

၂၀၂၃ ခုနှစ် မိုးရာသီတွင် တိုင်းဒေသကြီး/ ပြည်နယ် ဘတ်ဂျက်များဖြင့် မြေပဲမျိုးသန့်ထုတ် ရေိယာများကို နေပြည်တော်၊ ကချင်၊ စစ်ကိုင်း၊ မန္တလေး၊ မကွေးနှင့် ရှမ်း(တောင်)တို့တွင် Seed Grower Association အကျိုးဆောင် တောင်သူ အစီအစဉ်များဖြင့် (၉၀၅)ဧကကို လည်းကောင်း၊ နှမ်းမျိုးသန့်ထုတ် လုပ်ငန်းများ (၆၇၀)ဧကကိုလည်းကောင်း၊ နေကြာမျိုးသန့် ထုတ်လုပ်ငန်းများ (၃,၇၅၂) ဧကတို့ကိုလည်းကောင်း စိုက်ပျိုးခဲ့ပါသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်၊ ဆောင်းရာသီတွင် စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်နှင့် ဧရာဝတီတိုင်း ဒေသကြီးနှင့်ပြည်နယ်များတွင် Seed Grower Association၊ အကျိုးဆောင် တောင်သူ၊ မျိုးစေ့ဘဏ် အစီအစဉ်များဖြင့် မြေပဲမျိုး သန့်မျိုးစေ့ထုတ် (၁,၃၉၉) ဧက၊ နှမ်းမျိုးသန့်မျိုးစေ့ ထုတ်(၇၈၇) ဧကနှင့် နေကြာမျိုးသန့် မျိုးစေ့ထုတ် (၂,၉၉၉) ဧကတို့ကို စိုက်ပျိုးခဲ့ပြီး ရရှိ လာသော မျိုးကောင်း၊မျိုးသန့်၊ မျိုးစေ့များကို ၂၀၂၄ -၂၀၂၅ ခုနှစ် မိုးရာသီတွင် မျိုးဖြန့်ဖြူးပြီး စိုက်ပျိုးသွားမည် ဖြစ်ပါသည်။

ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အဖွဲ့အစည်းများစုဖွဲ့မှု၊ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ Myanmar Rubber Forum ကိုလည်းကောင်း၊ မှိုင်းခံရော်ဘာနှင့် အဆင့်မြင့်ရော်ဘာကို အခြေခံသော ရော်ဘာကုန်ချော ပစ္စည်း ထုတ်လုပ်ခြင်း နည်းပညာသင်တန်း (၂)ကြိမ်၊ ရော်ဘာအစေးရည်ကို အခြေခံသော ရော်ဘာ ပစ္စည်း ထုတ်လုပ်မှုနည်းပညာသင်တန်း၊ ရော်ဘာရွက်ဖြင့် ပန်းအလှဆင်ခြင်းနှင့် လက်မှု ပစ္စည်းပြုလုပ်ခြင်း နည်းပညာပေးသင်တန်း (မသန်မစွမ်း)၊ ရော်ဘာရွက်ဖြင့်ပန်း အလှဆင်ခြင်းနှင့် လက်မှုပစ္စည်းပြုလုပ်ခြင်း နည်းပညာပေးသင်တန်းများ ဖွင့်လှစ် ဆောင်ရွက်ပြီးဖြစ်ပါသည်။

ပုံ(၁၆) ၂၀၂၃-၂၀၂၄ ခုနှစ်ဝါသီးနှံစိုက်ပျိုးမှုအခြေအနေ



ဝါသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးရေးအတွက် ဝါသီးနှံမျိုးစေ့ ထုတ်လုပ်ငန်းများ (၈,၃၄၆)ဧက၊ စံပြကွက် (၁၉၉၂)ဧက၊ စမ်းသပ်ကွက်(၁၅၀.၅)ဧက၊ ပန်းတိုင်အထွက်နှုန်းရရှိရေး Pilot Area (၁၅,၀၆၀) ဧက စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပါသည်။သင်တန်းအနေဖြင့်(၇၉)ကြိမ်၊ တောင်သူပညာပေးကွင်းသရုပ်ပြပွဲ (၆၀)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲမှုအနေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် (၁၅) ခုတွင် ပိုက်ဆံလျှော်(၁၄၇,၁၆၇)ဧက စိုက်ပျိုးခဲ့ပြီး သစ်စိမ်းမြေဩဇာအဖြစ် သုံးစွဲနိုင်ခဲ့သည့်အပြင် အီးအမ်ဘိုကာရှိ သဘာဝမြေဩဇာ (၃၂၈,၃၁၇)ပုံ၊ ကြံမြုပ်ချေး (၂၁၇,၃၄၇) ပုံ၊ နှမ်းရိုး မြေဆွေး/ ကောက်ရိုးမြေဆွေး (၅၆၃,၁၀၃) ပုံ၊ စူပါ ဘိုကာရှိ (၁၄၆,၄၁၀) ပုံ၊ မြေဆွေးပုံ (၃၀၂,၀၂၃) ပုံ၊ နွားချေး (၈,၈၁၄,၈၆၅) ပုံ၊ ဇီဝမြေဩဇာ (၁၅,၆၄၆)ထုပ်၊ စပါးခွံ မြေဆွေး (၅၂၃,၀၇၇) ပုံ၊ မြေဆွေးကျင်း (၉,၄၅၅) ကျင်း၊ ငါးအမိုင်နို (၅၆,၆၀၃) လီတာ၊ ခရုအမိုင်နို (၁,၀၉၀) လီတာ၊ Trichoderma (၃၃,၃၁၃) ထုပ်၊ သစ်စိမ်းပင် အမျိုးအစား (ပဲမျိုးနွယ်ဝင်) (၈၀၆,၄၂၅) ဧက၊ သစ်စိမ်းပင် အမျိုးအစား (ဒန့်ကျွဲ) (၃၉၅) ဧက၊ သစ်စိမ်းပင် အမျိုးအစား (မြေပြန့် ချယ်ရီ) (၄၆) ဧက၊ ညံပင် (၂၆,၉၈၂) ဧကနှင့် သစ်စိမ်းပင်အမျိုးအစား (အခြား) (၂,၁၀၅) ဧက ဆောင်ရွက်ပြီးဖြစ်ပါသည်။

လက်ဖက်စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ လက်ဖက်အသင်းအစုအဖွဲ့များနှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများနှင့် ညှိနှိုင်း၍ ဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ရာ “လက်ဖက်စိုက်ပျိုးရေးနှင့် အနာဂတ်အလားအလာ အလုပ်ရုံဆွေးနွေးပွဲ”ကိုလည်းကောင်း၊ လက်ဖက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်နှင့် ဈေးကွက်အခွင့်အလမ်းများပိုမိုရရှိစေရေးအတွက် လက်ဖက်အသင်းအဖွဲ့များ၊ လက်ဖက်စိုက်တောင်သူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများကို Virtual meeting စနစ်ဖြင့်လည်းကောင်း ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ရှမ်းပြည်နယ်၊ ပင်လောင်းဥယျာဉ်ခြံတွင် ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် လက်ဖက် (၃၁.၀၀)ဧက စိုက်ပျိုးပြီးပျိုးပင် (၆၀,၀၀၀)ပင် ထုတ်လုပ်ပြီး (၄၇,၇၀၀) ပင် ဖြန့်ဖြူးနိုင်ခဲ့ပါသည်။

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (မြန်မာ GAP) အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ်မှစတင်၍ ယခုအချိန်ထိ နှစ်စဉ်ထုတ်ပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာနှစ်(၄,၂၆၆.၁၄) ဧကအတွက် GAP အသိအမှတ်ပြုလက်မှတ်စုစုပေါင်း (၁၁၉) စောင်နှင့် လက်ဖက်စိုက်ဧက (၈၀၀.၆၅) အတွက် (၃၁)စောင်တို့ကို ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ ကော်ဖီမျိုးကောင်းမျိုးသန့်ရရှိရေးအတွက် ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံများမှ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကော်ဖီမျိုးစေ့ (၂,၀၇၀) ကီလိုအား ကော်ဖီအဓိက

စိုက်ပျိုးဖြစ်ထွန်းသော တိုင်းဒေသကြီး/ ပြည်နယ်များသို့ အခမဲ့ဖြန့်ဖြူးပေးပြီး၊ ကော်ဖီစိုက်တောင်သူများအား မျိုးကောင်းမျိုးသန့်သုံးစွဲရေးနှင့် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေးအတွက် သင်တန်း(၂)ကြိမ်၊ ကွင်းသရုပ်ပြပွဲများ (၅)ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ (၁)ကြိမ် ကျင်းပပေးခြင်း၊ စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ GAP စနစ်ဖြင့် စိုက်ပျိုးပြီး စံပြကွက်များအား ဒေသအလိုက်တည်ထောင်ခြင်းဖြင့် ဒေသခံတောင်သူများ အလွယ်တကူဖတ်ရှုသိရှိနိုင်ရန် ကချင်၊ ကရင်၊ အရှိုချင်း၊ ရှမ်း၊ လား ဟူသော ဘာသာစကားများဖြင့် ကော်ဖီလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

မွေးမြူရေးကဏ္ဍတွင် ကချင်ပြည်နယ် Top အမဲခြောက် စက်ရုံမှ သင်တန်းသား (၄) ဦးအား ချင်းပြည်နယ်သို့ စေလွှတ်ပြီး ထုပ်ပိုးမှုစနစ် ပြည်တွင်းဈေးကွက် ဖြန့်ချီနိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါသည်။ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်တွင် နွားနောက် (၆၂၆၆)ကောင်၊ အကြီး(၉၈၂)ကောင်၊ အလတ် (၂၅၃၇) ကောင်၊ အငယ် (၂၇၄၇) ကောင်၊ တီးတိန်မြို့နယ်တွင် (၆၈၄၂) ကောင်၊ အကြီး (၁၁၀၂) ကောင်၊ အလတ်(၂၇၆၅) ကောင်၊ အငယ်(၂၉၇၅)ကောင်၊ စုစုပေါင်း (၁၃၁၀၈)ကောင်၊ အကြီး (၂၀၈၄)ကောင်၊ အလတ်(၅၃၀၂) ကောင်၊ အငယ် (၅၇၂၂) ကောင် မွေးမြူထားခြင်းအားဖြင့် ဖလမ်းမြို့နယ်တွင် အသားခြောက် တစ်နှစ် (၄၈၀)ပိဿာ၊ တီးတိန်မြို့နယ်တွင် တစ်နှစ် (၄၈၀) ပိဿာ ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ နွားနောက်ကောင်ရေ စဉ်ဆက်မပြတ် တိုးပွားမွေးမြူလာစေရေး လိုအပ်သော နည်းပညာပိုင်းဆိုင်ရာများကို ဒေသအေဂျင်စီအနေဖြင့် စီမံဆောင်ရွက်လျက်ရှိပါသည်။ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့နယ်များတွင် နှစ်စဉ်နွားနောက်ကောင်ရေ (၂၀၀)စီ တိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ စားကျက်များ ဖန်တီးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ နွားနောက်အသားခြောက်ထုတ်လုပ်မှု၊ ရောင်းချမှုများ ဆောင်ရွက်နိုင်ရန် ချင်းပြည်နယ်အစိုးရသည် ကချင်ပြည်နယ်အစိုးရနှင့်ညှိနှိုင်းပေါင်းစပ်ကာ သင်တန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး လိုအပ်သောမွေးမြူရေးစရိတ် ကျပ်သန်း(၉၁၉.၅)ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးနိုင်ရန် စီမံဆောင်ရွက်ခဲ့ရာ နွားနောက်အကောင် (၈၀)အတွက် ကျပ်သန်း (၁၂၀) ထုတ်ချေးနိုင်ခဲ့ပြီး ကျွဲ၊ နွား နောက်(၅၃၃)ကောင်အတွက် ကျပ်သန်း(၇၈၉.၅) ထုတ်ချေးရန် ကျန်ရှိနေပါသည်။

ငါးလုပ်ငန်းကဏ္ဍတွင် ပဲခူးတိုင်းဒေသကြီး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန်ရွေးချယ်ထားသည့် လုပ်ငန်းများနှင့် မန္တလေးတိုင်းဒေသကြီးရှိ အသေးစားနှင့် အလတ်စားမိရိုးဖလာ ရေထွက်ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် ဝန်ထမ်းများအား အစားအသောက်

ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ပညာပေးသင်တန်းများအား စာတွေ့သင်ကြားပေးခြင်းများ၊ လုပ်ငန်းခွင်အတွင်း လိုအပ်သည့်အထောက်အပံ့ပစ္စည်းများဖြစ်သော ငံပြာရည်နေလှန်းကန်နှင့် ငါးအသား ကြိတ်စက်တို့အား ထောက်ပံ့ပေးခဲ့ခြင်း၊ ဘေးအန္တရာယ်ဖြစ်နိုင်ချေရှိသည့် ထုတ်ကုန်ပစ္စည်းများနှင့်လုပ်ငန်းသုံးရေများအား နမူနာယူ၍ ဓါတ်ခွဲစစ်ဆေးပေးခြင်း၊ နမူနာများ ကောက်ယူခြင်း၊ ဓါတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်း ၊ ကွင်းဆင်းစစ်ဆေးခြင်းနှင့် စီမံကိန်းအမှတ်တံဆိပ်ပါအမှတ်တရပစ္စည်းများ ထောက်ပံ့ပေးခဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ သင်တန်းပို့ချမှုအနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာန၌ အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အခြေခံအဆင့်ဖြစ်သော “Awareness Training on Basic Food Safety Management” သင်တန်းအား တက်ရောက်သူ စုစုပေါင်း (၇၇)ဦးအားလည်းကောင်း၊ ပဲခူးငါးလုပ်ငန်း ပညာပေးသင်တန်းကျောင်း၌ အလယ်အလတ်အဆင့်ဖြစ်သော “Awareness Training on Intermediate Level of Food Safety Management” သင်တန်းအား တက်ရောက်သူစုစုပေါင်း (၆၅) ဦးအားလည်းကောင်း သင်တန်းပို့ချခဲ့ပါသည်။

စီမံကိန်းမှ ရွှေဥဒေါင်းမင်းငပိ၊ ငံပြာရည်လုပ်ငန်း နေလှန်းကန်အား စီမံကိန်းအထောက်အပံ့ဖြင့် နေလှန်းကန်အသစ်ပြုလုပ်ပေးခြင်း၊ ငါးချဉ်ထုတ်လုပ်မှုလုပ်ငန်း ငါးကြိတ်စက်အသစ်ပြုလုပ်၍ ထောက်ပံ့ခဲ့သည့်အပြင် ငံပြာရည်ထုတ်လုပ်မှုတွင်ထည့်သွင်း ပစ္စည်းအဖြစ် ပါဝင်သည့်ရေအတွက် Water Treatment System နှင့် ငါးချဉ်လုပ်ငန်းအတွက် ငါးမွှေစက်၊ လက်ဆေးဘေစင်များ၊ အမှိုက်ပုံးများ၊ လက်ကမ်း စာစောင်များ၊ ပညာပေးပိုစတာများ၊ ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်ချက်များကိုလည်း စိစစ်၍ ဆက်လက်ထောက်ပံ့ပေးသွားရန် ဆောင်ရွက်လျက်ရှိပါသည်။

တရုတ်ပညာရှင်အား လက်ရှိမြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားမိရိုးဖလာ ရေထွက်ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၏ ထုတ်လုပ်မှုအခြေအနေအား သိရှိနိုင်ရေးအတွက် ပဲခူးမြို့ရှိ ရွှေဥဒေါင်းမင်း (ငါးပိ/ ငံပြာရည်) ထုတ်လုပ်မှုလုပ်ငန်းသို့လည်းကောင်း၊ ဝေါမြို့နယ်ရှိ ဒေါ်တင်အောင်(ငါးချဉ်) ထုတ်လုပ်မှုလုပ်ငန်းသို့လည်းကောင်း ကွင်းဆင်းခဲ့ပြီး Video Conference ဖြင့်ပြသ၍ တရုတ်နည်း ပညာရှင်ထံမှ ထုတ်လုပ်မှုလုပ်ငန်းအပေါ် နည်းပညာအကြံဉာဏ်များရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး မိရိုးဖလာရေထွက်ကုန် ထုတ်လုပ်မှုလုပ်ငန်းများအဆင့်မှ အဆင့်မြင့်နည်း စနစ်များဖြင့် ထုတ်လုပ်နိုင်ရေးအတွက် အဆင်မြင့်ထုတ်လုပ်မှုနည်းပညာများနှင့်ပတ်သက်၍စစ်ဆေးရေးမှုးများ၊ လုပ်ငန်းရှင်များနှင့် အဏုစိပ်သရုပ်ခွဲခြင်းဆိုင်ရာ ဓါတ်ခွဲခန်းမှဝန်ထမ်းများအား သင်တန်းပို့ချခဲ့ပါသည်။

ပုံ(၁၇) “ရေထွက်ပစ္စည်းများဘေးအန္တရာယ်ကင်းစွာ ထုတ်လုပ်နိုင်ရေး အခြေခံသင်တန်း” မှတ်တမ်းဓာတ်ပုံများ





ပုံ (၁၈) ငါးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေးပွဲမှတ်တမ်းဓာတ်ပုံများ





## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲမွဲတေမှုနှုန်းကို လျှော့ချနိုင်စေရန် ရည်ရွယ်ပြီး အရင်းမပျောက် လည်ပတ်ရန်ပုံငွေစနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အစီရင်ခံကာလအတွင်း စီမံကိန်းယူနစ်ပေါင်း (၁၂,၇၆၂) ယူနစ်ဖြင့် ကျေးရွာပေါင်း (၁၄,၉၅၈) ရွာတွင် ရန်ပုံငွေ လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။

ပုံ (၁၉) မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေလည်ပတ်မှုအခြေအနေ





ကျေးလက်နေ ပြည်သူများ၏ စွမ်းဆောင်ရည်များ မြှင့်တင်ပေးရန်နှင့် အသက်မွေး ဝမ်းကျောင်းအလုပ် အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိပါသည်။

ပုံ(၂၀) ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း ရန်ပုံငွေထူထောင်ပေးနိုင်မှုအခြေအနေ




အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ပညာရေးဆုံးခန်းတိုင် သင်ကြားခြင်း မပြုနိုင်သော လူငယ်လူရွယ်များကိုစုစည်း၍ အမှန်တကယ် ဝင်ငွေရရှိစေမည့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ ယွန်း၊ ရက်ကန်းနှင့်စက်မှုလက်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ၁-၂-၂၀၂၁ မှ ၃၀-၄-၂၀၂၄ ရက်ထိ သင်တန်း(၁၆၆၅) ကြိမ်နှင့် သင်တန်းသား (၂၉,၉၁၈) ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။ လေ့ကျင့်ပျိုးထောင်ရေးစင်တာ (Incubation Centre) (၃၁)ခုကို ရုံးချုပ်နှင့်

တိုင်းဒေသကြီး/ပြည်နယ်များတွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလမှစ၍ တည်ထောင် ဖွင့်လှစ်ခဲ့ပြီး အသေးစားကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများ လေ့ကျင့်သင်ကြားပေးခြင်း၊ နည်းပညာလွှဲပြောင်းပေးအပ်ခြင်း၊ ဌာနပိုင်စက်ကိရိယာများကို အသုံးပြု၍ လုပ်ငန်းဆောင်ရွက်ခွင့်ပေးခြင်းနှင့် ကိုယ်ပိုင်လုပ်ငန်းတည်ထောင်နိုင်သည့်အထိ ပြုစုပျိုးထောင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၁-၂-၂၀၂၂ မှ ၃၀-၄-၂၀၂၄ ရက်ထိ သင်တန်း (၃၈) ကြိမ်နှင့် သင်တန်းသား(၁၁၄)ဦးတို့အား နည်းပညာများ ကူညီပံ့ပိုးပေးနိုင်ခဲ့ပါသည်။ လူသုံးကုန်၊ အလှကုန်ပစ္စည်းများအား ဓာတ်ခွဲစမ်းသပ်ပေးမှုအနေဖြင့် ၁-၂-၂၀၂၂ မှ ၃၀-၄-၂၀၂၄ ရက်ထိ ဓာတ်ခွဲစမ်းသပ်မှု (၁၆,၆၃၈) ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ အသေးစား စက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေနှင့်အညီ လုပ်ငန်းအမျိုးအစား (၁၃)မျိုးအား လုပ်ငန်းမှတ်ပုံတင်ပေးခြင်းကို စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းပေါင်း (၇,၈၆၂)ခုအား လုပ်ငန်းမှတ်ပုံတင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မှတ်ပုံတင်ထားသော လုပ်ငန်းရှင်များအား လုပ်ငန်းများတိုးချဲ့နိုင်ရန် လိုအပ်သောရင်းနှီးမတည်ငွေ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ လုပ်ငန်းရှင်(၁၃၆)ဦးအတွက် ငွေကျပ် (၂,၅၆၈.၅၃)သန်းနှင့် MSME ချေးငွေမှ လုပ်ငန်းရှင်(၁)ဦးအတွက် ငွေကျပ်(၅)သန်း၊ စုစုပေါင်းလုပ်ငန်းရှင်(၁၃၇)ဦးအတွက် ငွေကျပ် (၂,၅၇၃.၅၃) သန်း ရရှိထားပြီးဖြစ်ပါသည်။

ပုံ(၂၁) အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီး ပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း




| | ကယား | စစ်ကိုင်း | ပဲခူး | မကွေး | မန္တလေး | ရှမ်း | ဧရာဝတီ | ဧရာဝတီ |
|---|---|---|---|---|---|---|---|---|
| ငွေပမာဏ (ကျပ်သန်း) | ၅ | ၁၅၂ | ၃၇၉ | ၆၈၉ | ၁၈၁.၀၃ | ၄၀၃ | ၁၄၄.၅ | ၅ |
| ဦးရေ | ၁ | ၇ | ၅၅ | ၃၃ | ၅ | ၆ | ၉ | ၁ |

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ကယား – ဧရာဝတီ)

MSME ချေးငွေ (ဧရာဝတီ)

ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Region One Product) ထုတ်လုပ်မှုကဏ္ဍမှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ်အတွင်း ရုံးချုပ်၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် (၁၅)ခုရှိ ကျေးရွာ (၁၅၁) ရွာကို ရွေးချယ်၍ "အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း"များကို ဆောင်ရွက်လျက်ရှိရာ ကျေးရွာ၏ ဒေသထွက်ကုန်ကြမ်းအပေါ်မူတည်၍ အသက်မွေးဝမ်းကျောင်း သင်တန်းများ ပို့ချပေးခြင်းနှင့် လုပ်ငန်းထူထောင်လိုသူ(၅)ဦးအား ရွေးချယ်၍ လုပ်ငန်းထူထောင်နိုင်သည်အထိ လိုအပ်သောနည်းပညာနှင့် စက်ပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု နယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်(၁၅)ခုရှိ ဒေသတစ်ခုထုတ်ကုန်တစ်ခု(OROP) ပေါ်ထွန်းလာရေး စီမံကိန်းကျေးရွာ (၁၈)ရွာတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကာလတိုသင်တန်း (၁၈) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး သင်တန်းဆင်း(၂၃၆)ဦးအနက် (၈၆) ဦးအား လုပ်ငန်းထူထောင် ပေးနိုင်ခဲ့ပါသည်။

**ပုံ(၂၂) အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးတက်ရေးစီမံကိန်း**




## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**သစ်တောကဏ္ဍ**အနေဖြင့် သစ်နှင့်သစ်အချောထည်လုပ်ငန်း၊ ပရိဘောဂထုတ်လုပ်မှုလုပ်ငန်းနှင့်သစ်တောထွက် ပစ္စည်းထုတ်လုပ်မှု ကဏ္ဍတို့ကို အားပေးမြှင့်တင်နိုင်ရန်အတွက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် စက်ကြီး၊ အချောထည်၊ စက်သေး၊ လွှာထိုး (၂,၀၃၁) စက်၊ အိမ်တွင်းစက်မှုလက်မှု (၉၁၅) စက် ခွင့်ပြုထားပါသည်။

ပုံ(၂၃) သစ်အခြေခံစက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးမှုအခြေအနေ




ကြိမ်/ဝါးလုပ်ငန်းရှင်များအတွက် ကြိမ်/ဝါး လိုအပ်ချက်ထုတ်လုပ် ခွင့်ပြုပေးခြင်းအနေဖြင့် ကြိမ်လုံးရေ (၉.၅) သန်းကျော်၊ ဝါးလုံးရေ (၂၁၄.၄) သန်းကျော် ထုတ်လုပ်ခွင့်ပြုပြီး တန်ဖိုးမြှင့် သစ်အချောထည်နှင့် ပရိဘောဂပစ္စည်းများ ပြည်ပတင်ပို့ရာတွင် လုပ်ထုံးလုပ်နည်းနှင့် အညီ စိစစ်၍ သစ်တောထောက်ခံချက် ထုတ်ပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ပုံ(၂၄) ပြည်ပသို့ တင်ပို့ရန် သစ်တော်ထောက်ခံချက် ဆောင်ရွက်ပေးမှုအခြေအနေ







MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဝန်ကြီးမှ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် MSME လုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီး၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သစ်တောဦးစီးဌာနတာဝန်ရှိ အရာထမ်းများမှ သစ်အခြေခံစက်မှု လုပ်ငန်းရှင်များနှင့် (၃၆၄) ကြိမ်တွေ့ဆုံခဲ့ပြီး လုပ်ငန်းရှင် (၃,၁၃၇) ဦး တက်ရောက်ခဲ့ကြပါသည်။

ဝါးလက်မှုပစ္စည်းများ အဆင့်မြှင့်ထုတ်လုပ်နိုင်ရေးအတွက် သင်တန်းပို့ချခြင်းနှင့်စပ်လျဉ်း၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်အတွက် ဒေသခံပြည်သူ

(၇၁၆)ဦးအား အသက်မွေးဝမ်းကြောင်း သင်တန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း (၂၂) ကြိမ်ကို သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ဖွင့်လှစ်ပို့ချခဲ့ပါသည်။

**ပုံ (၂၅) MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောဦးစီးဌာန၏ ဆောင်ရွက်ချက်များ**



**ပုံ (၂၆) ကြိမ်နှင့် ဝါး ထုတ်လုပ်မှုအခြေအနေ**




ပြည်တွင်းရှိ MSME လုပ်ငန်းရှင်များသည် စက်မှုဇုန်များ/အထူးစီးပွားရေး ဇုန်နှင့် ချိတ်ဆက်ပြီး မိမိတို့၏ထုတ်ကုန်များကို ပေးသွင်းနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များတွင် ခင်းကျင်းပြသလျက်ရှိသည့် ပြပွဲများ၌ သစ်အခြေခံ MSME ထုတ်ကုန်ပစ္စည်းများ (၂) ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၊ ကျောက်တိုင်ကွင်းတွင် သစ်အခြေခံ MSME ထုတ်ကုန်ပစ္စည်းများပြပွဲ၌ ဝါးလက်မှုပစ္စည်း၊ ဝါးပရိဘောဂ (၄၉) မျိုး၊ သစ်သားပန်းပု (၆) မျိုး၊ သစ်အခြေခံပရိဘောဂ ပစ္စည်း (၃၇) မျိုးနှင့် မန္တလေးတိုင်းဒေသကြီး၊ Mandalay Convention Centre တွင် ကျင်းပပြုလုပ်သော Mandalay International Trade Fair & Investment Forum 2023 တွင် လုပ်ငန်းရှင်များ စုစည်း၍ သစ်အခြေခံ ပရိဘောဂပစ္စည်းများအား ပြသနိုင်ခဲ့ပါသည်။

ပုံ (၂၇) MSME အထောက်အကူပြု ကြိမ်/ဝါး လုပ်ငန်းရှင်များ တွေ့ဆုံမှုအခမ်းအနား၏ မှတ်တမ်းဓါတ်ပုံ






ပုံ (၂၈) MSME အထောက်အကူပြု မြန်မာ့ကြိမ်နှင့်ဝါးအခန်းကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အကြိုရှင်းလင်းပြောကြားခြင်း အခမ်းအနားမှတ်တမ်းဓာတ်ပုံများ





စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ သစ်တော ဦးစီးဌာနတို့မှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် MSME အေဂျင်စီများနှင့် ညှိနှိုင်း၍ သစ်တောနှင့် သစ်တောထွက်ပစ္စည်း ထုတ်ကုန်အမယ်များကို အောက်ဖော်ပြပါအတိုင်း ဦးစားပေးထုတ်ကုန်အမယ်များအဖြစ် ရွေးချယ်ထားပါကြောင်း Work Plan များနှင့် အတူ တင်ပြထားရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဧပြီလကုန်မှစ၍ လစဉ်တိုးတက်မှုအား တင်ပြ လျက်ရှိပါသည် -

| စဉ် | တိုင်းဒေသကြီး | ဦးစားပေးထုတ်ကုန်အမယ် |
|---|---|---|
| ၁ | စစ်ကိုင်း | ဝါးနှင့် ကြိမ် ထုတ်ကုန်ပစ္စည်းများ |
| ၂ | တနင်္သာရီ | ငှက်သိုက် |
| ၃ | ဧရာဝတီ | (က) သန့်စင်ပြီးငှက်သိုက်ခြောက်၊ ငှက်သိုက်ပေါင်းရည်<br>( ခ ) ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများ၊ သစ်အချောထည် ပစ္စည်းများ<br>( ဂ ) ဝါးလက်မှုပစ္စည်းများ<br>( ဃ ) ကြိမ်/ ဗေဒါ/ သင် အခြေခံလူသုံးကုန် ပစ္စည်းထုတ်ကုန်များ |

**သတ္တုကဏ္ဍအနေဖြင့်** ထုတ်လုပ်ခွင့်ရ ခဲတ်သတ္တု (၂၀)မျိုးခန့်ရှိသည့်အနက် ပြည်ပသို့ တင်ပို့နိုင်သည့် ခဲတ်သတ္တုများမှာ ကြေးနီ၊ ဖယ်ရိုနီကယ်၊ ခနောက်စိမ်း၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ မဂ္ဂနိစ်ဒိုင်အောက်ဆိုဒ်၊ သံ၊ သွပ်နှင့် မာဘယ်(၉)မျိုးသာရှိပြီး အဆိုပါ ခဲတ်သတ္တုများအား ပြည်ပသို့တင်ပို့မှုတွင် ခဲတ်သတ္တုအမျိုးအစားအလိုက်ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်ထားသည့် သတ္တုသားပါဝင်မှု ရာခိုင်နှုန်းနှင့် ဈေးနှုန်း တွက်ချက်ပုံစံ၊ ရောင်းချချိန်တွင် ဖြစ်ပေါ်သည့် ကမ္ဘာ့ပေါက်ဈေးနှုန်းအပေါ် အခြေခံ၍ ဈေးနှုန်းတွက်ချက်ပြီး ခဲတ်သတ္တုခွန်နှင့် ဌာနအချိုးများ ကောက်ခံ၍ ခဲတ်သတ္တုခွန်ရရှိငွေ စုစုပေါင်းမှာ ကျပ်သန်း (၁၁၉၂၀၄.၄၇၇) ဖြစ်ပါသည်။

ဇယား (၈) လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမှ ကြေးနီကုန်ကြမ်းသုံး ပြည်တွင်းရှိ

| စဉ် | ကြေးနီ<br>(မက်ထရစ်တန်) | ရောင်းချငွေ<br>(ကျပ်သန်း) | စက်မှုလုပ်ငန်းရှင်<br>(ဦးရေ) | ဘဏ္ဍာနှစ် |
|---|---|---|---|---|
| ၁ | ၁၆၀ | ၂၇၀၈.၈၃၂ | ၁၆ | ၂၀၂၂-၂၀၂၃ |
| ၂ | ၂၀၀ | ၄၅၂၈.၈၀၈ | ၁၅ | ၂၀၂၃-၂၀၂၄ |

အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် Cornerstone Resources (Myanmar)Ltd. တို့သည် လုံချိန် သွပ်သတ္တုသိုက်အပေါ် သွပ်သတ္တုရိုင်း ထုတ်လုပ်မှုလုပ်ငန်းကိုလည်းကောင်း၊ နမ္မတူ-ဘော်တွင်းသတ္တုတွင်းမှ ခဲချော်ချေးကို တင်ဒါစနစ်ဖြင့်ဝယ်ယူ၍ လားရှိုးမြို့နယ်၊ မန်ပျဉ်ဒေသရှိ သွပ်သတ္တုစင်စက်ရုံတွင် ဆင့်တက်ပြုပြင်၍ သွပ်သတ္တုစင် ၃၇၆၀၀ မက်ထရစ်တန်ကို လည်းကောင်း၊ နမ္မတူခဲချော်ချေး ၉၅၀၀၀ မက်ထရစ်တန်ကို တင်ဒါအောင်မြင်ခဲ့သော မြန်မာ အထွေထွေအထိပ် သတ္တုတွင်းလုပ်ငန်းကုမ္ပဏီသည် သတ္တုသန့်စင်စက်ရုံတွင် ဆင့်တက်ပြုပြင် သန့်စင်၍ ရရှိလာသောသွပ်အောက်ဆိုဒ် ၂၆၅၀၀ မက်ထရစ်တန်ကိုလည်းကောင်း၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းနှင့် ဝင်းမြင့်မိုရ်စက်မှု လုပ်ငန်းကုမ္ပဏီလီမိတက်တို့ အကျိုးတူဆောင်ရွက် လျက်ရှိသည့် နမ္မတူ-ဘော်တွင်းမှ တူးဖော်ရရှိသည့် သတ္တုရိုင်းများကို နမ္မတူ(၃၂)မိုင် သန့်စင် စက်ရုံတွင် ဆင့်တက်ပြုပြင်ထုတ်လုပ်ရရှိသည့် ခဲသွပ်ရောရာ သန့်စင် ၁၂၁၈၃.၀၉ မက်ထရစ် တန်ကိုလည်းကောင်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။

ခဲတ်သတ္တု စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းကို မြန်မာ့သတ္တုတွင်း နည်းဥပဒေများ (၂၀၁၈)အရ အလတ်စား ထုတ်လုပ်ကူးပြောင်း၍ လုပ်ကွက် (၁၀၃) ကွက်ကို မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများအရ ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီး စနစ်တကျတူးဖော်

ထုတ်လုပ်မှုရရှိရေးကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ခာတ်သတ္တုဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသော စက်ရုံ (၃၅)ခုရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှစ၍ ၃၀-၄-၂၀၂၄ ရက်နေ့ အထိ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း အလတ်စားရွှေသတ္တုလုပ်ကွက် (၁၅၅)ကွက်နှင့် အလတ်စား ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက် ရောရာသတ္တုလုပ်ကွက် (၃၄)ကွက်တို့အား ပြည်တွင်းကုမ္ပဏီများမှ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် စာချုပ်ချုပ်ဆို လုပ်ကိုင်လျက် ရှိပါသည်။ အလတ်စား ရွှေသတ္တု ထုတ်လုပ်မှုအနေဖြင့် ၁၀၀% ရွှေစင် (၈၈၃၉၄.၀၉၀) ကျပ်သား ထုတ်လုပ်နိုင်ခဲ့မှု အပေါ် ဌာနမှ (၂၁၂၀၅.၃၇၂) ကျပ်သား ရရှိခဲ့ပါသည်။ အလတ်စား ခဲမဖြူသတ္တုထုတ်လုပ်မှု အနေဖြင့် ခဲမဖြူသတ္တု သန့်စင်ထုတ်လုပ်မှု ၁၀၀% (၃၀၀.၇၈၃) မက်ထရစ်တန်အပေါ် ဌာနမှ(၇၃.၉၃၇) မက်ထရစ်တန်ကိုလည်းကောင်း၊ အဖြိုက်နက်သတ္တု သန့်စင်ထုတ်လုပ်မှု ၁၀၀% (၆၇.၈၅၀) မက်ထရစ်တန်အပေါ် ဌာနမှ (၁၅.၇၄၁) မက်ထရစ် တန်ကိုလည်းကောင်း၊ ခဲမဖြူ အဖြိုက်နက်ရောရာ သတ္တုထုတ်လုပ်မှု ၁၀၀% (၄၀.၈၁၀) မက်ထရစ်တန်အပေါ် ဌာနမှ(၉.၄၆၈) မက်ထရစ်တန်ကိုလည်းကောင်း၊ ခဲမဖြူ အဖြိုက်နက်၊ ရှီးလိုက်ရောရာ သတ္တုထုတ်လုပ်မှု ၁၀၀% (၁၀၆) မက်ထရစ်တန်အပေါ်တွင် ဌာနမှ (၂၄.၅၉၂) မက်ထရစ် တန်ကိုလည်းကောင်း အသီးသီးရရှိခဲ့ပါသည်။

ဇယား(၉) ခဲမဖြူသတ္တုစင်ကို ပြည်တွင်းရှိ စက်မှုလုပ်ငန်းရှင်များအား ရောင်းချပေးခဲ့မှုအခြေအနေ

| စဉ် | ခဲမဖြူသတ္တုစင်(PRT) (မက်ထရစ်တန်) | ရောင်းချငွေ (ကျပ်သန်း) | စက်မှုလုပ်ငန်းရှင် (ဦးရေ) | ဘဏ္ဍာနှစ် |
|---|---|---|---|---|
| ၁ | ၁၃.၀၃၀၃ | ၉၀၃.၅၃၆ | ၁၆ | ၂၀၂၂-၂၀၂၃ |
| ၂ | ၄.၉၅၄၁ | ၄၅၁.၅၆၆ | ၁၀ | ၂၀၂၃-၂၀၂၄ |

MSME များ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနအလိုက် သီးခြားဆောင်ရွက်မှုများ၊ ပူးပေါင်း ဆောင်ရွက်မှုများနှင့် ပတ်သက်၍ သတ္တုတူးဖော်ရေး လုပ်ငန်းများတွင် အသုံးပြုသည့် စက်ပစ္စည်းများ၊ ယာဉ်ယန္တရားများ၊ စက်ဆီ၊ ချောဆီများ၊ ဓာတုပစ္စည်းများနှင့် အခြား ဆက်စပ်ပစ္စည်းများအား ပြည်ပမှ ဝယ်ယူတင်ပို့ခြင်း၊ ပြည်တွင်းမှ ဝယ်ယူခြင်း စသည့် ကိစ္စ ရပ်များ လွယ်ကူလျင်မြန်စွာ ဝယ်ယူရရှိရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန စသည့်ဝန်ကြီးဌာနများနှင့် ပေါင်းစပ် ညှိနှိုင်းပြီး ကူညီဆောင်ရွက်ပေးသွားပါမည်။

ပုံ (၂၉) ၂၀၂၂-၂၀၂၃ နှင့် ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ်တွင် ကက်သုတ်ကြေးနီ ၂၀၀ မက်ထရစ်တန်ကို ၁၀ မက်ထရစ်တန် 20 Lots ခွဲ၍ တင်ဒါ ခေါ်ယူ ရောင်းချခဲ့မှုမှတ်တမ်းဓာတ်ပုံ





ပုံ (၃၀) အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ ပြည်တွင်းသုံးကုမ္ပဏီများသို့ ကက်သုတ်ကြေးနီ တင်ဒါစနစ်ဖြင့် ရောင်းချခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





## စက်မှုဝန်ကြီးဌာန

**အသေးစား၊** အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) များသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍတွင် ပါဝင်သောကြောင့် ၎င်းတို့ တိုးတက်လာစေရန် မူဝါဒများချမှတ်ဆောင်ရွက်ခြင်း၊ ပိုမိုကောင်းမွန်သော စီးပွားရေး ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းနှင့် MSME များအတွက် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေရန် လိုအပ်သည့် အထောက်အပံ့များ ပံ့ပိုးဆောင်ရွက်ပေးခြင်းအားဖြင့် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ MSME များသည် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ ကျောထောက်နောက်ခံဖြစ်သကဲ့သို့ တီထွင်ဖန်တီးပေးနိုင်မှုရှိခြင်းနှင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးနိုင်သည့်အပြင် စွန့်ဦးတီထွင်မှု၊ ဈေးကွက်လိုအပ်ချက်များနှင့် စိန်ခေါ်မှုများကိုလည်း တုန့်ပြန်နိုင်စွမ်းပေးနိုင်သောကြောင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကမောင်းနှင်

အားလည်း ဖြစ်ပါသည်။ စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း MSME များကို ရှင်သန်ဖွံ့ဖြိုးလာစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် လုပ်ငန်းများဖြစ်ပေါ်လာစေရေးအတွက် လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်ဖြစ်ပေါ်လာစေရန် မူဝါဒ၊ ဥပဒေနှင့် နည်းပညာများ ရေးဆွဲချမှတ်ပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များတွင် တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်ပြီး MSME ဗဟိုကော်မတီတွင် အတွင်းရေးမှူး၊ လုပ်ငန်းကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုဝန်ကြီးမှ ဆောင်ရွက်လျက်ရှိပြီး ဒုတိယဝန်ကြီးအနေဖြင့် MSME လုပ်ငန်းကော်မတီတွင် အတွင်းရေးမှူး၊ အေဂျင်စီတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုအရ သက်ဆိုင်ရာ ဝန်ကြီးဌာနများ/အစိုးရအဖွဲ့အစည်းများက ပေါင်းစပ်ညှိနှိုင်းပြီး စိုက်ပျိုးမွေးမြူရေးအခြေခံနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်မှုကွင်းဆက် တစ်လျှောက်ထုတ်လုပ်မှုနှင့် ထောက်ပံ့ပေးသွင်းနေသည့် လုပ်ငန်းများကို စနစ်တကျဖော်ထုတ်၍ ထိုထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍စိုက်ပျိုးမွေးမြူရေးအခြေခံတန်ဖိုးမြှင့်ထုတ်ကုန်များနှင့် ပတ်သက်ပြီး OROP အစီအစဉ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ဦးစားပေးထုတ်ကုန်ပစ္စည်းများကို ရွေးချယ်သတ်မှတ်နိုင်ရန်အတွက် ၁၃.၂.၂၀၂၄ ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီး(၄)ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ဒေသဆိုင်ရာ MSME အေဂျင်စီဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများညှိနှိုင်းဆွေးနွေးခဲ့ခြင်း၊ ၉.၃.၂၀၂၄ ရက်နေ့တွင် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME အရောင်းပြခန်းများတွင် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ခင်းကျင်းပြသရောင်းချခဲ့သည့် ထုတ်ကုန်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အေဂျင်စီအဖွဲ့ဝင်များကို ရှင်းလင်းဆွေးနွေးသည့် အစည်းအဝေး ကျင်းပခဲ့ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထိုအစည်းအဝေးတွင် မူလ ထုတ်ကုန်မှ တစ်ဆင့်တန်ဖိုးမြှင့်ထုတ်ကုန်၏ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် ပထမအဆင့်ပြုပြင်ထားသည့် တန်ဖိုးနိမ့်စားသောက်ကုန်နှင့် ကုန်ပစ္စည်း၊ ပထမအဆင့် ပြုပြင်ထုတ်လုပ်ထားသည့် တန်ဖိုးမြှင့်စားသောက်ကုန်ပစ္စည်း၊ ဒုတိယအဆင့်ပြုပြင်ထုတ်လုပ်ထားသည့် တန်ဖိုးမြှင့်စားသောက်ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များနှင့်ပတ်သက်၍ တန်ဖိုးမြှင့်တက်လာမှုကို တွက်ချက်တိုင်းတာနိုင်သည့် တိကျသည့် Model တစ်ခုကို သတ်မှတ်၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဒေသထွက်ကုန်များအား စစ်တမ်းကောက်ယူမည်ဆိုပါက တန်ဖိုးမြှင့်ထုတ်ကုန်များ၏ တန်ဖိုးမြှင့်တက်လာမှုများ

ပေါ်ထွက်လာမည် ဖြစ်ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များမှ ပေးပို့လာသော ထုတ်ကုန် အမယ်တစ်ခုချင်းစီ၏ တန်ဖိုးမြှင့်ဆိုင်ရာ အချက်အလက်များကို ရရှိထားပြီး ဒေသအလိုက် "မည်သည့်ထုတ်ကုန်အမယ်များကို တန်ဖိုးမြှင့်ထုတ်လုပ်ရန် အသင့်တော်ဆုံး" နှင့် ထပ်မံ၍ "မည်ကဲ့သို့သော တန်ဖိုးမြှင့်ထုတ်ကုန်များကို ဆက်လက်ထုတ်နိုင်မည် ထိုသို့ထုတ်လုပ်နိုင် ရန် မည်ကဲ့သို့သော ဆန်းသစ်တီထွင်မှုများနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်"ကို သိရှိလာမည်ဖြစ်ခြင်း၊ ဦးစားပေးထုတ်ကုန်အမယ်များနှင့် တန်ဖိုး မြှင့်ထုတ်လုပ်နိုင်မည့် Work Plan များကို တိုင်းဒေသကြီး/ ပြည်နယ်များမှ တင်ပြထားပြီး ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့များနှင့် အေဂျင်စီများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များအားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဝါထုတ်လုပ်မှုနှင့်ပတ်သက်၍ ၁၆.၂.၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ကျင်းပပြုလုပ်သည့် ဆီထွက်သီးနှံ၊ စက်မှုသီးနှံနှင့် နို့ထွက်ပစ္စည်းတိုးချဲ့ ထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ်က "ဝါကို ဧက(၅)သိန်း စိုက်ပျိုးပြီး သတ်မှတ် ပန်းတိုင်ရည်မှန်းချက်များအတိုင်း စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက ပြည်တွင်းချည် သုံးစွဲမှုဖူလုံ စေမည့်အပြင် နိုင်ငံဝင်ငွေရရှိရေး အထောက်အကူပြုမည်ဖြစ်သဖြင့် ဝါစိုက်ပျိုးမှုကို သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် အလေးထားဆောင်ရွက်ရန်၊ ဝါမှထွက်ရှိသည့်ချည်များ ကို တန်ဖိုးမြှင့်ချည်ထည်များအထိ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့တင်ပို့ရောင်းချနိုင်မည် ဖြစ်သဖြင့် တန်ဖိုးမြှင့်ထုတ်လုပ်ရေး စီမံဆောင်ရွက်ရန်၊"ဟု လမ်းညွှန်မှုအရ ၇.၃.၂၀၂၄ ရက် နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့်အထည်အလိပ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင်လည်း "မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဝါကြိတ်စက်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်လို၊ ပြည်တွင်းမှထွက်ရှိသည့် ဝါဂွမ်းများကို ပြည်တွင်းဈေးကွက်တွင် ရောင်းချနိုင်ရေးနှင့် ချည်ကုန်ချောများ၊ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်၊ ထွက်ရှိလာသည့် ဝါကုန်ကြမ်းများကို ချည်မျှင်ထုတ် လုပ်နိုင်ရေးနှင့် ပိတ်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေး စက်ကိရိယာများ လိုအပ်နေသဖြင့် ဖြည့်ဆည်းပေးရန်၊" ဟု ထပ်မံ၍လမ်းညွှန်မှုပြုခဲ့ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးမှ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ ၁၆.၃.၂၀၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးရှိ ဝါကြိတ်စက်များနှင့် ပုဂ္ဂလိကချည်မျှင်စက်ရုံများသို့ မြေပြင်ကွင်းဆင်း သွားရောက်လေ့လာ ခဲ့ခြင်း၊ဝါထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် အခက်အခဲများနှင့် လိုအပ်ချက်များကို ဆန်းစစ် ဖော်ထုတ်နိုင်ရန် Stakeholder များ၊ အဖွဲ့အစည်းများအားလုံးပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ (သို့) ဖိုရမ်တစ်ခု ကျင်းပပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဆွေးနွေးပွဲ(သို့) ဖိုရမ်မှ ရရှိလာသော ရလဒ်များအပေါ်မူတည်၍ ဝါစိုက်ပျိုးထုတ်လုပ်ခြင်းမှအထည်အလိပ်နှင့် အဝတ် အထည်ချုပ်လုပ်ခြင်းအထိ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် ဖွံ့ဖြိုး

တိုးတက်လာရေး၊ ဝါကြိတ်စက်များနှင့် ဝါကြိတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အစီအစဉ်များကို ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အထည်အလိပ်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်လာရေးတွင် MSME လုပ်ငန်းများမှ ပါဝင်ဆောင်ရွက်လာနိုင်ရေး လိုအပ်ချက်များ ပံ့ပိုးပေးနိုင်ရန်နှင့် ချိတ်ဆက်မှုများ အားကောင်းလာစေရေး၊ လိုအပ်သည့် စက်ပစ္စည်းကိရိယာများ ပံ့ပိုးပေးနိုင်ရေးကို သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအစိုးရများက ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်သော MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝါစိုက်ပျိုးထုတ်လုပ်သူမှ ချည်မျှင်နှင့် အထည်ထုတ်လုပ်သည့် MSME လုပ်ငန်းရှင်များအထိ MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ချေးငွေများကို ထုတ်ပေးနိုင်ရန် MSME လုပ်ငန်းကော်မတီဦးဆောင်မှုဖြင့် အေဂျင်စီနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့မှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ဒစ်ဂျစ်တယ် အသုံးပြုလာနိုင်ရေးနှင့် အသွင်ကူးပြောင်းမှု (Digital Transformation) အပိုင်းသည် များစွာအရေးပါလာသဖြင့် ASEAN နိုင်ငံများနှင့် တန်းတူရင်ပေါင်တန်းနိုင်ရန်အတွက် MSME များ ဒီဂျစ်တယ်အသွင်ကူးပြောင်းနိုင်ရေးခရီးစဉ်တွင် မှန်ကန်မြန်ဆန် သည့်နည်းလမ်းများနှင့် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုမြင့်မားလာရန် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာနှင့် ဗဟုသုတများရရှိလာစေရေးအတွက် ကူညီပံ့ပိုးဆောင်ရွက် ပေးသွားရမည်ဖြစ်ပါသည်။ ဆက်လက်ပြီး ဒုတိယအဆင့်အနေဖြင့် MSME များ ဒစ်ဂျစ်တယ်နည်းပညာများ ရယူအသုံးပြုလာနိုင်ရန်နှင့် ထိုဒစ်ဂျစ်တယ် နည်းပညာများဖြင့် မိမိတို့၏လုပ်ငန်းများကိုဆောင်ရွက်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ကို လုပ်ကိုင်လာနိုင်စေရန် ကူညီပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စက်မှုဝန်ကြီးဌာနအနေဖြင့် MSME လုပ်ငန်းများအတွက် နည်းပညာရရှိရေး အလုပ်ရုံဆွေးနွေးပွဲ များပြုလုပ်ပြီး ကုန်ကြမ်းပစ္စည်းများရရှိရေး၊ ဒီဂျစ်တယ်နည်းပညာများ အသုံးပြုနိုင်ရေးတို့ကို ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိပါသည်။

## အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ

မူဝါဒနှင့်ပြည်ပရေးရာဌာနအနေဖြင့် ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ်များထုတ်လုပ်သည်အထိ တန်ဖိုးမြင့်ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၄) နှင့် (၄/၂၀၂၄) တွင် နိုင်ငံတော်ဝန်ကြီးချုပ်မှ လမ်းညွှန်မှုပြုခဲ့ပါသဖြင့် ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ်များ ထုတ်လုပ်

သည်အထိ တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်နှင့် လိုအပ်ချက်များကို ဆန်းစစ်ဖော်ထုတ်၍ Action Plan ဖော်ထုတ်နိုင်ရေးအတွက် Stakeholder များအားလုံးပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ မေလ (၃) ရက်နေ့ ၌ ရုံးအမှတ်(၃၀)၊ စက်မှုဝန်ကြီးဌာနတွင် Hybrid ပုံစံ ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

ပုံ (၃၁) အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်းဓါတ်ပုံများ



ပုံ (၃၂) မှတ်တမ်းဓာတ်ပုံများ




## အာဆီယံရေးရာကိစ္စရပ်များဆောင်ရွက်ခြင်း

အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ(ACCMSME)တွင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ACCMSME Myanmar ၏ Focal Person အဖြစ်လည်းကောင်း၊ Covid-19 ကာလအတွင်း အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကြီးမှူး၍ Virtual Meeting အဖြစ် ပြောင်းလဲကျင်းပခဲ့ရာ (၁၃) ကြိမ် နှင့် (၁၄) ကြိမ်မြောက် ACCMSME အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို မြန်မာနိုင်ငံမှ အလှည့်ကျဥက္ကဋ္ဌအဖြစ် လည်းကောင်း၊

အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းဖြစ်သည့် ASEAN MENTOR -SHIP FOR ENTREPRENEURS NETWORK Phase 2 (AMEN Phase-2) တွင် မြန်မာနိုင်ငံအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်နိုင်ရေးအတွက်လည်းကောင်း၊ အာဆီယံဒေသတွင်းနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ရေးဆွဲလျက်ရှိကြသော အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်စွာ ကုန်သွယ်မှုစာချုပ် (ASEAN-Australia-New Zealand Free Trade Agreement- AANFTA၊ အာဆီယံ-ကနေဒါ လွတ်လပ်စွာ ကုန်သွယ်မှုစာချုပ် (ASEAN-Canada Free Trade Agreement-ACAFTA၊ အာဆီယံ-တရုတ်လွတ်လပ်စွာ ကုန်သွယ်မှု စာချုပ်(ASEAN-China Free Trade Agreement) များ ၊ ASEAN Trade in Goods Agreement (ATIGA) ၏ လုပ်ငန်းစဉ်များရေးဆွဲရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသော အခန်းကဏ္ဍအတွက် မြန်မာနိုင်ငံဆိုင်ရာ Focal များအဖြစ် ဘာသာရပ်ဆိုင်ရာ အရာထမ်းများမှလည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ဒေသတွင်း ဆန်းသစ်တီထွင်မှု နှင့် လူငယ်စွန့်ဦး တီထွင်မှုများဆိုင်ရာ နှီးနှောဖလှယ်ပွဲ (Seminar on Innovation and Young Entrepreneurship for Regional Development) စီမံကိန်းကို မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ - ၂၀၁၈ ဖြင့် ၂၀၁၉ ခုနှစ် မှ ၂၀၂၂ ခုနှစ်အထိ အဆင့်(၃) ဆင့်ဖြင့် အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ပုံ (၃၃) မှတ်တမ်းဓာတ်ပုံများ







မြန်မာနိုင်ငံအတွင်းရှိ စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် ဆန်းသစ်တီထွင်မှုအလေ့အကျင့်ကောင်းများ မျှဝေခြင်း စီမံကိန်း (Innovative Products Practices for Food Processing in Myanmar) ကို ASEAN–Hong Kong(China) Free Trade Agreement (AHKFTA) အထောက်အပံ့ဖြင့် အဆင့်(၃) ဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

**ပုံ (၃၄) မှတ်တမ်းဓာတ်ပုံများ**




ဒီဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လိုအပ်သော အဆင့်မြင့်ဒီဂျစ်တယ်နည်းပညာများနှင့် နည်းပညာသစ်များ စွမ်းရည်မြှင့်တင် ပေးနိုင်ရေးလုပ်ငန်းစဉ် စီမံကိန်းကို မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ(၂၀၂၂)ဖြင့် ၂၀၂၃ ခုနှစ်အတွင်း အဆင့်(၂)ဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

**ပုံ (၃၅)စီမံကိန်းပထမအဆင့်၊ ဒုတိယအဆင့်ဖိုရမ် ကျင်းပပြုလုပ်မှုမှတ်တမ်းဓာတ်ပုံများ**



မြန်မာအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များသို့ ထိုးဖောက်နိုင်ရေး၊ နိုင်ငံတကာချိတ်ဆက်နိုင်ရေး၊ သတင်းအချက်အလက်များ အချိန်မီရရှိနိုင်ရေးတို့အတွက် ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် မှ ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းရှင်(၁၂)ဦးကို ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သော အလုပ်ရုံ ဆွေးနွေးပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ သင်တန်းများသို့ တက်ရောက်နိုင်ရေး လိုအပ်သည်များ ပံ့ပိုးချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါသည်-

**ဇယား (၁၀) ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သော အလုပ်ရုံ ဆွေးနွေးပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ၊**

| စဉ် | အမည် | လုပ်ငန်း | အကြောင်းအရာ |
|---|---|---|---|
| ၁ | ဒေါ်အိပိုးဖြူ | ရွှေဇီးကွက်စားသောက်ကုန်လုပ်ငန်း | ASEAN Training Course on Export for Women-owned SMEs သင်တန်း (ဗီယက်နမ်နိုင်ငံ) |
| ၂ | ဒေါ်ဝေမြင့် | "ထန်းတီး" မြန်မာ့ရိုးရာ စားသောက်ကုန်လုပ်ငန်း | ။ |
| ၃ | ဦးဇော်အေး | ပြည်မြန်မာကိတ်နှင့် မုန့်မျိုးစုံ လုပ်ငန်း | 3rd Lancang- Mekong Business Forum 2022 (ကမ္ဘောဒီးယားနိုင်ငံ) |
| ၄ | ဒေါ်တင့်လတ်သန္တာ | ရွှေဇီးကွက်စားသောက်ကုန်လုပ်ငန်း | ။ |
| ၅ | ဒေါ်မြသဲဖြူ | ရွှေဆိတ် စားသောက်ကုန်လုပ်ငန်း | 3rd Lancang- Mekong Business Forum 2022 (ကမ္ဘောဒီးယားနိုင်ငံ) |
| ၆ | ဦးထူးဝေ | Green toddy ထန်း၊ သကြား ထုတ်လုပ်ရေးလုပ်ငန်း | ။ |
| ၇ | ဒေါ်အိပိုးဖြူ | ရွှေဇီးကွက် စားသောက်ကုန် လုပ်ငန်း | Invlusive Business Award 2023 ဆုချီးမြှင့်ပွဲ အခမ်းအနား (အင်ဒိုနီးရှားနိုင်ငံ) |
| ၈ | ဦးစိုးဟိန်း | အတွင်းရေးမှူး၊ မြန်မာနိုင်ငံ MSME လုပ်ငန်းရှင်များအသင်း | ASEAN BuildProgram ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (ဖိလစ်ပိုင်နိုင်ငံ) |
| ၉ | ဦးကျော်စွာဝင်း | ဥက္ကဋ္ဌ၊ နေပြည်တော် MSME လုပ်ငန်းရှင်များအသင်း | ။ |
| ၁၀ | ဦးကျော်သက်ထွေး | နေပြည်တော်ပုံရိပ်သစ် (Burmese friendly laser-scratched) | ASEAN-Korea Startup Week 2023 Offline Pitching Contest(ကိုရီးယားသမ္မတနိုင်ငံ) |
| ၁၁ | ဦးဘင်ဂျမင် | ဖြိုးဝေဝေစက္ကူနှင့်စာအုပ်ထုတ်လုပ် ရေးလုပ်ငန်း | Eco Expo Asia 2023 Asia World-Expo/ ACCMSME (ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ) |
| ၁၂ | ဦးအောင်အောင် | Mandalar Shwe Thi Ha Co.,Ltd | Forging Business Dialogue between ASEAN and Turkiye (တူရကီနိုင်ငံ) |

**နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာနအနေဖြင့်** ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့သည့် MSME များအား ကုစားမှုပြုနိုင်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်ရှင်သန်ရပ်တည်နိုင်ရေး အတွက် “ကိုဗစ်ကာလနှင့် ကိုဗစ်အလွန်ကာလများတွင် (MSME) လုပ်ငန်းများ ရှင်သန်ရေး နှင့် ဖွံ့ဖြိုးရေးတို့အတွက် မဟာဗျူဟာချမှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၁၄.၁၀.၂၀၂၁ ရက်နေ့မှ ၁၅.၁၀.၂၀၂၁ ရက်နေ့အထိ Stakeholder အားလုံးမှ တက်ရောက်သူဦးရေ (၁၁၃) ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး အချက် (၁၅) ချက်ကို ဆွေးနွေးဖော်ထုတ်နိုင်ခဲ့ပါသည်။

ပုံ (၃၆) မဟာဗျူဟာချမှတ်နိုင်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမန်းငြိမ်းမောင်က နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ရော်ဘာလုပ်ငန်းမှ နိုင်ငံတကာဈေးကွက်တွင် ရသင့်ရထိုက်သော ဈေးနှုန်းဖြစ်သည့် နေ့စဉ် မြန်မာငွေကျပ် သန်း ၈,၀၀၀ ပိုမိုရရှိလာနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ကနဦးလေ့လာတွေ့ရှိချက်များအပေါ် အခြေခံ၍ ရော်ဘာကဏ္ဍရေရှည် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန်အတွက် “မြန်မာ့ရော်ဘာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးဆွေးနွေးပွဲ”များကို ၈.၉.၂၀၂၃ ရက်နေ့နှင့် ၅.၁၀.၂၀၂၃ ရက်နေ့တွင် Hybrid System ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ ပညာရှင်များနှင့် MSME ရော်ဘာ လုပ်ငန်းရှင်များ စုစုပေါင်း (၁၈၃)ဦး တက်ရောက်ဆွေးနွေးခဲ့ပြီး အချက်(၂၅)ချက်ကို ဆွေးနွေး ဖော်ထုတ်နိုင်ခဲ့ပါသည်။

ပုံ (၃၇) မြန်မာ့ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ





နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သော ပြည်တွင်းဆီထွက်သီးနှံများမှ ကြိတ်ခွဲရရှိသည့် စားသုံးဆီများဖြင့် ပြည်တွင်းလိုအပ်ချက် လုံလောက်စေရေးနှင့် ပြည်ပငွေသုံးစွဲမှုများစွာ လျှော့ချနိုင်ရေးတို့အတွက် ဆီစက်များ၏ ဆီကြိတ်ခွဲမှုတိုးမြှင့်ထုတ်လုပ်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းအစီအမံ (Action Plan)များ ရေးဆွဲနိုင်ရန်အတွက် ၃၀.၄.၂၀၂၄ ရက်နေ့တွင် ဆက်စပ်ဝန်ကြီးဌာနများနှင့် MSME လုပ်ငန်းရှင်များ စုစုပေါင်း (၁၄၅)ဦး တက်ရောက်ဆွေးနွေးခဲ့ပြီး အချက် (၆)ချက်ကို ဆွေးနွေးဖော်ထုတ်နိုင်ခဲ့ပါသည်။

ပုံ (၃၈) "ပြည်တွင်းစားသုံးဆီဖူလုံစေရန်အတွက် ဆီကြိတ်ခွဲမှုတိုးမြှင့်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲ" ကျင်းပပြုလုပ်ခြင်း





နိုင်ငံတော်ဝန်ကြီးချုပ်၏ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်/ တိုင်းဒေသကြီးများရှိ MSME များနှင့်တွေ့ဆုံဆွေးနွေးပွဲများ၌ တင်ပြချက်များပါ အခက်အခဲအများ ရင်ဆိုင်ကြုံတွေ့နေရသော အတားအဆီးများအား ဖြေရှင်းပေးနိုင်ရေးအတွက် အောက်ဖော်ပြပါ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | ရက်စွဲ | တက်ရောက်သည့် MSME ဦးရေ(ဦး) |
|---|---|---|---|
| ၁။ | ဂျင်းန(သို့မဟုတ်) Export ဂျင်းစိုက်ပျိုးထုတ်လုပ် ရောင်းချရေးနှင့် ပတ်သက်သော သိကောင်းစရာများအား ရှင်းလင်းဆွေးနွေးပွဲ | ၂၅.၉.၂၀၂၁ | ၅၀ |
| ၂။ | ပြည်တွင်းထုတ်ကုန်များ အားပေးမြှင့်တင်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကျင်းပခြင်း | (၇) ပွဲ Online | ၅၂၉ |
| ၃။ | ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံဒေသရှိ ကော်ဖီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ | ၁၆.၅.၂၀၂၃ | ၁၅ |
| ၄။ | ကော်ဖီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ | ၁၄.၆၂၀၂၃ | ၈၂ |
| ၅။ | ကော်ဖီစိုက်ပျိုးထုတ်လုပ်ရောင်းချသူများနှင့် တွေ့ဆုံနွေးနွေးပွဲ (ပြင်ဦးလွင်) | ၂၁.၁၀.၂၀၂၃ | ၁၀၀ |
| ၆။ | နို့နှင့်နို့ထွက်ပစ္စည်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲ | ၂၈.၆.၂၀၂၃ | ၅၀ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | တက်ရောက်သည့် MSME ဦးရေ(ဦး) |
|---|---|---|---|
| ၇။ | ပီလောပီနံအခြေခံသည့် ထုတ်လုပ်မှုလုပ်ငန်းများသို့ လုပ်ငန်းဆိုင်ရာများ ပံ့ပိုးနိုင်ရေးတွေ့ဆုံဆွေးနွေးပွဲ | ၂၅.၇.၂၀၂၃ | ၆၀ |
| ၈။ | "မူပိုင်ခွင့်ဆိုင်ရာအသိပညာပေး ဆွေးနွေးပွဲ"များကို မူပိုင်ခွင့်ဦးစီးဌာနနှင့် ပူးပေါင်းကျင်းပခြင်း | (၁၂) ကြိမ် | ၁၆၀၉ |
| စုစုပေါင်း | | (၂၅) ကြိမ် | ၂၄၉၅ |

ပုံ(၃၉) ကော်ဖီစိုက်ပျိုးထုတ်လုပ်ရောင်းချသူများနှင့် တွေ့ဆုံဆွေးနွေးပွဲ (ပြင်ဦးလွင်)





နိုင်ငံတော်ဝန်ကြီးချုပ်သည် ခရီးစဉ်များ၌ MSME လုပ်ငန်းရှင်များ၏ တင်ပြချက်များတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ၊ မန္တလေးမြို့၊ ရန်ကုန်တိုင်းဒေသကြီး နှင့် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်မှ လုပ်ငန်းရှင်များက "စားသုံးဆီများသန့်စင်သည့် Refinery နည်းပညာများ ကူညီပံ့ပိုးပေးရန်" ဟူသော တင်ပြချက်အရ စားသုံးဆီများသန့်စင်သည့် Refinery နည်းပညာများ ပံ့ပိုးပေးနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအခြေခံ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအသိပညာပေး သင်တန်းများနှင့် Knowledge Sharing ဆွေးနွေးပွဲများကို အောက်ဖော်ပြပါအတိုင်း ကျင်းပပြုလုပ်ခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | ရက်စွဲ | တက်ရောက်သည့် MSME ဦးရေ(ဦး) |
|---|---|---|---|
| ၁။ | "Pre-Orientation Workshop on Technology Transfer" အခမ်းအနား | ၁၉.၁.၂၀၂၂ | ၄၇ |
| ၂။ | ပိတ်သားအား နူးညံ့အောင် ပေါင်းခံသော နည်းစနစ်အသုံးပြုခြင်းဆိုင်ရာ "Knowledge Sharing" အခမ်းအနား | ၂၇.၅.၂၀၂၂ | ၉၀ |
| ၃။ | "စားသုံးဆီများသန့်စင်သည့် Refinery နည်းပညာများ ကူညီပံ့ပိုးပေးသည့် တွေ့ဆုံဆွေးနွေးပွဲ" | ၂၈.၁၀.၂၀၂၂ | ၁၂၀ |
| ၄။ | "ဆီစက်၊ ရေသန့်စက်စသည့် စားသောက်ရေး လုပ်ငန်းများနှင့် လူသုံးကုန်လုပ်ငန်းများအတွက် FDA လက်မှတ်ထုတ်ပေးခြင်း ဆိုင်ရာ Knowledge Sharing အခမ်းအနား" | ၁၃.၁၂.၂၀၂၂ | ၂၂၁ |
| ၅။ | ဘေးအန္တရာယ်ကင်းရှင်းသော အရည်အသွေးပြည့် စားသုံးဆီထုတ်လုပ်သန့်စင်ခြင်းနည်းပညာ သင်တန်းအပိုင်း (၁) | ၁၇.၁၂.၂၀၂၂ မှ ၁၈.၁၂.၂၀၂၂ ထိ | ၅၀ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | တက်ရောက်သည့် MSME ဦးရေ(ဦး) |
|---|---|---|---|
| ၆။ | ဝါစေ့ဆီကြမ်းသန့်စင်ခြင်း ရလဒ်များအပေါ် သုံးသပ်ဆွေးနွေးခြင်းအခမ်းအနား | ၃.၃.၂၀၂၃ | ၄၁ |
| ၇။ | စားသုံးဆီများ အရည်အသွေးမြင့် ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲ | ၁၉.၄.၂၀၂၃ မှ ၂၀.၄.၂၀၂၃ ထိ | ၁၅၀ |
| ၈။ | ပဲပုပ်ဆီ၊ စားအုန်းဆီ/ စားအုန်းဆီကြမ်း၊ ဖွဲနုဆီနှင့်စပ်လျဉ်းသော ဆွေးနွေးပွဲ | ၅.၅.၂၀၂၃ | ၅၆ |
| ၉။ | ဆီကြိတ်ဖတ်များမှ တိရစ္ဆာန်အစာ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲ | ၂၆.၂.၂၀၂၄ | ၉၅ |
| ၁၀။ | အုန်းမှ တန်ဖိုးမြှင့်လက်မှုပညာထုတ်လုပ်ခြင်း၊ လူသုံးကုန်နှင့် စားသောက်ကုန်ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာသင်တန်း ကျင်းပနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခြင်း | ၂၄.၁.၂၀၂၃ မှ ၃၀.၁.၂၀၂၃ ထိ | ၁၆ |
| ၁၁။ | သံနှင့်ဒါန်သတ္တုအရည်ကျိုလုပ်ငန်း နည်းပညာသင်တန်း | ၁၃.၂.၂၀၂၃ မှ ၁၇.၂.၂၀၂၃ ထိ | ၂၉ |
| ၁၂။ | သံရည်ကျိုလုပ်ငန်းနည်းပညာဖွံ့ဖြိုးမှုသင်တန်း | ၂၅.၅.၂၀၂၃ မှ ၂၉.၅.၂၀၂၃ ထိ | ၂၁ |
| ၁၃။ | "သတ္တုလုပ်ငန်းများနှင့် သံရည်ကျိုပုံလောင်းလုပ်ငန်းများ လိုအပ်သော ကုန်ကြမ်းပစ္စည်းများ ပံ့ပိုးပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲ" ကျင်းပခြင်း | ၁၅.၈.၂၀၂၃ | ၁၂၇ |
| ၁၄။ | MSME လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲ (ယိုစုံများ တာရှည်ခံစွာဖြင့် စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေး) | ၂၁.၂.၂၀၂၃ | ၁၀ |
| ၁၅။ | မဲနယ်ရောင်သဘာဝဆိုးဆေး နည်းပညာသင်တန်း | ၂၄.၇.၂၀၂၃ မှ ၂၅.၇.၂၀၂၃ ထိ | ၂၇ |
| ၁၆။ | အင်းလေးဒေသရှိ ဓားအမျိုးမျိုးအား အရည်အသွေးမြင့်ထုတ်လုပ်နိုင်ရေး ပံ့ပိုးပေးနိုင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး | ၂၄.၃.၂၀၂၃ | ၈ |
| ၁၇။ | မိုးကောင်းကင် ကယားဝက်အူချောင်း လုပ်ငန်းသို့ အစားအသောက်ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာပံ့ပိုးခြင်း အခမ်းအနား | ၃.၄.၂၀၂၃ | ၁၆ |
| ၁၈။ | "အရည်အသွေး ကောင်းမွန်ပြီး ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းသော ဝိုင်များ ထုတ်လုပ်နိုင်ရေး အသိပညာပံ့ပိုးခြင်း" အခမ်းအနား ကျင်းပခြင်း | ၁၈.၁.၂၀၂၄ | ၁၀၁ |
| | စုစုပေါင်း | ၁၉ | ၁၂၂၅ |

ပုံ (၄၀) စားသုံးဆီများသန့်စင်သည့် Refinery နည်းပညာများ ကူညီပံ့ပိုးပေးသည့် တွေ့ဆုံဆွေးနွေးပွဲ



ပုံ(၄၁) အရည်အသွေးကောင်းမွန်ပြီး ကျန်းမာရေးဆိုင် ရာဘေးအန္တရာယ်ကင်းရှင်းသော ဝိုင်များ ထုတ်လုပ်နိုင်ရေး အသိပညာပံ့ပိုးခြင်း တွေ့ဆုံဆွေးနွေးပွဲ



MSME ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ပိုမိုကျယ်ပြန့်စွာ ရရှိလာစေရန်နှင့် ခေတ်နှင့်အညီ Digital စနစ်တွင် လိုက်ပါဆောင်ရွက်နိုင်ရန် E-Market Place for Myanmar Products Platform ကို ၂၆.၁၁.၂၀၂၂ ရက်နေ့တွင် တည်ထောင်ပြီး စက်မှုဝန်ကြီးဌာန MSME လုပ်ငန်း (၂၁၆) ခုတို့မှ ထုတ်ကုန် (၁၈၃၃) မျိုး ပြသရောင်းချလျက်ရှိပါသည်။

ပုံ (၄၂) E-Market Place for Myanmar Products Platform



MSME ထုတ်ကုန်များအား ဈေးကွက်ပိုမိုကျယ်ပြန့်စွာ ရရှိလာစေရန်နှင့် Digital စနစ်တွင် လိုက်ပါဆောင်ရွက်ရန်အတွက်“E-Market Place for Myanmar Products Platform ကို အကောင်အထည်ဖော်ပြီး နိုင်ငံပိုင်စက်ရုံများနှင့် MSME လုပ်ငန်းများ၏ ထုတ်ကုန်များကို Online Shop စနစ်ဖြင့် ပြသရောင်းချပေးလျက်ရှိရာ အဆိုပါစနစ်အား ဈေးကွက် ပိုမိုချဲ့ထွင်နိုင်ရန် Offline စနစ်ဖြစ်သည့် မြေပြင်တွင် ဆိုင်ခန်းဖြင့်ရောင်းချနိုင်ရေးအတွက် အမှတ် (၃၅)၊ (၄) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ RC တစ်ထပ် အဆောက်အဦတွင် “E-Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြခန်း” အား ၆.၁.၂၀၂၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ပြည်နယ်/ တိုင်းဒေသကြီးများမှ MSME လုပ်ငန်း (၁၆၁) ခုနှင့် ထုတ်ကုန်ပစ္စည်း (၁၀၀၂) မျိုး ပြသရောင်းချလျက်ရှိပါသည်။

ပုံ (၄၃) E-Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြခန်း” ဖွင့်လှစ်ခြင်း





MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည် နည်းပညာ၊ ငွေကြေး၊ ဈေးကွက်၊ သတင်းအချက်အလက်တို့အပေါ် မူတည်ရုံသာမက ၎င်းတို့၏ စီးပွားရေးဆိုင်ရာစွမ်းဆောင်မှုများသည် စီမံခန့်ခွဲမှုများနှင့် လုပ်သားများ၏ ကျွမ်းကျင်မှုများအပေါ် များစွာမှီခိုလျက်ရှိရာ MSME များနှင့် MSME အထောက်အကူပြုဝန်ထမ်းများအား Capacity Building သင်တန်းများကို အောက်ဖော်ပြပါအတိုင်း ဖွင့်လှစ်ပို့ချခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | ရက်စွဲ | တက်ရောက်သည့် MSME ဦးရေ(ဦး) |
|---|---|---|---|
| ၁။ | စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေးလမ်းညွှန်မှုဆိုင်ရာ အသိပညာမျှဝေခြင်းသင်တန်း | ၂.၂.၂၀၂၃ | ၆၆ |
| ၂။ | Project Management Knowledge Sharing Training | ၈.၁၁.၂၀၂၃ | ၈၄ |
| | စုစုပေါင်း | (၂) ကြိမ် | ၁၅၀ |

ပုံ(၄၄) စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေးလမ်းညွှန်မှုဆိုင်ရာ အသိပညာမျှဝေခြင်းသင်တန်း




**ရင်းနှီးမြှုပ်နှံမှုနှင့်လုပ်ငန်းညှိနှိုင်းရေးဌာန**အနေဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ SME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေတစ်ရပ်ထူထောင်နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် (၁၇၀) ဘီလီယံကို ကနဦးမတည်ငွေအဖြစ်ထည့်ဝင်နိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအမည်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း၊ စာရင်းအမှတ် OA 014219 ကို မြန်မာ့စီးပွားရေးဘဏ်တွင် ၂၁.၁.၂၀၂၃ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ ရန်ပုံငွေစာရင်းသို့ နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်(၁၇၀)ဘီလီယံကို ငွေတိုက်ဦးစီးဌာနမှ ၈.၂.၂၀၂၃ ရက်နေ့တွင်ထည့်သွင်းပြီးဖြစ်ပါသည်။ အဆိုပါချေးငွေကျပ်(၁၇၀)ဘီလီယံကို ချေးငွေအတွက် (၁၅၀) ဘီလီယံကျခံသုံးစွဲရန်နှင့် (၂၀) ဘီလီယံကို MSME ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များအတွက် အသုံးပြုသွားမည်ဖြစ်ပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့မှ MSME ရန်ပုံငွေ တည်ထောင်၍ သက်သာသောအတိုးနှုန်းဖြင့် MSME လုပ်ငန်းရှင်များအား ချေးငွေများစနစ်တကျ ထုတ်ချေးနိုင်ရန် MSME ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့မှ ထုတ်ပြန်ပြီးဖြစ်ပါသည်။ MSME ချေးငွေထုတ်ချေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ချေးငွေအဆိုပြုလွှာနှင့် တင်ပြရမည့်အထောက်အထားတို့အား ဒေသဆိုင်ရာအေဂျင်စီများသို့ အသိပေး ရှင်းလင်းခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

ပုံ (၄၅) MSME ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ချေးငွေအဆိုပြုလွှာနှင့် တင်ပြရမည့်အထောက်အထားတို့အားဒေသဆိုင်ရာအေဂျင်စီများသို့အသိပေးရှင်းလင်းခြင်းအခမ်းအနားမှတ်တမ်းဓာတ်ပုံများ




ဒေသဆိုင်ရာအေဂျင်စီရုံးခွဲများမှတစ်ဆင့် ချေးငွေစတင်လျှောက်ထားနိုင်ကြောင်းကို MSME လုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်ကို ၁၀.၁.၂၀၂၃ ရက်နေ့ ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာထားပြီးဖြစ်ပြီး ချေးငွေထုတ်ချေးခြင်း ဆိုင်ရာလုပ်ငန်းစဉ်များ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ဒေသဆိုင်ရာအေဂျင်စီ များအနေဖြင့် ချေးငွေစိစစ်ရေးကော်မတီများ/အဖွဲ့များ ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ ရန်ပုံငွေရရှိရေးနှင့် ငွေကြေးသုံးစွဲမှုကို ကြပ်မတ်ခြင်းတို့အတွက် လိုအပ်သော MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းကို သက်ဆိုင်ရာဦးစီးဌာနများ၏ သဘောထားမှတ်ချက်များနှင့် စီးပွားရေးရာကော်မတီသို့ တင်ပြအတည်ပြုချက် ရရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဥပဒေရေးရာဝန်ကြီးဌာနမှစည်းမျဉ်း(မူကြမ်း)အပေါ် ဥပဒေကြောင်းအရ သဘောထားမှတ်ချက်ပြုရန်မရှိပါကြောင်း ၂၅.၃.၂၀၂၄ ရက်နေ့တွင် သဘောထားမှတ်ချက်ရရှိပြီး ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏လမ်းညွှန်မှုဖြင့် ပြည်တွင်းစားသုံးဆီဖူလုံစေရန်၊ပြည်ပမှစားသုံးဆီတင်သွင်းမှုလျှော့ချနိုင်စေရန်နှင့် ခေတ်မီ ဆီစက် အသစ်များတည်ဆောက်ခြင်းတို့အတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ အထောက်အကူပြုအဖွဲ့ ဖြစ်သည့် ဆီစက်လုပ်ငန်းများ၏ ချေးငွေလိုအပ်ချက်ကို လေ့လာသုံးသပ်တင်ပြရေးအဖွဲ့၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ချေးငွေလိုအပ်ချက်ကို လေ့လာသုံးသပ်တင်ပြရေးအဖွဲ့ အတွင်းရေးမှူးရုံးအနေဖြင့် ပထမအကြိမ်နှင့်ဒုတိယအကြိမ် ဆီစက်ချေးငွေအဆိုပြုလွှာများ လျှောက်ထားနိုင်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာခြင်း၊ ပထမအကြိမ် လျှောက်ထားလာသော ချေးငွေအဆိုပြုလွှာ(၄၂၃)စောင်နှင့် ဒုတိယအကြိမ် ချေးငွေအဆိုပြုလွှာ (၃၇)စောင်တို့အားတိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ ဆီစက်ချေးငွေအဆိုပြုလွှာ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များကို သက်ဆိုင်ရာဌာနများမှ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းစစ်ဆေးနိုင်ရေးဆောင်ရွက်ခြင်း၊ စိစစ်ပြီး ချေးငွေအမှုတွဲများကို ထုတ်ချေးနိုင်ရေး ဆက်လက်ဆောင်ရွက်နိုင်ရန်ချေးငွေစီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့(PMU)သို့ လွှဲပြောင်းပေးပို့ခြင်းနှင့် ချေးငွေမရရှိပါကခွင့်မပြုသည့် အကြောင်းရင်းများကို လုပ်ငန်းရှင်များသိရှိနိုင်ရန် ပြန်လည် အကြောင်းကြားပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ချေးငွေအဆိုပြုလွှာများခေါ်ယူခဲ့ရာတွင် တွေ့ကြုံရသောအခက်အခဲများ၊ အားနည်းချက်များကိုပြုပြင်၍ တတိယအကြိမ်ချေးငွေအဆိုပြုလွှာခေါ်ယူခြင်းကို ၉.၁.၂၀၂၄ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများ

တွင် ငွေကြေးအရင်းအနှီးလိုအပ်သော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်ကို ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှ ထည့်သွင်းကြေညာခေါ်ယူခဲ့ပါသည်။ တတိယအကြိမ်ဆီစက် ချေးငွေအဆိုပြုလွှာ ခေါ်ယူရာတွင် ကာလကန့်သတ်ချက်မရှိဘဲလျှောက်ထားနိုင်ရန်နှင့် ယခင်ကနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များတွင် ချေးငွေရယူထားသူများအနေဖြင့် သီးခြားအာမခံ တင်သွင်းနိုင်ပါက ဆီစက်ချေးငွေ လျှောက်ထားနိုင်ကြောင်းထည့်သွင်းကြေညာထားပါသည်။

ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေဆိုင်ရာ သတင်းအချက်အလက်များ မျှဝေနိုင်ရန်နှင့် ဆီစက်လုပ်ငန်းရှင်များ၏ အသံကိုနားထောင်နိုင်ရန် သက်ဆိုင်ရာဒေသအစိုးရအဖွဲ့များနှင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ အသိပေးဆွေးနွေးပွဲများကို မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့နှင့် ကရင်ပြည်နယ်၊ ဘားအံမြို့တို့တွင် အသီးသီးကျင်းပပြုလုပ်ခဲ့ပါသည်။

ပုံ (၄၆) ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ မှတ်တမ်းဓာတ်ပုံများ



SME လုပ်ငန်းရှင်ဖြစ်ကြောင်း အထောက်အထားပြသနိုင်ရန်၊ ချေးငွေထောက်ခံချက်များ ထုတ်ပေးနိုင်ရန်နှင့် လိုအပ်သော SME Statistic Data ရရှိရန်တို့အတွက် SME အသိအမှတ်ပြု SME Member Card များအား ၂၀၁၅ ခုနှစ်မှစတင်၍ ထုတ်ပေးဆောင်ရွက်လျက်ရှိရာ Online Registration & e-Payment စနစ် Webportal (**www.msmewebportal.gov.mm**)ကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရေးသားဆောင်ရွက်ခဲ့ပါသည်။ MSME များ မှတ်ပုံတင်လက်မှတ်လျှောက်ထားနိုင်မည့် MSME Online Registration စနစ်ကို ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရေးဆွဲဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်တို့မှ Administrator များ အသုံးပြုနိုင်ရေးအတွက် လျှောက်လွှာ လျှောက်ထားမှု၊ စိစစ်/ လက်ခံပုံတို့ကို သင်တန်းပို့ချခဲ့ပါသည်။ e-Payment စနစ်ဖြင့် မှတ်ပုံတင်ကြေး ပေးသွင်းနိုင်ရန်အတွက် CB Bank PCL နှင့်ပူးပေါင်း၍ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ MSME ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးရေးအား ဥပဒေပြင်ဆင်ပြဋ္ဌာန်းပြီးသည့် အချိန်ထိ ဆောင်ရွက်ရန် ဆုံးဖြတ်ချက်အရ ၁၂.၇.၂၀၂၃ ရက် နေ့ မှစတင်၍

ယာယီ မှတ်ပုံ တင်လက်မှတ်များ ထုတ်ပေးခဲ့ရာ ၃၀. ၄. ၂၀၂၄ ရက်နေ့အထိ SME Member Card ယာယီမှတ်ပုံတင်လက်မှတ် (၄၆,၉၄၃) စောင် ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

ပုံ (၄၇) ယာယီမှတ်ပုံတင်လက်မှတ်စတင်ပေးအပ်ခြင်းအခမ်းအနားမှတ်တမ်းဓာတ်ပုံများ




MSME Webportal တွင် မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ လွှင့်တင်ပေးခြင်း၊ Service Provider များ စိစစ်လက်ခံပေးခြင်း၊ Network Partner များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ ASEAN Match တွင် ကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲများ၊ Business Matchmaking များသို့ သက်ဆိုင်ရာကဏ္ဍများမှ လုပ်ငန်းရှင်များ တက်ရောက်နိုင်ရေးအတွက် သတင်းအချက်အလက် ဖြန့်ဝေခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါ ASEAN Access Webportal ကို MSME Webportal နှင့် Link ချိတ်ဆက်ထားရှိပြီး မြန်မာ MSME များ ဝင်ရောက်လေ့လာခြင်းဖြင့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို လေ့လာသိရှိနိုင်ပြီး ဈေးကွက်ချဲ့ထွင်နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါသည်။ MSME ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ လေ့လာတွေ့ရှိချက် အစီရင်ခံစာ (၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်၊ ပထမ (၆)လပတ်) အစီရင်ခံစာ ပြုစုနိုင်ရေးအတွက် SME Member Card/ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသည့် လုပ်ငန်းများ၏အချက်အလက်များနှင့် MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့မှ SME လုပ်ငန်းများ၏ အချက်အလက်များ တောင်းခံလာမှုအား ပံ့ပိုးဆောင်ရွက်ခဲ့ပါသည်။

## အလုပ်သမားဝန်ကြီးဌာန

အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှစ၍ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန (၈၃)ခု၊ စစ်ဆေးအကဲဖြတ်သူ (၂၈၃)ဦး၊ စစ်ဆေးရေးမှူး (၁၈)ဦး၊ အလုပ်အကိုင် (၄၁)မျိုးအတွက် ကျွမ်းကျင်လုပ်သား (၉၂၈၀)ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ကျွမ်းကျင်မှုလေ့ကျင့်

ရေး သင်တန်းကျောင်းများတွင် ကျွမ်းကျင်မှုသင်တန်း (၁၃)မျိုးအတွက် သင်တန်း (၁၀၀)ကြိမ်၊ သင်တန်းသား (၂၄၅၈)ဦးအား ဖွင့်လှစ် သင်ကြားပို့ချပေးနိုင်ခဲ့ပါသည်။

**ဇယား (၁၁) ၁-၂-၂၀၂၁ ရက်နေ့မှ ၃၀-၄-၂၀၂၄ ရက်နေ့ထိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတွင် ဖွင့်လှစ်ပို့ချခဲ့သည့် သင်တန်းများ**




**ဇယား (၁၂) အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ဖွင့်လှစ်နိုင်မှုနှင့် အလုပ်အကိုင် ရရှိမှုအခြေအနေ**




MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့တွင် ၂၀၂၄ ခုနှစ်၊ ဧပြီလ အထိ MSME လုပ်ငန်းများအပါအဝင် အလုပ်ဌာန (၃၅,၈၈၀)ဌာနနှင့် အာမခံအလုပ်သမား (၁,၂၂၉,၄၆၆)ဦး အား အကျိုးဝင်မှတ်ပုံတင်ပေးနိုင်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ အာမခံအလုပ်သမား (၄၄၉,၄၆၅)ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ

ဆောင်ရွက်ပေးခြင်း၊ ငွေကြေးအကျိုးခံစားခွင့်အနေဖြင့် အမှုတွဲ (၁၁၈,၇၅၈) မှုအတွက် ကျပ် ၆,၈၄၃.၄၂၁ သန်း ခွင့်ပြုထုတ်ပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလုပ်သမား ဥပဒေနှင့် အလုပ်ရုံစစ်ဆေးရေး အရာရှိများသည် MSME လုပ်ငန်းများအပါအဝင် စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာန (၁၂,၃၈၈)ရှိ အလုပ်သမား (၂၄၄,၀၂၇) ဦးအား ကွင်းဆင်း၍ သော်လည်းကောင်း၊ Online မှသော်လည်းကောင်း အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ပုံ (၄၈) ပဲခူးတိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများအား လုပ်ငန်းခွင်ပတ်ဝန်းကျင် အခြေအနေတိုင်းတာမှု



အထည်ချုပ်စက်ရုံ၌ လုပ်ငန်းခွင်ပတ်ဝန်းကျင် အခြေအနေတိုင်းတာနေပုံ



အိတ်အမျိုးမျိုး ထုတ်လုပ်ရေးစက်ရုံ၌ လုပ်ငန်းခွင်ပတ်ဝန်းကျင် အခြေအနေတိုင်းတာနေပုံ

ပုံ (၄၉) မန္တလေးတိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများအား လုပ်ငန်းခွင်ပတ်ဝန်းကျင် အခြေအနေ တိုင်းတာမှု မှတ်တမ်းဓါတ်ပုံများ



Ayeyarwaddy Success Venture Food Co.,Ltd ၌ လုပ်ငန်းခွင်ပတ်ဝန်းကျင် တိုင်းတာနေပုံ



ပန်ဒါ ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ ၌ လုပ်ငန်းခွင်ပတ်ဝန်းကျင် တိုင်းတာနေပုံ

အလုပ်သမားများအား ဥပဒေပါရပိုင်ခွင့်များ ဆောင်ရွက်ပေးနိုင်မှုအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက် အကျိုးခံစားခွင့်အတွက် အလုပ်သမား (၇,၀၉၁,၇၃၀) ဦးအား ကျပ် ၁၃၂,၇၇၅.၆၅ သန်း ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း၊ လုပ်သက်ခွင့် အကျိုးခံစားခွင့် အတွက် အလုပ်သမား (၄၅၃,၉၇၀)ဦးအား ကျပ် ၁၀၇,၉၅.၉၇ သန်း ရရှိအောင်ဆောင်ရွက်

ပေးနိုင်ခဲ့ခြင်း၊ လုပ်ခလစာခံစားခွင့်အတွက် အလုပ်သမား (၁,၃၄၇,၄၅၀)ဦးအား ကျပ် ၂၈၆,၅၅၈.၅၉ သန်း နှင့် အလုပ်သမား (၆,၇၆၃) ဦးအတွက် အမေရိကန်ဒေါ်လာ ၃၀၈၅,၆၃၅ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်း၊ အခြားခံစားခွင့် (လျော်ကြေးခံစားခွင့်၊ နစ်နာကြေး ခံစားခွင့်၊ ဆုချီးမြှင့်ငွေခံစားခွင့်၊ အလုပ်သမားများ၏ အခြား ခံစားခွင့်များ) များအတွက် အလုပ်သမား (၇၆၃,၁၅၁)ဦးအား ကျပ်သန်း ၂၃,၆၃၈.၂၅ ရရှိအောင် ဆောင်ရွက်ပေးခဲ့ခြင်းနှင့် အချိန်ပိုအတွက် ငွေကြေးခံစားခွင့်အား အလုပ်သမား (၁၄,၈၉၃,၀၈၇) ဦး အတွက် ကျပ်သန်း ၉၅၇,၂၀၇.၅၆၆ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ပုံ (၅၀) အလုပ်သမားဆေးရုံကြီး (တာမွေ) ရှိ Operation Room ၌
အာမခံအလုပ်သမားလူနာများအား ခွဲစိတ်ကုသမှုပေးနေသည့် ဓာတ်ပုံမှတ်တမ်း





## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်** MSME လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲများအား တိုင်းဒေသကြီးပြည်နယ်အသီးသီးတို့တွင် အောက်ဖော်ပြပါအတိုင်း ကျင်းပဆောင်ရွက်ခဲ့ ပါသည်-

| စဉ် | အကြောင်းအရာ | ရက်စွဲ | ကျင်းပသည့် နေရာ | တက်ရောက်သည့် ဦးရေ | ပြခန်း အရေအတွက် |
|---|---|---|---|---|---|
| ၁။ | မြန်မာ့ဆန်စပါး ညီလာခံ-၂၀၂၂ | ၆.၁၀.၂၀၂၂ မှ ၇.၁၀.၂၀၂၂ ထိ | MICC-2 (နေပြည်တော်) | | - |
| ၂။ | MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် | ၁၇.၁၁.၂၀၂၂ မှ ၁၉.၁၁.၂၀၂၂ ထိ | စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့ | - | ၁ |
| ၃။ | နှမ်းများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်း ပိုမိုပါဝင်နေမှုနှင့် စပ်လျဉ်း၍ အသိပညာ ပေးဆွေးနွေးပွဲ” | ၁၆.၁၂.၂၀၂၂ | မကွေးတိုင်း ဒေသကြီး၊ မကွေးမြို့၊ | ၆၀ | - |
| ၄။ | (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဒေသထွက် ထုတ်ကုန်ပြပွဲ | ၄.၁.၂၀၂၃ မှ ၅.၁.၂၀၂၃ ထိ | စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့ | - | ၁ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ကျင်းပသည့် နေရာ | တက်ရောက်သည့် ဦးရေ | ပြခန်း အရေအတွက် |
|---|---|---|---|---|---|
| ၅။ | (၇၆) နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဒေသထွက် ထုတ်ကုန်ပြပွဲ | ၁၂.၂.၂၀၂၃ မှ ၁၃.၂.၂၀၂၃ ထိ | စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့ | - | ၁ |
| ၆။ | ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်တိုးချဲ့ထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ | ၁၆.၁၂.၂၀၂၃ | ရေဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့ | ၆၀ | - |
| ၇။ | မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁)ဖြင့် ဆောင်ရွက်သည့် ရော်ဘာစိုက် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ | ၈.၃.၂၀၂၃ မှ ၁၂.၃.၂၀၂၃ ထိ | တနင်္သာရီတိုင်း ဒေသကြီး၊ ထားဝယ်မြို့ | - | - |
| ၈။ | ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အ ခမ်းအနား ဒေသထွက်ကုန်ပြပွဲ | ၁၅.၃.၂၀၂၃ | ရှမ်းပြည်နယ် | - | ၁ |
| ၉။ | မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဒေသထွက်ကုန်ပြပွဲ | ၁၅.၃.၂၀၂၃ | မွန်ပြည်နယ် | - | ၁ |
| ၁၀။ | နိုင်ငံတော်အကြီးအကဲ ခရီးစဉ် တွေ့ဆုံပွဲနှင့် ဒေသထွက်ကုန်ပြပွဲ | ၁၉.၃.၂၀၂၃ | စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့ | - | ၁ |
| ၁၁။ | လယ်ယာထွက်ကုန်များကို ပိုးသတ် ဆေး ဓာတ်ကြွင်းပါဝင်မှု သတ်မှတ် ချက်နှင့်အညီ ထုတ်လုပ်တင်ပို့ နိုင်ရေး ထပ်ဆင့်ဆွေးနွေးပွဲ | ၇.၄.၂၀၂၃ | မကွေးတိုင်း ဒေသကြီး၊ မကွေးမြို့ | - | - |
| ၁၂။ | ရောတိုင်းဒေသကြီးတွင် အလား အလာ ရှိသောထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက် တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်း | ၂၁.၄.၂၀၂၃ | ရောဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့ | - | - |
| ၁၃။ | မြန်မာ(နေပြည်တော်)-တရုတ် (လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ | ၂၅.၅.၂၀၂၃ မှ ၂၈.၅.၂၀၃ ထိ | MICC-2 (နေပြည်တော်) | - | - |
| ၁၄။ | မြန်မာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန် မြှင့်တင်ရေး အစည်းအဝေး | ၅.၆.၂၀၂၃ | နေပြည်တော် | - | - |
| ၁၅။ | စီးပွားဖြစ် အုန်းပင်စိုက်ပျိုး ထုတ်လုပ် ခြင်းနှင့် ကွင်းဆင်းသရုပ်ပြလေ့ကျင့် ခြင်း" သင်တန်း | ၈.၆.၂၀၂၃ မှ ၁၀.၆.၂၀၂၃ ထိ | ရောဝတီတိုင်း ဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့ | - | - |
| ၁၆။ | ပြည်ပသို့ ကော်ဖီသီးနှံ တိုးမြှင့်တင်ပို့ နိုင်ရေး"အစည်းအဝေး | ၁၀.၆.၂၀၃ | ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသ | - | - |
| ၁၇။ | လယ်ယာထွက်ကုန်သီးနှံများ ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေး | ၁၁.၆.၂၀၃ | ရှမ်းပြည်နယ်၊ ဟိုပုံးမြို့၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | - | - |
| ၁၈။ | MYANTRADE Website အကြောင်း ရှင်းလင်းခြင်းဆွေးနွေးပွဲ | ၁၄.၇.၂၀၂၃ | နေပြည်တော် Online | ၁၀၀ | - |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ကျင်းပသည့် နေရာ | တက်ရောက်သည့် ဦးရေ | ပြခန်း အရေအတွက် |
|---|---|---|---|---|---|
| ၁၉။ | အုန်းသီး ထွက်ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာပေးသင်တန်း (ဒုတိယအကြိမ်) | ၃.၈.၂၀၂၃ မှ ၅.၈.၂၀၂၃ ထိ | ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ | ၂၉ | - |
| ၂၀ | "အုန်း အခြေခံထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့်ပြိုင်ပွဲ | ၁၅.၂.၂၀၂၄ မှ ၁၆.၂.၂၀၂၄ ထိ | ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ | ၉၀ | ၂၇ |
| ၂၁ | (၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း)ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ | ၁၆.၈.၂၀၂၃ မှ ၂၀.၈.၂၀၂၃ ထိ | တရုတ်နိုင်ငံ(ကူမင်း) | - | ၂၅ |
| ၂၂ | (၂၀) ကြိမ် မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၀)ကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး | ၁၆.၉.၂၀၂၃ မှ ၁၉.၉.၂၀၂၃ ထိ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့ | | ၈၀ |
| ၂၃ | အိမ်တွင်းလျှပ်စစ် သွယ်တန်းခြင်း သင်တန်း | ၁၁.၉.၂၀၂၃ မှ ၁.၁၂.၂၀၂၃ ထိ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့ | ၂၅ | (၁၂)ပတ် အပတ်စဉ်(၁) |
| ၂၄ | အသေးစား အင်ဂျင်နှင့် ဆိုင်ကယ် ပြုပြင်ခြင်းသင်တန်း | ၁၁.၁၂.၂၀၂၃ မှ ၁.၃.၂၀၂၄ ထိ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့ | ၂၅ | (၁၂)ပတ် အပတ်စဉ်(၂) |
| ၂၅ | အုန်းသီးတန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်ခြင်းနည်းပညာပေးသင်တန်း | ၂.၁၀.၂၀၂၃ မှ ၄.၁၀.၂၀၂၃ ထိ | ဧရာဝတီတိုင်းဒေသကြီး | ၃၄ | - |
| ၂၆ | အလားအလာရှိသော ထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက် တစ်လျှောက် အဆင့်မြှင့်တင် ထုတ်လုပ်ခြင်းစီမံကိန်း | ၁၅.၁၀.၂၀၂၃ | ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငွေဆောင်မြို့ | - | ၁ |
| ၂၇ | အလားအလာရှိသောထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက် တစ်လျှောက်အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်း | ၂၁.၁၀.၂၀၂၃ | ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ချောင်းသာမြို့ | - | ၁ |
| ၂၈ | မြန်မာ့ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၊ ဈေးကွက်မြှင့်တင်မှုတို့နှင့် စပ်လျဉ်းသည့် နည်းပညာပေးသင်တန်း | ၁၆.၁၀.၂၀၂၃ မှ ၁၇.၁၀.၂၀၂၃ ထိ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့ | ၃၀ | - |
| ၂၉ | မြန်မာ့ ရော်ဘာ ထုတ်လုပ်မှုနှင့် ဈေးကွက်ဝင်ရောက်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ | ၃၀.၁.၂၀၂၄ မှ ၃၁.၁.၂၀၂၄ ထိ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့ | ၇၀ | - |
| ၃၀ | MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ | ၆.၁၁.၂၀၂၃ | ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ | - | - |
| ၃၁ | (၆၈) နှစ်မြောက်၊ ကရင်ပြည်နယ်နေ့ အခမ်းအနား၊ ဒေသထွက်ကုန် ပစ္စည်းပြပွဲ | ၇.၁၁.၂၀၂၃ မှ ၁၀.၁၁.၂၀၂၃ ထိ | ကရင်ပြည်နယ်၊ ဘားအံမြို့ | - | ၁ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ကျင်းပသည့် နေရာ | တက်ရောက်သည့် ဦးရေ | ပြခန်း အရေအတွက် |
|---|---|---|---|---|---|
| ၃၂ | စီးပွားရေးလုပ်ငန်း အစီအစဉ်များ ရေးဆွဲခြင်းနှင့် ကုန်သွယ်မှုပြုနိုင်ရေး စီးပွားရေးစီမံခန့်ခွဲမှုသင်တန်း | ၁၆.၁၁.၂၀၂၃ မှ ၁၉.၁၁.၂၀၂၃ ထိ | ရန်ကုန်တိုင်း ဒေသကြီး၊ ရန်ကုန်မြို့ | ၅၀ | - |
| ၃၃ | စီးပွားရေးလုပ်ငန်း အစီအစဉ်များ ရေးဆွဲခြင်းနှင့် ကုန်သွယ်မှုပြုနိုင်ရေး စီးပွားရေးစီမံခန့်ခွဲမှုသင်တန်း | ၈.၁၂.၂၀၂၃ မှ ၁၁.၁၂.၂၀၂၃ ထိ | ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့ | ၅၀ | - |
| ၃၄ | (၆၂)နှစ်မြောက်၊တောင်သူလယ်သမား နေ့ အထိမ်းအမှတ်ပြပွဲ | ၂.၃.၂၀၂၄ မှ ၄.၃.၂၀၂၄ ထိ | ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့ | - | ၁ |
| ၃၅ | ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ ဒေသထွက်ကုန်ပြပွဲ | ၁၅.၃.၂၀၂၄ | စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့ | - | ၁ |
| ၃၆ | (၆၀) ကြိမ်မြောက်၊ မွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပြပွဲ | ၁၇.၃.၂၀၂၄ မှ ၁၉.၃.၂၀၂၄ ထိ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့ | - | ၁ |

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားမြှင့်တင်ရေးဖိုရမ်တွင် မြန်မာနှင့် တရုတ်ကုန်သည် လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ၆ ခုကို လက်မှတ်ရေးထိုး နိုင်ခဲ့ခြင်း၊ ထိုင်းနိုင်ငံရော်ဘာအာဏာပိုင်အဖွဲ့မှ လန်ချန်း-မဲခေါင်ပူးပေါင်း ဆောင်ရွက်မှုအထူး ရန်ပုံငွေ(၂၀၂၁) ဖြင့် “ရော်ဘာ အရည်အသွေးမြှင့်တင်ခြင်း နှင့်ရော်ဘာလုပ်ငန်းများအတွက် ဈေးကွက်သုတေသနပြုလုပ်ခြင်းစီမံကိန်း” ကို စီမံကိန်းတာဝန်ရှိသူများအပါအဝင် မွန် ပြည်နယ် ရော်ဘာလုပ်ငန်းရှင် ၁၀ ဦး၊ စုစုပေါင်း ၁၂ ဦးတို့သည် ထိုင်းနိုင်ငံ၊ ဗန်ကောက် မြို့ရှိ ရော်ဘာလုပ်ငန်းများသို့ လေ့လာရေးခရီးသွားရောက်ခဲ့ခြင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့နှင့် ကိုရီးယားသမ္မတနိုင်ငံ၊ Korea Food Research Institute (KFRI) တို့ပူးပေါင်း၍ Korea-Myanmar Technology Advice and Solutions from Korea(TASK) စီမံကိန်း နှင့်စပ်လျဉ်း၍ ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့၊ စားသောက်ကုန်လေ့လာရေးခရီးစဉ်သို့ မြန်မာနိုင်ငံမှကိုယ်စားလှယ် ၁၂ ဦး သွားရောက် လေ့လာခဲ့ခြင်းနှင့် မြန်မာနိုင်ငံပြောင်း လုပ်ငန်းအသင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုမ္ပဏီ ၃ ခု၊ ထိုင်းနိုင်ငံမှ ကုမ္ပဏီ ၃ ခု၊ ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီ ၁ ခု၊ ကုမ္ပဏီစုစုပေါင်း ၇ ခုတွေ့ဆုံ၍ ပြောင်းစေ့ တန်ချိန် ၂ သိန်း၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၆၄ သန်း ဝယ်ယူရေးအတွက် ပြောင်းဝယ်ယူရောင်းချခြင်း ဆိုင်ရာ နားလည်မှုစာချွန်လွှာ(MOU) ရေးထိုးခြင်း အခမ်းအနားတို့ကို ကျင်းပပြုလုပ်ခဲ့ ပါသည်။

ထုတ်လုပ်နိုင်မှု၊ တင်ပို့နိုင်မှု ဈေးနှုန်းများနှင့် အချက်အလက်များအား www.Myantrade.gov.mm တွင် တင်ပြခြင်း၊ ထုတ်ကုန်သတင်းများရေးသားတင်ပြခြင်းနှင့် အာရှဒေသ တွင် ဒုတိယအကြီးဆုံးဖြစ်သော ecplaza.net ecommerce platform တွင်လည်း

မြန်မာပြခန်းဆောင် တည်ဆောက်၍ MSME ထုတ်ကုန်အမျိုး ၁၀၀ ကျော်အား နိုင်ငံတကာ ဝယ်ယူသူများ ဝင်ရောက်လေ့လာဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ပို့ကုန်တိုးမြှင့်ရေးစီမံချက်နှင့် MSME ထွက်ကုန် အရည်အသွေးကောင်းမွန်စွာ တိုးတက်ထုတ်နိုင်ရေး အားပေးမြှင့်တင်မည့်စီမံချက်များအား ရေးဆွဲထားပြီးဖြစ်ပြီး ပြည်နယ်အတွင်း ဒေသထွက်ကုန်စည်ပြပွဲများ ဝန်ဆောင်မှုပေးခြင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပပြုလုပ်သည့် ဒေသထုတ်ကုန်စည်ပြပွဲ များတွင် လုပ်ငန်းရှင်များအား ဝင်ရောက်ပြသနိုင်စေရန် ဝန်ဆောင်မှုပေးခြင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံဆိုင်ရာ ကုန်စည်ပြပွဲများနှင့် နိုင်ငံတကာဖိတ်ခေါ်ကုန် စည်ပြပွဲများတွင် ပါဝင်ပြသ စေခြင်း နှင့် ပြည်ပနိုင်ငံများမှ စီးပွားရေးသံမှူး ၁၆ ဦးက ပေးပို့သည့် နိုင်ငံတကာဈေးကွက် ဈေးနှုန်းသတင်းများနှင့် ပြည်တွင်းဈေးကွက်ဈေးနှုန်း သတင်းများအား အပတ်စဉ်၊ လစဉ် ဖြန့်ဝေပေးခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများတွင် MSME Help Desk များဖွင့်လှစ်၍ MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ MSME လုပ်ငန်းရှင်များ၊ မြန်မာပို့ကုန်လုပ်ငန်းရှင်များနှင့် ပြည်ပမှ Buyer များအား ကုန်သွယ်ရေးလုပ်ငန်းများတွင် ချိတ်ဆက်ဆောင်ရွက်နိုင်မှု အခွင့် အလမ်းများ ပိုမိုဖြစ်ပေါ်စေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် Myanmar E-trade Platform တစ်ခုကို တည်ဆောက်အကောင်အထည်ဖော်ခဲ့ပါသည်။ နိုင်ငံတကာ အဆင့်မီ Digital ဝန်ဆောင်မှုများအား အသုံးပြုပြီး မြန်မာလုပ်ငန်းရှင် အချင်းချင်းသာမက ကမ္ဘာတစ်ဝှမ်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ပိုမို နီးကပ်စွာ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရရှိနိုင်စေရန်နှင့် လျှင်မြန်ထိရောက်စွာ ဆောင်ရွက် နိုင်ရေးတို့အတွက် Myanmar E-trade Platform ကို အသွင်ကူးပြောင်းခြင်း လမ်းသစ် တစ်ခုအဖြစ် အသုံးပြုနိုင်အောင် တည်ဆောက်ခဲ့ပါသည်။

MSME – Myantrade Viber Group နှင့် Telegram Group များစုဖွဲ့ထားပြီး အဖွဲ့ဝင်ပေါင်း ၃၀၀ ကျော်ကို ကုန်သွယ်မှုသတင်းများ၊ ကုန်ဈေးနှုန်းသတင်းများ၊ နိုင်ငံတကာစီးပွားရေးသတင်းများ၊ ကုန်စည်ပြပွဲသတင်းများကို နေ့စဉ်ဖြန့်ဝေပေးခြင်း၊ ပြည်တွင်းပြည်ပ ဈေးကွက်ချိတ်ဆက် ပေးခြင်းများနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅)တွင် ဦးစားပေးကဏ္ဍ ၁၈ ခု ရွေးချယ်ဆောင်ရွက်လျက်ရှိပြီး ဆန်နှင့်ဆန်ထွက်ပစ္စည်း၊ ရော်ဘာကဏ္ဍနှင့် သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက် ကဏ္ဍများ အပါအဝင်ဖြစ်ပါသည်။ အဆိုပါကဏ္ဍများ၏ Supply Chain တစ်လျှောက် လက်တွေ့ဆောင်ရွက်နိုင်မည့် လုပ်ငန်းစီမံချက်များကို ရွေးချယ်အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာန/ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။

ကုန်သွယ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များအား ဝန်ကြီးဌာန website www.commerce.gov.mm နှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ website www.Myantrade.gov.mm တို့ တွင်လည်းကောင်း၊ Commerce Journal, စီးပွားရေးသံမှူး သတင်းလွှာ၊ ကုန်ဈေးနှုန်းသတင်းလွှာများကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ထုတ်ဝေခြင်းဖြင့် လည်းကောင်း၊ အဓိကပို့ကုန်များအတွက် လက်ကမ်းစာစောင်များ၊ စာအုပ်များရိုက်နှိပ်ထုတ်ဝေခြင်း၊ နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြခြင်းဖြင့်လည်းကောင်း ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ပုံ (၅၁) "နှမ်းများတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ပိုမိုပါဝင်နေမှုနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးပွဲ" ဓာတ်ပုံမှတ်တမ်း



ပုံ (၅၂) "ရော်ဘာအရည်အသွေးမြှင့်တင်ခြင်းနှင့် ရော်ဘာလုပ်ငန်းများအတွက် ဈေးကွက်သုတေသနပြုလုပ်ခြင်းစီမံကိန်း" ဓာတ်ပုံမှတ်တမ်း



ပုံ (၅၃) "အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ"မှတ်တမ်းဓာတ်ပုံ



## ပညာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လိုအပ်သော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မည့်အစီအစဉ်များ ဆောင်ရွက်ပေးရန်အတွက် MSME အထောက်အကူပြု Certificate နှင့် Diploma သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း၊ ဘွဲ့ကြို သင်တန်းများတွင် MSME အကျိုးပြု လက်တွေ့အသုံးချ Social Science သုတေသန Project များ ဆောင်ရွက်စေရန် လေ့ကျင့်သင်ကြားခြင်း၊ ဘာသာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း၊ MSME အထောက်အကူပြု သုတေသနများပြုလုပ်ခြင်း၊ အသုံးချ ဘာသာရပ်များကို တိုးချဲ့ဖွင့်လှစ် သင်ကြားပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မည့် အစီအစဉ်များ ဆောင်ရွက်ပေးရန်၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း(UMFCCI)၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များ (MSME) ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ၎င်းတို့အတွက်လိုအပ်မည့် MSME အထောက်အကူပြု ဘာသာရပ်သင်တန်း (Applied Subject) ကို တက္ကသိုလ်များတွင် တိုးချဲ့ဖွင့်လှစ် သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိပါသည်။ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အတတ်ပညာများကို သင်ယူလေ့လာခွင့် ရရှိနိုင်မည့် အခွင့်အလမ်းအတွက် အခြေခံပညာအလယ်တန်းဆင့် Grade-9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများအတွက် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်း ကျောင်း ၅၁ ကျောင်းဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများအနေဖြင့် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် များတွင် ပြုလုပ်လျက်ရှိသည့် MSME ဆိုင်ရာ သုတေသနများ နှင့်ပတ်သက်၍ နည်းပညာအကူအညီ တောင်းခံလာပါက ကူညီပံ့ပိုးပေးမည် ဖြစ်ပါသည်။ သုတေသနစာတမ်းများမှ ရရှိလာသော တွေ့ရှိချက်များကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ MSME ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဆွေးနွေးပွဲများ၊ ဟောပြောပွဲများတွင် ဆွေးနွေးပေး လျက်ရှိပါသည်။

မြန်မာ့ MSME များ ထုတ်လုပ်မှုစွမ်းအား၊ တီထွင်ဆန်းသစ်မှုများကို တိုးတက်လာစေရေး ခေတ်မီနည်းပညာများရရှိနိုင်ရေး၊ မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော်ခြင်း အတွက် အောက်ပါတို့ကို လုပ်ဆောင်သင့်ပါသည်-

- ❖ မြန်မာ့ MSME များအတွက် လိုအပ်လျက်ရှိသော skilled/semi-skilled worker များ မွေးထုတ်ပေးနိုင်ရေး TVET Program များကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊
- ❖ စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် အစပျိုးလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရှင်သန်လာစေရန် လိုအပ်သည့်အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်း၊
- ❖ MSME များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ဆက်စပ်လျက်ရှိသောအဖွဲ့အစည်းများမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန် လိုအပ်သည့် အစီအစဉ်များဆောင်ရွက်ခြင်း၊
- ❖ မြန်မာ့ MSME များ ဖွံ့ဖြိုးတိုးတက်လာစေရေး အစိုးရ၊ ပုဂ္ဂလိကနှင့် တက္ကသိုလ်၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်ဆောင်ရွက်ခြင်း၊
- ❖ သုတေသန၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တီထွင်ဆန်းသစ်မှုများပြုလုပ်နိုင်ရန် Research & Development Centerများ၊ Innovation Center များ၊ Business Development Service များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် သက်ဆိုင်ရာအဖွဲ့ အစည်းများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊
- ❖ ထုတ်လုပ်မှုကဏ္ဍများအလိုက် ထုတ်လုပ်မှုကွင်းဆက် (Supply Chain) များ တစ်လျှောက် ကြုံတွေ့နေရသည့် အခက်အခဲများကို ဖော်ထုတ်၍ ဖွံ့ဖြိုးမှုအားကောင်းလာစေရန် စီမံဆောင်ရွက်ပေးခြင်း၊
- ❖ Digital နှင့် IT နည်းပညာများ လက်လှမ်းမီသုံးစွဲလာနိုင်ရေး နည်းပညာပိုင်းဆိုင်ရာများ ကူညီပံ့ပိုးပေးခြင်း၊
- ❖ ဘွဲ့ယူကျောင်းသား/ကျောင်းသူများ၏ Project Paper များနှင့် မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ယူကျမ်းများ ဆောင်ရွက်ရာတွင် ဒေသလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများသို့ သွားရောက်လေ့လာ ကောက်ယူရေးသားသည့် စာတမ်းများကို ပိုမိုအားပေးခြင်း၊
- ❖ ဖွံ့ဖြိုးတိုးတက်မှုအားနည်းသည့် ဒေသများအတွင်းရှိ တက္ကသိုလ်များမှ ကျောင်းသား/ကျောင်းသူများကို အောင်မြင်ဖွံ့ဖြိုးသည့် ဒေသများသို့ သွားရောက်လေ့လာခွင့်ကို အစီအစဉ်တစ်ရပ်အဖြစ် စီစဉ်ပေးသင့်ခြင်း၊

ဇယား(၁၃)ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များက ဖွင့်လှစ်သော MSME အထောက်အကူပြု သင်တန်းများ

| စဉ် | သင်တန်းအမည် | လက်မှတ်ရ | ဒီပလိုမာ |
|---|---|---|---|
| ၁ | အလှကုန် | ၁ | |
| ၂ | စားသောက်ကုန် | ၄ | |
| ၃ | မွေးမြူရေး | ၁၁ | |
| ၄ | စိုက်ပျိုးရေး | ၂ | |
| ၅ | ဆပ်ပြာ | ၁ | |
| ၆ | နည်းပညာ | ၁ | ၁ |
| ၇ | ခရီးသွားလုပ်ငန်း | ၁ | |
| ၈ | ဘာသာစကား | ၂ | |




ဇယား (၁၄) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် တက်ရောက်သော ကျောင်းသားကျောင်းသူဦးရေ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စက်မှု | စိုက်ပျိုး | မွေးမြူ |
|---|---|---|---|---|
| ၁ | ကချင် | ၂၅၂ | ၇၃ | ၇၂ |
| ၂ | ကယား | ၁၂ | ၉ | ၁၃ |
| ၃ | ကရင် | ၈၀ | ၄၂ | ၃၃ |
| ၄ | ချင်း | ၁၁၁ | ၄၄ | ၃၀ |
| ၅ | မွန် | ၈၈ | ၀ | ၅ |
| ၆ | ရခိုင် | ၂၁၁ | ၆၅ | ၄၁ |
| ၇ | ရှမ်း | ၄၈၇ | ၁၇၁ | ၉၄ |
| ၈ | စစ်ကိုင်း | ၂၄၃ | ၁၁၈ | ၉၀ |
| ၉ | တနင်္သာရီ | ၁၃ | ၁၉ | ၁၆ |
| ၁၀ | ပဲခူး | ၁၆၆ | ၅၆ | ၄၅ |
| ၁၁ | မကွေး | ၂၇၆ | ၉၀ | ၅၇ |
| ၁၂ | မန္တလေး | ၃၆၀ | ၉၀ | ၃၁ |
| ၁၃ | ရန်ကုန် | ၂၆၂ | ၁၀၄ | ၈၃ |
| ၁၄ | ဧရာဝတီ | ၂၉၉ | ၁၀၅ | ၃၈ |
| ၁၅ | နေပြည်တော် | ၁၇၄ | ၅၄ | ၄၁ |




## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ကျွမ်းကျင်လုပ်သား မွေးထုတ်ပေးနိုင်ရေးအတွက် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် သက်မွေးပညာ သင်တန်းကျောင်းများတွင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသောကာလတို သက်မွေးပညာ သင်တန်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ပြည့်မြဲစွမ်းအင်နည်းပညာပေးသင်တန်း၊ စံချိန်စံညွှန်းဆိုင်ရာ သင်တန်း၊ သုတေသနလုပ်ငန်းရလဒ်များမှ အသုံးချနည်းပညာဆိုင်ရာ စာတွေ့လက်တွေ့ သင်တန်း၊ Basic Food Safety သင်တန်း၊ အခြေခံစိုက်ပျိုးရေး နည်းပညာသင်တန်း စသည့် သင်တန်းများအပြင် MSMEs လုပ်ငန်းရှင်များမှ တောင်းဆိုသော သင်တန်းများကိုလည်း ကောင်း၊ မော်တော်ယာဉ်စက်ပစ္စည်း အစိတ်အပိုင်းများထုတ်လုပ်မှုလုပ်ငန်းနှင့် e-vehicle

လုပ်ငန်းများဆိုင်ရာ လိုအပ်သောနည်းပညာ သင်တန်းပေးခြင်းများအား လက်တွေ့လုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်များကို တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်၍ တစ်ပိုင်တစ်နိုင်ထုတ်လုပ်နေသည့်အဆင့်မှ စီးပွားဖြစ် အမြောက် အမြား (Mass Production) ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာလွှဲပြောင်းခြင်း၊ ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိရာ ၃၀.၃.၂၀၂၄ ရက်နေ့တွင် တနင်္သာရီတိုင်း၊ မြိတ်ခရိုင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ စိုက်ပျိုးရေးထုတ်ကုန်မှ အစားအသောက်ထုတ်ကုန် ထုတ်လုပ်ခြင်းနည်းပညာ(၁၅)မျိုး၊ လုပ်ငန်းရှင်များသို့ နည်းပညာလွှဲပြောင်းခြင်း စုစုပေါင်း (၅၇)ခုနှင့် နည်းပညာဖြန့်ဝေခြင်း (၃၀)ခု လွှဲပြောင်း/ဖြန့်ဝေခဲ့ပြီး လုပ်ငန်းရှင်များမှလည်း စီးပွားဖြစ်ထုတ်လုပ်လျက်ရှိပါသည်။

နိုင်ငံတော်၏ ပို့ကုန်သွင်းကုန်မြှင့်တင်နိုင်ရေး၊ စက်မှုစီးပွားကဏ္ဍ တိုးတက်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းသတ်မှတ်ခြင်းများလည်း ဆောင်ရွက်လျက်ရှိရာ မူလစံချိန်စံညွှန်း (၄၃၉)ခု ရှိရာမှ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ စံချိန်စံညွှန်း(၃၈၀)ခု အသစ်ထပ်မံ သတ်မှတ်နိုင်ခဲ့သဖြင့် စုစုပေါင်း(၈၁၉)ခု ချမှတ်နိုင်ခဲ့ပြီး ယင်းစံချိန်စံညွှန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာ Industry များကို အသိပညာပေး ဆောင်ရွက်မှု (၅)ကြိမ်အားလည်းကောင်း၊ အစားအသောက် ဘေးကင်းလုံခြုံရေးဆိုင်ရာ သင်တန်း (Basic Food Safety Training)ကို နေပြည်တော်နည်းပညာ တက္ကသိုလ်တွင် သင်တန်းသား(၂၉)ဦးဖြင့်လည်းကောင်း၊ နေပြည်တော်စိမ်းလဲ့ကန်သာတွင် မြန်မာအော်ဂဲနစ် စိုက်ပျိုးထုတ်လုပ်သူများ အသင်း၏ အသင်းဝင်(၂၈)ဦးဖြင့်လည်းကောင်း၊ နေပြည်တော် နည်းပညာတက္ကသိုလ်တွင်သင်တန်းသား (၃၀)ဦးဖြင့်လည်းကောင်း၊ အခြေခံစိုက်ပျိုးရေးနည်း ပညာသင်တန်းကို သင်တန်းသား (၅၁)ဦးဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အခြေခံဓာတ်ခွဲနည်းပညာ သင်တန်း ကို သင်တန်းသား (၃၉)ဦးဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဓာတ်ခွဲနည်းပညာသင်တန်း (မွမ်းမံ)ကို သင်တန်းသား (၁၇)ဦးဖြင့်လည်းကောင်း ဖွင့်လှစ်သင်ကြားခဲ့ပါသည်။

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ ကျင်းပခဲ့သည့် နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဓာတု နည်းပညာ သုတေသနဗဟိုဌာနမှ Vacuum Frying အခြောက်ခံစက်ဖြင့် စားသောက်ကုန် ထုတ်လုပ်ခြင်းများ၊ Freezing drying ၊ Hotair Oven drying များဖြင့် ထုတ်လုပ်ထားသော စိုက်ပျိုးရေးထုတ်ကုန် အစားအစာများအား အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်း (MSME) ပြခန်းများတွင် ဒေသခံပြည်သူများ အသိပညာ၊ ဗဟုသုတရရှိစေရေးအတွက်

ပြသခဲ့ပါသည်။ ဓာတုနည်းပညာသုတေသနဗဟိုဌာနအနေဖြင့် မြိတ်ခရိုင်အတွင်းရှိ MSME များအား Value Added ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော တန်ဖိုးမြင့်စားသောက် ကုန်ထုတ်နည်းပညာသင်တန်းကို ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား (၄၃)ဦး အား စာတွေ့လက်တွေ့သင်ကြားပေးခဲ့ပါသည်။

၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ MSMEs ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများနှင့် ကာလတိုသက်မွေးပညာသင်တန်း စုစုပေါင်း(၆၅၃)ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသားဦးရေ (၁၂,၅၂၆)ဦး တက်ရောက်ခဲ့ပါသည်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ဝန်ကြီးဌာန၏ ရည်ရွယ်ချက်၊ မူဝါဒ၊ လုပ်ငန်းတာဝန်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် Digital အသွင်ကူးပြောင်းရေး၊ ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများနှင့် ပြည်ပမှတင်သွင်းသည့် စားသောက်ကုန်လုပ်ငန်းများအား E-Submission System ဖြင့် သွင်းကုန်ထောက်ခံချက် (Import Recommendation) ကို ၈-၂-၂၀၂၁ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ခြင်း၊ သွင်းကုန်ကျန်းမာရေး ထောက်ခံချက် (Import Health Certificate) ကို ၂၈-၁၁-၂၀၂၂ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ခြင်းနှင့် ပြည်တွင်းအစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ကို ၂၁-၆-၂၀၂၂ ရက်နေ့တို့တွင် လျှောက်ထားမှုများ လွယ်ကူမြန်ဆန်နိုင်စေရန်အတွက် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ စားသောက်ကုန်မှတ်တမ်းတင်ခြင်း (Food Product Notification) ကိုလည်း Online တွင် လျှောက်ထားနိုင်ရန်အတွက် ဆောင်ရွက်ဆဲဖြစ်ပါသဖြင့် အစည်းအဝေးဆုံးဖြတ်ချက် (က) ဖြစ်သည့် MSMEs လုပ်ငန်းများကို အားပေးမြှင့်တင်သည့်အနေဖြင့် သက်ဆိုင်ရာဌာနများ တွင် လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်း(သို့မဟုတ်)အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတွင် ထောက်ခံချက်လျှောက်ထားခြင်းများ ဆောင်ရွက်ရာတွင် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP) နှင့်အညီ ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ တိုင်းဒေသကြီး/ ပြည်နယ် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနများမှ သင်တန်းများပို့ချလျက်ရှိ ပါသည်။ ဒေါက်တာပြည့်ဖြိုး၊ ညွှန်ကြားရေးမှူး (အစားအသောက်)၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီးရှိ ဟုမ္မလင်း၊ လဟယ်၊ ခန္တီး၊ မုံရွာ (၄) ခရိုင်ရှိ သင်တန်းသား (၆၂) ဦးအား ၁၃-၁-၂၀၂၃ ရက်နေ့မှ ၁၅-၁-၂၀၂၃ ရက်နေ့အထိ Online Zoom Meeting ဖြင့် "အစားအသောက်ထုတ်လုပ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်း ရေးနှင့် ကျန်းမာရေးနှင့်အညီထုတ်လုပ်ရန်" ခေါင်းစဉ်ဖြင့် သင်တန်းပို့ချခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ မေလမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ တိုင်းဒေသကြီး/ ပြည်နယ်အစားအသောက်နှင့်

ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများမှ သင်တန်း (၄၄)ကြိမ် ပို့ချခဲ့ပြီး သင်တန်းသား (၁၁၀၇) ဦးအား သင်တန်းပို့ချမှုများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ တိုင်းဒေသကြီး/ ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနများမှ သင်တန်း (၇၀)ကြိမ် ပို့ချခဲ့ပြီး သင်တန်းသား (၁၃၄၀) ဦးအား သင်တန်းပို့ချမှုများ ဆောင်ရွက်လျက်ရှိပါသည်။

**ပုံ(၅၄) တိုင်းဒေသကြီး/ ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ MSME သင်တန်းပို့ချမှု မှတ်တမ်းဓာတ်ပုံများ**





**ဇယား (၁၅) ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအတွင်း MSEM သင်တန်းပို့ချရာတွင် တက်ရောက်သည့် အခြေအနေပြဇယား**




မှတ်ချက်။ ၂၀၂၃ ခုနှစ်၊ မေလမှ ဒီဇင်ဘာလအထိ သင်တန်းသားဦးရေ (၁၁၀၇) ဦးအားသင်တန်း ပို့ချခဲ့ပြီးဖြစ်ပါသည်။

**ဇယား(၁၆) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ MSME သင်တန်းပို့ချသည့် အကြိမ်အရေအတွက်နှင့် တက်ရောက်သူလူဦးရေစာရင်း**




**မှတ်ချက်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ သင်တန်းသားဦးရေ (၁၃၄၀) ဦးအား သင်တန်းပို့ချခဲ့ပြီး ဖြစ်ပါသည်။**

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအောက်ရှိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်ရှိသော ရုံးခွဲများသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပေါင်းစပ် ဆောင်ရွက်လျက်ရှိသည့်အပြင် ဝန်ကြီးဌာနမှလည်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အောက်ပါအတိုင်း ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်-

- ❖ MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီများတွင် အဖွဲ့ဝင်များအဖြစ် ပါဝင်၍ MSME လုပ်ငန်းအားပေးမြှင့်တင်ခြင်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း၊
- ❖ MSME လုပ်ငန်းရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ အသိပညာ ပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊
- ❖ MSME ထုတ်ကုန်များအားပေး မြှင့်တင်နိုင်ရေးအတွက် မီဒီယာများမှတစ်ဆင့် ကြော်ငြာများထုတ်လွှင့် ပြသပေးခြင်း၊
- ❖ ဒေသတစ်ခုထုတ်ကုန်တစ်ခုအဖြစ် အကောင်အထည်ဖော်သည့် (OROP Action Plan) အစီအမံများ ရေးဆွဲဆောင်ရွက်ရာတွင် ပေါင်းစပ်ဆောင်ရွက်လျက်ရှိခြင်း၊

❖ ဟိုတယ်များတွင် တည်းခိုသော ဧည့်သည်များမှ ဒေသထွက်ကုန်များ၊ အမှတ်တရ ပစ္စည်းများအား အရောင်းစင်တာများထားရှိ ရောင်းချနိုင်ရန် စီမံဆောင်ရွက်ပေးခြင်းအပြင် လစဉ်ရောင်းချမှုတိုးတက်စေရန်နှင့် ထုတ်ကုန်များ အရည်အသွေးမြှင့်တင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိခြင်း၊

❖ "Seminar on MSMEs in Tourism Supply Chain" အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ရာတွင်လည်း ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ခြင်း၊

ပုံ (၅၅) Seminar on MSMEs in Tourism Supply Chain အသိပညာပေးဆွေးနွေးပွဲ မှတ်တမ်းဓာတ်ပုံများ




MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့်ကျွမ်းကျင်လုပ်သား မွေးထုတ်ပေးနိုင်မှုအခြေအနေနှင့်ပတ်သက်၍လည်းကောင်း၊ နည်းပညာကို အသုံးပြု၍ Digital အသွင်ကူးပြောင်းနိုင်မှု အခြေအနေနှင့်ပတ်သက်၍လည်းကောင်း ဆောင်ရွက်ထားရှိမှုများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

❖ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီသည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" စုစုပေါင်း (၁၈) မျိုးကို သတ်မှတ်ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး Waiting Staff ၊ Room Attendant နှင့် Bell Person အလုပ်အကိုင်များ အတွက် ကျွမ်းကျင်လုပ်သားများကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ အထိ စုစုပေါင်း (၁၃၄၆) ဦးအား စစ်ဆေးအကဲဖြတ်ကာ ကျွမ်းကျင်လုပ်သား (၁၂၈၅) ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

❖ နိုင်ငံအဆင့်ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအဖွဲ့နှင့် ခရီးသွားလုပ်ငန်းကျွမ်းကျင် ပညာရှင်များ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့

အနေဖြင့် အာဆီယံမှသတ်မှတ်ထားသော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ပေါင်း(၃၂)မျိုးအတွက် နိုင်ငံအဆင့်သင်ကြားရေး ဆရာပေါင်း (၆၅၇)ဦးနှင့် စစ်ဆေးရေးမှူး (၁၁၂) ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းသင်ကြားရေးဆရာများနှင့် စစ်ဆေးရေးမှူးများမှ ဟိုတယ်နှင့် ခရီးသွားနယ်ပယ်ရှိ ဝန်ထမ်းများကို အာဆီယံစံနှုန်းများနှင့်အညီ လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

❖ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာနအစီအစဉ်ဖြင့်လည်းကောင်း၊ ဝန်ကြီးဌာန၏တိုင်းဒေသကြီး/ ပြည်နယ်ရုံးခွဲများ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ အသင်းအဖွဲ့များ၏ အစီအစဉ်ဖြင့်လည်းကောင်း MSME ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများ၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ၊ ဧည့်လမ်းညွှန်သင်တန်းများ၊ ဘာသာစကားသင်တန်းများကို ဖွင့်လှစ်ကာ ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးလျက်ရှိပါသည်။

❖ MSME လုပ်ငန်းများနှင့် ဦးစားပေးကဏ္ဍများ ဒီဂျစ်တယ်အသွင် ကူးပြောင်းရေးလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာန၏ Website နှင့် Webportal များတွင် ခရီးသွားမြှင့်တင်ရေး သတင်းအချက်အလက်နှင့် Video များကိုလွှင့်တင်ခြင်းနှင့် Social Media များဖြစ်သည့် Facebook, Twitter, Instagram များတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်း၊ မြန်မာ့ရိုးရာအစားအစာများ၊ ခရီးသွားလုပ်ငန်း လှုပ်ရှားမှုများကို လွှင့်တင်လျက်ရှိပါသည်။

❖ ပြည်တွင်း/ ပြည်ပခရီးသွားဧည့်သည်များကို သတင်းအချက်အလက်များဖြန့်ဝေနိုင်ရန် Myanmar Be Enchanted Mobile Application ကို အသုံးပြုနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာန၏ ရုံးခွဲများနှင့် နိုင်ငံတကာလေဆိပ်(၃)ခုဖြစ်သည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်များရှိ Information Counter များတွင် Digital Signage များထားရှိပြီး ခရီးစဉ်ဒေသဆိုင်ရာ သတင်းအချက်အလက်များကို QR Code ကို အသုံးပြု၍ ဖတ်ရှုနိုင်ရေး ဆောင်ရွက်ထားရှိပါသည်။

ဇယား(၁၇) (၂၀၂၃/၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ဖွင့်လှစ်ပေးနိုင်ခဲ့သောသင်တန်းများ




| | ဧည့်လမ်းညွှန် | ဟိုတယ်ဝန်ဆောင်မှု | Barrier Free Tourism | ဆက်စပ်သင်တန်းများ | MSME သင်တန်းများ | လုပ်ငန်းခွင်ဘေးကင်းရေး | ခရီးသွားသုတေသနဆိုင်ရာ | အသိပညာပေး | မုန့်ဖုတ်နည်း | ဘာသာစကား |
|---|---|---|---|---|---|---|---|---|---|---|
| ဦးရေ | ၃၉ | ၇၆၇ | ၁၉၈ | ၁၀၉ | ၁၅၀ | ၃၇၂ | ၇၃ | ၁၀ | ၁၀၀ | ၄၄၅ |
| ကြိမ်ရေ | ၃ | ၂၂ | ၃ | ၅ | ၄ | ၁၀ | ၄ | ၁ | ၅ | ၁၀ |

ဇယား (၁၈) ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ဖွင့်လှစ်ရန် လျာထားသောသင်တန်းများ




| | ဟိုတယ်ဝန်ဆောင်မှု | ဘာသာစကား (ရုရှား၊ တရုတ်) | ဧည့်လမ်းညွှန် | ခရီးသွားလုပ်ငန်း | မုန့်ဖုတ်နည်းအခြေခံ | မုန့်ဖုတ်နည်းဆရာဖြစ် | အခြားသင်တန်း |
|---|---|---|---|---|---|---|---|
| ဦးရေ | ၂၁၀ | ၁၄၀ | ၁၇၀ | ၃၀ | ၈၀ | ၁၀၀ | ၁၄၂ |
| အကြိမ်ရေ | ၆ | ၅ | ၄ | ၁ | ၄ | ၅ | ၁ |

ပုံ (၅၆) Room Attendant Level – 1 အား NSSA အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးအတွက် စာတွေ့စစ်ဆေးအကဲဖြတ်နေပုံ





## သုံးသပ်အကြံပြုတင်ပြချက်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်လျက်ရှိသည့် အခြားသောဝန်ကြီးဌာနများ၊ Stakeholders များနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ အသိပညာပေးဆွေးနွေးပွဲများ၊ ပြပွဲများ၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး သင်တန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသဖြင့် MSME လုပ်ငန်းများကို များစွာအထောက်အကူပြုလျက်ရှိပါသည်။

ဒေသထွက်ထုတ်ကုန်များကို Digital Marketing နည်းပညာအသုံးပြု၍ ဈေးကွက်မြှင့်တင် ခြင်းကို ထိရောက်စွာ ဆောင်ရွက်ခြင်းအားဖြင့်လည်းကောင်း၊ MSME ထုတ်ကုန်များအား ခရီးသွားဧည့်သည်များလွယ်ကူစွာ ဝယ်ယူနိုင်စေရေးအတွက် ဆောင်ရွက်ထားရှိခြင်းအား ဖြင့်လည်းကောင်း၊ MSME လုပ်ငန်းများကို ပံ့ပိုးပေးလျက်ရှိပါသည်။ ခရီးသွားအေဂျင်စီများ၊ ခရီးသွားကုမ္ပဏီများမှ ခရီးသွား Package များအတွက် ခရီးစဉ်များရေးဆွဲရာတွင် MSMEs ထုတ်ကုန်များမြှင့်တင်ရေး ဆောင်ရွက်နိုင်မည့်အချက်ကို ထည့်သွင်းစဉ်းစား ဆောင်ရွက် နိုင်ရေး တွန်းအားပေး ဆောင်ရွက်သွားခြင်းအားဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် MSME အတွက် Marketplace များ ပိုမိုဖော်ဆောင်နိုင်ရေးအတွက် ပါဝင် ရမည့်ကဏ္ဍအလိုက် လုပ်ငန်းရှင်များအား တွန်းအားပေး ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ MSME ထုတ်ကုန်များကို ဝယ်ယူသုံးစွဲသူများ ယုံကြည်စိတ်ချမှုရှိစေရန်နှင့် ပိုမိုဝယ်ယူ သုံးစွဲ စေရန်အတွက် အရည်အသွေးပြည့်မီ၍ ဈေးနှုန်းသင့်တင့်စွာ ရောင်းချနိုင်ရေး ကြပ်မတ် ဆောင်ရွက်ပေးခြင်းအားဖြင့်လည်းကောင်း MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ရေး အတွက် ပံ့ပိုးကူညီဆောင် ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် ရရှိသူများက Customers များထံသို့ ငွေရေးကြေးရေးဆိုင်ရာ ဗဟုသုတများ၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်၊ ငွေကြေးလိမ်လည်မှုများ/ မသမာမှုများ ရှောင်ရှားနိုင်ရန် သတင်းအချက်အလက်များ အသိပညာပေးရေးတို့ကို ထိရောက်ကျယ်ပြန့်စွာ ဖြန့်ဝေသွားရန် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး MSME လုပ်ငန်းများ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုများကို ဝယ်ယူရောင်းချရာတွင် လျင်မြန်လုံခြုံသော QR စနစ်ဖြင့် ငွေလွှဲပြောင်းလက်ခံနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

MSME များသည် ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ ဝယ်ယူရောင်းချရာ၌ ဒီဂျစ်တယ် နည်းလမ်း ဖြင့် ငွေလွှဲပြောင်း၊ လက်ခံခြင်းလုပ်ငန်းများကို ဘဏ်၊ အသေးစားငွေရေးကြေးရေး အဖွဲ့ အစည်းများနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် တွဲဖက်ပြီး မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတော် ဗဟို

ဘဏ်သည် ငွေများကို နည်းအမျိုးမျိုးအသုံးပြု၍ လိမ်လည်ရယူခြင်း ဖြစ်ပွားပေါ်ပေါက်ပါက အချိန်နှင့်တစ်ပြေးညီ အရေးယူဆောင်ရွက်နိုင်ရန် ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုများကို အသုံးပြု၍ လိမ်လည်မှုဖြစ်စဉ်အား တိုင်ကြားလာပါက ဆောင်ရွက်ရမည့် စံသတ်မှတ်ချက်များဆိုင်ရာ လမ်းညွှန်ချက်အား ၁၅.၉.၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

"မိုဘိုင်းငွေပေးချေမှု လမ်းကြောင်းများမှတစ်ဆင့် ငွေကြေးလိမ်လည်မှု တားဆီးရေး အသိပညာပေးဆွေးနွေးပွဲ"ကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ ကျင်းပခဲ့ပြီး လိမ်လည်မှုဆိုင်ရာ ကြိုတင်ကာကွယ် တားဆီးနိုင်ရန် အသိပညာဗဟုသုတများမျှဝေခြင်း၊ ပညာပေး ဗီဒီယိုများ ပြသခြင်း၊ အပြန်အလှန်စကားဝိုင်း ကျင်းပခြင်း၊ တက်ရောက်သူများက သိလိုသည်များ မေးမြန်းခဲ့ကြပြီး ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် လိမ်လည်မှု တားဆီးရေး အသိပညာပေးဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ပါသည်။ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ မရသည့်ဒေသများရှိ အများပြည်သူများအား မိုဘိုင်းဖုန်းနည်းပညာကို အသုံးပြု၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှု ရရှိရန်နှင့် ငွေပေးချေမှုများ အဆင်ပြေစွာပေးချေနိုင်ရန် မိုဘိုင်းဘဏ်လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်အမှတ် (၄/၂၀၁၃) နှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းများ ထုတ်ပြန်ခြင်း၊ ရောင်းချသူ ကိုယ်စား ငွေကောက်ခံ ရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာအမိန့်ကို ထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ညွှန်ကြားချက်များနှင့်အညီ မိုဘိုင်းဘဏ်လုပ်ငန်း ဆောင်ရွက်နေသည့် ဘဏ်(၂၀)ဘဏ်၊ အင်တာနက်ဘဏ်လုပ်ငန်း ဆောင်ရွက်နေသည့် ဘဏ် (၁၀) ဘဏ်၊ မိုဘိုင်းပေး(Mobile Pay) လုပ်ငန်းဆောင်ရွက်နေသည့်ဘဏ်(၈)ဘဏ်၊ မိုဘိုင်း ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း (၅)ခု၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်း(၄)ခုအား ခွင့်ပြုပေးထားခဲ့ပါသည်။

၂၀၂၃ ခုနှစ်အတွင်း မိုဘိုင်းဘဏ်လုပ်ငန်းနှင့် အင်တာနက်ဘဏ် လုပ်ငန်းဆောင်ရွက်မှု အရေအတွက်(၅၉,၃၀၆,၇၇၃)ခုဖြင့် ငွေပမာဏကျပ်သန်း(၁၇၈,၃၄၄,၈၆၃.၁၉)ကိုလည်းကောင်း၊ မိုဘိုင်းပေးလုပ်ငန်းများမှ ဆောင်ရွက်မှုအရေအတွက် (၁,၁၁၂,၉၄၆,၇၄၀) ဖြင့် ငွေပမာဏ ကျပ်သန်း (၁၁၈,၁၁၀,၀၄၆.၅၃) ကိုလည်းကောင်း၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများမှ ဆောင်ရွက်မှုပမာဏအရေအတွက် (၈၈၀,၁၀၇,၂၉၇) ဖြင့် ငွေပမာဏ ကျပ်သန်း (၂၅,၅၉၃,၁၂၂.၀၇) ကို လည်းကောင်း၊ Mobile Payment များ ပိုမိုအသုံးပြုပြီး Digital Payment တိုးတက်လာစေရန် အာမခံလုပ်ငန်းများအတွက် အာမခံပရီမီယံကြေးများ ပေးဆောင်ခြင်းစသည့် MSME လုပ်ငန်းများအား ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ပေးချေခြင်း ခွင့်ပြုနိုင်ရေးကိုလည်းကောင်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းငွေပေးချေမှုများကို MMQR အသုံးပြု၍ National Standard (MMQR) အား ထုတ်ပြန်ထား ခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် Myanmar Quick Respond–MMQR စံနှုန်းကိုက်ညီသည့်ကျူအာဖြင့် မိုဘိုင်းငွေပေးချေမှုကဲ့သို့ လက်လီငွေပေးချေမှု နည်းလမ်းအမျိုးမျိုး အပြန်အလှန်ချိတ်ဆက် ဆောင်ရွက်နိုင်မည့် ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်တစ်ခုတည်ထောင်ရန် ဆောင်ရွက်လျက်ရှိပြီး Financial Industry မိတ်ဆက်ခြင်းအခမ်းအနားကို ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါဒစ်ဂျစ်တယ် ငွေပေးချေမှုစနစ်အား ၂၀၂၄ ခုနှစ်အတွင်း Implementation Process များ ဆောင်ရွက်လျက်ရှိပြီး MSME များသည် ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ချေးငွေရယူခြင်းနှင့် ချေးငွေပြန်လည်ပေးဆပ်ခြင်းတို့ကို ဆောင်ရွက်ရာ၌ ဒီဂျစ်တယ်ငွေရေးကြေးရေးဝန်ဆောင်မှုများကို အသုံးပြုလျက်ရှိပါသည်။

နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေကြေးအဖွဲ့အစည်းများက MSME လုပ်ငန်းများသို့ ၎င်းတို့၏ Own–Fund ၊ အပြည်ပြည်ဆိုင်ရာငွေရေးကြေးအဖွဲ့အစည်းများ၏ ရန်ပုံငွေများသုံးစွဲ၍ ချေးငွေများ တိုးမြှင့်ထုတ်ချေးရန် တွန်းအားပေးသွားမည်ဖြစ်ပြီး Green Economy တွင် ရင်းနှီးမြှုပ်နှံမည့် MSME လုပ်ငန်းများအား ချေးငွေများထုတ်ချေးရန်နှင့် MSME လုပ်ငန်းများအပါအဝင် နိုင်ငံတော်၏ ဦးစားပေးဆောင်ရွက်မည့်ကဏ္ဍများထံသို့ သက်သာသည့် အတိုးနှုန်းဖြင့် ကာလလတ်နှင့် ကာလရှည်ချေးငွေများပံ့ပိုးသွားမည်ဖြစ်ပါသည်။ MSME များသို့ ချေးငွေထုတ်ချေးရာ တွင် ၎င်းတို့၏ Own Fundi JICA Two–Step Loan Other Fund (KFW IFC) Covid Fund များဖြင့် ကဏ္ဍအသီးသီးသို့ ထုတ်ချေးလျက်ရှိရာ ဘဏ်များက Collateral Type ပေါ်မူတည်၍ Own Fund အတိုးနှုန်း ၆.၅%–၁၄.၅%၊ JICA TSL အတိုးနှုန်း ၅.၅% – ၁၀%၊ Other Fund (KFW IFC) အတိုးနှုန်း ၈.၅%၊ Covid Fund အတိုးနှုန်း ၁% ဖြင့် အသီးသီး ထုတ်ချေးပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်မှတစ်ဆင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) အသင်းဝင်ကုမ္ပဏီများ၏ ဓာတ်မြေဩဇာတင်သွင်းမှုအတွက် လိုအပ်သောငွေကြေးများအား Back to Back Financing အဖြစ် ချေးငွေထုတ်ချေးခဲ့ပါသည်။

MSME လုပ်ငန်းများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို Online Registration နှင့် e–Payment စနစ်အသုံးပြုနိုင်ရေးအတွက် ဘဏ်များတွင် MSME များအား ဝန်ဆောင်မှုပေးနိုင်မည့် MSME Section/ Unit တစ်ခု သီးသန့်ထားရှိပြီး ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များသို့ ၆.၂.၂၀၂၃ ရက်စွဲပါစာဖြင့် အကြောင်းကြားလမ်းညွှန်မှုပြုခဲ့ပါသည်။

ဗဟိုဘဏ်၏ လမ်းညွှန်မှုနှင့်အညီ MSME လုပ်ငန်းရှင်များ ဘဏ်လုပ်ငန်းဝန်ဆောင်မှု ရယူရာတွင် လွယ်ကူမြန်ဆန်အဆင်ပြေစေရေးအတွက် ပုဂ္ဂလိကဘဏ်များက ဆောင်ရွက်ပေးနေသည့်အခြေအနေများမှာ–

- ❖ ဘဏ်ခွဲအားလုံးတွင် MSME ချေးငွေဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး MSME ချေးငွေ လျှောက်ထားရာတွင် Online Portal မှ တစ်ဆင့် လျှောက်ထားနိုင်ရန် ဆောင်ရွက်ပေးနေခြင်း၊
- ❖ UMFCCI နှင့် ပူးပေါင်း၍ လုပ်ငန်းမှန်ကန်ပါက အတိုးနှုန်းသက်သာသော Micro Loan များ ထုတ်ချေးပေးလျက်ရှိပြီး လွယ်ကူစွာဘဏ်ဝန်ဆောင်မှု ရယူနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိခြင်း၊
- ❖ UMFCCI လက်အောက်တွင်ရှိသော ညီနောင်အသင်းများနှင့်တွေ့ဆုံပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သော သတင်းအချက်အလက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးလျက်ရှိခြင်း၊
- ❖ လက်ရှိဘဏ်လုပ်ငန်းဝန်ဆောင်မှုများ လွယ်လင့်တကူရယူနိုင်ရန် ဘဏ်များ၏ Website နှင့် Social Media များမှ ကြော်ငြာ၍ ပိတ်ရက်မရှိ ခုနစ်ရက်ပတ်လုံး ဝန်ဆောင်မှုပေးနေသည့် Contact Center ဖွင့်လှစ်ထားရှိပြီး ဝန်ဆောင်မှုများ အလေးထားဆောင်ရွက်ပေးနေခြင်း၊
- ❖ MSME လုပ်ငန်းရှင်များ ဘဏ်ဝန်ဆောင်မှု၊ ချေးငွေဝန်ဆောင်မှုများ လွယ်ကူမြန်ဆန်အဆင်ပြေစေရေးအတွက် MSME Section ရှိ ဝန်ထမ်းများအား SME၊ MSME နှင့်ပတ်သက်သည့် သင်တန်းများပေးလျက်ရှိခြင်း၊
- ❖ MSME လုပ်ငန်းရှင်များအား လွယ်ကူအဆင်ပြေစေရန် လိုအပ်ပါက မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ် MPU ဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးများရှိ စည်ပင်သာယာရေးအဖွဲ့များနှင့် ချိတ်ဆက်ညှိနှိုင်းခြင်းဖြင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးနေခြင်း၊
- ❖ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတစ်ဝှမ်းရှိ ဘဏ်ခွဲများတွင် Relationship Manager များ ထားရှိဆောင်ရွက်ခြင်း၊ ရှမ်းပြည်နယ် တောင်ပိုင်းစက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် လက်မှတ်ရေးထိုး၍ ရှမ်းပြည်နယ်တောင်ပိုင်း စက်မှုလက်မှုလုပ်ငန်းများ၊ အေးသာယာစက်မှုဇုန်နှင့် ဇုန်အတွင်းရှိ လုပ်ငန်းများအတွက် ချေးငွေရရှိနိုင်ရန် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ခြင်း၊

- ❖ MSME ချေးငွေလုပ်ငန်းစဉ်များ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ချေးငွေပမာဏ အတိုင်းအတာတစ်ခုအထိ ဘဏ်ခွဲများတွင်ပင် ချေးငွေခွင့်ပြုချက်များ ချထားပေးနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိခြင်း၊
- ❖ MSME မှတ်ပုံတင်ခြင်းကို Online မှတစ်ဆင့် Digital နည်းလမ်းဖြင့် ငွေပေးချေမှု ပြုလုပ်နိုင်ရန်နှင့် စက်မှုဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ စက်မှုမှတ်ပုံတင်ခြင်းလုပ်ငန်း၊ ဘွိုင်လာစစ်ဆေးခြင်းဝန်ဆောင်ခများကို Card Payment များဖြင့်လည်းကောင်း၊ Mobile Financial Service Provider များဖြင့်လည်းကောင်း Payment လက်ခံနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိခြင်း၊
- ❖ MSME လုပ်ငန်းရှင်များ Online Platform တွင် ၎င်းတို့၏ ထုတ်ကုန်များ ရောင်းချနိုင်ရန် Apps၊ Web view ကို ရေးဆွဲထားပြီး Payment ပေးချေနိုင်ရန် လိုအပ်သည်များ ချိတ်ဆက်ထားပြီး MSME လုပ်ငန်းရှင်များ Online ငွေလက်ခံမှုနှင့် ပေးချေမှုပြုလုပ်နိုင်ရန်အတွက် ဘဏ်စာရင်းဖွင့်လှစ်ပေးခြင်း၊ Online တွင် အသုံးပြုနိုင်ရန် MPU Card ထုတ်ပေးခြင်းတို့ကို MSME ဌာနနှင့် ချိတ်ဆက်၍ လိုအပ်ချက်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က MSME ဗဟိုကော်မတီ၊ MSME လုပ်ငန်းကော်မတီ၊ MSME ဆိုင်ရာလုပ်ငန်းအဖွဲ့များတွင် အဖွဲ့ဝင်များအဖြစ်ပါဝင်လျက်ရှိပြီး MSME များ လိုအပ်သည့် ငွေကြေး အရင်းအနှီးများအတွက် Quality Loan များ ထုတ်ချေးပေးနိုင်ရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

MSME လုပ်ငန်းများသည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည့်အတွက် လိုအပ်သည့်ငွေကြေး အရင်းအနှီးများ ပံ့ပိုးပေးမှသာ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ တိုးတက်လာနိုင်မည်ဖြစ်ပါသည်။ ပုဂ္ဂလိကဘဏ်များ အနေဖြင့် Own Fund JICA Fund Other Fund (KFW IFC) ၊ Covid Fund များဖြင့် MSME လုပ်ငန်းများသို့ ချေးငွေများ ထောက်ပံ့ပေးလျက်ရှိရာ အဓိကအားဖြင့် ဘဏ်များ၏ Own-Fund ဖြင့် ချေးငွေထုတ်ချေးမှုသည် ပိုမိုတိုးတက်လျက်ရှိပြီး၊ ချေးငွေထုတ်ချေးခြင်းအပြင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကိုပါ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်လည်း ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် လိုအပ်သည့် Financing များ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်

ဘဏ်များသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တက်ကြွစွာဖြင့် တွန်းအားပေးပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

ပုံ (၅၇) မှတ်တမ်းဓာတ်ပုံများ






## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အနေဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ MSME Development Dialogue: စကားဝိုင်းဆွေးနွေးပွဲများကျင်းပပေးခြင်း၊ နိုင်ငံတကာပြိုင်ပွဲများ၊ ပြည်တွင်း ပြိုင်ပွဲများတွင် MSME လုပ်ငန်းရှင်များ ပါဝင် ယှဉ်ပြိုင်နိုင်ရန် Guide line ပေးခြင်း၊ နန်နင်း မြို့ရှိ နိုင်ငံတစ်ခုအလိုက် ထုတ်ကုန်ပစ္စည်း အမျိုးအမယ်များ ပြသနိုင်သည့် China-ASEAN Mercantile Exchange (CAMEX) Showroom တွင် တစ်နှစ်ပတ်လုံး ခင်းကျင်းပြသနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် MSME Product Showroom တွင် MSMEAM အသင်းဝင်များမှ ပြသနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ MSME ထုတ်ကုန်များ Digital Platform ပေါ်ရောက်ရှိရန် ပံ့ပိုးပေးခြင်း၊ ပုဂ္ဂလိကဘဏ်များမှ MSME Loan လျှောက်ထားရာတွင် အဆင်ပြေစေရန်အတွက် MoU များရေးထိုးပြီး ချေးငွေ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း၊ MSME လုပ်ငန်း များနှင့်သက်ဆိုင်သော သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ Knowledge Sharing များကျင်းပပေးခြင်း၊ မိတ်ဖက် အဖွဲ့အစည်း များနှင့်ပူးပေါင်းကာ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် Networking များတိုးချဲ့ တည်ဆောက်ပေးခြင်း၊ တိုင်းဒေသကြီးမှ ကျင်းပသည့် MSME ထုတ်ကုန်ပြပွဲများတွင် ပူးပေါင်းပါဝင်ပြသခြင်း၊ ထို့ပြင် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေသည့် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ MSME Agency ၊ သက်ဆိုင်ရာအသင်းများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၊ MSME Development Law(မူကြမ်း) ပြင်ဆင်မှုတွင်ပူးပေါင်း ပါဝင် ဆွေးနွေးတင်ပြခြင်း၊ သဘောထားမှတ်ချက်များ ပေးပို့ခြင်းတို့ကိုပူးပေါင်း ဆောင်ရွက် လျက်ရှိပါသည်။

ပုံ (၅၈) MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ




## မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုပွဲတွင် ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ Towards Digital Myanmar စတင် ဆောင်ရွက်ခြင်း၊ ဒီဂျစ်တယ်မြန်မာသည် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ နိုင်ငံတော်၏ ဒီဂျစ်တယ်စီးပွားရေးစနစ် ပီပြင်စွာပေါ်ထွန်းလာနိုင်ရေးအတွက် ချမှတ်ထားသည့် Roadmap ၏ အဓိကလှုပ်ရှားမှုဖြစ်ပြီး ရည်ရွယ်ချက်မှာ MSME စက်မှုလုပ်ငန်းများနှင့် ဦးစားပေး စီးပွားရေးကဏ္ဍများအား ဒီဂျစ်တယ်အသွင် ကူးပြောင်းကာ နိုင်ငံတကာနှင့် ချိတ်ဆက် ဆောင်ရွက်စေနိုင်ခြင်းဖြင့် ဒီဂျစ်တယ်စီးပွားရေးစနစ်၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်သွား နိုင်ရန်ဖြစ်ပါသည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ MSME လုပ်ငန်းများတွင် ဒီဂျစ်တယ်နည်းပညာများကို ထိရောက်စွာအသုံးပြုသည့် စွမ်းဆောင်ရည်အညွှန်းကိန်း (KPI) ရာခိုင်နှုန်းလျာထားမှုမှာ ၂၀၂၅ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းမှ ၂၀၃၀ ပြည့်နှစ်တွင် ၅၀ ရာခိုင်နှုန်းထိ တိုးမြှင့်သွားနိုင်ရန်နှင့် MSME များအား ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် MSME ပြပွဲများ၌ Digital Corner ပါဝင်ပြသနိုင်ရေးသည် MSME ဒီဂျစ်တယ်ဂေဟ စနစ်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ အဆိုပါ Digital Corner တွင်

MSME လုပ်ငန်းများအား အထောက်အကူပြုသည့် ဒီဂျစ်တယ်နည်းပညာ ပြခန်းများအနေဖြင့် အောက်ပါတို့အား ပါဝင်ပြသနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်-

- ❖ Online မှတစ်ဆင့် ဆောင်ရွက်ပေးလျက်ရှိသော ဒီဂျစ်တယ်အစိုးရဝန်ဆောင်မှုများ
- ❖ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာ ဝန်ဆောင်မှုလုပ်ငန်းများ
- ❖ မြန်နှုန်းမြင့် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများ
- ❖ ကုန်စည်ရောင်းဝယ်မှုဆိုင်ရာ Online ချိတ်ဆက်ဝန်ဆောင်မှုလုပ်ငန်းများ
- ❖ ဒီဂျစ်တယ် ငွေပေးချေမှုလုပ်ငန်းများ
- ❖ Online ဘဏ်ဝန်ဆောင်မှုများ
- ❖ FinTech အဆင့်မြင့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ
- ❖ Online ချိတ်ဆက်အသုံးပြုနိုင်မည့် Cloud Services ဝန်ဆောင်မှုလုပ်ငန်းများ
- ❖ အင်တာနက် Domain လိပ်စာနှင့် ၎င်းကိုအခြေခံသည့် ဒီဂျစ်တယ်ဝန်ဆောင်မှုများ
- ❖ Smart Home, Smart Office အစရှိသော အဆင့်မြင့်မြို့ပြ ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများ
- ❖ ကွန်ပျူတာ Hardware နှင့် Software များ ရောင်းချဖြန့်ဖြူးသည့်လုပ်ငန်းများ
- ❖ ဆိုဘာလုံခြုံရေး ဝန်ဆောင်မှုလုပ်ငန်းများ
- ❖ Digital business card တစ်ခုကဲ့သို့ အသုံးပြုနိုင်မည့် အချက်အလက်များကို App သို့မဟုတ် QR Code များဖြင့် လွယ်ကူစွာ ဖလှယ်နိုင်သည့် ဒီဂျစ်တယ်ချိတ်ဆက်ဆောင်ရွက်ပေးသည့်လုပ်ငန်းများ
- ❖ CCTV မှအစပြု၍ ခေတ်မီဒီဂျစ်တယ်လုံခြုံရေးပစ္စည်းများနှင့်နည်းစနစ်များ
- ❖ Video Conferencing စနစ်မှ အစပြုသည့် Online ချိတ်ဆက်ဆောင်ရွက်သည့်လုပ်ငန်းများ
- ❖ Website များ၊ Mobile App များ တည်ဆောက်ခြင်းလုပ်ငန်းများ
- ❖ Digital Content Creation ဖန်တီးသည့်လုပ်ငန်းများ
- ❖ Digital Marketing နှင့် Online campaign ကြော်ငြာဝန်ဆောင်မှုလုပ်ငန်းများ

- ❖ ဒီဂျစ်တယ် စွန့်ဦးတီထွင်ဂေဟာရပ်ဝန်းတစ်ရပ် ပေါ်ပေါက်နိုင်ရေးအတွက် AI, Machine Learning, Natural Language Processing, Unicode Standard, AgriTech, EdTech, HealthTech, Internet of Things (IoT) အစရှိသည့် ထွန်းသစ်စနည်းပညာပြခန်းများ
- ❖ MSME များတွင် ဒီဂျစ်တယ်ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီဂျစ်တယ်နည်းပညာအသုံးချမှုများကို သင်ကြားပေးသော သင်တန်းကျောင်းများ
- ❖ အခြားဒီဂျစ်တယ်နှင့်ပတ်သက်သည့် ဝန်ဆောင်မှုများ

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ MSME အေဂျင်စီများ အောက်တွင် ဒီဂျစ်တယ်ဆပ်ကော်မတီတစ်ရပ်ထားရှိ ဆောင်ရွက်သွားနိုင်ရေးသည် ဒေသဆိုင်ရာအေဂျင်စီရုံးခွဲများ ဖွင့်လှစ်နိုင်ရေးနှင့် One Stop Service ဝန်ဆောင်မှုများပေးနိုင်ရေးတို့တွင် ဒီဂျစ်တယ်ဝန်ဆောင်မှုများပါ တစ်ပါတည်း ဆောင်ရွက်သွားသင့်သောကြောင့် ဖြစ်ပါသည်။ အဆိုပါ One Stop Service ဆောင်ရွက်ပေးသည့်နေရာတွင်ပင် နိုင်ငံတော်မှ MSME လုပ်ငန်းများအား ဖွံ့ဖြိုးတိုတက်ရေးတွင် အထောက်အကူပြုသည့် အောက်ပါ Online ဝန်ဆောင်မှုများအပြင် ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်လျက်ရှိသော ဒီဂျစ်တယ်ဝန်ဆောင်မှုများကိုပါ ပူးတွဲချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်ပါသည်-

- ❖ msme.mm အစရှိသည့် web domain များ လွယ်ကူစွာ ဝယ်ယူရရှိနိုင်သော ဝန်ဆောင်မှုများ
- ❖ အဆိုပါ domain ဖြင့် ဆက်လက်ရယူနိုင်သည့် email, website, app, online ecommerce တည်ဆောက်ခြင်း အစရှိသည့် ဒီဂျစ်တယ်ဝန်ဆောင်မှုများ
- ❖ MSME ထုတ်ကုန်များကို Online မှတစ်ဆင့် ရောင်းချနိုင်မည့် E-Market Place for Myanmar Products Platform ကဲ့သို့သော ဒီဂျစ်တယ် market place များ နှင့် e-Commerce Platform များ
- ❖ MSME မှတ်ပုံတင်ခြင်းများကို တစ်ပါတည်း ဆောင်ရွက်သွားနိုင်မည့် Online ဝန်ဆောင်မှုများ
- ❖ Online FDA လျှောက်ထားမှုများ
- ❖ Online မှတစ်ဆင့် Trade Mark, Industrial Design အစရှိသည့် အသိဉာဏ်ပစ္စည်း လျှောက်ထားမှုများ
- ❖ ဒီဂျစ်တယ် လူ့စွမ်းအားဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ပေးသော ဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဖွင့်လှစ်ခြင်းများ
- ❖ အခြားလိုအပ်မည့် ဒီဂျစ်တယ်ဝန်ဆောင်မှုများ

သို့ဖြစ်ပါ၍ ဒီဂျစ်လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် လိုအပ်သည်များကို ပြင်ဆင်နိုင်ရန်နှင့် ဒေသအလိုက်မှ နိုင်ငံတစ်ဝှမ်း MSME ဒီဂျစ်တယ်ဂေဟာစနစ် ပီပြင်စွာပေါ်ထွန်းလာရေး၊ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒီဂျစ်တယ်နည်းပညာအသုံးပြုမှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဒီဂျစ်တယ်ဆပ်ကော်မတီတစ်ခုကို ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

## မြန်မာနိုင်ငံဘဏ်များအသင်း

မြန်မာနိုင်ငံဘဏ်များအသင်းတွင် အသင်းဝင်ဘဏ်(၃၁)ဘဏ်ရှိပြီး ငွေရေးကြေးရေး အဖွဲ့အစည်းများဆိုင်ရာ ဥပဒေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အနီးကပ် ကြီးကြပ်ကွပ်ကဲမှုဖြင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဘဏ်လုပ်ငန်းများအနေဖြင့် MSME လုပ်ငန်းများအတွက် လိုအပ်သော အရင်းအနှီးများ ရရှိစေရန် ချေးငွေပုံစံအမျိုးမျိုးကို သတ်မှတ်ထားသော မူဘောင်၊ ညွှန်ကြားချက်များအတွင်းမှ ထုတ်ချေးလျက်ရှိရာ ငွေကြေးအရင်းအမြစ် (၂)မျိုး ရှိပြီး ပထမအရင်းအမြစ်မှာ ဘဏ်များကို အများပြည်သူက ယုံကြည်စွာအပ်နှံထားသော ငွေကြေးများကို စနစ်တကျ ပြန်လည်ထုတ်ချေးခြင်းနှင့် ဒုတိယအရင်းအမြစ်မှာ မြန်မာ့စီးပွားရေးဘဏ် နှင့် နိုင်ငံတော်မှပံ့ပိုးသော ငွေကြေး (Fund) များကို ရယူပြီး JICA two Steps Loan, Covid-19 ချေးငွေများအပါအဝင် ချေးငွေများကို MSME လုပ်ငန်းများအတွက် လုပ်ငန်းအရင်းအနှီးများ ထုတ်ပေးလျက်ရှိပါသည်။ အသင်းဝင်ဘဏ်များအနေဖြင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ခေတ်မီ IT နည်းပညာများ အသုံးပြုပြီး ဝန်ဆောင်မှုများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် Mobile Banking Internet Banking E-Wallet များကို ဘဏ်အများစုမှ အကောင်အထည်ဖော် ဝန်ဆောင်မှုပေးနိုင်ခြင်း၊ MSME Unit များကို ဘဏ်အလိုက် ဖွဲ့စည်းထားပြီး ဘဏ်အလိုက် ATM စက်များဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ပုံ (၅၉) ကိုဗစ်-၁၉ရန်ပုံငွေမှ ချေးငွေထုတ်ချေးပေးထားသော အသင်းဝင်ဘဏ်များနှင့် မြန်မာနိုင်ငံဘဏ်များအသင်း၌ ဆွေးနွေးပွဲ ကျင်းပမှုမှတ်တမ်းဓာတ်ပုံများ





**CB Bank PCL အနေဖြင့်** SME မှတ်ပုံတင်ခြင်းကို MPU, Visa, MasterCard, JCB, UPI ကတ်တို့ဖြင့် Online ငွေပေးချေမှု ပြုလုပ်နိုင်ရန် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ(၂၃) ရက်နေ့မှ စတင်၍ ဝန်ဆောင်မှုပေးလျက် ရှိခြင်း၊ စက်မှုမှတ်ပုံတင်ခြင်း၊ ဘွိုင်လာစစ်ဆေးခြင်း ဝန်ဆောင်ခများကို MPU, Visa, MasterCard, JCB, UPI,CBPay, OK Dollar တို့ဖြင့် Payment လက်ခံနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ SME လုပ်ငန်းရှင်များ Online Platform တွင် ရောင်းချနိုင်ရန် Apps, Web view ကို ရေးဆွဲထားပြီး Payment ပေးချေနိုင်ရန်အတွက် ချိတ်ဆက်ခြင်း၊ MSME လုပ်ငန်းရှင်များ Online ငွေလက်ခံမှုနှင့် ပေးချေမှုပြုလုပ်နိုင်ရန်အတွက် Bank စာရင်းဖွင့်ပေးခြင်း၊ Online တွင် အသုံးပြုနိုင်ရန် MPU Card ထုတ်ပေးခြင်းတို့ကို MSME ဌာနနှင့် ချိတ်ဆက်၍ SME လုပ်ငန်းရှင်များ၏ လိုအပ်ချက်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

MSME လုပ်ငန်းရှင်များ မှတ်ပုံတင်လျှောက်ထားနိုင်မည့် Online Registration & e-payment စနစ်တွင် MPU, Visa, Master Card, JCB, UPI, CB Pay တို့ဖြင့် လက်ခံဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ SME Loan ရယူထားသော MSMEs Customer များထံသို့ ချေးငွေအတိုး/အရင်း ပေးဆပ်ရန် အကြောင်းကြားစာကို SMS Alert ဖြင့် လစဉ်ပေးပို့အကြောင်းကြားလျက်ရှိပြီး CB Bank ၏ e-Payment ဖြစ်သော CB Pay, I Banking (Personal), I Banking (Business) နှင့် CBM Net (Bank to Bank Transfer) တို့ဖြင့် ပေးချေနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိခြင်း၊ MSME များအား ချေးငွေဝန်ဆောင်မှုဆိုင်ရာ ကူညီပံ့ပိုးပေးနိုင်ရန်အတွက် CB Bank PCL မှ SME Center များကို မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် မှ စတင်၍ UFC HO Tower-C တွင် ချေးငွေဝန်ဆောင်မှုပေးနေသည့်အပြင် CB Bank အနေဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံးသော SME Center-1 အား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ဘုရင့်နောင် (သီရိမွန်ပလာဇာ) မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင်လည်းကောင်း၊ SME Center-2 အား ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် မန္တလေး(၃၃)လမ်း ဘဏ်ခွဲ၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့တွင်လည်းကောင်း၊ SME Center-3 အား ၂၀၁၈ ခုနှစ်၊ မတ်လတွင် တောင်ဒဂုံဘဏ်ခွဲ၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင်လည်းကောင်း၊ SME Center-4 အား ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ဥတ္တရသီရိဘဏ်ခွဲ နေပြည်တော်မြို့တွင်လည်းကောင်း၊ SME Center-5 အား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် စစ်တွေဘဏ်ခွဲ၊ ရူပါတောင်ရပ်၊ စစ်တွေမြို့တွင်လည်းကောင်း SME ချေးငွေအမျိုးမျိုးဖြင့် MSME စီးပွားရေးလုပ်ငန်းရှင်များကို CB Bank PCL ၏ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းရှင်များကို ၎င်းတို့လုပ်ကိုင်မည့် လုပ်ငန်းအစီအစဉ်များနှင့် ကိုက်ညီမည့် ချေးငွေအမျိုးအစားများကို တိုင်ပင်ဆွေးနွေးအကြံပြုကာ UFC ရုံးချုပ်နှင့် SME Center များနှင့်အတူ CB Bank ၏ ဘဏ်ခွဲ(၂၅၀) ကျော်တို့တွင်လည်း ဝန်ဆောင်မှုပေးဆောင်ရွက်

လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် SME Banking Department အား စတင် တည်ထောင်ခဲ့ပြီး MSME များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ SME Term Loan ၊ SME CGI Loan SME JICA TSL Loan (Phase I)၊ SME KfW Loan (Phase I)၊ SME KfW Loan (Phase II)၊ SME JICA TSL (Phase II)၊ SME JICA Emergency Loan ၊ SME GC-19 Loan ချေးငွေတို့အား ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

AYA Bank PCL အနေဖြင့် MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များမှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME) ချေးငွေလုပ်ငန်း ဆောင်ရွက်ချက်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) ချေးငွေလုပ်ငန်း ဆောင်ရွက်ချက်များ၊ ပြည်တွင်း MSME အသင်းအဖွဲ့များနှင့်ချိတ်ဆက်ခြင်း (MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး) နှင့် MSME ရှေ့ဆက်လုပ်ငန်းစဉ်တို့ ဖြစ်ပါသည်။

ပုံ (၆၀) Financial Literacy ရရှိစေရန် MSME လုပ်ငန်းရှင်များအား အသိပညာပေး Workshop, Seminar များ ကျင်းပပေးနေမှုမှတ်တမ်းဓာတ်ပုံများ






**ယူအေဘီဘဏ်လီမိတက်အနေဖြင့်** Myanmar Agro Exchange Public Company Limited လက်အောက်ရှိ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းဈေး ဈေးသူဈေးသားများအတွက် ဆိုင်ခန်းပေါင်း ၄၄ ခန်းအား MSME ချေးငွေများ ထုတ်ပေးခြင်း၊ မြန်မာအမျိုးသမီးလုပ်ငန်းရှင်များ ကွန်ရက် (Myanwen)နှင့်ပူးပေါင်း၍ "ရေရှည်ဖွံ့ဖြိုးကုန်ထုတ်တိုးမည့် အမျိုးသမီးလုပ်ငန်းစဉ် အစီအစဉ်" (WIMEP) အား အဓိကထောက်ပံ့ ကူညီပေးခဲ့ပြီး အသင်းဝင်များအား လုပ်ငန်းအလိုက် စိစစ်၍ MSME ချေးငွေများချပေးရန် ဆောင်ရွက်ခြင်း၊ ပြောင်းစိုက်တောင်သူများအား ချေးငွေများချပေးခဲ့ခြင်း၊ UMFCCI မှ ကြီးမှူးကျင်းပသော MSME ပွဲ အခမ်းအနားများတွင် UAB Bank အနေဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အသင်းလက်အောက်ရှိ MSME လုပ်ငန်းရှင်များအား ချေးငွေများချပေးနိုင်ရန် ဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်း၍ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မည့် ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးနိုင်ရန် Pilot Project အနေဖြင့် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်အနေဖြင့်** MCB Facebook Pages တွင် လစဉ်ကြော်ငြာများထည့်၍လည်းကောင်း၊ Event များတွင် MSME Products အား Presentation ပြုလုပ်ပြီး Pamphlets များ ဖြန့်ဝေခြင်းဖြင့်လည်းကောင်း၊ စားသောက်ကုန်နှင့် အထည်ချုပ်လုပ်ငန်း၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ Supermarkets များ၊ ငါးဒိုင်လုပ်ငန်းများ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများနှင့် အခြား MSME လုပ်ငန်းများအား ချေးငွေဝန်ဆောင်မှုများ ရယူနိုင်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ MSME ချေးငွေ ၃၁.၁၂.၂၀၂၃ ရက်နေ့အထိ ချေးငွေ ဦးရေပေါင်း (၅၂)ဦး၊ Limit ၁,၇၀၀ ကျပ်သန်း ထုတ်ချေးထားပြီး လက်ကျန်ချေးငွေအနေဖြင့် (၁,၆၀၂.၇၂) ကျပ်သန်း ထုတ်ချေးထားခဲ့ပြီးဖြစ်ပါသည်။ ချေးငွေအမျိုးအစားအားဖြင့် သက်တမ်း (၁)နှစ် WCTL ချေးငွေနှင့် သက်တမ်း (၃)နှစ် FTL ချေးငွေတို့အား ချေးယူနိုင်ရန်နှင့် လုပ်ငန်းလိုအပ်ချက်အနေဖြင့် ချေးငွေပမာဏ ကျပ်သိန်း(၁၀၀)မှ ကျပ်သိန်း (၅၀၀)အထိ ရယူနိုင်ရန် ချေးငွေလျှောက်ထားရန် လိုအပ်ချက်များအား လျှော့ချပြီး လွယ်ကူမြန်ဆန်စွာ ချေးငွေရရှိနိုင်ရန် MCB ဘဏ်ခွဲတိုင်းမှ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ၉.၂.၂၀၂၃ ရက်နေ့တွင် MSME Section ကို SME Department အောက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ဖြစ်ပါသည်။

**မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်အနေဖြင့်** Consumer Banking Department အောက်ရှိဘဏ်ခွဲများတွင် ၂၀၂၀ ပြည့်နှစ် Covid ကာလတွင် Emergency ချေးငွေများ ထုတ်ချေးခြင်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းရှင်များအတွက် MSME Lending-Product ခွင့်ပြုရန်ကိစ္စနှင့်ပတ်သက်၍ အများပြည်သူသို့ အသိပေးရန် ပြင်ဆင်ခြင်းများဆောင်ရွက်လျက်ရှိပါသည်။

**ရိုးမဘဏ်လီမိတက်အနေဖြင့်** MSME စီးပွားရေးလုပ်ငန်းများအတွက် ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း MSME လုပ်ငန်း ပေါင်း တစ်ထောင်နီးပါးနှင့် ချေးငွေကျပ်သန်း နှစ်သိန်းနီးပါးအား ချေးငွေထုတ်ပေးပြီး ပြည်တွင်းရှိ MSME နှင့် Start-up လုပ်ငန်းများ တိုးတက်ရန်အတွက် "Grow Together BizPitch" အစီအစဉ်ကို ဆောင်ရွက်လျက်ရှိပြီး ဟောပြောပွဲများ၊ Workshop များ ကျင်းပကာ ဘဏ္ဍာရေးဆိုင်ရာ ဗဟုသုတများ၊ လုပ်ငန်းအတွေ့အကြုံများ မျှဝေခြင်းနှင့် MSME နှင့် Start-up လုပ်ငန်းရှင်များအကြား Networking များ ရရှိလာနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် အာမခံပေးအပ်ရန် အခက်အခဲရှိသော MSME လုပ်ငန်းများအတွက် လုပ်ငန်းအမျိုးအစား၊ ချေးငွေအသုံးပြုမည့် အစီအစဉ်နှင့် သင့်လျော်သည့် ချေးငွေအမျိုးအစားများ ထုတ်ချေးလျက်ရှိပါသည်။

**အင်းဝဘဏ်လီမိတက်အနေဖြင့်** MSME ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ချေးငွေလုပ်ငန်းရှင် (၆၀)ဦးအား (SME) လုပ်ငန်းရှင် အဖြစ် ထပ်တိုး၍ ကျပ်သန်း (၁,၇၉၅) ထုတ်ချေးခဲ့ပါသည်။ MSME များအား ဝန်ဆောင်မှုပေးနိုင်မည့် MSME Section/Unit တစ်ခုအား အဖွဲ့ဝင်

(၄)ဦးဖြင့် MSME လုပ်ငန်းများသို့ ဝန်ဆောင်မှုများပေးသွားရန် သီးသန့်ဖွဲ့စည်းထားရှိပါသည်။

**ထွန်းကော်မာရှယ်ဘဏ်လီမိတက်အနေဖြင့်** ရုံးချုပ်နှင့်ဘဏ်ခွဲများတွင် MSME များအား ဝန်ဆောင်မှုပေးနိုင်မည့် MSME Unit အား ၂၄.၁.၂၀၂၄ ရက်နေ့မှစ၍ ဖွဲ့စည်း၍ ဝန်ဆောင်မှုပေးရန် ရုံးတွင်းညွှန်ကြားလွှာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး MSME လုပ်ငန်းရှင်များအား ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ပထမပုဂ္ဂလိကဘဏ်လီမိတက်အနေဖြင့်** Internet Banking, Mobile Banking ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ၂၀၂၄ ခုနှစ်၊ မတ်လတွင် ဆောင်ရွက်ပြီး MSME နှင့်ပတ်သက်၍ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် သင်တန်းများပို့ချရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်အနေဖြင့်** MSME များ ဖွံ့ဖြိုးတိုးတက် ရေးအတွက် JICA ODA SME နှစ်ဆင့်ချေးငွေ စီမံကိန်းအဆင့်(၂)တွင် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းပါဝင် ဆောင်ရွက်သည့်အဖွဲ့အစည်း (PFI) အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေအပါအဝင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတို့ရှိ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြန်မာ့စီးပွားရေးဘဏ်မှ JICA TSL နှစ်ဆင့်ချေးငွေရယူပြီး MSME လုပ်ငန်းများသို့ ဘဏ္ဍာရေးအထောက်အပံ့ (Financial Assistance) ဖြစ်စေရန်အတွက် အာမခံမဲ့ဖြစ်စေ၊ အာမခံပစ္စည်းတင်သွင်း၍ဖြစ်စေ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများအား ထုတ်ချေးခဲ့ပြီး NDB SME Centre အဖြစ် သီးခြားဖွင့်လှစ်၍ MSME လုပ်ငန်းရှင်များကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

JICA SME TSL Ordinary Loan ချေးငွေအား MSME လုပ်ငန်းရှင် (၉၁)ဦးကို ချေးငွေကျပ် (၈,၀၂၇.၆၀) သန်း နှင့် COVID-19 ချေးငွေအား MSME လုပ်ငန်းရှင် (၁၃၂) ဦးသို့ ချေးငွေကျပ် (၉,၃၄၃.၀၉) သန်းအား ထုတ်ချေးဆောင်ရွက်ထားရှိပါသည်။ Covid-19 ကြောင့် ထိခိုက်မှုရှိနေသည့် နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများအား စီးပွားရေးထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေးအတွက် နိုင်ငံတော်၏ Covid-19 Fund မှတစ်ဆင့် ရယူ၍ အာမခံရယူခြင်းမရှိဘဲ တစ်နှစ်လျှင် အတိုးနှုန်း (၁%) ဖြင့် ၃၁.၁၂.၂၀၂၃ ရက်နေ့အထိ စုစုပေါင်း MSME လုပ်ငန်းရှင် (၆)ဦးကို Covid-19 ချေးငွေကျပ် (၇၈.၄၀)သန်းအား ထုတ်ချေးဆောင်ရွက်ထားရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့် အညီ MSME ချေးငွေအတိုးနှုန်းအား ပြင်ဆင်လျှော့ချခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ (COVID-19) ရောဂါကြောင့် အမှန်တကယ် ထိခိုက်မှုရှိသော MSME လုပ်ငန်းရှင်များ၏ ချေးငွေပြန်လည်ပေးဆပ်ရန် အခက်အခဲများ ဖြစ်ပေါ်နေသည့်အတွက် မြန်မာ့စီးပွားရေး ဘဏ်၊ နှစ်ဆင့်ချေးငွေစီမံကိန်းကြီးကြပ်မှုအဖွဲ့၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရင်းဆိုင်းငံ့ကာလ

(Grace Period) အား ဖြေလျှော့၍ ချေးငွေပြန်လည်ပေးဆပ်ရမည့် အစီအစဉ်အား Rescheduling ဆောင်ရွက်ပေးလျက်ရှိပါသည်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်အနေဖြင့်** ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များအား ချေးငွေများ ထုတ်ချေးလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ ချေးငွေလုပ်ငန်းရှင် (၁၃၅)ဦးသို့ ငွေကျပ် (၁,၁၂၆.၇၇)သန်း ထုတ်ချေးထားပြီးဖြစ်ပါသည်။

**SME Development Bank** အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများအား ဘဏ်သို့ ဖိတ်ခေါ်၍လည်းကောင်း၊ MSME လုပ်ငန်းရှင်များအား စုဝေးနိုင်သည့် အသင်းအဖွဲ့များနှင့် ချိတ်ဆက်၍သော်လည်းကောင်း၊ ဘဏ် Product များအကြောင်း ရှင်းလင်းဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ အသင်း (MWEA) ၌ ၂၇.၁.၂၀၂၄ ရက်နေ့တွင် အသင်းဝင် အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင် MSME လုပ်ငန်းရှင်များအား MSME Loan, JICA SME Two-Step Loan ချေးငွေများနှင့် ပတ်သက်သည့် ချေးငွေလျှောက်ထားခြင်းဆိုင်ရာ သိကောင်းစရာ အချက်အလက်များ အကြောင်းနှင့် ချေးငွေလျှောက်ထားနိုင်ကြောင်း ရှင်းလင်း၍ ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

**ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်အနေဖြင့်** MSME လုပ်ငန်းရှင်များ အဆင်ပြေစေရန်အတွက် ငွေလွှဲငွေထုတ် ဘဏ်ဝန်ဆောင်မှုများ၊ ချေးငွေ၊ စုငွေ စသည့် လုပ်ဆောင်မှုများအား ဝန်ဆောင်မှုပေးနေပါသည်။ အထူးသဖြင့် MicroSME Loan နှင့် A+ Digital Payment တို့ဖြင့် ဝန်ဆောင်မှုကို ဖော်ပြပါ အပိုင်း(၄)ပိုင်းဖြင့် လုပ်ဆောင်ပေးနေပါသည်။

- Association များအား အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ MSME ချေးငွေများ ထုတ်ချေးခြင်း၊
- Public Company များ နှင့် Partner လုပ်၍ MSME ချေးငွေများ ထုတ်ချေးနိုင်ရန် ပူးပေါင်း၍ ဆောင်ရွက်ခြင်း၊
- NGO အဖွဲ့အစည်းများနှင့်ပူးပေါင်း၍လည်း MSME လုပ်ငန်းရှင်များအား ချေးငွေဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်ခြင်း၊
- Agriculture နှင့်ပတ်သက်သော MSME ချေးငွေများအား ဘဏ်၏ စည်းမျဉ်းစည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိသော MSME လုပ်ငန်းရှင်များအား ချေးငွေထုတ်ချေးပေးခြင်း၊

**ဂုဏ်ထူးဆောင်တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်အနေဖြင့်** G Bank ရုံးချုပ်-ချေးငွေဌာနတွင် MSME Section ကို အဖွဲ့ဝင် (၄)ဦးဖြင့် ဖွဲ့စည်းထားပြီး G Bank ရုံးချုပ်-ချေးငွေဌာနမှ MSME ချေးငွေများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းနှင့်

ညွှန်ကြားချက်ကို ၆.၃.၂၀၂၃ နေ့တွင် ညွှန်ကြားခဲ့ပါသည်။ ချေးငွေဌာနမှ ဝန်ထမ်းများနှင့် ဘဏ်ခွဲရှိ ဝန်ထမ်းများသို့ လုပ်ကိုင်ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် သက်ဆိုင်သည့် သင်တန်းများကို ပို့ချပြီးဖြစ်ပါသည်။

**ရွှေကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်အနေဖြင့်** ရွှေဘဏ်၏ မိုဘိုင်း Wallet ဖြစ်သည့် Mo Money Wallet မှတစ်ဆင့် MSME Online Registration နှင့် e-Payment နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး MSME လုပ်ငန်းများအတွက် Market Loan (ဈေးချေးငွေ) Product နှင့် MSME လုပ်ငန်းများအတွက် Very Small Loan Product အား ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

**သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက်အနေဖြင့်** MSME လုပ်ငန်းရှင်များကို ဘဏ်ဝန်ဆောင်မှု၊ ချေးငွေဝန်ဆောင်မှုများပေးရန်အတွက် MSME Section များ ဖွဲ့စည်းခြင်းနှင့် MSME လုပ်ငန်းရှင်များကို Financing ပေးရန်အတွက် ချေးငွေမူဝါဒများကို ရေးဆွဲဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ၃၁.၁၂.၂၀၂၃ ရက်နေ့အထိ စာရင်းအရ ချေးငွေပမာဏ ကျပ်သန်း (၅၀၀) နှင့် အောက် Customer များ ဖြစ်သည့် MSME ၊ SME လုပ်ငန်းရှင် (၂၃)ဦး၊ ချေးငွေပမာဏ ကျပ်သန်း (၄,၆၃၁)အား ချေးငွေများ ထုတ်ချေးထားလျက်ရှိပြီး ၎င်း Customer များတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများဖြစ်သော ဆန်စက်၊ ဆီစက် လုပ်ငန်းရှင် (၄)ဦး၊ ချေးငွေပမာဏ ကျပ်သန်း (၂၆၉)အား ထုတ်ချေးထားခဲ့ပြီးဖြစ်ပါသည်။ ၎င်းအပြင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင့်လျော်သော ချေးငွေများချ ထားပေးနိုင်ရန် Green Financing ချေးငွေအမျိုးအစား လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး အတွက် လယ်ယာသုံးစက်ပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် ချေးငွေများ ချထားပေးနိုင်ရန် မူဝါဒများ ချမှတ်ထားလျက်ရှိပါသည်။

**မြန်မာ့ခရီးသွားဘဏ်လီမိတက်အနေဖြင့်** SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစ၍ လုပ်ငန်းရှင် (၁၆)ဦးသို့ ချေးငွေကျပ် (၂,၁၆၉.၁၂)သန်း ထုတ်ချေးခဲ့ပါသည်။ SME လုပ်ငန်းများသို့ လစဉ်တိုး၍ထုတ်ချေးခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ကုန်အထိ လုပ်ငန်းရှင် (၁၁၇)ဦးသို့ ချေးငွေ ကျပ်(၁၇,၁၅၆.၆၆)သန်း ထုတ်ချေးခဲ့ပြီးဖြစ်ပါ သည်။ ချေးငွေကိစ္စများ အဆင်ပြေစေရန်အတွက် Online Regist-ration, MTB Mobile Bank-ing, MPU Card များကို အသုံးပြု၍ E-Payment ဖြင့် ပေးသွင်းနိုင်အောင်လည်း စီစဉ် ဆောင်ရွက်ပြီးဖြစ်ပါသည်။

**ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်လီမိတက်အနေဖြင့်** ဘဏ်၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ MSME ချေးငွေဝန်ဆောင်မှု လုပ်ငန်းကို ၁.၂.၂၀၂၄ ရက်နေ့ တွင် ချေးငွေညွှန်ကြားချက်အမှတ် (၃၂) ဖြင့် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာမက်ထရိုဘဏ်လီမိတက်အနေဖြင့်** SME လုပ်ငန်းရှင်များကို အဆင်ပြေစေမည့်ချေးငွေပုံစံများကို ထုတ်ချေးလျက်ရှိပါသည်။ ဘဏ်၏ဖွဲ့စည်းပုံတွင်လည်း Business Banking အောက်တွင် SME Banking Union နှင့် MSME Unit တို့အား ထားရှိပြီး ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာ့စီးပွားရေးဘဏ်အနေဖြင့်** ပြည်သူလူထုအပ်ငွေမှ ထုတ်ချေးသည့် MEB MSME ချေးငွေများကို စုစုပေါင်း (၃၆၈)ဦး ငွေပမာဏ ကျပ် (၂၈,၃၉၂) သန်း၊ MEB MSME စနစ်ဖြင့် စုစုပေါင်းဦးရေ (၃၈) ဦး၊ ငွေပမာဏကျပ် (၃၆,၉၈)သန်း၊ JICA MSME Two-Step Loan ချေးငွေများကို စုစုပေါင်း(၂၉၈)ဦး၊ ငွေပမာဏ ကျပ်(၃၀,၂၁၀) သန်းအား JICA MSME Two-Step Loan စနစ်ဖြင့် စုစုပေါင်းဦးရေ(၂၃)ဦး၊ ငွေပမာဏ ကျပ် (၃,၂၄၅)သန်းတို့ကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါသည်။ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအား ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ စတင်ထုတ်ချေးပေးလျက်ရှိရာ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားလာသည့် ဆီစက်လုပ်ငန်းရှင်များအနက် နေပြည်တော်ကောင်စီနယ်မြေ၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး တို့ရှိ ဆီစက်လုပ်ငန်းရှင် (၁၂)ဦး၊ ငွေပမာဏကျပ် (၁၄၇၀)သန်း ထုတ်ချေးပေးပြီးဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီး/ ပြည်နယ်များမှ တင်ပြလာသည့် ချေးငွေအဆိုပြုလွှာများမှ ချေးငွေသတ်မှတ်ချက်နှင့်ကိုက်ညီသည့် ဆီစက်လုပ်ငန်းရှင်များအား ဆက်လက်ထုတ်ချေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကျပ်(၁၇၀) ဘီလီယံအနက်မှ (၁၅၀) ဘီလီယံအား MSME လုပ်ငန်းရှင်များသို့ ချေးငွေများထုတ်ချေးနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာနှစ်တွင် စက်မှုဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ လုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့ကို ငွေစုဘဏ်လုပ်ငန်းနှင့် ဖွံ့ဖြိုးရေး ချေးငွေဌာနခွဲမှ တာဝန်ယူဆောင်ရွက်ပြီး ချေးငွေစိစစ်ကြီးကြပ် ကွပ်ကဲရေးဌာနခွဲမှ ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်း Participating Financial Institution (PFI) အနေဖြင့်လည်း တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ ရေးဆွဲ၍ ပြည်နယ်/တိုင်းဒေသကြီးရုံးများမှတစ်ဆင့် သက်ဆိုင်ရာ ဘဏ်ခွဲများသို့ ဖြန့်ဝေပေးပြီးဖြစ်ပြီး ဒေသဆိုင်ရာMSME Agency များသို့ ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ချေးငွေအဆိုပြုလွှာနှင့် တင်ပြရမည့် အထောက်အထားတို့အား အသိပေးရှင်းလင်းပြီးဖြစ်ပါသည်။ မြန်မာ့စီးပွားရေးဘဏ်ဦးဆောင်သည့် ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့

နှင့် PFI ဘဏ်အကြား ချုပ်ဆိုမည့် ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Participation Agreement) မူကြမ်းအား ဥပဒေရေးရာဝန်ကြီးဌာန၏ သဘောထား မှတ်ချက်များအရ ပြင်ဆင်ရေးဆွဲခြင်းနှင့် ချေးငွေ ဆိုင်ရာလုပ်ငန်းအဖွဲ့မှ ပုဂ္ဂလိကဘဏ် (၂၇) ဘဏ်အား PFI ဘဏ်များအဖြစ် ဖိတ်ခေါ်ခွင့်ပြုပါရန် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ပါသည်။ MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ချေးငွေရယူမည့် MSME လုပ်ငန်းရှင်များ အနေဖြင့် သက်ဆိုင်ရာဒေသရှိ MSME အေဂျင်စီများမှတစ်ဆင့် ချေးငွေများ စတင်လျှောက်ထား နိုင်မည်ဖြစ်ပြီး ကနဦးအနေဖြင့် PFI ဘဏ်အဖြစ် မြန်မာ့စီးပွားရေးဘဏ်မှ စတင်ထုတ်ချေး မည် ဖြစ်ပါကြောင်း အသိပေးကြေညာထားပြီးဖြစ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့်** JICA Two Step Loan အား တောင်သူ (၅,၇၀၂) ဦး ကျပ် (၂၃၈,၃၅၅.၁၇၈) သန်း၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ တိုင်းဒေသကြီး/ပြည်နယ် (၉)ခု၊ မြို့နယ် (၄၀)ခု၊ တောင်သူ (၁၅၀)ဦးသို့ ထွန်စက်ကြီး (၁၁၄)စီး၊ ရိတ်သိမ်းခြွေလှေ့စက် (၃၆)စီး၊ စုစုပေါင်းစက်(၁၅၀)စီး၊ ငွေကျပ် (၉၃၉၂.၁၃)သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။ လယ်ယာ စိုက်ပျိုးရေးကိုအခြေခံသည့် စက်ကိရိယာပစ္စည်းများ၊ အဆောက်အဦများကို MEB Two Step Loan အစီအစဉ်စတင်သည့် ၂၄.၄.၂၀၁၈ ရက်နေ့မှ ၃၁.၁၂.၂၀၂၃ ရက်နေ့အထိ တောင်သူ လုပ်ငန်းရှင် (၉၈၇၂) ဦး၊ ကျပ် (၃၅,၉၂၄.၇၉၃)သန်း ထုတ်ချေးခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ထုတ်ချေးသော ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေကို ၇.၇.၂၀၂၃ ရက်နေ့မှ စတင်ထုတ်ချေးခဲ့ပြီးဖြစ်ပါသည်။

**တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်(မန္တလေး)အနေဖြင့်** MSME Unit တစ်ခု ဖွဲ့စည်းဆောင်ရွက်ထားပြီး ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် MSMEs ချေးငွေ စုစုပေါင်း ချေးငွေ၏ ၃၀ % ထိ Target ထားရှိ ဆောင်ရွက်မည်ဖြစ်ပါသည်။ Retails နှင့် Branches Sales Team များမှလည်းကောင်း၊ Bank ၏ Website နှင့် social media များမှ အနည်းဆုံးနှစ်လတစ်ခါ ကြော်ငြာ၍လည်းကောင်း၊ ခုနှစ်ရက်ပတ်လုံး ဝန်ဆောင်မှုပေးနေ သည့် ဘဏ်၏ Contact Center ဖွင့်လှစ်ထားရှိ၍လည်းကောင်း ဘဏ်၏ ဝန်ဆောင်မှုများ ပေးနိုင်ရေး အလေးထားဆောင်ရွက်နေပါသည်။

MSME ဈေးကွက်အတွင်း ချေးငွေရှာဖွေခြင်းနှင့် ဘဏ်၏ အခြားဝန်ဆောင်မှုများပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ခြင်း၊ MSMEs သို့ စနစ်တကျ ချေးငွေများ ထုတ်ချေးပေးနိုင်ရေး MoU များ ရေးထိုးဆောင်ရွက်ရန် အတွက်လည်း အလေးထားဆောင်ရွက်လျက်ရှိရာ MSME များအား ချေးငွေပမာဏ ကျပ်-၅၀၀ သန်းထိ သတ်မှတ်ထုတ်ချေးပေးနေပါသည်။ ဘဏ်ခွဲ ပေါင်း (၅)ခုထိ ဖွင့်လှစ်ထားပြီး ဘဏ်ခွဲရှိ မြို့နယ်များ၌ ဈေးကွက်ရှာဖွေ၍ MSMEs များကို ချေးငွေထုတ်ချေးပေးနေပါသည်။ ချေးငွေထုတ်ချေးထားသည့် ချေးငွေများတွင် ကျပ်သန်း

၅၀၀ ပမာဏနှင့်အောက် ထုတ်ချေးထားသည့် စာရင်းပမာဏသည် ၃၁.၁၂.၂၀၂၃ ရက်နေ့ အထိ စုစုပေါင်းချေးငွေ ပမာဏ၏ ၃၀ % ခန့် ရှိပါသည်။

**ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့်** သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စည်ပင်သာယာရေးကော်မတီ (နေပြည်တော်) တို့တွင် ကမ္ဘောဇဘဏ်ဝန်ဆောင်မှုများကို လည်းကောင်း၊ SME လုပ်ငန်းရှင်များအား KBZ Bank ၏ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှု များအပြင် Contract Financing ချေးငွေအသုံးပြုနိုင်ရန်အတွက် ဝန်ကြီးဌာနများသို့ သွားရောက်တွေ့ဆုံဆွေးနွေးခြင်း၊ တင်ဒါအောင်မြင်သော လုပ်ငန်းရှင်များသို့ Contract Financing ချေးငွေဖြင့် ကူညီပံ့ပိုး၍ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဝန်ကြီးဌာနများသို့ သွားရောက်တွေ့ဆုံဆွေးနွေးခြင်းနှင့် Contract Financing ချေးငွေနှင့် ဝန်ဆောင်မှုများကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ကမ္ဘောဇဘဏ် SME ဌာနမှ KBZ Local Corporate ဌာနနှင့် ချိတ်ဆက်ကာ ချေးငွေစိတ်ဝင်စားသော မွန်ပြည်နယ် ဆားထုတ်လုပ်ရေးလုပ်ငန်းရှင်များ အသင်းနှင့် ရခိုင်ပြည်နယ် ဆားထုတ်လုပ်ရေး လုပ်ငန်းရှင်များအသင်းတို့အား ဘဏ် ဝန်ဆောင်မှုများ ကူညီပေးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းချုပ်

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် ၂၀၂၃-၂၀၂၆ အလုပ် အမှုဆောင်သက်တမ်းတွင် မိမိတို့၏ အသင်းဝင် MSME လုပ်ငန်းရှင်များအား ပိုမိုထိရောက်စွာ ကူညီပံ့ပိုးချိတ်ဆက်ပေးနိုင်ရန် ရည်ရွယ်ပြီး MSME လုပ်ငန်းကော်မတီကို မိမိတို့၏အမှုဆောင် ဒါရိုက်တာအဖွဲ့ဝင်များမှ ဦးဆောင်၍ စိတ်ပါဝင်စားသော အသင်းဝင်များဖြင့် ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည်။ အသင်းဝင် MSME လုပ်ငန်းရှင်များအကြား ချိတ်ဆက်မှုပိုမို အားကောင်းလာစေရန် ရည်ရွယ်၍ အသင်းဝင်များ အချင်းချင်းနှင့် အခြားအဖွဲ့အစည်းများကြား Network Event များကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် တစ်ကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် တစ်ကြိမ်၊ ၂၀၂၄ ခုနှစ်၊ မတ်လတွင် တစ်ကြိမ် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

အသင်းဝင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းသစ်များ မတည်ထူထောင်နိုင်ရန်၊ ရှိနှင့်ပြီး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံလူငယ်စွန့်ဦး တီထွင်လုပ်ငန်းရှင် များအသင်းနှင့် နိုင်ငံတွင်းရှိ ပုဂ္ဂလိကဘဏ်များဖြစ်ကြသော AYA Bank, Yoma Bank, Myanmar Tourism Bank တို့ကြား နားလည်မှုစာချွန်လွှာရေးထိုးပြီး အသင်းဝင် လုပ်ငန်းရှင် များအား ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့များ ပိုမိုသိရှိနိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း များအား လုပ်ဆောင်ပေးခဲ့ပါသည်။

ပုံ (၆၁) မှတ်တမ်းဓာတ်ပုံများ






MSME လုပ်ငန်းရှင်များ စီမံခန့်ခွဲမှုဆိုင်ရာအတွေ့အကြုံနှင့် ဘဏ္ဍာရေးဆိုင်ရာဗဟုသုတများ တိုးပွားစေရေးအတွက် ပြင်ပအသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဆွေးနွေးဟောပြောပွဲများ ကျင်းပခြင်းနှင့် MSMEထုတ်ကုန်များကို အရောင်းမြှင့်တင်ရန်နှင့် ဈေးကွက်ရရှိရန်အတွက် ပထမအကြိမ် MYEA ဈေးပွဲတော်ကို ရန်ကုန်မြို့၊ Central ခန်းမတွင် ပြည်တွင်း ကုန်ထုတ်လုပ်ငန်းရှင်များ ဝန်ဆောင်မှုလုပ်ငန်းရှင်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ ဆောင်ရွက်ပေးခဲ့ပါသည်။ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် အသင်းသား MSME လုပ်ငန်းရှင်များ MSME မှတ်ပုံတင်လျှောက်ထားရာတွင် လွယ်ကူ မြန်ဆန်စေရေးအတွက် စက်ဆက်ဌာနများနှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ပုံ (၆၂) **MYEA** ဟောပြောပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပခဲ့မှုမှတ်တမ်းဓာတ်ပုံများ






## မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း

မြန်မာအမျိုးသမီးများစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ MSME ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ဆောင်ရွက်ခဲ့မှုများ အား စာတမ်းပြုစု၍တင်ပြခဲ့ပြီး ဆောင်ရွက်ဆဲအနေဖြင့် MSME များအား အထောက်အကူပြုနိုင်ရန်အတွက် တက္ကသိုလ်များမှ သုတေသနစာတမ်းများအား အသိပညာဖြန့်ဝေခြင်း (Knowlegde Sharing) အစီအစဉ်များ ဆောင်ရွက်ရန်”အတွက် MWEA ၏ တင်ပြထားသော စာတမ်းအား ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များအား ထည့်သွင်း၍ MSME ညီလာခံတွင် ထည့်သွင်းဆွေးနွေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ ပါသည်။

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ Implementing Institution အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေရသည့် ASEAN Republic of Korea Cooperation Project for Women MSMEs Participation in Digital Economy (IDEAS) Project (2022-2026) ဆောင်ရွက်မှုများနှင့် လုပ်ငန်းစဉ်များအား တင်ပြခြင်းနှင့် အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင် (၂၄၂) ဦးအား Digital Economy အတွင်း ဝင်ရောက်ဆောင်ရွက် လုပ်ကိုင်နိုင်ရန်နှင့် ဒီဂျစ်တယ်နည်းပညာများ၊ စီးပွားရေးနည်းပညာများ အသုံးပြု၍ လုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရေးနှင့်အတူ ဈေးကွက်များအား e-Commerce ဖြင့် တိုးချဲ့ ဆောင်ရွက် နိုင်ရေးအတွက် သင်တန်းများပေးနိုင်ခြင်းနှင့် digital materials များဆောင်ရွက်နိုင်ရေး အတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၁၀၀) နှင့် ညီမျှသော မြန်မာကျပ်ဖြင့် မတည်ငွေ ပံ့ပိုးပေးခြင်းအစီအစဉ်ကို ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိပါသည်။

ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့၏ Sookmyung Women University ၌ ၂၀၂၃ ခုနှစ်၊ မတ်လတွင် ပြုလုပ်သည့် Action Plan Finalization Workshop အား Project Leader နှင့် Lead Consultant တို့မှ တက်ရောက်ဆွေးနွေးခဲ့ရာ အဆိုပါ Action Plan အား အတည်ပြုခွင့် ရရှိခဲ့ပြီး သင်တန်းများ ပြန်လည်ပို့ချနိုင်ရေးနှင့် သင်တန်းတွင် ပါဝင်သင်ကြားရမည့် Localised Curriculum များအား အင်္ဂလိပ်၊ မြန်မာ (၂)ဘာသာဖြင့် ပြုစုနိုင်ရေးအတွက် Train the Trainer Program သို့ သွားရောက်ရန် MWEA မှ Trainer (၁၂)ဦးနှင့် MSME Trainer (၂)ဦးတို့မှ ASEAN SME Academy ကြို့တင်တက်ရောက်ထားရမည့် သင်တန်း (၇) ခုအားလည်း online မှတစ်ဆင့်တက်ရောက်လျက်ရှိပါသည်။ ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့ Sookmyung Women University တွင် ဆောင်ရွက်ပြုလုပ်မည့် Training of Trainers အစီအစဉ်သို့ သွားရောက်နိုင်ရေးဆောင်ရွက်ခဲ့ပါသည်။ Project ၏ နှစ်အလိုက် ဆောင်ရွက် ရာတွင် ပံ့ပိုးပေးသည့်နိုင်ငံခြားငွေ လက်ခံနိုင်ရေးအတွက်လည်း Budget Proposal Finalisation များ ဆောင်ရွက်လျက်ရှိပြီး Bank Transfer လက်ခံနိုင်ရေးနှင့် project ၏

လိုအပ်ချက်အရ USD ဖြင့် ဘဏ်စာရင်းတွင် ထားရှိနိုင်ခြင်းတို့အား စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ASEAN KOREA Cooperation Project ၏ လုပ်ငန်းစီမံချက်တွင် One Region One Product ၏ အဓိက ဦးစားပေးကဏ္ဍများထဲမှ စားသောက်ကုန်လုပ်ငန်းများ၊ ဝါချည်/ ကြာချည် အစရှိသည့် သဘာဝချည်ထည် လုပ်ငန်းများနှင့် Souvenir ထုတ်လုပ်သည့် လုပ်ငန်းကို ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ် တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ရေးဆွဲထားပြီးဖြစ်ပါသည်။

ASEAN Women Entrepreneurs' Network ( AWEN ) ၏အဓိကရည်ရွယ်ဖြစ်သော နိုင်ငံမှ စီးပွားရေး အမျိုးသမီးများအတွက် စီးပွားရေးချိတ်ဆက်မှုများ သတင်းအချက်အလက် ဖလှယ်မှုများ နိုင်ငံရေးပြောင်းလဲမှုများကို ၂၀၁၄ ခုနှစ်စတင်ခဲ့ပြီး ASEAN အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များအတွက် လိုအပ်သော စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများကို စီစဉ်ပေးခြင်း Start-up အမျိုးသမီးလုပ်ငန်းရှင်များကို ကူညီဆောင်ရွက်ပေးခြင်းတို့ကို အဓိကထားလုပ်ဆောင်ပေးခဲ့ပါသည်။ ၂၀၁၄ ခုနှစ်မှစတင်ပြီး AWEN မှ နှစ်စဉ်နှစ်တိုင်း အမျိုးသမီးစွမ်းဆောင်ရှင်ဆုများကို ချီးမြှင့်ခဲ့ရာ ယခုအခါတွင် အသင်းမှ ASEAN Outstanding Women Entrepreneurs Award ကို ထူးချွန်ဆုရရှိသူ (၅၂) ဦး ရရှိခဲ့ပါသည်။

ပုံ (၆၃) မှတ်တမ်းဓာတ်ပုံများ






## မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ Zoom Meeting ဖြင့် တက်ရောက်ခဲ့မှုများ

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ASEAN Women CEO Summit အစည်းအဝေး၊ Enhancing Digital Economy Participation for ASEAN Women MSMEs Project ဆွေးနွေးပွဲ၊ ASEAN Millennial Series for Starting Your Business in Asean Project ဆွေးနွေးပွဲ၊ AWEN Millennial Series for the Fashion ဆွေးနွေးပွဲ၊ UMFCCI ၏ (၁၀)ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနား၊ ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြီးမှူး၍ Asean Training Course on Export

for Women – Ownd SMEs သင်တန်း၊ ASEAN မှ ဦးဆောင်ကျင်းပသော Women Entrepreneurs Network Business Matching , Mekong Institute မှဖိတ်ကြားသည့် Facilitation Fintech and Digital Payment Inclusion for MSMEs in Lancang Mekong Counties Workshop, Resilience for Women – Led SMEs Programme မှ ကျင်းပပြုလုပ်သော Inspiration from Successful Women Entrepreneurs ပွဲတွင် Panelist အဖြစ်ပါဝင်ဆွေးနွေးခြင်း၊ ASEAN ACCESS မှ ဦးဆောင်ကျင်းပသော F & B Franchise Webinar, Integration Provision focused on Women Entrepreneurship in Asean MSME Policies, အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ Yunan Provincial Government of P.R China ၏ ပံ့ပိုးမှုဖြင့် ကျင်းပပြုလုပ်သည့် Promoting Digital Connectivity Through E–Commerce Development in the Greater Mekong Subregion Program, Regional Dialogue on Enabling women's Entrepreneurship Through Smart Legislative and Policy Reforms, ASEAN ACCESS နှင့် ASEAN Japan Center တို့ပူးပေါင်းကျင်းပသည့် Selling Your Products on Amazon Japan ပွဲ၊ Digital Trade Dialogue in the Asean Toward an Interoperable and Inclusive Regional Ecommerce Market , IAI Course Adopting Industry 40. Technologies Challenges Strategies for small and Medium Enterprise (SME) သင်တန်း, USAID Responsible Investment and Trade Activity မှဖွင့်လှစ်သော Women Directors Program, ASEAN Business and Investment Summit , စက်မှုဝန်ကြီးဌာနမှ ကျင်းပပြုလုပ်သော MSMEs Working Committee Meeting, ASEAN ACCESS Week Nov အတွက် ကျင်းပသည့် Fin Teah & Business Matching များပြုလုပ်ကျင်းပခဲ့ပြီး Growth of MSMEs in ASEAN Through Cross – Border Opportunities, Policy Dialogue and Launch of the Policymakers Toolkit on Strengthening women's Entrepreneurship in National Micro Small and Medium Enterprise Policies and Action Plans Meeting, Region Dialogue Supporting Gender Equality and Social inclusion in Climate Action Planning Mekong for the future, 3rd Meeting of the Advisory Group on Asean women, The World Bank Myanmar မှ ကြီးမှူးကျင်းပသော A Briefing on World Bank's Myanmar Economic Monitor Event, ASEAN ACCESS Webinar on Switch to Green Packaging Virtual Cross – Border Business Panel တို့သို့ Zoom ဖြင့် တက်ရောက်ခဲ့ကြပါသည်။

ပုံ (၆၄) မှတ်တမ်းဓာတ်ပုံများ






မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများ နှင့် ချိတ်ဆက်၍ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ MSME ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### ၇.၄.၁ ကချင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ

**(၁) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ Member Card/ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားမှု အခြေအနေ**

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Member Card လျှောက်ထားလာသည့် လုပ်ငန်းများအား Member Card အသစ်/ ယာယီမှတ်ပုံတင်လက်မှတ် ရရှိနိုင်ရေး စိစစ် ဆောင်ရွက်ပေးခဲ့ရာ ၁.၂.၂၀၂၁ မှ ၃၀.၄.၂၀၂၄ ရက်နေ့အထိ အသေးစား (၈၄၂) ခု၊ အလတ်စား (၈၄) ခု၊ စုစုပေါင်း (၉၂၆) ခု ရှိပြီး ယာယီမှတ်ပုံတင်လက်မှတ်ကို ၁၂.၇.၂၀၂၃ ရက်နေ့မှ ၃၀.၄.၂၀၂၄ ရက်နေ့ထိ အသေးစား (၄၈)ခု၊ အလတ်စား (၁၄)ခု ၊ စုစုပေါင်း (၆၂)ခု ထုတ်ပေးနိုင်ခဲ့ပါသည်။

ပုံ (၆၅) SME Member Card ထုတ်ပေးမှုအခြေအနေ






ကချင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များအား မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ချေးပေးသည့်နှစ်လတ်ချေးငွေများ၊ JICA Two Step Loan နှင့် ပုဂ္ဂလိကဘဏ်များမှ ချေးပေးနေသော ချေးငွေအာမခံစနစ် ချေးငွေများနှင့်ပတ်သက်သော သတင်းအချက် အလက်များ ဖြန့်ဝေပေးခြင်း၊ ရှင်းလင်းဆွေးနွေးပေးခြင်းများကို အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် MSME လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံစာရယူ လိုသော လုပ်ငန်းရှင်များ၏ လျှောက်လွှာများကို ကွင်းဆင်းစစ်ဆေး၍ ထောက်ခံစာ ထုတ်ပေးခြင်း၊ ထောက်ခံစာရရှိပြီး လုပ်ငန်းရှင်များအား ဘဏ်များနှင့် ဆက်သွယ်ချိတ်ဆက် ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် MSME လုပ်ငန်းရှင်များအား ငွေကြေးအရင်းအနှီး ရရှိနိုင်ရေးအတွက် MSME လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံစာများ ထုတ်ပေးခဲ့ရာ ၃၀.၄.၂၀၂၄ ရက်နေ့ထိ လုပ်ငန်းရှင်(၁၃)ဦးအား ထုတ်ပေးခဲ့ပါသည်။

ဒိန်းမတ်နိုင်ငံ၏ ထောက်ပံ့မှုဖြစ်သော Responsible Business Fund (RBF) Grant မှ MSME လုပ်ငန်းများအတွက် ၂၀၂၄ ခုနှစ် မတ်လအထိ လုပ်ငန်းရှင် (၁၁) ဦးအား ကျပ်(၇၅.၆)သန်းကို ထောက်ပံ့မှုရရှိအောင် ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

**ဇယား (၁၉) ၃၀.၄.၂၀၂၄ ရက်နေ့အထိ RBF Grant ငွေကြေးထောက်ပံ့မှုအခြေအနေ**

| စဉ် | ချေးငွေအမျိုးအစား | ပံ့ပိုးသည့်အဖွဲ့ | ငွေပမာဏ (ကျပ်သန်း) | ရရှိသည့် အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | RBF Grant | ဒိန်းမတ်နိုင်ငံ (RBF Grant) | ၇၅.၆ | ၁၁ | |

ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ အဆိုပြုလွှာအား ကချင်ပြည်နယ်မှ MSME လုပ်ငန်းရှင်များ လျှောက်ထားနိုင်ရေးကို ဖုန်းဖြင့်လည်းကောင်း၊ SME Kachin Facebook Page တွင်လည်းကောင်း သတင်းအချက်အလက်များ ဖြန့်ဝေပေးခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ ဆီစက်ချေးငွေ အဆိုပြုလွှာတင်သွင်းခဲ့သည့် ဆီစက်လုပ်ငန်းရှင် (၁၀)ဦးကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ ဆီစက်လုပ်ငန်းရှင် (၁)ဦးမှ ချေးငွေကျပ်သန်း (၅၀) ရရှိခဲ့ပါသည်။ ဆက်လက်၍ ၂၀၂၄ ခုနှစ်အတွက် ဆီစက်ချေးငွေများ လျှောက်ထားနိုင်ရေး ဆီစက်လုပ်ငန်းရှင်များနှင့် နီးနွယ်ဌာနများသို့အသိပေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ဇယား (၂၀) ၃၀.၄.၂၀၂၄ ရက်နေ့အထိ ဆီစက်နှင့် အခြား ချေးငွေရရှိမှုအခြေအနေ**

| စဉ် | ချေးငွေ အမျိုးအစား | ရရှိသည့် ဘဏ် | ငွေပမာဏ (ကျပ်သန်း) | ရရှိသည့် အရေအတွက်(ဦး) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | Covid-19 (တတိယအကြိမ်) | MEB | ၂၃ | ၄ | |
| ၂ | ဆီစက်ချေးငွေ | MEB | ၅၀ | ၁ | |
| ၃ | CGI Loan | AYA | ၈.၂ | ၁ | |
| စုစုပေါင်း | | | ၈၁.၂ | ၆ | |

ပုံ (၆၆) ကချင်ပြည်နယ် MSME ချေးငွေစိစစ်ရေး လုပ်ငန်းကော်မတီ၏ ချေးငွေဆိုင်ရာအစည်းအဝေး မှတ်တမ်းဓာတ်ပုံများ





ဇယား (၂၁) ချေးငွေလျှောက်ထားမှု အခြေအနေ

| စဉ် | လုပ်ငန်းအမျိုးအစား | ချေးငွေအမျိုးအစား | | (ဦးရေ) | အဆိုပြုချေးငွေ (ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အပေါင်ပစ္စည်းပေး | CGI | | | |
| ၁ | ဝတ်ဆင်ရန်အထည် ထုတ်လုပ်မှု | ၂ | ၇ | ၉ | ၃၃၀.၀၀ | |
| ၂ | အစားအစာထုတ်လုပ်မှု | ၃ | ၉ | ၁၂ | ၄၆၀.၀၀၀ | |
| ၃ | စိုက်/မွေး၊တွင်းထွက် နှင့်သစ်တောထွက် ပစ္စည်းရောင်းဝယ်ရေး | - | ၃ | ၃ | ၆၀.၀၀၀ | |
| ၄ | အခြေခံသတ္တုပစ္စည်း ထုတ်လုပ်မှု | - | ၁ | ၁ | ၂၀.၀၀၀ | |
| ၅ | ရော်ဘာနှင့်ပလပ်စတစ် ထုတ်လုပ်မှု | - | ၁ | ၁ | ၂၀.၀၀၀ | |
| စုစုပေါင်း | | | | ၂၆ | ၈၉၀ | |

## (၂) တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအနေဖြင့် ၃၀.၄.၂၀၂၄ ရက်နေ့အထိ SME Member Card/ ယာယီမှတ်ပုံတင်လက်မှတ် လျှောက်ထား လာသော လုပ်ငန်းများအနက်မှ ထုတ်လုပ်မှုလုပ်ငန်း (၅၀၉) ဦးရှိပြီး အစားအစာထုတ်လုပ် သည့်လုပ်ငန်းဖြစ်သော စားသောက်ရေးဆိုင်ရာလုပ်ငန်းမှာ အများဆုံးဖြစ်ပါသည်။ ဒေသ ထွက်ကုန်များကို တန်ဖိုးမြှင့် စားသောက်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲတိုးတက်လာ ပါသည်။

ရောင်းဝယ်မှုလုပ်ငန်း (၂၅၄) ဦးမှာ ကုန်စုံဆိုင်၊ ဆီပန့်ဆိုင်၊ သစ်ခွဲသား အရောင်းဆိုင်၊ စားသောက်ဆိုင်တို့ဖြစ်ပြီး ဝန်ဆောင်မှုအနေဖြင့် (၁၁၃)ဦးရှိပြီး ဟိုတယ်လုပ်ငန်း၊ ကရိန်း ဝန်ဆောင်မှုလုပ်ငန်း၊ အလှပြင်ဆိုင်လုပ်ငန်းဖြစ်ပါသည်။ အခြားလုပ်ငန်း (၄၆)ဦးရှိပြီး ကုမ္ပဏီ လုပ်ငန်းနှင့် ကြက်ခြံလုပ်ငန်းများလည်း ပါဝင်ပါသည်။

E-Market Place For Myanmar Product Platform တွင် ကချင်ပြည်နယ်အနေဖြင့် လုပ်ငန်းရှင် (၁၀)ဦး ၊ MSME Product Showroom တွင် MSME လုပ်ငန်းရှင် (၄) ဦးအား ရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါသည်။

**(၃) ကချင်ပြည်နယ်၏ ၂၀၂၂-၂၀၂၃ ခုနှစ် GDP၊ စက်မှုကဏ္ဍ၏ GDP ပါဝင်မှု ရာခိုင်နှုန်း၊ MVA/ GDP (GDP တွင် တန်ဖိုးမြှင့်ထုတ်လုပ်မှုရာခိုင်နှုန်း)**

ကချင်ပြည်နယ်၏ စက်မှုကဏ္ဍအနေဖြင့် ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာနှစ်၌ GDP တန်ဖိုးသည် ၂၆.၅ % ရှိပြီး ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာနှစ်၌ ၂၉.၆ %ဖြစ်ပြီး ယခင်နှစ်ထက် ၃.၁ % တိုးတက် လာကြောင်း ပြည်နယ်စီမံကိန်းဦးစီးဌာန၏ စာရင်းအရ သိရှိရပါသည်။

**(၄) ပြပွဲ/ ပြိုင်ပွဲများ Talk Show များ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Knowledge Sharing များ ဆောင်ရွက်မှုအခြေအနေများ**

အသေးစား၊ အငယ်စား နှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ၏ လမ်းညွှန်မှုဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ MSME Agency မှ ဦးစီးကျင်းပ ပြုလုပ်သည့် "အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်း ထုတ်ကုန်ပြပွဲ၊ပြိုင်ပွဲနှင့် MSME Talk Show စကားဝိုင်း" ကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ဆိုင်ခန်းပေါင်း (၃၂) ခန်း ပါဝင်ပြသပြီး ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် ဂုဏ်ပြုဆု(၃)ခု၊ စုစုပေါင်း ဆု(၆)ခုနှင့် လာရောက်ပြသသည့် လုပ်ငန်းရှင်များ အားလုံးကိုလည်း ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ပါသည်။

**ပုံ (၆၇) "အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် MSME Talk Show စကားဝိုင်း" မှတ်တမ်းဓါတ်ပုံများ**





ထို့အပြင် ၁၀.၁.၂၀၂၄ ရက်နေ့တွင် ကျရောက်သည့် (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့ ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်ခဲ့ရာ ဝန်ကြီးဌာနပေါင်းစုံမှ ကိုယ်စားပြုထုတ်ကုန် ပြခန်း (၂၄)ခန်း ပြသခဲ့ပြီး ကချင်ဒေသထွက် ကချင်ရိုးရာအထည်အမျိုးမျိုး၊ နှမ်းဆီမွှေး၊ မုန်ညှင်းဆီ၊ ရှီးပတီ၊ ရှီးပတီးဂျင်စင်းဆေးစိမ်၊ ရှီးပတီးဂျင်စင်း ပျားရည်၊ သစ်ကြားသီး၊ ငွေလာဘ်မင်းနှင့် ပွဲတိုင်းကျော် စားသောက်ကုန်၊ ခေါင်းလျှော်ရည်၊ သနပ်ခါး၊ နှစ်ထပ် ဆပ်ပြာ၊ မက်လင်ချဉ်ဆပ်ပြာ၊ ရိုးရိုးဆပ်ပြာ၊ တောင်တန်ကြီး၊ လိမ်းဆေးအဆီ၊ ခေါင်းအုံး၊ ခေါင်းအုံးစွတ်၊ ဖိနပ်၊ မျက်လုံးကာ၊ ခါးပတ်၊ ဒူးစွတ်၊ လည်ပတ်၊ ဖြန်းဆေး၊ ဆေးကပ်ခွာ၊ အသားခြောက်အစုံထုတ်၊ အသားခြောက်အစုံဖူး၊ ဆိတ်သားဆီစိမ်၊ ဝိုင် အမျိုးမျိုး၊ ကချင်ရိုးရာ ရောက်ကောဟင်းခတ်အမွှေးအကြိုင်၊ တိုင်းရင်းဆေး၊ ဂန္ဓီရမက်လင်ချဉ် ပေါင်းခံရည်များ ပါဝင် ပြသခဲ့ပါသည်။

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အနေဖြင့် MSME ထုတ်ကုန်ပြပွဲကို နေပြည်တော်၊ တပေါင်းကွင်း၌ ၁၀.၂.၂၀၂၄ ရက်နေ့မှ ၁၄.၂.၂၀၂၄ ရက်နေ့အထိ (၅) ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါပြပွဲ၌ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဒေသထွက်ကုန်များဖြင့် ပါဝင်ပြသရောင်းချ ခဲ့ပြီး ကချင်ပြည်နယ်အနေဖြင့်လည်း ဒေသထွက်တန်ဖိုးမြှင့်ထုတ်ကုန်များ ပါဝင်ပြသခဲ့ ပါသည်။ ၎င်းအပြင် ဒေသတစ်ခု ထုတ်ကုန်တစ်ခုဖြစ်သော (OROP) ထွက်ကုန် (၁၀)မျိုး ဖြစ်သော ကချင်ရိုးရာအထည်များ၊ တစ်သျှူးငှက်ပျော၊ ရောက်ကော၊ ဂရိတ်ဖရု၊ သစ်ကြား သီး၊ ပဲပုတ်၊ မြေထောက်ပဲ၊ ဆီမုန်ညှင်း၊ အစေ့ထုတ်ပြောင်း၊ ဆန်ခေါက်ဆွဲတို့ကိုလည်း ပြသခဲ့ပါသည်။

**ဇယား (၂၂) ၃၀.၄.၂၀၂၄ ရက်နေ့အထိ ကချင်ပြည်နယ်အတွင်း MSME ပြပွဲ/ပြိုင်ပွဲများ**

| စဉ် | နေ့ရက် | ကျင်းပပြုလုပ်သည့်နေ့ရာ | လုပ်ငန်းရှင် အရေ အတွက် | ဆိုင်ခန်း အရေ အတွက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၁၃.၁၂.၂၀၂၂ | ကချင်ပြည်နယ်၊ မြို့တော်ခန်းမ၊ မြစ်ကြီးနားမြို့ | ၁၂၀ ဦး | ၁၀ | ကချင်ပြည်နယ်အတွင်းရှိ ဒေသထွက်ကုန် ပစ္စည်းပြခန်း |
| ၂ | ၂၃.၅.၂၀၂၃ | ကချင်ပြည်နယ်၊ မြို့တော်ခန်းမ၊ မြစ်ကြီးနားမြို့ | ၈၅ ဦး | ၃၂ | MSMEထုတ်ကုန်ပြပွဲနှင့် Talk Show ပြပွဲ |
| ၃ | (၉.၁.၂၀၂၄)မှ (၁၀.၁.၂၀၂၄)ထိ | ကချင်ပြည်နယ်၊ အစိုးရအဖွဲ့ရုံး၊ မြစ်ကြီးနားမြို့ | ၁၀ ဦး | ၁ | ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ပြပွဲ |
| ၄ | (၁၀.၂.၂၀၂၄)မှ (၁၄.၂.၂၀၂၄)ထိ | တပေါင်းကွင်း၊ နေပြည်တော် | ၂၅ ဦး | ၁ | (၇၇) ကြိမ်မြောက် ပြည်ထောင်စုနေ့အထိမ်း အမှတ်ပြပွဲ |

**(၅) ပြည်တွင်းသင်တန်းများ၊ ဆွေးနွေးပွဲများ၊နည်းပညာပံ့ပိုးမှု အစီအစဉ်များသို့ ကချင်ပြည်နယ်မှ SME လုပ်ငန်းရှင်များ/ဝန်ထမ်းများ တက်ရောက်ခဲ့မှုအခြေအနေ**

ကချင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ MSME ဌာနအနေဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းရှင်များလိုအပ်နေသော နည်းပညာအထောက်အပံ့များ လွှဲပြောင်းပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း/ ပြည်ပတွင် ကျင်းပပြုလုပ်သောသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Business Matching များ၊ ကုန်စည်ပြပွဲများတွင် MSME လုပ်ငန်းရှင်များ ပါဝင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ ဈေးကွက်ချဲ့ထွင်နိုင်ရေး ကူညီခြင်းများ ဆောင်ရွက်ခဲ့ရာ ပြပွဲ၊ သင်တန်းနှင့် ဆွေးနွေးပွဲပေါင်း (၁၀၈) ခုတွင် MSME လုပ်ငန်းရှင်(၆၂၈)ဦး တက်ရောက်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

**(၆) နိုင်ငံတော်ဝန်ကြီးချုပ်၏ MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လမ်းညွှန်ချက်အပေါ် ဆောင်ရွက်မှုအခြေအနေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၁၃.၁၂.၂၀၂၂ ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကျင်းပခဲ့ပြီး MSME ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ လမ်းညွှန်ချက်(၁၀) ချက် ချမှတ်ခဲ့ပြီး ကချင်ပြည်နယ်အေဂျင်စီအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုမှာ (၅)ချက် ဆောင်ရွက်ပြီးဖြစ်ပြီး ဆောင်ရွက်ဆဲ(၅)ချက်မှာ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ပါသဖြင့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ MSME လုပ်ငန်းရှင်များ တင်ပြချက်အနေဖြင့် (၁၁)ချက်ရှိပြီး သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

**(၇) နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဆောင်ရွက်ချက်များ**

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဒေသတစ်ခု ထုတ်ကုန်တစ်ခု လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် One Region One Product ဦးစားပေး သတ်မှတ်ထားရှိမှုတွင် ပါဝင်သော တစ်သျှူးငှက်ပျောသီးကို အခြေခံပြီး တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မည့်သုတေသနစီမံချက်ကို ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုဦးစီးဌာနမှ ရေးဆွဲတင်ပြထားလျက်ရှိပါသည်။

၂၀.၃.၂၀၂၄ ရက်နေ့တွင်ပြုလုပ်ခဲ့သည့် ၁/၂၀၂၄ MSME လုပ်ငန်းကော်မတီအစည်းအဝေး၌ ပြည်နယ်အတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုရရှိလာနိုင်မည်ဖြစ်ပါသောကြောင့် တန်ဖိုးမြှင့်ထုတ်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများအဖြစ် အဆင့်မြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဓါတ်ခွဲစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများ ပိုမိုထိရောက်

လွယ်ကူစွာဆောင်ရွက်နိုင်ရေး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်ရှိပြည်နယ် အဆင့်ဓာတ်ခွဲခန်းအား အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး တင်ပြ ဆောင်ရွက်ခဲ့ပါသည်။

**(၈) One Region One Product ဦးစားပေးသတ်မှတ်ထားရှိမှုနှင့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်မှု အခြေအနေများ**

ကချင်ပြည်နယ်အနေဖြင့် ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Region One Product) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်နယ် MSME အေဂျင်စီနာယက၊ ပြည်နယ် ဝန်ကြီးချုပ်၏ဦးဆောင်မှုဖြင့် ၂၈.၇.၂၀၂၃ ရက်နေ့တွင် ပြည်နယ် MSME အေဂျင်စီ အစည်း အဝေးပြုလုပ်ခဲ့ပြီး ပြည်နယ်အတွင်းရှိ ခရိုင်(၆)ခုကို ခရိုင်တစ်ခု ထုတ်ကုန်တစ်ခု ပြုလုပ် ဆောင်ရွက်ရန် အောက်ဖော်ပြပါအတိုင်း ရွေးချယ်ခဲ့ပါသည်။ ဒေသတစ်ခုထုတ်ကုန်တစ်ခု တွင် ဦးစားပေးထုတ်ကုန်အနေဖြင့် ကချင်ရိုးရာအထည်(ကျား/မ)၊ တစ်သျှူးငှက်ပျောနှင့် ရောက်ကောတို့ကို ရွေးချယ်ထားပါသည်-

- မြစ်ကြီးနားခရိုင် - ကချင်ရိုးရာအထည်နှင့် တစ်သျှူးငှက်ပျော
- မိုးညှင်းခရိုင် - ပဲပုတ်နှင့်ဆန်ခေါက်ဆွဲ
- ဗန်းမော်ခရိုင် - အစေ့ထုတ်ပြောင်းနှင့် မြေထောက်ပဲ
- ပူတာအိုခရိုင် - ရောက်ကောနှင့် ဂရိတ်ဖရု
- တနိုင်းခရိုင် - ဆီမုန်ညှင်း
- ချီဖွေခရိုင် - သစ်ကြားသီးနှင့်ရောက်ကော

ကချင်ပြည်နယ် ရက်ကန်းလုပ်ငန်းများအသင်း ဖွဲ့စည်းနိုင်ရေးအတွက်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု နှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ အသင်းမှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ပေးခဲ့ပါသည်။ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ၇.၁၁.၂၀၂၃ ရက်စွဲဖြင့် ဖွဲ့စည်း ပေးခဲ့ပါသည်။ အသင်းဖွဲ့စည်းပြီးပါက လုပ်ငန်းရှင်များအနေဖြင့် ပြည်ပမှ ချည်ကုန်ကြမ်း တင်သွင်းရာတွင် အစုအဖွဲ့အလိုက် တင်သွင်းနိုင်မည်ဖြစ်သဖြင့် ထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာပြီး ပြည်တွင်းရိုးရာအဝတ်အထည်များကို ဈေးနှုန်းလျှော့၍ ရောင်းချနိုင်မည်ဖြစ်ပါ သည်။

**(၉) ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်း၊ ဈေးကွက်ချိတ်ဆက်မှု၊ အခြားပံ့ပိုးပေးရန် လိုအပ်ချက်များ**

- MSME များ ဖွံ့ဖြိုးတိုးတက်လာစေရေး စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း များ၊ အသိပညာပေးရေး သင်တန်းများ ထိရောက်စွာဖွင့်လှစ်ပေးရန် လိုအပ်ခြင်း၊

- နိုင်ငံတော်မှ ပံ့ပိုးပေးလျက်ရှိသော ချေးငွေအစီအစဉ်များ MSME Loan တွင်အမှန်တကယ်လိုအပ်နေသောလုပ်ငန်းငယ်များရရှိရေး ဆောင်ရွက်ပေးနိုင်ရန်လိုအပ်ခြင်း၊
- အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကဲ့သို့ အတိုးနှုန်းသက်သာသော MSME ချေးငွေများနှင့် ကဏ္ဍနယ်ပယ်အလိုက် လိုအပ်ချက်များကို ပိုမိုထိရောက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ခြင်း၊
- ပြည်နယ်အတွင်းရှိ ကချင်ရိုးရာအထည်များကို အရည်အသွေး ကောင်းမွန်စေရေးအတွက် နည်းပညာများပံ့ပိုးပေးနိုင်ရေးနှင့် ဈေးကွက်များ ပိုမိုချိတ်ဆက်ရရှိနိုင်ရေး ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ခြင်း၊
- စိုက်ပျိုးထုတ်လုပ်သည့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအတွက် သွင်းအားစုမှန်ကန်စွာရရှိရေး၊ မျိုးစိတ်အသစ်များ ရရှိရေးနှင့် ဈေးကွက်ရရှိရေး၊ နည်းပညာရရှိရေးများကို သက်ဆိုင်ရာ အဖွဲ့အစည်း/ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်ခြင်း၊
- ပြည်နယ်အတွင်းရှိ အလားအလာရှိသော MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်ဦးစားပေးထောက်ပံ့ဆောင်ရွက်ပေးရန် လိုအပ်ခြင်း၊
- E-Market Place for Myanmar Products Platform အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် Platform တွင် ပါဝင်သည့် Seller, Buyer, Deliver, Bank နှင့် Admin ဆောင်ရွက်သူများ ပိုမိုချိတ်ဆက် ဆောင်ရွက်သွားရန် လိုအပ်ခြင်း၊ ဒေသရှိ MSME များအနေဖြင့် Digital ပိုင်းဆိုင်ရာ အသုံးပြုမှုအားနည်းခြင်းနှင့် အင်တိုက်အားတိုက်ပါဝင်ရန် လိုအပ်နေခြင်း။

## (၁၀) လိုအပ်ချက်များအပေါ် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများနှင့် အကြံပြုချက်များ

- ကချင်ပြည်နယ်အတွင်းရှိ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မြှင့်တင်နိုင်ရန်အတွက် MSME လုပ်ငန်းရှင်များအား နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကဲ့သို့ ပြည်နယ်အစီအစဉ်ဖြင့် ထုတ်ချေးသော အတိုးနှုန်းသက်သာသည့် MSME ချေးငွေများ ဆောင်ရွက်ပေးမှသာ အမှန်တကယ်လိုအပ်သည့် MSME လုပ်ငန်းများ အလွယ်တကူရရှိနိုင်မည်ဖြစ်ပါသည်။
- နည်းပညာများ လက်တွေ့ထိထိရောက်ရောက်ပံ့ပိုးပေးခြင်း၊ ပြည်တွင်း/ ပြည်ပသင်တန်းများ၊ ဆွေးနွေးပွဲများ၊ ပြပွဲ/ ပြိုင်ပွဲများကိုလည်း စေလွှတ်

ပေးခြင်းနှင့် အသိပညာပေး ဟောပြောပွဲ/ဆွေးနွေးပွဲများ ထိထိရောက်ရောက် ပြုလုပ်ဆောင်ရွက်ပေးသင့်ပါကြောင်း၊

- MSME လုပ်ငန်းများအတွက် ချေးငွေထုတ်ချေးနိုင်ရေး ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များမှ လိုအပ်သည့်အထောက်အထား ပြည့်စုံမှန်ကန်စွာ တင်ပြနိုင်မှုအားနည်းခြင်း၊ လုပ်ငန်းဆောင်ရွက်သည့် စာရင်းဇယားများစနစ်တကျထားရှိမှု အားနည်းသည့်အတွက် လိုအပ်သော အထောက်အထားများကို စိစစ်ရာတွင် အားနည်းချက်ရှိခြင်းတို့ကြောင့် ချေးငွေရရှိမှုနည်းပါးသဖြင့် လုပ်ငန်းများချဲ့ထွင်နိုင်မှုမရှိခြင်း၊
- Digital နည်းပညာများကို ပြောင်းလဲအသုံးပြုနိုင်မှု အားနည်းနေသေးခြင်း၊ နီးနွယ်သည့် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်နိုင်မှု အားနည်းခြင်း၊
- Seminar ၊ Workshop ၊ အလုပ်ရုံဆွေးနွေးပွဲများကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွင် အနည်းငယ်အားနည်းနေသေးခြင်း၊
- ပြည်တွင်းထုတ်ကုန် အားပေးမြှင့်တင်သည့်အနေဖြင့် အသိအမှတ်ပြုလက်မှတ်များဖြစ်သည့် (GAP, HACCP, GACC, FDA) စသည်များ ရရှိရေးနှင့်တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ပြည်နယ်အဆင့် သုတေသနစင်တာများ တည်ထောင်ပေးရန် လိုအပ်ခြင်း၊
- ကုန်ကြမ်းများ/သွင်းအားစုများကို တင်သွင်းရာတွင် အသင်းအဖွဲ့ ဖွဲ့စည်းလျက်ဆောင်ရွက်နိုင်ရေး ကူညီပံ့ပိုးပေးခြင်းများကို ဆောင်ရွက်ပေးသင့်ပါသည်။

## (၁၁) ခြုံငုံသုံးသပ်တင်ပြချက်

ကချင်ပြည်နယ်အနေဖြင့် ရာသီအလိုက်သီးနှံများ ပေါများကြွယ်ဝစွာ ထုတ်လုပ်နိုင်သဖြင့် အဆိုပါထုတ်ကုန်သီးနှံများကို တန်ဖိုးမြှင့် Value Added Product များအဖြစ် ပိုမိုထုတ်လုပ်ရောင်းချနိုင်ခြင်း၊ Ecotourism လုပ်ငန်းဆောင်ရွက်ရန် အခွင့်အလမ်းပေါများခြင်း၊ လယ်ယာထွက်ကုန် ပစ္စည်းများအား တန်ဖိုးမြှင့် လူသုံးကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချနိုင်ခြင်း၊ အိမ်နီးချင်းတရုတ်ပြည်နှင့် နယ်စပ်ချင်းထိစပ်နေ၍ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကုန်ကြမ်းများ/ သွင်းအားစုများကို အသင်းအဖွဲ့များ ဖွဲ့စည်းလျက် လုပ်ငန်းဆောင်ရွက်နိုင်ရေး၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရန် လိုအပ်ခြင်း၊ ဒေသတွင်းထွက်ရှိသည့် လယ်ယာစိုက်ပျိုးထုက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာပံ့ပိုးမှု

လိုအပ်နေခြင်း၊ ယခုထက်ပိုမို၍ ပြည်တွင်းပြည်ပ ဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် လိုအပ်ချက်များဖြစ်သော ငွေကြေး၊ နည်းပညာ၊ ဈေးကွက်၊ စံချိန်စံညွှန်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ လွယ်ကူစွာရရှိနိုင်ရေး ကူညီပံ့ပိုးပေးရန် လိုအပ်လျက်ရှိပါသည်။

### ၇.၄.၂ ကယားပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ၁.၂.၂၀၂၁ မှ ၃၀.၄.၂၀၂၄ ရက်နေ့အထိ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများ

**(၁) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ SME Member Card/ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားမှုအခြေအနေ**

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Member Card လျှောက်ထားလာသည့် လုပ်ငန်းများအား Member Card အသစ်ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ အသေးစား (၉) ခု၊ အလတ်စား (၂) ခု၊ စုစုပေါင်း (၁၁) ခုနှင့် ယာယီမှတ်ပုံတင်လက်မှတ်ကို ၁၂.၇.၂၀၂၃ ရက်နေ့မှ ၃၀.၄.၂၀၂၄ ရက်နေ့ထိ အသေးစား (၁) ခု ထုတ်ပေးနိုင်ခဲ့ပါသည်။

ပုံ (၆၈) SME Member Card/ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးမှုစာရင်း




**(၂) ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ**

စိုက်ပျိုးသူတောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများထုတ်ချေးခြင်းအားဖြင့် အဓိကသီးနှံများဖြစ်သည့် စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာတို့အပြင် ပဲပုပ်သီးနှံများလည်း စိုက်ပျိုးထွက်ရှိမှု တိုးတက်ခဲ့ပါသည်။

Treasure Corn Co.Ltd နှင့် Treasure Corn Agri Co.,Ltd. တို့မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ကယားပြည်နယ်) မတည်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အကျိုးတူ

လယ်ယာစနစ်ကြောင့် အစေ့ထုတ်ပြောင်းကုန်ကြမ်းများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ခဲ့ပါသည်။

မွေးမြူရေးစခန်းများ ဆောင်ရွက်မှုအနေဖြင့် မွေးမြူရေးလုပ်ငန်းရှင်များ အစုအဖွဲ့မှ ဒီးမော့ဆိုမြို့နယ်၊ ဘုရားဖြူကျေးရွာတွင် ဥစားကြက် (၁၀,၀၀၀) ကောင်၊ ကာကီကင်းဘဲ (၁,၀၀၀) ကောင်နှင့် အသားတိုးဝက် (၂၀) ကောင်တို့ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ကျပ် (၂၀၀) သန်းဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး၊ ကြက်မွေးမြူရေးအစုအဖွဲ့မှ လွိုင်ကော်မြို့နယ်၊ စက်မှုဇုန်ရပ်ကွက်တွင် ဥစားကြက် (၂၀,၀၀၀) ကောင်၊ မျိုးဝက် (၆၀) ကောင်တို့အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ကျပ်သန်း(၃၀၀) ဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။

မွေးမြူရေးကဏ္ဍ အသားဖူလုံမှုအနေဖြင့် ယခင်က (၉၁.၄၇)% ရှိပြီး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အသားတိုးနှင့် ဒေသကြက် (၃၁,၄၀၀) ကောင်၊ ကျွဲ/ နွား(၁၁၀) ကောင်၊ ဝက် (၂,၂၇၈) ကောင်၊ ဘဲ(၃,၀၀၀) ကောင်မွေးမြူနိုင်ခဲ့သဖြင့် (၅.၁၇)% တိုးတက်ဆောင်ရွက်နိုင်ခဲ့ပြီး၊ ကြက်ဥ/ ဘဲဥ ယခင်ဖူလုံမှု (၃၁.၂၉)% ဖြစ်ပြီး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဥစားကြက် (၄၈,၉၀၀) ကောင် တိုးတက်မွေးမြူခဲ့သဖြင့် ကြက်ဥ/ ဘဲဥ (၈,၃၁၆,၀၀၀)လုံး တိုးတက်ထုတ်လုပ်နိုင်ခဲ့သဖြင့်၊ ဖူလုံမှုတွင် (၁၇.၅၈)% တိုးတက်ခဲ့ပါသည်။

နိုင်ငံ့စီးပွါးမြှင့်တင်ရေးရန်ပုံငွေမှ တစ်ပိုင်တစ်နိုင်ဖော်စပ်အစာတောင့် (ငါး/ကြက်) ထုတ်လုပ်သူလုပ်ငန်းရှင်မှ ဒေသထွက်ကုန်ကြမ်းများကို အသုံးပြု၍ တစ်ပိုင်တစ်နိုင် အစာတောင့် (ငါး/ကြက်) ထုတ်လုပ်လျက်ရှိပြီး၊ တစ်နာရီလျှင် ပိဿာ (၂၀၀)မှ (၃၀၀) အထိ ထုတ်လုပ်နိုင်မည့် လုပ်ငန်းအမျိုးအစားဖြစ်ပြီး ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်၍ တည်ဆောက်ရေးလုပ်ငန်း၊ စက်တပ်ဆင်ရေးလုပ်ငန်းများမှာ ရာနှုန်းပြည့်ပြီးစီး၍ အစာဖော်စပ်လုပ်ငန်းအား စမ်းသပ်ထုတ်လုပ်ပြီး ငါးမွေးတောင်သူများသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ရက်ကန်းသင်တန်းကျောင်းများမှ သင်တန်းသားများအား ပုဂ္ဂလိကလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ရက်ကန်းလုပ်ငန်းရှင်များအနေဖြင့် ကျွမ်းကျင်လုပ်သားများ ရရှိခဲ့ပြီး ကုန်ထုတ်လုပ်မှုနှုန်း ပိုမိုတိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

စက်မှုလုပ်ငန်းရှင်များအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများ ထုတ်ချေးပေးခြင်းအားဖြင့် ဆန်စက်၊ ဆီစက်၊ ရက်ကန်းစက်၊ ပရိဘောဂလုပ်ငန်းနှင့် ရေခဲစက်လုပ်ငန်းများမှာ ကုန်ချောများ အဆက်မပြတ်ထုတ်လုပ်ပြီး စျေးကွက်သို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သမဝါယမကဏ္ဍအနေဖြင့် လွိုင်ကော်မြို့နယ်ရှိ ကလုထာ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းကို ကယားဝက်အူချောင်း ထုတ်လုပ်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေ ထုတ်ချေးပေးထားပြီး၊ တစ်ရက်လျှင် (၂၈)ပိဿာ ထုတ်လုပ်

ရောင်းချလျက်ရှိပါသည်။ ထို့အပြင် လွိုင်ကော်မြို့နယ်၊ လောပိတမြို့ရှိ ခေတ်သစ်မဟေသီ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား အမျိုးသမီးများချုပ်လုပ်သည့် ကယားရိုးရာအထည်အိတ်များ ထုတ်လုပ်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုမှတ်ပုံတင်လျှောက်ထားလာ သည့် စက်မှုလုပ်ငန်းများအား မှတ်ပုံတင်အသစ် ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးခဲ့ရာ၊ ပြည်နယ်တွင်းတွင် ၂၀၂၄ ခုနှစ် ဧပြီလအထိ အငယ်စား (၅) ခု၊ အလတ်စား (၅၂) ခု၊ အကြီးစား (၁၃) ခု၊ စုစုပေါင်း (၇၀) ခု ထုတ်ပေးနိုင်ခဲ့ပါသည်။ စက်မှုဇုန်အတွင်းတွင် အလတ်စား (၈) ခု၊ အကြီးစား(၃)ခု၊ စုစုပေါင်း (၁၁) ခု ထုတ်ပေးနိုင်ခဲ့ပါသည်။

**(၃) ပြည်နယ်၏ ၂၀၂၂-၂၀၂၃ ခုနှစ် GDP ၊ စက်မှုကဏ္ဍ၏ GDP ပါဝင်မှု ရာခိုင်နှုန်း၊ MVA/ GDP (GDP တွင် တန်ဖိုးမြှင့်ထုတ်လုပ်မှုရာခိုင်နှုန်း)**

ကယားပြည်နယ်၏ ၂၀၂၂-၂၀၂၃ ခုနှစ် GDP တွင် စက်မှုကဏ္ဍ၏ GDP ပါဝင်မှု ရာခိုင်နှုန်း သည် (၉.၃ %)ဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ခုနှစ် GDP တွင် စက်မှုကဏ္ဍ၏ GDP ပါဝင်မှု ရာခိုင်နှုန်းသည် (၄.၇%)ဖြစ်ပါသည်။

**(၄) ပြပွဲ/ ပြိုင်ပွဲများ Talk Show များ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Knowledge Sharing များ ဆောင်ရွက်မှုအခြေအနေများ**

ကယားပြည်နယ်၏ ပြပွဲ/ ပြိုင်ပွဲများ Talk Show များ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Knowledge Sharing များ ဆောင်ရွက်မှုအခြေအနေများအောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရက်စွဲ | အကြောင်းအရာ | ကျင်းပသည့်နေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၂.၁၂.၂၀၂၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စကားဝိုင်း ဆွေးနွေးပွဲ ပြုလုပ်ခြင်း၊ | ကယားပြည်နယ် ခန်းမ၊ လွိုင်ကော်မြို့ | |
| ၂ | ၄.၁.၂၀၂၃ ရက်နေ့မှ ၈.၁.၂၀၂၃ ရက်နေ့ထိ | (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်း အမှတ်တွင် လွိုင်ကော်စက်မှုဇုန် ပုံစံငယ်အား ပြသခဲ့ပြီး၊ ဒေသထွက်ကုန် (၆၂) မျိုးကို ခင်းကျင်း ပြရောင်းချခဲ့ခြင်း၊ | နေပြည်တော် | |
| ၃ | ၁၄.၁.၂၀၂၃ ရက်နေ့မှ ၁၆.၁.၂၀၂၃ ရက်နေ့ထိ | (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်း အမှတ်အဖြစ် လွိုင်ကော်မြို့ရှိ မြို့နယ်ခန်းမတွင် ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ပြခန်း (၁၇)ခန်း ပါဝင်ပြသခဲ့ပြီး၊ ပြခန်း (၁၇)ခန်းအနက် မွေးမြူရေး နှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သမ ဝါယမဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စက်မှု ကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့်အသေး စားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ MSME ထုတ်ကုန်များကို ပြသရောင်းချပေးခြင်း၊ | မြို့နယ်ခန်းမ၊ လွိုင်ကော်မြို့ | |

| စဉ် | ရက်စွဲ | အကြောင်းအရာ | ကျင်းပသည့်နေရာ | မှတ်ချက် |
|---|---|---|---|---|
| ၄ | ၁၀.၂.၂၀၂၃ ရက်နေ့မှ ၁၄.၂.၂၀၂၃ ရက်နေ့ထိ | (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားတွင် ကယားပြည်နယ် မွေးမြူရေး ထွက်ကုန်များ၊ ဒေသထွက်ကုန် များဖြစ်သည့် ဆန်၊ ဆီ၊ ပြောင်း၊ မုန့်ဖတ် ခြောက်၊ရိုးရာအဝတ်အထည်၊ သစ်အခြေခံ အစရှိသည့် စက်မှုထုတ်ကုန်များ၊ ဆန်လုံး စီခြောက်၊ ကြွေမုန့်၊ မက်ခါ သီးထောင်း၊ ပဲပုပ်၊ အုန်းဆီ၊ မုန်ညင်းဆီ၊ ဇီးဆီ၊ နနွင်း မှုန့်၊ ကယားဝက်အူချောင်းစသည့်MSME ထွက်ကုန်များ ပြသရောင်းချပေးခြင်း၊ | ပြည်သူ့ရင်ပြင်၊ ရန်ကုန်မြို့ | |
| ၅ | ၄.၉.၂၀၂၃ ရက်နေ့မှ ၆.၉.၂၀၂၃ ရက်နေ့ထိ | အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန် ပစ္စည်းများပြပွဲပြုလုပ်ခြင်း။ | မြို့နယ်ခန်းမ၊ လွိုင်ကော်မြို့ | |
| ၆ | ၁၀.၂.၂၀၂၄ ရက်နေ့မှ ၁၄.၂.၂၀၂၄ ရက်နေ့ထိ | (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အဖြစ် ကျင်းပခဲ့သည့် MSME ထုတ် ကုန် ပြပွဲတွင် “ကယားပြည်နယ် MSME ထုတ်ကုန်များ အရောင်း ပြခန်း” ပါဝင်ပြသခဲ့ပြီး၊ ကယားပြည်နယ်၏ ဒေသ တစ်ခု ထုတ်ကုန်တစ်ခု (OROP) ထုတ်ကုန်များ၊ ပြည်ပပို့ကုန်များ၊ MSME ထုတ်ကုန်များကိုပြသ ရောင်းချပေးခြင်း၊ ပြည်နယ်ရိုးရာ အစားအစာ အရောင်းပြခန်းတွင် ကယားဝက်အူချောင်း၊ ခေါင်ရည်၊ ဟင်းထုပ်၊ ဝက်ပေါင်ခြောက်စသည့် ကယားတိုင်းရင်းသားရိုးရာ အစားအစာများ ရောင်း ချပေးခြင်း တို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ | နေပြည်တော် | |

**(၅) ပြည်တွင်းသင်တန်းများ၊ ဆွေးနွေးပွဲများ၊ နည်းပညာပံ့ပိုးမှု အစီအစဉ်များသို့ ကယားပြည်နယ်မှ SME လုပ်ငန်းရှင်များ/ဝန်ထမ်းများ တက်ရောက်ခဲ့မှုအခြေအနေ**

ကယားပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ MSME ဌာနအနေဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းရှင်များလိုအပ်နေသော နည်းပညာ အထောက်အပံ့များ လွှဲပြောင်းပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း/ ပြည်ပတွင် ကျင်းပပြုလုပ်သောသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Business Matching များ၊ ကုန်စည် ပြပွဲများတွင် MSME လုပ်ငန်းရှင်များ ပါဝင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ စျေးကွက် ချဲ့ထွင်နိုင်ရေး ကူညီခြင်းများ ဆောင်ရွက်ခဲ့ရာ ပြပွဲ၊ သင်တန်းနှင့် ဆွေးနွေးပွဲပေါင်း (၄၅) ခုတွင် MSME လုပ်ငန်းရှင် (၈၅၇) ဦး တက်ရောက်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

(၆) **နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆောင်ရွက်ချက်များ**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်တွင် တည်ရှိသည့် ဦးစိုးဝင်းပိုင်ဆိုင်သည့် စိန်ရတနာဆီစက်လုပ်ငန်းမှ ဆီကြိတ်စက်များ ကိုယ်တိုင်ထုတ်လုပ်၍ ရောင်းချလျက် ရှိပါသည်။

(၇) **One Region One Product ဦးစားပေးသတ်မှတ်ထားရှိမှုနှင့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်နေမှု အခြေအနေများ**

ကယားပြည်နယ်တွင် ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Region One Product) အနေဖြင့် လွိုင်ကော်ခရိုင်တွင် အစေ့ထုတ်ပြောင်း၊ ဝက်အူချောင်း၊ ရိုးရာအဝတ်အထည်၊ သစ်သား လက်မှုထည်၊ ဆန်မွှေးအဆင့်မြှင့်တင်ခြင်း၊ ဖာလာစေ့နှင့် နှမ်းနက်အဆင့်မြှင့်တင် ပြုပြင် ထုတ်လုပ်ခြင်းတို့အား သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး၊ ပံ့ပိုးဆောင်ရွက်ပေးမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ခရိုင်အမည် | အမျိုးအမည် | ပံ့ပိုးဆောင်ရွက်ပေးမှု | မှတ်ချက် |
|---|---|---|---|---|
| ၁ | လွိုင်ကော် | (၁) အစေ့ထုတ်ပြောင်း | နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှချေးငွေ ကျပ်သန်း (၂၀၀) ထောက်ပံ့ခဲ့ပါသည်။<br>တောင်သူပညာပေး သင်တန်း (၇) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ | |
| | | (၂) ဝက်အူချောင်း | လုပ်ငန်းရှင်(၂၅)ဦးအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှချေးငွေကျပ်သန်း(၂၀) ထောက်ပံ့ခဲ့ပါသည်။ လုပ်ငန်း(၄)ခုအား ဓါတ်ခွဲစမ်းသပ် စစ်ဆေးပေးခဲ့ပြီး၊ မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပါသည်။ | |
| | | (၃) ရိုးရာအဝတ်အထည်လုပ်ငန်း | နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေ ကျပ်သန်း (၄၀) ထောက်ပံ့ခဲ့ပါသည်။ စက်ရက်ကန်း (၁)နှစ်သင်တန်း၊ လက်ရက်ကန်း (၆) လ သင်တန်းများ နှစ်စဉ်ပို့ချလျက်ရှိပါသည်။<br>သင်တန်းဆင်းများအား ရက်ကန်းလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးခြင်း ဆောင်ရွက်လျက်ရှိပါသည်။ | |
| | | (၄) သစ်သားလက်မှုထည်ထုတ်လုပ်ခြင်းလုပ်ငန်း | နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေ ကျပ်(၅)သန်း ထောက်ပံ့ခဲ့ပါသည်။ လက်မှုထည်ထုတ်ကုန်များကို မြန်မာ့လက်မှု အနုပညာစင်တာ (ရန်ကုန်/ မန္တလေး) နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ပြသရောင်းချနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ | |
| ၂ | ဒီးမော့ဆို | ဆန်မွှေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်း | နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ဆန်မွှေးစိုက်တောင်သူ (၁၀၃) ဦး၊ ဆန်စက်လုပ်ငန်း ရှင်(၃)ဦး တို့အား ချေးငွေကျပ် (၂၉၆.၈)သန်း ထောက်ပံ့ခဲ့ပါသည်။ သဘာဝမြေဩဇာ နည်းပညာပေး (၆) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ ယူရီးယားဓါတ်မြေဩဇာ(၇၉၀) အိတ်အား သက်သာသောနှုန်းဖြင့် ရောင်းချပေးခဲ့ပါသည်။ | |

| စဉ် | ခရိုင်အမည် | အမျိုးအမည် | ပံ့ပိုးဆောင်ရွက်ပေးမှု | မှတ်ချက် |
|---|---|---|---|---|
| ၃ | ဘောလခဲ | (၁) ဖာလာစေ့ ထုတ်လုပ်ခြင်း | ဈေးကွက်သို့ တင်ပို့နိုင်ရေး ချိတ်ဆက်ဆောင် ရွက်ပေးလျက်ရှိပါသည်။ | |
| | | (၂) နှမ်းနက် အဆင့်မြှင့် တင်ပြုပြင် ထုတ်လုပ်ခြင်း | နည်းပညာသင်တန်း (၆) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ | |

၂၀၂၃-၂၀၂၄ ခုနှစ်၊ One Region One Product ဦးစားပေးသတ်မှတ်ထားသည့် စိုက်ပျိုးရေးထုတ်ကုန်များဆိုင်ရာ နည်းပညာပေး ဆောင်ရွက်ထားရှိမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | သင်တန်း | | ဆွေးနွေးပွဲ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကြိမ် | တောင်သူ | ကြိမ် | တောင်သူ | |
| ၁ | သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်းနည်းပညာ | ၆ | ၁၈၀ | | | |
| ၂ | ရိတ်သိမ်းချိန်လွန်နည်းပညာ | ၄ | ၁၂၀ | | | |
| ၃ | ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းပညာ | ၄ | ၁၂၀ | | | |
| ၄ | မျိုးကောင်းမျိုးသန့်ပြောင်းလဲသုံးစွဲရေး | | | ၂ | ၆၀ | |
| ၅ | မြေဆီလွှာပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာ | | | ၂ | ၆၀ | |
| ၆ | GAP စိုက်ပျိုးနည်းစနစ်ဆိုင်ရာနည်းပညာ | ၄ | ၁၈၀ | | | |
| | စုစုပေါင်း | ၁၈ | ၆၀၀ | ၄ | ၁၂၀ | |

**(ဂ) ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်း၊ ဈေးကွက်ချိတ်ဆက်မှု၊ အခြားပံ့ပိုးပေးရန် လိုအပ်ချက်များ**

- MSMEs လုပ်ငန်းများ မတည်ရင်းနှီးငွေရရှိစေရန် အတိုးနှုန်းသက်သာ သည့် ချေးငွေများလိုအပ်ခြင်း၊ ပြည်ပပို့ကုန်များကို ယှဉ်ပြိုင်ထိုးဖောက်နိုင်မည့် ခေတ်မီနည်းပညာများ လိုအပ်ခြင်း၊
- အရည်အသွေးမီ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် ဓါတ်ခွဲစစ်ဆေးပေးခြင်း၊ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် လိုအပ်ခြင်း၊
- မွေးမြူရေးထွက်ကုန်ဖြစ်သည့် ကယားဝက်အူချောင်း ထုတ်လုပ်မှုအား အရည်အသွေးမြင့် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဈေးကွက်ချဲ့ထွင် ထုတ်လုပ်ရောင်းချနိုင်ရန်အတွက် ခေတ်မီထုတ်ပိုးမှုပုံစံများဖြင့် ထုတ်လုပ်နိုင်ရေး လိုအပ်သည့်စက်ကိရိယာနှင့် နည်းပညာများရရှိရန် လိုအပ်ခြင်း၊ အရင်းအနှီးများရရှိစေရေး ပံ့ပိုးပေးရန် လိုအပ်ခြင်းနှင့် စားသုံးသူများ ကျယ်ကျယ်

ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် Media များတွင် ထည့်သွင်းကြော်ငြာနိုင်စေရေး ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**(၉) လိုအပ်ချက်များအပေါ် ပံ့ပိုးပေးနိုင်မည့်နည်းလမ်းများနှင့် အကြံပြုချက်များ**

- ချေးငွေရယူလိုသည့် လုပ်ငန်းရှင်အများစုသည် ခိုင်မာသည့် အာမခံမပေးနိုင်ခြင်းကြောင့် အာမခံပစ္စည်းအား ဖြေလျှော့စဉ်းစားပေးမည်ဆိုပါက MSMEs လုပ်ငန်းရှင်အများစု ချေးယူခွင့်ရရှိနိုင်မည်ဖြစ်ပါကြောင်း၊
- ဓါတ်ခွဲစစ်ဆေးပေးခြင်း၊ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းတို့ကို ပြည်နယ်အတွင်း၌ ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပံ့ပိုးကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊
- အရည်အသွေးကောင်းမွန်သော မွေးမြူရေးထုတ်ကုန်များ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် ဇီဝလုံခြုံမှုစနစ်ကောင်းမွန်ပြီး ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (GAHP) နှင့်အညီ မွေးမြူလာစေရန် စီးပွားဖြစ်မွေးမြူရေးခြံများ၊ မွေးမြူရေးစခန်းနှင့် မွေးမြူရေးဇုန်များ ဖော်ဆောင်ပေးနိုင်ရန်အတွက် မွေးမြူရေးမြေနေရာရရှိရေး ဆောင်ရွက်ပေးခြင်း၊ အရင်းအနှီးနှင့် ဈေးကွက်တည်ငြိမ်စေရေးအတွက် လိုအပ်သည်များ ကူညီပေးခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**(၁၀) ခြုံငုံသုံးသပ်တင်ပြချက်**

MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကလိုအပ်ချက်များ ဖြစ်သည့် ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်း၊ ဈေးကွက်ရရှိရေး ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ဥပဒေများကို MSMEs အေဂျင်စီအဖွဲ့ဝင်ဌာနများမှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းတည်ရှိရာနေရာများသို့ နယ်မြေကွင်းဆင်း ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းရှင်များနှင့် ရင်းနှီးစွာ ပိုမိုထိတွေ့နိုင်မည်ဖြစ်ပြီး MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အလေးထား အားပေး ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**ပုံ(၆၉) "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစကားဝိုင်းဆွေးနွေးပွဲ" ကျင်းပမှုမှတ်တမ်း**






## ၇.၄.၃ ကရင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ၁.၂.၂၀၂၁ မှ ၃၀.၄.၂၀၂၄ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ

**(၁) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ Member Card/ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားမှုအခြေအနေ**

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Member Card လျှောက်ထားလာသည့် လုပ်ငန်းများအား Member Card အသစ်ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးခဲ့ရာ ၁.၂.၂၀၂၁ မှ ၃၀.၄.၂၀၂၄ အထိ အသေးစား (၈၀) ခု၊ အလတ်စား (၆) ခု၊ စုစုပေါင်း (၈၆) ခု နှင့် ယာယီ မှတ်ပုံတင်လက်မှတ် အသေးစား (၄၀) ခုနှင့် အလတ်စား(၅) ခု၊ စုစုပေါင်း(၄၅) ခု ထုတ်ပေး နိုင်ခဲ့ပါသည်။

**ပုံ (၇၀) SME Member Card ထုတ်ပေးမှုစာရင်း**







**(၂) ကရင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ**

ကရင်ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်း၊ သတ္တုတူးဖော်ရေး လုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းတို့ ဖြစ်ကြပါသည်။

ကရင်ပြည်နယ်သည် စိုက်ပျိုးရေးအတွက် ကောင်းမွန်သော မြေဆီလွှာရှိခြင်းကြောင့် စိုက်ပျိုးရေးကိုအခြေခံသည့် ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကလုပ်ကိုင်လျက်ရှိရာ ပုဂ္ဂလိက စက်မှုမှတ်ပုံတင်လုပ်ငန်းသစ်များအနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် လုပ်ငန်းသစ်(၆၈) ခု၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် (၁၁၉)ခု၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လုပ်ငန်းသစ် (၈၆)ခုနှင့် ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် လုပ်ငန်းသစ်(၅)ခု မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိက စက်မှုမှတ်ပုံတင် လုပ်ငန်းစုစုပေါင်း (၁,၂၅၄)ခုရှိပြီး အဓိကလုပ်ကိုင် ဆောင်ရွက်နေသည့် စက်မှုမှတ်ပုံတင်လုပ်ငန်းများမှာ အစားအစာထုတ်လုပ်မှုလုပ်ငန်း (၃၉၃)ခု၊ အဖျော်ယမကာ လုပ်ငန်း (၅၉)ခု၊ သတ္တုသန့်စင်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း (၁၉၉)ခု၊ စက်နှင့်စက် ကိရိယာများ ပြင်ဆင်ခြင်းနှင့်တပ်ဆင်ခြင်းလုပ်ငန်း (၂၆၇) ခု၊ ရော်ဘာနှင့်ပလပ်စတစ်ပစ္စည်း

များထုတ်လုပ်မှုလုပ်ငန်း(၂၁)ခု၊ သစ်နှင့် သစ်အချောထည် လုပ်ငန်း(၅၂)ခု၊ ပရိဘောဂလုပ်ငန်း (၄၅)ခု၊ ဝတ်ဆင်ရန်အထည်များ ထုတ်လုပ်ခြင်းလုပ်ငန်း (၄၄) ခုတို့မှာ အများဆုံးလုပ်ကိုင်နေသည့် စက်မှုမှတ်ပုံတင်လုပ်ငန်းများ ဖြစ်ကြပါသည်။

ကရင်ပြည်နယ်အတွင်း ချေးငွေထုတ်ချေးပေးနေမှုအခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ဘဏ္ဍာရေးနှစ် | ထောက်ခံစာရရှိသူဦးရေ | | | ချေးငွေရရှိဦးရေ | | | ရရှိပမာဏ(ကျပ် သန်း) | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ဘာအံ | မြဝတီ | ပေါင်း | ဘာအံ | မြဝတီ | ပေါင်း | ဘာအံ | မြဝတီ | ပေါင်း |
| ၁ | ၂၀၂၁-၂၀၂၂ | - | - | - | - | - | - | - | - | - |
| ၂ | ၂၀၂၂-၂၀၂၃ | - | - | - | | ၁ | ၁ | | ၁၀ | ၁၀ |
| ၃ | ၂၀၂၃-၂၀၂၄ | ၁၃ | ၂၄ | ၃၇ | ၈ | ၁၈ | ၂၆ | ၈၁ | ၁၇၂ | ၂၅၃ |
| ၄ | ၂၀၂၄-၂၀၂၅ | - | - | - | ၁ | - | ၁ | ၁၉၀ | - | ၁၉၀ |
| | စုစုပေါင်း | | | | | | | | | ၄၅၃ |

**(၃) ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် GDP နှင့် စက်မှုကဏ္ဍ၏ GDP ပါဝင်မှု ရာခိုင်နှုန်း**

ကရင်ပြည်နယ်၏ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် GDP မှာ ကျပ်သန်းပေါင်း (၂,၃၆၄,၀၅၃.၀၀၀) သန်းဖြစ်ပြီး စက်မှုကဏ္ဍ၏ GDP မှာ ကျပ်သန်းပေါင်း (၃၃၉,၈၃၁.၀၀၀) သန်းရှိရာ ရာခိုင်နှုန်းအားဖြင့် (၁၄.၄) ရာခိုင်နှုန်း ပါဝင်ပါသည်။

**(၄) ပြပွဲ၊ ပြိုင်ပွဲများ ၊ Talk Show များ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Knowledge Sharing များ ဆောင်ရွက်မှုအခြေအနေ**

ကရင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ MSME ဌာနအနေ ဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းရှင်များ လိုအပ်နေသော နည်းပညာ အထောက်အပံ့များ လွှဲပြောင်းပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း/ ပြည်ပတွင် ကျင်းပပြုလုပ်သော သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Business Matching များ၊ ကုန်စည်ပြပွဲများတွင် MSME လုပ်ငန်းရှင်များ ပါဝင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ ဈေးကွက်ချဲ့ထွင်နိုင်ရေး ကူညီခြင်းများ ဆောင်ရွက်ခဲ့ရာ သင်တန်းနှင့် ဆွေးနွေးပွဲပေါင်း (၈၃) ခုတွင် MSME လုပ်ငန်းရှင်(၇၇၈)ဦး တက်ရောက်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် MSME စကားဝိုင်း ဆွေးနွေးပွဲ Talk Show (၁)ကြိမ်နှင့် အထိမ်းအမှတ်နေ့များတွင် MSME ပြပွဲ(၄)ကြိမ် ကျင်းပနိုင်ခဲ့ပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာ (၆)ခုမှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်း(၂၇)မျိုး၊ အကြိမ်ရေ(၆၇)ကြိမ် ကျင်းပပြုလုပ်ပေးခဲ့ပြီးသင်တန်းသား(၁,၁၇၆)ဦး တက်ရောက်သင်ယူနိုင်ခဲ့ပါသည်။

**(၅) နိုင်ငံတော်ဝန်ကြီးချုပ်၏ တွေ့ဆုံပွဲတွင် လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်မှုအခြေအနေများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၁၇.၁၀.၂၀၂၂ ရက်နေ့တွင် ဘားအံမြို့၊ ဇွဲကပင်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကျင်းပခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လမ်းညွှန်ချက်(၂၁) ချက် ချမှတ်ခဲ့ပြီး (၁၉)ချက် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထုတ်ပိုးမှုစနစ် ကောင်းမွန်သည့် ပြည်ပပို့ကုန်များ ထုတ်လုပ်နိုင်ရေး၊ ဘိလပ်မြေစက်ရုံနှင့် ရော်ဘာဖိနပ်စက်ရုံများ တည်ဆောက်နိုင်ရေး တို့အတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(၆) နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း MSME လုပ်ငန်းရှင်များ တင်ပြချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ**

နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း ကရင်ပြည်နယ်ရှိ MSME လုပ်ငန်းရှင်(၇)ဦးမှ နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက်၊ မြေနေရာရရှိရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ တင်ပြချက်(၁၄) ချက်အား တင်ပြခဲ့ကြပြီး (၁၃)ချက် ဆောင်ရွက်ပေးပြီးဖြစ်ပါသည်။ ရော်ဘာ တောင်သူများ ကုန်ထုတ်လုပ်မှုအထောက်အကူပြုရန်နှင့် ဈေးကွက်ရရှိရန် ကုန်စည်ဒိုင် ဖွင့်လှစ်နိုင်ရေးအတွက် ကရင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းမှ မြေနေရာရွေးချယ် ဆောင်ရွက်လျက်ရှိပါသည်။

**(၇) One Region One Product ဦးစားပေး သတ်မှတ်ထားရှိမှုနှင့် အစီအစဉ်များရေး ဆွဲဆောင်ရွက်နေမှု အခြေအနေများ**

ကရင်ပြည်နယ်၏ ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP) အစီအစဉ်အား ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်၊ ပြည်ပသို့တင်ပို့နိုင်သည့် အရည်အသွေးပြည့်မီစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိ၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြည်နယ်အတွင်း အများဆုံး စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် သီးနှံများဖြစ်သည့် စပါး၊ ရော်ဘာနှင့် ကော်ဖီ တို့အား ဦးစားပေးရွေးချယ် ဆောင်ရွက်လျက်ရှိပါသည်၊ စပါးသီးနှံမှ ထုတ်ကုန်အမယ် ဖြစ်သည့် ဆန်/ဆန်ကွဲ ထုတ်လုပ်မှုအတွက် Action Plan (၉)ချက်၊ ရော်ဘာစိုက်ပျိုးမှု ထုတ်ကုန်အမယ်ဖြစ်သည့် မိုင်းခံရော်ဘာပြား ထုတ်လုပ်မှုအတွက် Action Plan (၄)ချက်နှင့် ကော်ဖီသီးနှံစိုက်ပျိုးမှုမှ ထုတ်ကုန်အမယ်ဖြစ်သည့် ကော်ဖီစေ့/ကော်ဖီမှုန့်ထုတ်လုပ်မှု အတွက် Action Plan (၅)ချက် ရေးဆွဲချမှတ် အကောင်အထည်ဖော်လျက်ရှိရာ အခြေခံ

အဆောက်အဦများ တည်ဆောက်ရေး၊ ငွေကြေးအရင်းအနှီးရရှိရေး၊ ထုတ်လုပ်မှုတိုးတက်ရေး၊ နည်းပညာနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

**(၈) ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်း၊ ဈေးကွက်ချိတ်ဆက်မှုနှင့် အခြားပံ့ပိုးပေးရန် လိုအပ်ချက်များ**

ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP) အစီအစဉ်၏ ထုတ်ကုန်အမယ် တစ်ခုဖြစ်သည့် ဆန်/ ဆန်ကွဲထုတ်လုပ်မှု၏ Action Plan ပါအချက် (၁)ချက်ဖြစ်သည့် ဆန်စက်များ အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းအား အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ ပံ့ပိုးပေးရန် လိုအပ်ချက်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးအရင်းအနှီးရရှိရေး၊ စက်ပစ္စည်းများ တင်သွင်းနိုင်ရေးနှင့် မြေဂရန် ရရှိရေးများ ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ OROP ထုတ်ကုန်အမယ် ကော်ဖီစေ့အပါအဝင် ပို့ကုန်အမယ်များအား ပြည်ပသို့ တိုက်ရိုက်တင်ပို့နိုင်မည့် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး ရော်ဘာကဏ္ဍအတွက် စုပေါင်းစက်ရုံများ ပိုမိုတည်ဆောက်ရန်၊ စိုက်ပျိုးစရိတ်များ ရရှိရန်နှင့် သွင်းအားစုများ ဈေးသက်သာရန် ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါသည်။

**(၉) လိုအပ်ချက်များအပေါ်ပံ့ပိုးပေးနိုင်မည့်နည်းလမ်းများနှင့်အကြံပြုချက်များ**

ငွေကြေးအရင်းအနှီးရရှိရေးအတွက် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးပေးခြင်း၊ MSME ဖွံ့ဖြိုးရေးရန်ပုံငွေမှ ထုတ်ချေးပေးခြင်းတို့အပြင် ပုဂ္ဂလိကဘဏ်များမှ MSME ချေးငွေများရရှိရေး သတင်းအချက်အလက်များဖြန့်ဝေခြင်း၊ ချေးငွေရရှိရေးဆိုင်ရာ တင်ပြရမည့် အချက်အလက်များဖြစ်သည့် အရှုံး/ အမြတ်စာရင်းများ မှန်ကန်စွာ ရေးဆွဲနိုင်ရေးနှင့် Business Plan ရေးဆွဲတတ်စေရန် သက်ဆိုင်ရာ ဌာန/ အဖွဲ့စည်းများမှ သင်တန်းပေးခြင်း (သို့မဟုတ်)ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ MSME လုပ်ငန်းရှင်များ မြေယာအဆောက်အဦ ပိုင်ဆိုင်မှုအထောက်အထား ခိုင်မာရေးအတွက်လည်း ပံပိုး ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ဈေးကွက်ချိတ်ဆက်မှု ဆောင်ရွက်ရာတွင် ထုတ်ကုန် ပြပွဲနှင့် ဈေးရောင်းပွဲတော်များအား နိုင်ငံတော်နှင့်တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ UMFCCI ကဲ့သို့သော စီးပွားရေးအသင်းများမှ ဆောင်ရွက်လျက်ရှိသကဲ့သို့ လုပ်ငန်းရှင်အစုအဖွဲ့များမှ ကျင်းပပြုလုပ်ရန် တောင်းဆိုလာပါက သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများမှ ကူညီပံ့ပိုးဆောင်ရွက်ပေးရပါမည်။

**(၁၀) ခြုံငုံသုံးသပ်တင်ပြချက်**

ပြည်တွင်းထုတ်ကုန်အားပေးရန်၊ ပို့ကုန်တိုးမြှင့်နိုင်ရန်နှင့် သွင်းကုန် အစားထိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများသည် အရည်အသွေးနှင့် ထုတ်ပိုးမှုအပိုင်းတွင် အိမ်နီးချင်းထိုင်းနိုင်ငံနှင့် ယှဉ်ပြိုင်နေရပြီး သဘာဝ

ချည်ထည် လုပ်ငန်းများမှာ ဈေးနှုန်းယှဉ်ပြိုင်နေရခြင်းများ ရှိသည့်အတွက် ဈေးနှုန်း၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် နည်းပညာနှင့် ပြည်တွင်းကုန်ကြမ်းရရှိမှုတို့အား ကာလတို၊ ကာလလတ် အစီအမံများဖြင့် ဆောင်ရွက်သွားရပါမည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား GAP, GAqP စနစ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၊ ဒေသတွင်းထွက်ရှိသည့် ကုန်ကြမ်းကိုအခြေခံသည့် ထုတ်လုပ်မှုလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်း၊ ဟိုတယ်နှင့်ခရီး သွားလာရေးကဏ္ဍအား ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ခြင်းများရရှိ လာနိုင်မည်ဖြစ်ပါသည်။

ပုံ (၇၁) မှတ်တမ်းဓါတ်ပုံများ





## ၇.၄.၄ ချင်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ၁.၂.၂၀၂၁ မှ ၃၁.၁၂.၂၀၂၃ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ

**(၁) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ Member Card/ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားမှုအခြေအနေ**

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Member Card လျှောက်ထားလာသည့် လုပ်ငန်းများအား Member Card အသစ် ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၃ ခုနှစ်ဒီဇင်ဘာလအထိ (၁၄) ခုနှင့် ယာယီမှတ်ပုံတင်လက်မှတ်ကို ၁၂.၇.၂၀၂၃ ရက်နေ့မှ ၃၁.၁၂.၂၀၂၃ ရက်နေ့ထိ (၁) ခု ထုတ်ပေးနိုင်ခဲ့ပါသည်။

ပုံ (၇၂) SME Member Card/ ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးမှုအခြေအနေ




| စဉ် | လုပ်ငန်းကဏ္ဍ | ထုတ်ပေးပြီးအရေအတွက် | |
|---|---|---|---|
| | | Member Card | ယာယီမှတ်ပုံတင်လက်မှတ် |
| ၁ | ထုတ်လုပ်မှု | ၁ | ၁ |
| ၂ | ရောင်းဝယ်မှု | ၃ | ၁ |
| ၃ | ဝန်ဆောင်မှု | ၂ | ၂ |
| ၄ | အခြား | ၁၂ | ၈ |
| | စုစုပေါင်း | ၁၈ | ၁၂ |

## (၂) ချင်းပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ

ချင်းပြည်နယ်တွင် ကော်ဖီစိုက်ပျိုးဧက (၁,၀၃၈)ရှိပြီး ကော်ဖီစေ့မှ ကော်ဖီမှုန့် ထုတ်လုပ်သည့်လုပ်ငန်းကို တီးတိန်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်တွင် ဆောင်ရွက်လျက်ရှိပါသည်။ လိုအပ်သော ကော်ဖီ ပျိုးပင်များကို စိုက်ပျိုးရေးဦးစီးဌာနမှ နှစ်စဉ်ဖြန့်ဖြူးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပျိုးပင်(၁၉,၁၅၆) ပေးနိုင်ခဲ့ပြီး ထွက်ရှိလာသည့် ကော်ဖီမှုန့်များကို ပြည်တွင်းဈေးကွက်များသို့ ၂၀၂၄ ခုနှစ် ဧပြီလအထိ ကော်ဖီမှုန့် (၂,၅၀၀) ကီလိုဂရမ် ရောင်းချဖြန့်ဖြူးပြီးဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလ နောက်ပိုင်းတွင် ကော်ဖီမှုန့် (၁,၀၀၀) ကီလိုဂရမ်အား ဆက်လက် ထုတ်လုပ်လျက်ရှိပါသည်။

ချင်းပြည်နယ်တွင် နွားနောက်ကောင်ရေ (၅၃,၆၈၀) ကောင်မွေးမြူထားပြီး နွားနောက်အသားခြောက်လုပ်ငန်းကို တီးတိန်၊ ဖလမ်း၊ ဟားခါးမြို့နယ်တို့တွင် တစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းရှင်(၃)ဦးကို နည်းပညာဖလှယ်ရရှိရေး ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ (၅)ရက်တာ စေလွှတ်ခဲ့ပြီး ဖြစ်ပါသည်။ ရရှိခဲ့သောနည်းပညာအရ တီးတိန်မြို့တွင် ချင်းတောင်နွားနောက် အသားခြောက် (တံဆိပ်)ဖြင့် ထုတ်လုပ်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ် ဧပြီလအထိ နွားနောက်အသား ခြောက် (၃၀၀) ဂရမ် (၁,၅၀၀)ထုပ် ရောင်းချဖြန့်ဖြူးပြီးဖြစ်ပါသည်။ ဆက်လက်ရောင်းချဖြန့်ဖြူးနိုင်ရန် (၃၀၀)ဂရမ် (၁,၀၀၀)ထုပ်အား ဆက်လက်ထုတ်လုပ်လျက်ရှိပါသည်။ ပြည်တွင်းဈေးကွက်များသို့ ဖြန့်ဖြူးလျက်ရှိပြီး ပြည်ပဈေးကွက်သို့ ရောင်းချဖြန့်ဖြူးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ချင်းပြည်နယ်အနေဖြင့် သစ်သီးပင်မျိုးစုံ(၁၀,၅၉၉)ကေစိုက်ပျိုးထားပြီး သီးစုံဝိုင်လုပ်ငန်းကို ဟားခါး၊ ဖလမ်းနှင့် တီးတိန်မြို့တို့တွင် ထုတ်လုပ်လျက်ရှိပါသည်။ ဖလမ်းမြို့နယ် သီးစုံဝိုင် ထုတ်လုပ်ရေး သမဝါယမအသင်းအနေဖြင့် ၂၀၂၄ ခုနှစ် ဧပြီလအထိ ဝိုင်မျိုးစုံ (၄,၀၀၀) ပုလင်း ဖြန့်ဖြူးရောင်းချပြီးဖြစ်ပါသည်။ ဆက်လက်ရောင်းချဖြန့်ဖြူးနိုင်ရန် (၂,၀၀၀)ပုလင်း ထုတ်လုပ်လျက်ရှိပါသည်။ ပြည်တွင်းဈေးကွက်များသို့ ဖြန့်ဖြူးလျက်ရှိပါသည်။

ချင်းပြည်နယ်တွင် ဝဥစိုက်ပျိုးကေ(၁၂,၀၁၅)ရှိပြီး ဝဥလွှာခြောက်လုပ်ငန်းကို ဟားခါး၊ တီးတိန်၊ မတူပီ၊ ကန်ပက်လက်မြို့နယ်များတွင် တစ်ပိုင်တစ်နိုင်လုပ်ကိုင်လျက်ရှိပါသည်။ ဟားခါးနှင့်မတူပီမြို့နယ်ရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း (၂)သင်းအနေဖြင့် ပခုက္ကူနှင့် မန္တလေးဈေးကွက်သို့ ဖြန့်ဖြူးလျက်ရှိပါသည်။ ၂၀၂၄ ခုနှစ် ဧပြီလအထိ ဝဥလွှာ ခြောက် (၆,၀၀၀)ကီလိုဂရမ် ဖြန့်ဖြူးရောင်းချပြီးဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် ဧပြီလနောက်ပိုင်း ရောင်းချနိုင်ရာ ဝဥလွှာခြောက် (၅၀၀)ကီလိုဂရမ် ထုတ်လုပ်လျက်ရှိပါသည်။

ရိုးရာရက်ကန်းကုန်ထုတ်လုပ်ငန်းကို ဟားခါး၊ ဖလမ်းနှင့် မတူပီမြို့နယ်များတွင် လုပ်ကိုင်လျက်ရှိရာ မတူပီမြို့နယ် အေဗေနေဇာ ရက်ကန်းကုန်ထုတ်သမဝါယမအသင်းအနေဖြင့် အသင်းသား (၁၉) ဦးမှ ရက်ကန်း(၁၉)စင်ဖြင့် ရိုးရာအထည်များ ထုတ်လုပ်ဖြန့်ဖြူးလျက် ရှိပါသည်။ အထူးသဖြင့် အမျိုးသမီးများအတွက် အလွန်သင့်လျော်သည့် လုပ်ငန်းတစ်ခု လည်းဖြစ်သည်။ ဒေသအေဂျင်စီအနေဖြင့် စည်းရုံးဆောင်ရွက်ပေးရန်အတွက် MSME ပြခန်း၊ ပြပွဲ၊ ပြိုင်ပွဲများတွင် အလေးထား၍ ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် စတင်ပါမည်။ အရင်းအနှီး နည်းပြီး အကျိုးအမြတ်ရရှိနိုင်မှု ကောင်းသည့်လုပ်ငန်းလည်းဖြစ်ပါသည်။

MSME လုပ်ငန်းရှင်များအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးထားရှိမှု အခြေအနေ အောက်ပါအတိုင်း ထုတ်ချေးထားပြီးဖြစ်ပါသည်-

**စိုက်ပျိုးရေးလုပ်ငန်း။** စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ MSME လုပ်ငန်းရှင် တောင်သူ (၈၇၁) ဦးကို ကျပ်(၁,၁၉၉.၂၀)သန်း ထုတ်ချေးထားပါသည်။ ၃၀.၄.၂၀၂၄ ရက်နေ့အထိ (၂၇.၄၉၂)သန်း ကောက်ခံရရှိပြီးဖြစ်ပါသည်။ ကာလစေ့များအတွက် ဆက်လက်ကောက်ခံလျက်ရှိပါသည်။

**မွေးမြူရေးလုပ်ငန်း။** မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ MSME လုပ်ငန်း ရှင် တောင်သူ (၄၃၁)ဦးကို ကျပ်(၅၁၂.၉၀)သန်း ထုတ်ချေး ထားပါသည်။ ၃၀.၄.၂၀၂၄ ရက်နေ့အထိ ကျပ်(၈.၈၅၉)သန်း ကောက်ခံ ရရှိပြီးဖြစ်ပါသည်။ ကာလစေ့များအား ဆက်လက်ကောက်ခံလျက်ရှိပါသည်။

**ကုန်ထုတ်လုပ်ငန်း။** ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ MSME လုပ်ငန်းရှင် (၂၀)ဦး ကို ကျပ် (၁၀.၅၀)သန်း ထုတ်ချေးထားပါသည်။ ၃၀.၄၊၂၀၂၄ ရက်နေ့အထိ ကျပ်

(၀.၀၃)သန်းကောက်ခံပြီးဖြစ်ပါသည်။ ကာလစေ့များအား ဆက်လက်ကောက်ခံ လျက် ရှိပါသည်။

**(၃) ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် GDP နှင့် စက်မှုကဏ္ဍ၏ GDP ပါဝင်မှုရာခိုင်နှုန်း**

ချင်းပြည်နယ်၏ ၂၀၂၂-၂၀၂၃ ခုနှစ် GDP တွင် စက်မှုကဏ္ဍ၏ GDP ပါဝင်မှုရာခိုင်နှုန်းသည် ၆.၂ % ဖြစ်ပါသည်။

**(၄) ပြပွဲပြိုင်ပွဲများ Talk Show များ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Knowledge Sharing များဆောင်ရွက်မှုအခြေအနေများ**

၂၀၂၄ ခုနှစ် မေလ (၁) ရက်နေ့တွင် ချင်းပြည်နယ်၏ MSME ဒေသထုတ်ကုန်ပြပွဲကို ဟားခါး မြို့တွင် ကျင်းပခဲ့ရာ ပြခန်း(၇)ခန်းတွင် ထုတ်ကုန်(၃၂)မျိုးကို ခင်းကျင်းပြသခဲ့ပါသည်။

ပုံ(၇၃) ချင်းပြည်နယ် MSME ထုတ်ကုန်ပြပွဲ မှတ်တမ်းဓာတ်ပုံများ






**(၅) One Region One Product ဦးစားပေးသတ်မှတ်ထားရှိမှုနှင့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်နေမှု အခြေအနေများ**

အောက်ပါကုန်ပစ္စည်းများ ထုတ်လုပ်ရန် ဦးစားပေးသတ်မှတ်ထားရှိပါသည်-

**(က) ဝဥတန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်း**

| | | | |
|---|---|---|---|
| (၁) | ဆောင်ရွက်မည့်သူ | - | ဟားခါးမြို့နယ်ဝဥစိုက်ပျိုးရေး ကုန်ထုတ် သမဝါယမအသင်းစု |
| (၂) | ဆောင်ရွက်မည့်နေရာ | - | စိုက်ပျိုးရေးခြံ(ကျောဘုတ်) |
| (၃) | ထုတ်လုပ်မှုအရေအတွက် | - | (၂၀၀)တန် |
| (၄) | ထုတ်လုပ်မှုတန်ဖိုး | - | ကျပ်(၁,၈၀၀)သန်း |
| (၅) | ပံ့ပိုးပေးမည့်အစီအစဉ် | - | ချင်းပြည်နယ်အစိုးရအဖွဲ့ဘဏ္ဍာ ရန်ပုံငွေကျပ်(၇၈၉.၀၀)သန်း |
| (၆) | ဖြန့်ဖြူးမည့်ဒေသ | - | ပြည်တွင်း၊ ပြည်ပ |

**(ခ) နွားနောက်အသားခြောက်လုပ်ငန်း**

| | | | |
|---|---|---|---|
| (၁) | ဆောင်ရွက်မည့်သူ | - | ဟားခါးမြို့နယ်နွားနောက်မွေးမြူရေးသမဝါယမအသင်း တီးတိန်မြို့နယ်ချင်းတောင် နွားနောက်အသားခြောက်လုပ်ငန်း |
| (၂) | ဆောင်ရွက်မည့်နေရာ | - | ဟားခါးနှင့်တီးတိန်မြို့နယ် |
| (၃) | ထုတ်လုပ်မှုအရေအတွက် | - | (၄၈၀)ပိဿာ |
| (၄) | ထုတ်လုပ်မှုတန်ဖိုး | - | (၅၇.၆၀)သန်း |
| (၅) | ပံ့ပိုးပေးမည့်အစီအစဉ် | - | (၉၇.၅၀)သန်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ |
| (၆) | ဖြန့်ဖြူးမည့်ဒေသ | - | ဒေသတွင်းနှင့် အခြားမြို့များ |

**(ဂ) ကော်ဖီကုန်ထုတ်လုပ်ငန်း**

| | | | |
|---|---|---|---|
| (၁) | ဆောင်ရွက်မည့်သူ | - | High Landerနှင့်ချင်းလီတိုင်ကုန်ထုတ်သမဝါယမအသင်း |
| (၂) | ဆောင်ရွက်မည့်နေရာ | - | တီးတိန်နှင့်ကန်ပက်လက်မြို့နယ် |
| (၃) | ထုတ်လုပ်မှုအရေအတွက် | - | (၅၇၈၀)ကီလိုဂရမ် |
| (၄) | ထုတ်လုပ်မှုတန်ဖိုး | - | ကျပ်(၆၉.၃၆၀)သန်း |
| (၅) | ပံ့ပိုးပေးမည့်အစီအစဉ် | - | နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ကျပ်(၁၀)သန်း |
| (၆) | ဖြန့်ဖြူးမည့်ဒေသ | - | ဒေသတွင်းနှင့်အခြားမြို့များ |

**ဦးစားပေးအစီအစဉ်တွင်မပါဝင်သော အခြားကုန်ထုတ်လုပ်ငန်းများ**

(က) ဂျုံ။ တီးတိန်မြို့နယ်တွင် ဂျုံ(၇၂၂)ဧက စိုက်ပျိုးထားပြီး တန်ဖိုးမြှင့်စားသောက်ကုန်လုပ်ငန်းများ ဆောင်ရွက်သွားပါမည်။

(ခ) အစေ့ထုတ်ပြောင်း။ တီးတိန်မြို့နယ်တွင် အစေ့ထုတ်ပြောင်း(၂၅,၅၂၄)ဧက စိုက်ပျိုးထားပြီး တန်ဖိုးမြှင့်စားသောက်ကုန်လုပ်ငန်းနှင့် တိရိစ္ဆာန်အစားအစာများ ထုတ်လုပ်သွားပါမည်။

(ဂ) ငြုတ်သီးခြောက်။ တီးတိန်မြို့နယ်တွင် ငြုတ်သီးစိမ်း(၆၉၈)ဧက စိုက်ပျိုးထားပြီး ငြုတ်သီးမှုန့်၊ ငြုတ် Suace စသည့် တန်ဖိုးမြှင့် ထုတ်လုပ်သွားပါမည်။

(ဃ) မျောက်ငို။ တီးတိန်မြို့နယ်တွင် မျောက်ငိုပင်များ စိုက်ပျိုးထားရှိပြီး မျောက်ငိုသီးကို အသင့်စားသုံးနိုင်သည်အထိ တန်ဖိုးမြှင့်၍ ကုန်ထုတ်လုပ်ငန်းနှင့် ဆောင်ရွက်သွားပါမည်။

**(၆) ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်း၊ ဈေးကွက်ချိတ်ဆက်မှုနှင့် အခြားပံ့ပိုးပေးရန် လိုအပ်ချက်များ**

(က) MSMEs လုပ်ငန်းများ မတည်ရင်းနှီးငွေရရှိစေရန် အတိုးနှုန်းသက်သာသည့် ချေးငွေများ လိုအပ်ခြင်း၊ ပြည်ပပို့ကုန်များကို ယှဉ်ပြိုင်ထိုးဖောက်နိုင်မည့် ခေတ်မီနည်းပညာများ လိုအပ်ခြင်း။

(ခ) အရည်အသွေးမီ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် ဓါတ်ခွဲစစ်ဆေးပေးခြင်း၊ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**(၇) လိုအပ်ချက်များအပေါ် ပံ့ပိုးပေးနိုင်မည့်နည်းလမ်းများနှင့် အကြံပြုချက်များ**

ချေးငွေရယူလိုသည့် လုပ်ငန်းရှင်အများစုသည် ခိုင်မာသည့် အာမခံမပေးနိုင်ခြင်းကြောင့် အာမခံပစ္စည်းများ ဖြေလျော့စဉ်းစားပေးမည်ဆိုပါက MSMEs လုပ်ငန်းရှင်အများစု ချေးငွေရရှိခံစားနိုင်မည် ဖြစ်ပါကြောင်း၊ ဓါတ်ခွဲစစ်ဆေးပေးခြင်း၊ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းတို့ကို ပြည်နယ်အတွင်း၌ ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီပံ့ပိုးပေးရန် လိုအပ်လျက်ရှိပါသည်။

**(၈) ခြုံငုံသုံးသပ်ချက်**

ချင်းပြည်နယ်အတွင်း လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေကြောင့် လုပ်ငန်းရှင်များမှ မှတ်ပုံတင်လုပ်ငန်းများကို ဒေသဆိုင်ရာအေဂျင်စီနှင့် ဆက်လက်ဆောင်ရွက်ရန် အခက်အခဲဖြစ်လျက်ရှိကြောင်းတွေ့ရှိရပါသည်။ ၎င်းအပြင် ချေးငွေရရှိရေးအတွက် ဒေသခံလုပ်ငန်းရှင်များအနေဖြင့် ချေးငွေလုပ်ထုံးလုပ်နည်းများအရ အာမခံတင်ပြနိုင်ရေး အားနည်းကြောင်းလည်း တွေ့ရှိရပါသည်။ ချေးငွေထုတ်ချေးပေးခြင်းဖြင့် လုပ်ငန်းရှင်များ အရင်း အနှီးရရှိပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် ကုန်ထုတ်လုပ်ငန်းများတွင် ကာလရှည်ချေးယူနိုင်ပြီး အတိုးနှုန်းသက်သာစွာဖြင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မည် ဖြစ်ပါသည်။

### ၇.၄.၅ စစ်ကိုင်းတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ၁.၂.၂၀၂၁ မှ ၃၀.၄.၂၀၂၄ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ

**(၁) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ SME Member Card/ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားမှုအခြေအနေ**

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Member Card လျှောက်ထားလာသည့် လုပ်ငန်းများအား Member Card အသစ် ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၄ ခုနှစ် ဧပြီလအထိ အသေးစား (၈၉) ခု၊ အလတ်စား (၃၂) ခု၊ စုစုပေါင်း (၁၂၁) ခု နှင့် ယာယီမှတ်ပုံတင်လက်မှတ်ကို ၁၂.၇.၂၀၂၃ ရက်နေ့မှ ၃၀.၄.၂၀၂၄ ရက်နေ့ထိ အသေးစား (၃၄)ခု၊ အလတ်စား(၁၂)ခု၊ စုစုပေါင်း(၄၆)ခု ထုတ်ပေးနိုင်ခဲ့ပါသည်။

ပုံ (၇၄) SME Member Card / ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးမှုအခြေအနေ







**(၂) တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ**

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများမှာ ထုတ်လုပ်မှုကဏ္ဍ၊ ရောင်းဝယ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် အခြားကဏ္ဍတို့ဖြစ်ပါသည်။ MSME လုပ်ငန်းအများစုမှာ ထုတ်လုပ်မှုကဏ္ဍ ဦးစားပေး (၁၂)ခုအနက် အစားအစာထုတ်လုပ်မှုလုပ်ငန်း၊ သစ်နှင့်သစ်အချောထည် ထုတ်လုပ်မှုလုပ်ငန်း၊ အခြေခံသတ္တုပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊ ပရိဘောဂထုတ်လုပ်မှုလုပ်ငန်း၊ ရော်ဘာနှင့် ပလပ်စတစ်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊ ဝတ်ဆင်ရန်အထည်များ ထုတ်လုပ်မှုလုပ်ငန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တွင်းထွက်နှင့် သစ်တောထွက်ပစ္စည်းလုပ်ငန်းများကို အဓိကလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

အစားအစာထုတ်လုပ်မှုကဏ္ဍတွင်လည်း MSME လုပ်ငန်းရှင်များသည် မိမိတို့လုပ်ငန်းတွင် တန်ဖိုးမြင့်နည်းပညာများဖြင့် လုပ်ကိုင်နေခြင်း Food Safety ဖြစ်အောင် လိုက်နာဆောင်ရွက်ခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စီမံကိန်းသင်တန်းများ ပို့ချ၍

စက်ပစ္စည်းများ ထောက်ပံ့ပေးခြင်းကြောင့် Start up လုပ်ငန်းများ ပေါ်ထွက်လျက်ရှိခြင်းတို့ကြောင့် အစားအစာထုတ်လုပ်မှုကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

စိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများသည် သီးနှံအထွက်နှုန်းကောင်းမွန်လာပြီး သဘာဝမြေဩဇာနှင့် ဓါတ်မြေဩဇာများကို အချိုးကျသုံးစွဲခြင်းဖြင့် ငွေကြေးကုန်ကျ သက်သာပြီး မျိုးစေ့ထုတ်လုပ်ငန်းများ စနစ်တကျဆောင်ရွက်လျက်ရှိခြင်းကြောင့် မျိုးကောင်းမျိုးသန့်များ တိုးပွားလာပြီး ထွက်နှုန်းကောင်းလာကာ မြေပုံစနစ် သုံးစွဲခြင်းကြောင့် မြေဩဇာသက်သာလာခြင်း၊ ရေချွေတာသုံးစွဲတတ်ခြင်း၊ သီးနှံများပိုးမွှားရောဂါ ကျရောက်မှုနည်းသည့် ထွက်နှုန်းသီးနှံများ အထွက်တိုးပြီး အယ်နီညို ဖြစ်စဉ်တွင် စိုက်ပျိုးရေးကဏ္ဍ ကြံ့ကြံ့တင်ကာကွယ်နိုင်ခြင်းတို့ကြောင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်လျက်ရှိပြီး မွေးမြူရေးကဏ္ဍတွင်လည်း တိရစ္ဆာန်များအား စနစ်တကျ မွေးမြူခြင်းဖြင့် အကောင်ရေ တိုးပွားလာခြင်း၊ အခြေခံကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ တိရစ္ဆာန်များ ရောဂါဖြစ်ပွားမှုအား စောစီးစွာထိန်းချုပ်ပေးနိုင်ခြင်း၊ ဒေသတွင်းရှိ ကျွဲ၊ နွားများကို မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ခြင်းများ ဆောင်ရွက်ခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသောလုပ်ငန်းများ ဖြစ်သောကြောင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်လာသည်နှင့်အညီ Supply Chain တစ်လျှောက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါသည်။

**(၃) စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၂၂-၂၀၂၃ ခုနှစ် GDP ၊ စက်မှုကဏ္ဍ၏ GDP ပါဝင်မှုရာခိုင်နှုန်း၊ MVA/ GDP (GDP တွင် တန်ဖိုးမြှင့်ထုတ်လုပ်မှုရာခိုင်နှုန်း)**

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၂၂-၂၀၂၃ ခုနှစ် GDP၊ စက်မှုကဏ္ဍ၏ ပါဝင်ရာခိုင်နှုန်း MVA/GDP (GDP)တွင် တန်ဖိုးမြှင့်ထုတ်လုပ်မှု ရာခိုင်နှုန်းမှာ-

| အကြောင်းအရာ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် | | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် | |
|---|---|---|---|---|
| | (ငွေလမှဒီဇင်ဘာ) (ကျပ်သန်း) | ပါဝင်မှု ရာခိုင်နှုန်း | (ငွေလမှဒီဇင်ဘာ) (ကျပ်သန်း) | ပါဝင်မှု ရာခိုင်နှုန်း |
| စက်မှုကဏ္ဍGDP | ၁,၅၉၅,၁၉၃.၈ | ၂၆.၅% | ၁,၆၀၀,၂၄၈.၃ | ၂၆.၆% |
| စုစုပေါင်းGDP | ၆,၀၁၈,၄၂၅.၃ | | ၆,၀၀၉,၅၂၆.၁ | |

**(၄) ပြပွဲ၊ ပြိုင်ပွဲများ၊ Talk Show များ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Knowledge Sharing များ ဆောင်ရွက်မှု အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဈေးကွက်ရရှိရေးနှင့် ချဲ့ထွင်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ MSME အေဂျင်စီဦးဆောင်မှုဖြင့် ဈေးရောင်း

ပွဲတော်(၇) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ Talk Show (၃) ကြိမ်၊ Online Talk Show (၁) ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ (၈)ကြိမ်၊ နည်းပညာအဆင့်မြှင့်တင်နိုင်ရေး ပံ့ပိုး ဆောင်ရွက်မှု အနေဖြင့် နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ( ၅ )ခု သို့ လုပ်ငန်းရှင်(၁၁)ဦး တက်ရောက်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု တိုးတက်စေရန် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလထိ သင်တန်း/ ဆွေးနွေးပွဲ (၅၆)ကြိမ်တွင် လုပ်ငန်းရှင် (၂၂၉)ဦး တက်ရောက်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါသည်။ Knowledge Sharing နည်းပညာသင်တန်း (၁၆) ကြိမ်ဖြစ်ပါသည်။

**(၅) နိုင်ငံတော်ဝန်ကြီးချုပ်၏တွေ့ဆုံပွဲတွင် MSME ဆိုင်ရာလမ်းညွှန်ချက်များအပေါ် ဆောင်ရွက်မှုအခြေအနေများ**

နိုင်ငံတော်ဝန်ကြီးချုပ်၏ စစ်ကိုင်းတိုင်းဒေသကြီးခရီးစဉ်တွင် MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ၌ MSME ဆိုင်ရာလမ်းညွှန်ချက်များအပေါ် စစ်ကိုင်းတိုင်းဒေသကြီး အေဂျင်စီမှ အဆိုပါလမ်းညွှန်ချက်များအား ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

**(၆) နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း MSME လုပ်ငန်းရှင်များ တင်ပြချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ**

နိုင်ငံတော်ဝန်ကြီးချုပ်၏ စစ်ကိုင်းတိုင်းဒေသကြီးခရီးစဉ်တွင် ဆွေးနွေး မှာကြားချက် MSME လုပ်ငန်းရှင်များမှ တင်ပြချက် စုစုပေါင်း (၂၂) ချက်ရှိပြီး ၎င်းတင်ပြချက်များအား ပြည်နယ် အစိုးရအဖွဲ့၊ MSME အေဂျင်စီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးပြီးဖြစ်ပါသည်။

**(၇) နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဆောင်ရွက်ချက်များ**

နည်းပညာနှင့်တီထွင်ဆန်းသစ်မှုဆောင်ရွက်ချက်များအနေဖြင့် ၂၀၂၁ ခုနှစ်မှ ၃၀.၄.၂၀၂၄ ရက်နေ့အထိ တိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးဆိုင်ရာသင်တန်း (၈၆)ကြိမ် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီး၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေး ဆိုင်ရာနည်းပညာပေး သင်တန်းပေါင်း (၇,၂၄၈)ကြိမ်၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီး ဌာနမှ ကာလတိုနည်းပညာပေးသင်တန်း (၁၃၁) ကြိမ်ပေးပြီးဖြစ်ပါသည်။

**(၈) One Region One Product ဦးစားပေးသတ်မှတ်ထားရှိမှုနှင့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်မှု အခြေအနေများ**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် One Region One Product သတ်မှတ် ဆောင်ရွက်သည့် ထုတ်ကုန်(၁၀)မျိုးမှ စိုက်ပျိုးရေးကိုအခြေခံသည့် ထုတ်ကုန်များကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ Highlighted ဆောင်ရွက်မည့် OROP အစီအစဉ်အရ ရွှေဘိုပေါ်ဆန်း၊ ဟုမ္မလင်းခေါင်ခမ်းလက်ဖက်နှင့် ကလေးနေကြာဆီ ထုတ်ကုန်များအတွက်

စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအား ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ ဒေသရှိ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ရွှေဘိုပေါ်ဆန်း၊ ဟုမ္မလင်းခေါင်ခမ်းလက်ဖက်နှင့် ကလေးနေကြာဆီ တို့ကို အထွက်နှုန်းတိုးတက်စေခြင်း၊ အရည်အသွေးကောင်းသီးနှံ ထုတ်ကုန်ရရှိခြင်း၊ တောင်သူများ ဝင်ငွေတိုးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူဖြစ်စေရန် မျှော်မှန်းထားပြီး ဆောင်ရွက်တိုးတက်မှု အခြေအနေများကို (၃)လတစ်ကြိမ် အစီရင်ခံတင်ပြသွားပါမည်။

## (၉) ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်း၊ ဈေးကွက်ချိတ်ဆက်မှု၊ အခြားပံ့ပိုး ပေးရန် လိုအပ်ချက်များ

ငွေကြေးချိတ်ဆက်မှုအနေဖြင့် ကိုဗစ် ၁၉ ရန်ပုံငွေမှ မွေးမြူရေးလုပ်ငန်း (၁၅)ခု၊ (၁၀၃.၀၀၀) ကျပ်သန်း၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စာနယ်ဇင်း နှင့်မီဒီယာကဏ္ဍ (၁၁)ခုသို့ (၄၂.၀၀၀) ကျပ်သန်း စုစုပေါင်း လုပ်ငန်း (၂၆) ခုသို့ (၁၄၅) ကျပ်သန်း ထုတ်ချေးထားပြီးဖြစ်ပါသည်။ MSME လုပ်ငန်းအဆင်ပြေ ချောမွေ့စွာ လည်ပတ်နိုင်ရေး ရင်းနှီးမတည်ငွေများ ပံ့ပိုးပေးမှုအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေးလုပ်ငန်း (၆၈)ခုသို့ (၁,၅၅၃.၅) ကျပ်သန်း၊ မွေးမြူရေးလုပ်ငန်း (၁၇၄) ခုသို့ (၃,၈၂၅) ကျပ်သန်း၊ အခြားလုပ်ငန်းများအဖြစ် သမဝါယမ လုပ်ငန်း၊ MSME လုပ်ငန်း (၈၈)ခုသို့ (၄,၀၁၆.၅) ကျပ်သန်း၊ စုစုပေါင်းလုပ်ငန်း (၃၃၀)ခုသို့ (၉,၃၉၅) ကျပ်သန်းထုတ်ချေးထားပြီးဖြစ်ပါသည်။ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီး ဌာနမှ လုပ်ငန်းရှင် (၄၄)ဦးအား၊ လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးခြင်း၊ လုပ်ငန်းရှင် (၉) ဦးအား နည်းပညာလွှဲပြောင်းပေးခဲ့ပါသည်။ MSME လုပ်ငန်းရှင်များ ပြသရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါသည်။ စက်မှုဝန်ကြီးဌာန၏ E-Market Place Platform တွင်လည်း MSME လုပ်ငန်းရှင်(၉)ဦး ပြသရောင်းချနိုင်ရေး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ MSME Showroom ရန်ကုန်တွင် လုပ်ငန်းရှင်(၅)ဦး၏ ထုတ်ကုန်(၂၃)မျိုး ပြသရောင်းချ ပေးလျက်ရှိပါသည်။ MSME လုပ်ငန်းများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်း၊ လုပ်သားပေါများခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး အချက်အချာကျသည့် နေရာတွင်တည်ရှိ၍ ဈေးကွက်ဖြန့်ဖြူးမှုတွင် အခွင့်အလမ်းများခြင်းစသည့် အားသာချက်များ ရှိသော်လည်း မိရိုးဖလာ နည်းပညာဖြင့် ထုတ်လုပ်သည့် လုပ်ငန်းအများစုဖြစ်၍ နည်းပညာ နှင့်ကျွမ်းကျင်မှု နိမ့်ကျခြင်း၊ အလေအလွင့်များပြားခြင်း၊ ကုန်ပစ္စည်းအရည်အသွေးနှင့် ထုပ်ပိုးမှုစနစ် အားနည်းခြင်း၊ ဈေးကွက်ချိတ်ဆက်နိုင်မှု အားနည်းခြင်းနှင့် အရည်အသွေးမြင့် ကုန်ကြမ်းရရှိရန်ခက်ခဲခြင်း၊ ဘဏ်များမှ ချေးငွေရယူနိုင်ရန် ခက်ခဲခြင်းစသည့် အားနည်းချက် များ လည်းရှိနေပါသည်။

## (၁၀) လိုအပ်ချက်များအပေါ် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများနှင့် အကြံပြုချက်များ

MSME လုပ်ငန်းများ လုပ်ငန်းတိုးချဲ့လည်ပတ် လုပ်ကိုင်နိုင်ရန် အတိုးနှုန်းသက်သာသော ချေးငွေများရရှိစေရန် ပံ့ပိုးကူညီပေးခြင်း၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေး ကောင်းမွန်ရန်နှင့် ထုပ်ပိုးမှုစနစ်အဆင့်မီစေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ ပြည်တွင်း/ ပြည်ပဈေးကွက်ရရှိရေးအတွက် ဈေးရောင်းပွဲတော်များ ကျင်းပပေးခြင်း၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ နိုင်ငံတကာ စီးပွားရေးသံမှူးများမှတစ်ဆင့် ဈေးကွက်ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ကုန်ကြမ်းပစ္စည်းများ လွယ်ကူသက်သာစွာရရှိနိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြင့်(MSME)လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

## (၁၁) ခြုံငုံသုံးသပ်တင်ပြချက်

သုံးသပ်ချက်များအနေဖြင့် ကိုဗစ်၁၉ ရန်ပုံငွေမှ ချေးငွေရရှိခြင်း၊ နိုင်ငံ့ စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေရရှိခြင်းတို့ကြောင့် ကမ္ဘာ့ကပ်ရောဂါကိုဗစ် ၁၉ ကြောင့် ယိမ်းယိုင်သွားသော စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာပါသည်။ ဌာနဆိုင်ရာအသီးသီးမှမိမိတို့နှင့်သက်ဆိုင် ရာကဏ္ဍအလိုက် နည်းပညာနှင့်တီထွင်စမ်းသစ်မှုများဖြန့်ဝေခြင်း၊ ပံ့ပိုးပေးခြင်း၊ ချိတ်ဆက်ပေးခြင်းတို့ကြောင့် MSME လုပ်ငန်းများသည် မိရိုးဖလာလုပ်ငန်းမှ အသွင်ကူးပြောင်း လုပ်ကိုင်လာကြပါသည်။ သို့သော် ကုန်ထုတ်စွမ်းအား မြှင့်တင်ရန် လိုအပ်ချက်ရှိပါသည်၊ ကုန်ထုတ်စွမ်းအားမြှင့်တင်ရန် အားနည်းသောကြောင့် ထုတ်လုပ်သူ နှင့် စားသုံးသူမကိုက်ညီမှုများဖြစ်ပေါ်ပြီး ကုန်ဈေးနှုန်းမတည်ငြိမ်မှု ဖြစ်ပေါ်ခြင်းဖြစ်ပါသည်။ ဈေးကွက်စီးပွားရေးစနစ်သို့ သွားနေခြင်း ဖြစ်သောကြောင့် လုပ်ငန်းများလုပ်သည့်အခါ Research လုပ်ပြီးမှ လုပ်ကိုင်ခြင်းသည် အောင်မြင်သည့် အနေအထားသို့ ရောက်နိုင်မည်ဖြစ်ပါသည်။ ကုန်ထုတ်စွမ်းအား မြှင့်တင်နိုင်ရန်အတွက် နည်းပညာ၊ ငွေကြေး၊ လျှပ်စစ်၊ ကျွမ်းကျင်လုပ်သား၊ ဈေးကွက်ဖော်ဆောင်ရန် စသည့်အခြေခံအချက်များ လိုအပ်ပါသည်။ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် အဓိကလုပ်ကိုင်သူ၊ ပံ့ပိုးပေးသောဌာနများ၊ အဖွဲ့အစည်းများသည် မိမိတို့၏ အားနည်းချက်များကို အားသာချက် အသွင်ပြောင်းနိုင်ပါက တိုးတက်လာမည် ဖြစ်ပါသည်။

ပုံ (၇၅) စစ်ကိုင်းတိုင်းဒေသကြီးထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော် မှတ်တမ်းဓာတ်ပုံများ





### ၇.၄.၆ တနင်္သာရီတိုင်းဒေသကြီး၏ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ၁.၂.၂၀၂၁ မှ ၃၁.၁၂.၂၀၂၃ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ

**(၁) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ Member Card / ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားမှုအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ MSME ဌာနမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ Member Card/ ယာယီမှတ်ပုံတင်ထုတ်ပေးမှုအနေဖြင့် SME Member Card စုစုပေါင်း (၁,၅၇၁) ခုနှင့် ယာယီမှတ်ပုံတင်(၇၃)ခု ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

ပုံ (၇၆) SME Member Card/ ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးမှုအခြေအနေ




**(၂) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ**

တနင်္သာရီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ စက်မှုလုပ်ငန်းများအား ပုဂ္ဂလိကစက်မှုမှတ်ပုံတင်ထုတ်ပေး လျက်ရှိရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ အငယ်စား (၁,၄၇၁)ခု၊ အလတ်စား (၂၃၂)၊ အကြီးစား(၃၀၈)ခု၊ စုစုပေါင်း(၂,၀၁၁)ခု ထုတ်ပေးနိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး (၁၂၃,၅၁၀.၇၈) ကျပ်သန်းနှင့် (၁၄.၉၄၈)ဒေါ်လာသန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။ စက်မှုမှတ်ပုံတင်ထားသော လုပ်ငန်းများအနက် အအေးခန်း လုပ်ငန်း(၆)ခုနှင့် ငါးအမှုန့်ကြိတ်လုပ်ငန်း (၅)ခုတို့သည် ပြည်ပသို့တင်ပို့နေသည့် လုပ်ငန်းများဖြစ်ပြီး မြိတ်မြို့အင်းလေးမြိုင် စက်မှုဇုန်မှ ငါးအမှုန့်ကြိတ် လုပ်ငန်း(၂)ခုနှင့် အအေးခန်းစက်ရုံ(၁)ခုမှ ငါးအမှုန့်နှင့် ငါးအသားများကို ထိုင်းနိုင်ငံသို့ လစဉ်တင်ပို့

ရောင်းချလျက်ရှိပါသည်။ ရော်ဘာစက်ရုံ (၆)ခုမှ RSS-1,2,3 မှိုင်းခံရော်ဘာပြား၊ MSR (Myanmar Sustainable Rubber) 1,2,3 အဆင့်ရှိရော်ဘာတုံး များထုတ်လုပ်၍ Bridge Stone Tyre (Japan) အပါအဝင် ပြည်တွင်း/ ပြည်ပသို့ တင်ပို့လျက်ရှိပါသည်။ သွင်းအားစုအနေဖြင့် ဩဇာမင်း သဘာဝဇီဝ မြေဩဇာစက်ရုံမှ ပြည်ပသွင်းကုန်များဖြစ်သော ဓါတ်မြေဩဇာ သွင်းကုန်အစားထိုး အသုံးပြုနိုင်ရေးအတွက် သဘာဝမြေဩဇာ ထုတ်လုပ်လျက်ရှိပါသည်။ စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်း မရှိသော ရော်ဘာပင်အိုများအား ခုတ်လှဲပြီး ရော်ဘာပင်အိုမှ ထွက်ရှိလာမည့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ရော်ဘာထုတ်လုပ်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ကုန်ချောထုတ်လုပ်ပြီး ပြည်တွင်း/ ပြည်ပသို့တင်ပို့ ရောင်းချလျက်ရှိပါသည်။ အအေးခန်းစက်ရုံများမှ ပြုပြင်မွမ်းမံထုတ်လုပ်သည့် ရေထွက် ပစ္စည်းများအား အသေးစား/ အလတ်စားလုပ်ငန်းလိုင်စင်နှင့် ရေထွက်ပစ္စည်း ရောင်းဝယ်စု ဆောင်းသူများအား ရေထွက်ပစ္စည်း ရောင်းဝယ်စုဆောင်းခွင့်လိုင်စင်များ ထုတ်ပေးဆောင်ရွက် လျက်ရှိခြင်း၊ ရေထွက်ပစ္စည်းများအား ပြည်တွင်း/ ပြည်ပသယ်ယူ ပို့ဆောင်ရောင်းချခြင်း အတွက် (မျှောစာ- Product Movement Document (PMD)) များ ထုတ်ပေးဆောင်ရွက် လျက်ရှိခြင်း၊ အရည်အသွေးစစ်ဆေးခြင်းနှင့် ကုန်ချိန်များ စစ်ဆေးခြင်း ကို FIQC ဌာနခွဲနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ကျဝန်ထမ်းများဖြင့် ပူးပေါင်းစစ်ဆေး ဆောင်ရွက်ပေးလျက် ရှိခြင်းတို့ကြောင့် ရေထွက်ပစ္စည်းများအား မြိတ်-မောတောင်မှတဆင့် ထိုင်းနိုင်ငံ၊ ရနောင်း မြို့သို့လည်းကောင်း၊ မြိတ်မှတဆင့် ရန်ကုန်မြို့နှင့် ကော့သောင်းမြို့များသို့ လည်းကောင်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ ရေငန်ငါး/ပုစွန်၊ ကဏန်းပျော့၊ ဂျင်းခရု၊ ပင်လယ်ရေမှော်စသည့် မွေးမြူရေးလုပ်ငန်းများ၊ ငါး/ပုစွန်ဝယ်ယူစုဆောင်းခြင်း၊ ပြုပြင်မွမ်းမံ ထုတ်လုပ်ခြင်းနှင့် ဒေသတွင်းဖြန့်ဖြူးခြင်း၊ အအေးခန်း၊ စက်ရုံ၊ အလုပ်ရုံများ၏ ကုန်ချောထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ (Value Added Products) ထုတ်လုပ်တင်ပို့ခြင်း စသည့်လုပ်ငန်း များကို ဆောင်ရွက်လျက်ရှိပါသည်။ တင်ပို့သည့်နည်းစနစ်များ အနေဖြင့် အေးခဲနည်းစနစ် (Frozen Type), ရေခဲရိုက်နည်းနစ် (Chilled Type), အခြောက်ခံ နည်းစနစ် (Dried Type), အရှင်တင်ပို့ခြင်း (Alive)နှင့် ပြုပြင် မွမ်းမံခြင်း (Processing) စသည့် နည်းစနစ်များဖြင့် ရေလမ်း၊ ကုန်းလမ်း၊ လေကြောင်းလမ်းတို့ဖြင့် တင်ပို့ဆောင်ရွက်လျက်ရှိပြီး တင်ပို့မည့် တဖက်နိုင်ငံ၏ လိုအပ်ချက် (Requirements)နှင့် နိုင်ငံတကာ ဈေးကွက် လိုအပ်ချက်များနှင့် ကိုက်ညီရေးအပြင် Buyer များ၏ လက်ရှိပေါက်ဈေးဖြင့် တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။ Foods Safety ဖြစ်စေရေး HACCP, GMP, SSOP လုပ်ငန်းစဉ်များနှင့် အညီဦးစီးဌာနမှ Health Certificates အပြင် လိုအပ်သော စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပို့ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝမှဖမ်းဆီး ထုတ်လုပ်နေခြင်းထက် တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်း

နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသခံပြည်သူများ ဝင်ငွေများ တိုးတက်လာစေရေးနှင့်ဒေသတွင်း ရေထွက်ပစ္စည်းထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရေးအတွက် ခေတ်မီရေငန်ပုစွန် မွေးမြူထုတ်လုပ်ဆောင်ရွက်မှုအနေဖြင့် ထားဝယ် ခရိုင်၊ ရေဖြူမြို့နယ်၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ပုလောမြို့နယ်နှင့် ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်တို့တွင် ကုမ္ပဏီ/ လုပ်ငန်းရှင် (၅)ဦးမှ (၁,၈၂၇.၄၄) ဧကအား မွေးမြူဆောင်ရွက်နေပြီး ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းခရိုင်တို့တွင် လုပ်ငန်းရှင်(၃၈)ဦးမှ (၁၀,၀၈၇.၈၉)ဧကအား တိုးချဲ့မွေးမြူရေး အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။ ငါးမွေးမြူရေးအနေဖြင့် မြိတ်ခရိုင်၊ ကော့သောင်းခရိုင်တို့တွင် လုပ်ငန်းရှင်(၁၃)ဦးမှ (၉၃.၉၃) ဧကအား မွေးမြူဆောင်ရွက်နေပြီး လုပ်ငန်းရှင်(၅)ဦးမှ (၉၂၆.၇၃) ဧကအား တိုးချဲ့မွေးမြူဆောင်ရွက်ရန် အကောင်အထည်ဖော်လျက် ရှိပါသည်။ ကဏန်းမွေးမြူရေးအနေဖြင့် ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်တို့တွင် လုပ်ငန်းရှင်(၅)ဦးမှ (၂၇၂.၀၂)ဧကအား မွေးမြူဆောင်ရွက်နေပြီး ဂျင်းခရုမွေးမြူရေးအနေဖြင့် လုပ်ငန်းရှင် (၂၉၀)ဦးမှ(၈,၃၅၆.၂၆)ဧကအား မွေးမြူဆောင်ရွက်နေပါသည်။ အိမ်မွေးငှက်သိုက်လုပ်ငန်းမှ ထွက်ရှိသည့် ငှက်သိုက် အဖြူနှင့်ငှက်သိုက်အမဲတို့အား လုပ်ငန်းရှင်များမှ ၎င်းတို့ကိုယ်တိုင် သန့်စင်၍ မိမိတို့နေထိုင်သည့်မြို့အတွင်း ငှက်သိုက်အရောင်းဆိုင်များသို့ ရောင်းချနေပြီး အချို့အိမ်မွေးငှက်သိုက်လုပ်ငန်းရှင်၊ အရောင်းဆိုင်တို့အနေဖြင့် တန်ဖိုးမြှင့်ကုန်ချောအဖြစ် ထုတ်လုပ်ပြီး ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ပုံ (၇၇) မှတ်တမ်းဓာတ်ပုံများ





**(၃) တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၂၂-၂၀၂၃ ခုနှစ် GDP၊ စက်မှုကဏ္ဍ၏ GDP ပါဝင်မှုရာခိုင်နှုန်း၊ MVA/ GDP (GDP တွင် တန်ဖိုးမြှင့်ထုတ်လုပ်မှု ရာခိုင်နှုန်း)**

၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၏ (GDP) မှာ (၅၁,၆၈၇၆၂.၆) ကျပ်သန်းဖြစ်ပြီး စက်မှုကဏ္ဍ၏ GDPပါဝင်မှု (၃၀,၀၆၅၆.၈)ကျပ်သန်း၊ ပါဝင်မှုရာခိုင်နှုန်း

(၅.၈%) ဖြစ်ပါသည်။ MVA/GDP (GDP တွင် တန်ဖိုးမြှင့်ထုတ်လုပ်မှုရာခိုင်နှုန်း) ကို ပြည်ထောင်စုအဆင့်မှသာ တွက်ချက်ပါသည်။

**(၄) ပြပွဲ၊ ပြိုင်ပွဲများ၊ Talk Show များ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Knowledge Sharing များ ဆောင်ရွက်မှုအခြေအနေ**

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ သင်တန်း/ဆွေးနွေးပွဲများကို (၂၅)ကြိမ်တွင် ဝန်ထမ်း (၃၇)ဦး၊ လုပ်ငန်းရှင် (၆၃)ဦး တက်ရောက်ခဲ့ပြီးဖြစ်ပါသည်။ တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူပညာပေး သင်တန်းများ၊ ဆွေးနွေးပွဲများ၊ ကွင်းသရုပ်ပြပွဲများ၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ရော်ဘာကဏ္ဍအနေဖြင့် သင်တန်းများနှင့် ဆွေးနွေးပွဲများ (၉၆)ကြိမ် လျာထားပြီး(၃၄)ကြိမ် ဆောင်ရွက်ပြီးဖြစ်ပါသည်။ ဆီအုန်းကဏ္ဍအနေဖြင့် သင်တန်းများကို (၂၅)ကြိမ် လျာထားပြီး၊ (၇)ကြိမ် ဆောင်ရွက်ပြီးဖြစ်ပါသည်။ စပါးကဏ္ဍ အနေဖြင့် စိုက်ပျိုးပညာပေးဆွေးနွေးပွဲ (၁၄၄)ကြိမ်၊ သင်တန်း(၉၇) ကြိမ်နှင့် ကွင်းသရုပ်ပြပွဲ (၃၈)ကြိမ် လျာထားပြီး၊ ပညာပေးဆွေးနွေးပွဲ(၁၁၉)ကြိမ်၊ သင်တန်း (၆၃)ကြိမ်နှင့် ကွင်းသရုပ်ပြပွဲ(၂၈)ကြိမ် ဆောင်ရွက်ပြီးဖြစ်ပါသည်။ ပဲအမျိုးမျိုး၊ ကော်ဖီ၊ ကိုကိုးနှင့်အတူ ဒေသနှင့် ကိုက်ညီသော အခြားသီးနှံများကို စမ်းသပ်စိုက်ပျိုးအောင်မြင်စေရန် လိုအပ်သော နည်းပညာများ ပံ့ပိုးကူညီပေးလျက်ရှိပါသည်။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် စုစုပေါင်း သင်တန်း (၂၇)ကြိမ်၊ သင်တန်းသား (၆၁၅)ဦးဖြင့် ဖွင့်လှစ်ပို့ချခဲ့ပါသည်။ တိရစ္ဆာန် ကျန်းမာရေးလုပ်သား (CAHW) သင်တန်းကို သင်တန်းသား(၁၅)ဦးဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စုစုပေါင်းသင်တန်း (၁၂)ကြိမ်၊ သင်တန်းသား (၁၈၂)ဦးဖြင့် ဖွင့်လှစ်ပို့ချခဲ့ပါသည်။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အနေဖြင့် စုစုပေါင်း သင်တန်း(၄၁)ကြိမ်၊ သင်တန်းသား(၅၃၇)ဦးဖြင့် ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ပါသည်။ MSME Talk Show အား ကော့သောင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ Live Show ပြုလုပ်ဆောင်ရွက်ထားရှိပါသည်။

**ပုံ (၇၈) မှတ်တမ်းဓာတ်ပုံများ**





**(၅) နိုင်ငံတော်ဝန်ကြီးချုပ်၏တွေ့ဆုံပွဲတွင် MSME ဆိုင်ရာလမ်းညွှန်ချက်များ အပေါ် ဆောင်ရွက်မှု အခြေအနေများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၄.၁၁.၂၀၂၂ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့သို့လည်းကောင်း၊ ၅.၁၁.၂၀၂၂ ရက်နေ့တွင် မြိတ်မြို့ရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကျင်းပခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလမ်းညွှန်ချက်(၁၈) ချက် ချမှတ်ခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်မှုမှာ (၁၆)ချက် ဆောင်ရွက်ပြီးဖြစ်ပြီး ဆောင်ရွက်ဆဲ(၂)ချက်မှာ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ပါသဖြင့် သက်ဆိုင် ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းရှင်များ တင်ပြချက်အနေဖြင့် (၁၀) ချက်ရှိပြီး သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

ပုံ (၇၉) တိုင်းဒေသကြီးဝန်ကြီးချုပ်မှဆွေးနွေးအားပေးခဲ့မှုမှတ်တမ်းဓာတ်ပုံများ



**(၇) One Region One Product ဦးစားပေးသက်မှတ်ထားရှိမှုနှင့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်နေမှု အခြေအနေများ**

MSME ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ၏ လမ်းညွှန်ချက်များအရ တနင်္သာရီတိုင်းဒေသကြီးမှ ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP) ထုတ်ကုန်များအနေဖြင့် ရော်ဘာ၊ ဆီအုန်း၊ ရေထွက်ကုန် (ငါး၊ ပုစွန်၊ ဂဏန်းခရု)၊ ငှက်သိုက်ထုတ်ကုန်များ ရွေးချယ်ထားပြီး OROP ဦးဆောင်ကော်မတီ၊ ထုတ်ကုန်အလိုက်ကော်မတီများ ဖွဲ့စည်းထားပြီး သက်ဆိုင်ရာ ထုတ်ကုန်အလိုက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် (OROP) စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

**(၈) ငွေကြေး၊ နည်းပညာ ၊ စက်ပစ္စည်း၊ ဈေးကွက်ချိတ်ဆက်မှု၊ အခြားပံ့ပိုးပေးရန် လိုအပ်ချက်များ**

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှပ်နှံမှုအပိုင်းအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ချေးငွေများရရှိနိုင်ရေး ဆောင်ရွက်ပေးရန်လိုအပ်ခြင်း၊ ထုတ်လုပ်မှုအပိုင်း

တွင် အရည်အသွေးမြင့်ထုတ်ကုန်ပစ္စည်းများ စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်စက်ပစ္စည်းများ ဝယ်ယူနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးရန်နှင့် ထောက်ပံ့ကူညီပေးရန်လိုအပ်ခြင်း၊ စိုက်ပျိုးမှု၊ ထုတ်လုပ်မှုအပိုင်းများတွင် ကဏ္ဍအလိုက် နည်းပညာများရယူဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ် လုပ်ဆောင်ပေးရန် လိုအပ်ခြင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် ထုတ်ကုန်များအား ပြည်တွင်း/ပြည်ပဈေးကွက်တွင် တင်ပို့ ဖြန့်ဖြူးရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးရန်လိုအပ်ခြင်း၊ တိုင်းဒေသကြီးတွင် နိုင်ငံတော်မှ ပို့လွှတ်သော လျှပ်စစ်မရရှိသောကြောင့် လျှပ်စစ်ခတ်အားခ ဈေးနှုန်းများကြီးမြင့်၍ သက်သာသောနှုန်းထားဖြင့် ရရှိနိုင်ရန် လိုအပ်လျက်ရှိနေပါသည်။

### (၉) လိုအပ်ချက်များအပေါ် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများနှင့် အကြံပြုချက်များ

ထုတ်ကုန်များထုတ်လုပ်နိုင်ရေးအတွက် ကုန်ကြမ်း/သွင်းအားစုများ ရရှိနိုင်ရေး ချိတ်ဆက်ပံ့ပိုးကူညီပေးခြင်း၊ ပြည်တွင်း/ ပြည်ပမှ နည်းပညာဖိတ်ခေါ်ရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းရှင်များမှ စံချိန်စံညွှန်းမီ ထုတ်ကုန်များထုတ်လုပ်ပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ချိတ်ဆက်အကူအညီပေးရေး၊ ပြည်တွင်း/ ပြည်ပ ဈေးကွက်ရရှိနိုင်ရေး ချိတ်ဆက်ကူညီဆောင်ရွက်ပေးခြင်း၊ E–Marketing, Online Marketing များ၊ Business Matching များ၊ ကုန်စည်ပြပွဲ/ ပြိုင်ပွဲများ၊ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ လိုအပ်သော အရင်းအနှီးရရှိနိုင်ရေးငွေကြေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ထုတ်ကုန်အတွက် GAP GAqP နည်းစဉ်များ၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ထုတ်လုပ်ရေးလုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စေရေးများ စနစ်တကျဖွဲ့စည်း၍ ပြည်တွင်းပြည်ပနှင့် ချိတ်ဆက်နိုင်ရေးအတွက် တရားဝင်စီးပွားရေးအသင်းအဖွဲ့(Cluster) ဖြစ်စေရန် ဖွဲ့စည်းဆောင် ရွက်ပေးခြင်းနှင့် Business Network များထူထောင်နိုင်ရန် ချိတ်ဆက်ပေးခြင်း၊ထုတ်ကုန်ဆိုင်ရာဆွေးနွေးပွဲ၊ Forum၊ Knowledge Sharing၊ Capacity Building စွမ်းရည်မြှင့်သင်တန်းများ၊ Talk Show များ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူ နိုင်စေရေးအတွက် သတင်းအချက် အလက်များ အချိန်နှင့်တပြေးညီသိရှိနိုင်ရေး MSME Webportal, သက်ဆိုင်ရာအစိုးရဌာနအလိုက် Website များတွင် လွှင့်တင်ထားရှိမှုအား Awareness ပေးခြင်း၊ လုပ်ငန်းရှင်များ၏ ကဏ္ဍအလိုက် ကြုံတွေ့နေရသော အခက်အခဲ၊ လိုအပ်ချက်များကို လျော့နည်းစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးဦးစီးဌာနများ၊ အသင်း အဖွဲ့၊ အဖွဲ့အစည်းများမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းများ လိုအပ်မည်ဖြစ်ပါသည်။

(၁၀) ခြုံငုံသုံးသပ်တင်ပြချက်

တနင်္သာရီတိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ အခက်အခဲ များနှင့် လိုအပ်ချက်များကိုသိရှိပြီး နိုင်ငံတော်မှ အားပေးကူညီ မြှင့်တင်ပေးခြင်းဖြင့် MSME စီးပွားရေးလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်လာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာစေမည်ဖြစ်ပါသည်။ MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၎င်းတို့လိုအပ်နေသည့် အတိုးနှုန်းသက်သာသော ချေးငွေရရှိစေရေး၊ နည်းပညာရရှိရေး၊ လျှပ်စစ်ဓာတ်အား၊ ပြည်ပမှကုန်ကြမ်းတင်သွင်းမှုများအား အခွန်လျှော့ပေါ့စေရေး၊ ဆန်စပါးနှင့် ဒေသထွက်သီးနှံများ မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် အောင်မြင်စွာစိုက်ပျိုးနိုင်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထုတ်ကုန်များ အရည်အသွေးကောင်းမွန်ရန်လိုပြီး ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့်ကုန်ကြမ်းများကို အဓိကထားထုတ်လုပ်သည့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန် လိုအပ်ပြီး ထိုသို့ဆောင်ရွက်မှုသာလျှင် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကာ ဒေသဖွံ့ဖြိုးမှုကို ပိုမိုအထောက်အပံ့ပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများလည်း မြင့်တက်လာမည်ဖြစ်ပါသည်။ စဉ်ဆက်မပြတ်သည့် ကုန်ကြမ်းပစ္စည်းကို ရရှိနိုင်မည်ဖြစ်သဖြင့် ခိုင်မာသည့် ကုန်ထုတ်လုပ်မှုကိုလည်းဖြစ်စေနိုင်မည်ဖြစ်ပြီး ပိုမိုအကျိုးဖြစ်ထွန်းစေ၍ ဒေသတွင်း လည်ပတ်သုံးစွဲငွေများလည်း ပိုမိုများပြားလာမည်ဖြစ်ပြီး ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်တက်လာမှုနှင့်အတူ နိုင်ငံ့စီးပွားရေးသည်လည်း မြင့်တက်လာနိုင်မည်ဖြစ်ပါသည်။ MSME လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည် ဖြစ်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ပါ၍ နိုင်ငံ့စီးပွားရေးလည်း တိုးတက်လာမည်ဖြစ်ပါသည်။

### ၇.၄.၇ ပဲခူးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ၁.၂.၂၀၂၁ မှ ၃၀.၄.၂၀၂၄ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ

**(၁) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ Member Card/ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားမှု အခြေအနေ**

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Member Card လျှောက်ထားလာသည့်လုပ်ငန်းများအား Member Card အသစ် ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၄ ခုနှစ်ဧပြီလအထိ အသေးစား (၄၃၄) ခု၊ အလတ်စား (၁၁၈) ခု၊ စုစုပေါင်း (၅၅၂) ခုနှင့် ယာယီ

မှတ်ပုံတင်လက်မှတ်ကို ၁၂.၇.၂၀၂၃ ရက်နေ့မှ ၃၀.၄.၂၀၂၄ ရက်နေ့ထိ အသေးစား (၁၆၈) ခု၊ အလတ်စား (၅၄) ခု၊ စုစုပေါင်း(၂၂၂)ခု ထုတ်ပေးနိုင်ခဲ့ပါသည်။

ပုံ (၈၀) SME Member Card/ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးမှုအခြေအနေ

SME Member Card ထုတ်ပေးထားမှု




ယာယီမှတ်ပုံတင်




## (၂) ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

MSME လုပ်ငန်း များဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံတွင် ကျေးလက်နေပြည်သူ လူထု (၇၀)% ရှိသည့်အနက် ကျေးလက်ဒေသ မီးဖိုချောင်သုံး ပစ္စည်းများကို ကဝမြို့နယ်၊ သပြုကျေးရွာတွင် ထုတ်လုပ်လျက်ရှိပြီး လုပ်ငန်းပေါင်း (၆၀)ကျော် လည်ပတ်လုပ်ကိုင်လျက် ရှိပါသည်။ သပြု ကျေးရွာရှိ လုပ်ငန်းအများစုမှာ မိရိုးဖလာလုပ်ကိုင်နေကြသည့် လုပ်ငန်း များဖြစ်သဖြင့် သံနှင့်ဒန်သတ္တု အရည်ကျို နည်းပညာဖွံ့ဖြိုးမှုသင်တန်းကို စက်မှုဝန်ကြီး ဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းနှင့် သာဂရစက်မှုသင်တန်းကျောင်းမှ သင်တန်း ဆရာများခေါ်ယူ၍ ၁၃.၂.၂၀၂၃ ရက်နေ့မှ ၁၇.၂.၂၀၂၃ ရက်နေ့အထိ သင်ကြားပို့ချခဲ့ပြီး ထုတ်ကုန် အရည်အသွေးတိုးမြှင့်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် ပဲခူးမြို့နယ်၊ ရွာသစ်ကိုင်းတာကျေးရွာတွင် သံရည်ကျိုလုပ်ငန်းပေါင်း (၁၁)ရုံလည်ပတ်လုပ်ကိုင်လျက်ရှိပြီး လုပ်ငန်းအများစုမှာ အိမ်ဆောက်ပစ္စည်းများကို အဓိကထုတ်လုပ်လျက်ရှိရာ ထုတ်ကုန် အရည်အသွေး မြင့်မားရေးအတွက် သံရည်ကျိုနည်းပညာ ဖွံ့ဖြိုးမှုသင်တန်းကို ၂၅.၅.၂၀၂၃ ရက်နေ့မှ ၂၉.၅.၂၀၂၃ ရက်နေ့အထိ သင်ကြားပို့ချပေးခဲ့ပါသည်။ ကဝမြို့နယ်၊ သပြုကျေးရွာ လုပ်ငန်းရှင်(၁၁)ဦးအတွက် ပါဝါမီတာ(၁၁)လုံး ခွင့်ပြုချက်ရရှိရေး ရန်ကုန်လျှပ်စစ် ဓာတ်အားပေး လုပ်ငန်းကော်ပိုရေးရှင်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ပါဝါမီတာ (၁၁)လုံး ရရှိခဲ့ပြီးဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဦးစီးဌာန (ရုံးချုပ်)မှ ဦးစီးကျင်းပသည့်သင်တန်း/ ဆွေးနွေးပွဲ(၅၉)ကြိမ်တွင် ပဲခူးတိုင်းဒေသကြီးမှ MSME လုပ်ငန်းရှင် (၃၇၉)ဦး တက်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

ပုံ (၈၁) မှတ်တမ်းဓာတ်ပုံများ





**(၃) ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၂-၂၀၂၃ ခုနှစ် GDP၊ စက်မှုကဏ္ဍ၏ GDP ပါဝင်မှု ရာခိုင်နှုန်း၊ MVA/ GDP (GDP တွင် တန်ဖိုးမြှင့်ထုတ်လုပ်မှု ရာခိုင်နှုန်း)**

ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၂-၂၀၂၃ ခုနှစ် GDP ၊ စက်မှုလက်မှုကဏ္ဍအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ စီမံကိန်းရည်မှန်းချက်အရ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)သည် ပုံမှန် ဈေးနှုန်းအရ ကျပ် ၁,၇၆၂,၈၆၅.၀ သန်း နှင့် ၆.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပြီး မတ်လကုန်အထိ (ဧပြီလ မှ မတ်လ)ကျပ် ၁,၇၃၈,၈၃၇.၄ သန်း အကောင် အထည်ဖော်ခဲ့သဖြင့် ရည်မှန်းချက် အပေါ် ၉၈.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလထက် ၄.၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ စက်မှုလက်မှု ကဏ္ဍအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ စီမံကိန်း ရည်မှန်းချက်အရ (ဧပြီလမှ မတ်လ) ကျပ် ၁,၇၃၈,၈၃၇.၄ သန်း အကောင်အထည်ဖော်ခဲ့သဖြင့် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)အပေါ်တွင် ပါဝင်မှုအချိုးမှာ ၂၁.၇ ရာခိုင်နှုန်းဖြစ်ပါ သည်။

**(၄) ပြပွဲ/ ပြိုင်ပွဲများ Talk Show များ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ Knowledge Sharing များ ဆောင်ရွက်မှုအခြေအနေများ**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ MSME Agency ဦးဆောင်မှုဖြင့် ဒေသတွင်းရှိ MSME များ ဈေးကွက်ပိုမိုရရှိလာစေရန်နှင့် MSME စီးပွားရေးလုပ်ငန်းရှင်များ၏ အားသာချက်၊ အားနည်းချက်၊ အခက်အခဲများကိုသိရှိပြီး လိုအပ်သည့်ပံ့ပိုးမှုများကို ကူညီဆောင်ရွက်နိုင်ရန် အတွက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဧပြီလအထိ ထုတ်ကုန်ပြပွဲ(၁၂)ကြိမ်နှင့် MSME Talk Show စကားဝိုင်းဆွေးနွေးပွဲ (၇)ကြိမ် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

ပုံ (၈၂) MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်





**(၅) နိုင်ငံတော်ဝန်ကြီးချုပ်၏တွေ့ဆုံပွဲတွင် MSME ဆိုင်ရာ လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်မှုအခြေအနေများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၄.၁၀.၂၀၂၂ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့သို့လည်းကောင်း၊ ၂၂.၅.၂၀၂၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကျင်းပခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလမ်းညွှန်ချက်(၈) ချက်ချမှတ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး အေဂျင်စီအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုမှာ (၈)ချက်ဆောင်ရွက်ပြီးဖြစ်ပါသည်။ လုပ်ငန်းရှင်များ တင်ပြချက်အနေဖြင့် (၂၄) ချက်ရှိပြီး သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

ပုံ (၈၃) ပြည်မြို့ခရီးစဉ် MSME လုပ်ငန်းရှင်များမှ တင်ပြမှုမှတ်တမ်းဓာတ်ပုံ





**(၇) One Region One Product ဦးစားပေးသတ်မှတ်ထားရှိမှုနှင့် အစီအစဉ်များရေးဆွဲဆောင်ရွက်မှု အခြေအနေများ**

ပဲခူးတိုင်းဒေသကြီး One Region One Product ဦးစားပေးသတ်မှတ်ထားရှိမှုမှာ စိုက်ပျိုးမွေးမြူရေးအခြေခံသည့် မုန့်ဖတ်ခြောက်၊ နို့နှင့် နို့ထွက်ပစ္စည်းနှင့် ရိုဘတ်စတာကော်ဖီမှုန့်တို့ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတစ်ခုထုတ်ကုန်တစ်ခုOne Region One Product အတွက် ဆောင်ရွက်မှုအနေဖြင့် ၂၁.၂.၂၀၂၃ ရက်နေ့တွင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီး

ဌာန(ရုံးချုပ်)မှ ဦးစီးပြုလုပ်သည့် ယိုစုံလုပ်ငန်းအတွက် အခြောက်ခံစက်နှင့် အခြောက်ခံ နည်းပညာပံ့ပိုးနိုင်ရေးဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ MSME လုပ်ငန်းရှင် (၁)ဦး၊ ၁၄.၆.၂၀၂၃ ရက်နေ့တွင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)မှ ဦးစီး ပြုလုပ်သည့် ကော်ဖီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယအကြိမ် ညှိနှိုင်း ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ MSME လုပ်ငန်းရှင်(၂)ဦးနှင့် ၂၈.၆.၂၀၂၃ ရက်နေ့တွင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)မှ ဦးစီးပြုလုပ်သည့် နို့နှင့်နို့ထွက်ပစ္စည်း များ ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲတွင် ပဲခူးတိုင်း ဒေသကြီးမှ MSME လုပ်ငန်းရှင်(၁)ဦး တက်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။ မုန့်ဖတ်ခြောက် ထုတ်လုပ်သည့် လုပ်ငန်းရှင်များအား ထုပ်ပိုးစက်(Packing Machine) များ အသုံးပြု၍ အဆင့်မြင့်ထုပ်ပိုးနိုင်ရေးအတွက် Machine City ကုမ္ပဏီနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း၊ FDA လက်မှတ်များရရှိရန် ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

ပုံ (၈၄) မှတ်တမ်းဓာတ်ပုံများ






**(၈) ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်း၊ ဈေးကွက်ချိတ်ဆက်မှု၊ အခြားပံ့ပိုးပေးရန် လိုအပ်ချက်များ**

ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် ကဝမြို့နယ်၊ သပြုကျေးရွာ သပြု စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းရှင်များနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း လီမိတက် အသင်းသား (၅၆)ဦးမှ ရေနံဂျိုးမီးသွေး ဝယ်ယူရရှိရေးအတွက် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ ရေနံဓာတုဗေဒလုပ်ငန်းနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ လစဉ် ရေနံဂျိုးမီးသွေး (၄၇) တန်အား ဝယ်ယူရရှိနေပြီးဖြစ်ပါသည်။ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများမှ တွင်စာ၊ စွန့်ပစ်ပစ္စည်းနှင့်မော်တော်ယာဉ်/ဆိုင်ကယ်ဖောင်းကြွနံပါတ်ပြားဟောင်းများ ပံ့ပိုးပေးနိုင်ရေး အတွက် စက်မှုဝန်ကြီးဌာနမှ ဦးဆောင်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ သပြုစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းရှင်များနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၊ အသင်းသားများမှ မော်တော်ယာဉ်/ ဆိုင်ကယ်ဖောင်းကြွ နံပါတ်ပြားဟောင်းများကို သက်သာသော ဈေးနှုန်းများဖြင့် (၁)နှစ်လျှင် (၂)ကြိမ် ဩဂုတ်လ

နှင့် ဖေဖော်ဝါရီလများတွင် ဝယ်ယူခွင့်ပြုထားပြီး ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ မှ ဧပြီလအထိ မော်တော်ယာဉ်/ဆိုင်ကယ်ဖောင်းကြွနံပါတ်ပြားဟောင်း အလေးချိန် စုစုပေါင်း (၂၃,၁၄၉.၅၆) ပိဿာ ဝယ်ယူရရှိခဲ့ပြီး ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး ဒေသထုတ်ကုန်များ ဖြစ်သည့် စားသောက်ကုန်၊ လူသုံးကုန်၊ လက်မှုပစ္စည်း၊ လယ်ယာသုံးပစ္စည်း၊ စက်မှုထုတ်ကုန်နှင့် အဝတ်အထည် အမျိုးအမည် (၂၀၀)ကျော် ခင်းကျင်းရောင်းချနိုင်ရန်အတွက် ပဲခူးတိုင်း ဒေသကြီး ထုတ်ကုန်များ အရောင်းစင်တာနှင့် လယ်ယာထွက်ကုန် သီးနှံကုန်စည်ဒိုင်တို့ကို ပဲခူးမြို့၊ သီရိဥသ္သာဈေးကြီး အပေါ်ထပ်တွင် ၁၉.၁၀.၂၀၂၃ ရက် နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီး၊ ပြည်မြို့တွင် ၁၉.၁၁.၂၀၂၃ ရက်နေ့၌ ဒေသထုတ်ကုန်များ အရောင်းစင်တာ ဖွင့်လှစ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ ဈေးကွက်ချိတ်ဆက်မှုအနေဖြင့် စက်မှုဝန်ကြီးဌာန၏ E-Market Place Platform တွင်လည်း ပဲခူးတိုင်းဒေသကြီးမှ MSME လုပ်ငန်းရှင် (၁၁)ဦး ပြသရောင်းချနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါသည်။ ငွေကြေးလိုအပ်ချက် အနေဖြင့် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ MSME ချေးငွေလျှောက်ထားသည့် စားသောက် ကုန်နှင့် လူသုံးကုန် လုပ်ငန်း အမျိုးအစား(၁၁)မျိုးအတွက် MSME လုပ်ငန်းရှင်(၂၁၄)ဦးအား ချေးငွေ ကျပ် (၂.၀၉၅) ဘီလီယံအား ထုတ်ချေးထားပြီးဖြစ်ပါသည်။

ပုံ (၈၅) မှတ်တမ်းဓာတ်ပုံများ




## (၉) လိုအပ်ချက်များအပေါ် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများနှင့် အကြံပြုချက်များ

MSME လုပ်ငန်းများအား လုပ်ငန်းတိုးချဲ့လည်ပတ် လုပ်ကိုင်နိုင်ရန် အတိုးနှုန်းသက်သာသော ချေးငွေများရရှိစေရန် ပံ့ပိုးကူညီပေးခြင်း၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေး ကောင်းမွန်ရန် နှင့် ထုပ်ပိုးမှုစနစ်အဆင့်မီစေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ ပြည်တွင်း/ ပြည်ပဈေးကွက် ရရှိရေးအတွက် ဈေးရောင်းပွဲတော်များ ကျင်းပပေးခြင်း၊ မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ နှင့် ချိတ်ဆက်၍ နိုင်ငံတကာစီးပွားရေးသံမှူးများမှတဆင့် ဈေးကွက် ချိတ်ဆက် ဆောင်ရွက် ပေးခြင်း၊ ကုန်ကြမ်းပစ္စည်းများ လွယ်ကူသက်သာစွာရရှိနိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

**(၁၀) ခြုံငုံသုံးသပ်တင်ပြချက်**

ပဲခူးတိုင်းဒေသကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ထုတ်လုပ်မှုများ ထုတ်လုပ်လာနိုင်ခြင်း၊ ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးလာနိုင်ခြင်း၊ ထုတ်ကုန်ပြပွဲ၊ ဈေးရောင်းပွဲများနှင့် အရောင်းစင်တာများ ကျင်းပပြုလုပ်ပေးခြင်းဖြင့် ဒေသတစ်ခုနှင့်တစ်ခု ဒေသထွက်ကုန်ပစ္စည်းများအား အပြန်အလှန်ဖြန့်ဖြူးရောင်းချလာနိုင်ခြင်း၊ Talk Show စကားဝိုင်းဆွေးနွေးပွဲများ ပြုလုပ် ပေးခြင်းဖြင့် MSME လုပ်ငန်းရှင်များတစ်ဦးနှင့်တစ်ဦး အတွေ့အကြုံနည်းပညာများ အပြန်အလှန်ဖလှယ်နိုင်ခြင်း၊ လုပ်ငန်းရှင်အချင်းချင်း ထုတ်ကုန်ပစ္စည်းများကို ချိတ်ဆက်ဝယ်ယူနိုင်ခြင်း၊ လုပ်ငန်းရှင်များ၏အခက်အခဲများ လိုအပ်ချက်များကို ကူညီဖြေရှင်းနိုင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

### ၇.၄.၈ မကွေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ၁.၂.၂၀၂၃ မှ ၃၀.၄.၂၀၂၄ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ

**(၁) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ Member Card/ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားမှု အခြေအနေ**

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Member Card/ ယာယီမှတ်ပုံတင်လက်မှတ်များ လျှောက်ထားလာသည့် လုပ်ငန်းများအား အသစ်ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၄ ခုနှစ် မတ်လအထိ အသေးစား (၃၁၆) ခု၊ အလတ်စား (၆၀) ခု၊ စုစုပေါင်း (၃၇၆)ခု ထုတ်ပေးနိုင်ခဲ့ပါသည်။

ပုံ (၈၅) SME Member Card/ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးမှုအခြေအနေ



## (၂) မကွေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ

မကွေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များအား ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်အတွက် ချေးငွေအစီအစဉ်များအား ဆောင်ရွက်ပေးလျက်ရှိရာ ရောဝတီဘဏ်နှင့် သမဝါယမဘဏ်တို့မှ CGI ချေးငွေအနေဖြင့် လုပ်ငန်းရှင်(၇)ဦးအား ကျပ်(၅၇) သန်း၊ မကွေးတိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ MSME ကဏ္ဍအတွက် လုပ်ငန်းရှင်(၁၆၅) ဦးအား ချေးငွေကျပ်(၃,၁၀၄.၅၀၀)သန်း၊ တိုင်းဒေသကြီးအတွင်းရှိ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နေသော ဆီကြိတ်စက်များ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ဆီစက်လုပ်ငန်းရှင်(၇)ဦးအား ချေးငွေကျပ်(၆၀၅) သန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ ချေးငွေများပံ့ပိုးပေးခြင်းဖြင့် MSME လုပ်ငန်းရှင်များမှာ ခေတ်မီစက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်ခြင်း၊ အရည်အသွေးပြည့်မီသော ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်ခြင်း၊ ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်ခြင်း၊ ဈေးကွက်ချဲ့ထွင်နိုင်ခြင်း စသည်ဖြင့် တိုးတက်မှုအခြေအနေများ ရရှိကြပါသည်။ စက်မှုဝန်ကြီးဌာန၏ E-Market Place Platform တွင်လည်း မကွေးတိုင်းဒေသကြီးမှ MSME လုပ်ငန်းရှင် (၇)ဦး ပြသရောင်းချနိုင်ရေး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ MSME Showroom ရန်ကုန်တွင် လုပ်ငန်းရှင်(၁၅)ဦး၏ ထုတ်ကုန်(၂၃)မျိုး ပြသရောင်းချပေးလျက် ရှိပါသည်။ ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် MSME လုပ်ငန်းရှင် ဒေါ်တင်ဌေး၏ တင်ပြတောင်းဆိုမှုအရ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပပြုလုပ်ခဲ့သော "မဲနယ်ရောင် သဘာဝဆိုးဆေးနည်းပညာသင်တန်း" ကို ၂၄.၇.၂၀၂၃ ရက်နေ့မှ ၂၅.၇.၂၀၂၃ ရက်နေ့ထိ ရန်ကုန်မြို့၊ သုတေသနနှင့် တီထွင် ဆန်းသစ်မှုဦးစီးဌာန၊ အစည်းဝေးခန်းမတွင် ရက်ကန်းလုပ်ငန်းရှင် ၂၇ ဦး တက်ရောက် နိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီး၊ အဆိုပါ ကိုင်းငယ်လေးကျေးရွာအား မကွေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်မီးရရှိရေးအတွက် 11 KV လိုင်း (၁၄) မိုင်နှင့် 200 KVA ထရန် စဖော်မာတစ်လုံး တည်ဆောက်ပေးပြီး ဒီဇင်ဘာလမှစ၍ ဓါတ်အားရယူသုံးစွဲနေပြီဖြစ်ပါသည်။ လက်ရှိ အခြေအနေတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆီထွက်သီးနှံ (နှမ်း၊ မြေပဲ၊ နေကြာ) စိုက်ပျိုးခြင်းအတွက် တစ်နိုင်ငံလုံးတွင် ဇုန် (၇)ဇုန် သတ်မှတ်ပြီး တိုးချဲ့စိုက်ပျိုးသွားဖို့ စီမံ ဆောင်ရွက်လျက်ရှိပါသည်။ မကွေးတိုင်းဒေသကြီးအနေနှင့် ဇုန် (၂)ဇုန် ပါဝင်ပြီး စိုက်ပျိုးဧက (၁၃)သိန်း ခန့်လျာထားဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာစနစ်ဖြင့် မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ် | ရေတင်အမည် | ရေအရင်းအမြစ် | တပ်ဆင်ထားသည့်ဆိုလာကီလိုဝပ် | အကျိုးပြုဧရိယာ ဧက | ဆောင်ရွက်သည့် ခုနှစ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | မင်းဘူး | ကမ်းနီ | ရောဝတီမြစ် | 213 kW | ၇၅၇ | ၂၀၂၀-၂၀၂၁ | |
| ၂ | အောင်လံ | ကံမလေး | ရောဝတီမြစ် | 170 kW | ၃၀၀ | ၂၀၂၀-၂၀၂၂ | |
| ၃ | ဆင်ပေါင်ဝဲ | ညံတောအင်း | ရောဝတီမြစ် | 137 kW | ၂၀၀ | ၂၀၂၁-၂၀၂၂ | |
| ၄ | မကွေး | ကြာငုံဖူး | ယင်းချောင်း | 115 kW | ၁၆၄ | ၂၀၂၂-၂၀၂၃ | |
| ၅ | ကံမ | ခြောက်ထောင့် | မင်းတုန်းချောင်း | 246 kW | ၈၀၀ | ၂၀၂၂-၂၀၂၃ | |
| ၆ | မင်းဘူး | ကျောက်စံ | မန်းချောင်း | 230 kW | ၇၅၅ | ၂၀၂၃-၂၀၂၄ | |
| ၇ | ပွင့်ဖြူ | ရွာသာကြီး | တောင်မုန်းလက်တန်မြောင်း | 222 kW | ၅၀၀ | ၂၀၂၃-၂၀၂၄ | |
| ၈ | ပွင့်ဖြူ | ဘုရားကုန်း | တောင်မုန်းမြောင်းမကြီး | 92 kW | ၈၂ | ၂၀၂၃-၂၀၂၄ | |
| ၉ | ပွင့်ဖြူ | ရေပုတ်ကလေး | မြောက်မုန်းမြောင်းမကြီး | 99 kW | ၁၀၀ | ၂၀၂၃-၂၀၂၄ | |
| ၁၀ | အောင်လံ | နံ့ဇူပင် | ရောဝတီမြစ် | 122 kW | ၃၄၅ | ၂၀၂၃-၂၀၂၄ | |
| | စုစုပေါင်းဆိုလာစနစ်ဆောင်ရွက်ပြီးရေတင် (၁၀) ခု | | | 1646 kW | ၄၀၀၃ | | |

**(၃) မကွေးတိုင်းဒေသကြီး၏ ၂၀၂၂-၂၀၂၃ ခုနှစ် GDP၊ စက်မှုကဏ္ဍ၏ GDP ပါဝင်မှုရာခိုင်နှုန်း၊ MVA/ GDP (GDP တွင် တန်ဖိုးမြှင့်ထုတ်လုပ်မှု ရာခိုင်နှုန်း)**

| အကြောင်းအရာ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပါဝင်မှုရာခိုင်နှုန်း | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|
| စက်မှုလက်မှုကဏ္ဍ GDP | ၂၇.၉% | ၂၈% |
| စက်မှုကဏ္ဍကြီး GDP | ၃၅.၇ % | ၃၅.၈% |

**(၄) ပြပွဲ/ပြိုင်ပွဲများ Talk Show များ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Knowledge Sharing များ ဆောင်ရွက်မှုအခြေအနေများ**

မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ MSME ဌာနအနေဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းရှင်များ လိုအပ်နေသော ပြပွဲ၊ သင်တန်းနှင့် ဆွေးနွေးပွဲပေါင်း (၂၄၅) ခုတွင် MSME လုပ်ငန်းရှင်(၁,၆၅၇) ဦး တက်ရောက်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးနှင့် MSME လုပ်ငန်းရှင်များတွေ့ဆုံ

ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ် ၊ ဒီဇင်ဘာလတွင် လည်းကောင်း၊ ဆီစက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ ဧပြီလတွင်လည်းကောင်း ပြုလုပ်ခဲ့ပြီး လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**(၅) နိုင်ငံတော်ဝန်ကြီးချုပ်၏တွေ့ဆုံပွဲတွင် MSME ဆိုင်ရာလမ်းညွှန်ချက်များ အပေါ် ဆောင်ရွက်မှုအခြေအနေများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် သည် ၂၈.၁၁.၂၀၂၂ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ ကျင်းပခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလမ်းညွှန်ချက်(၃)ချက် ချမှတ်ခဲ့ပြီး မကွေးတိုင်းဒေသကြီးအေဂျင်စီအနေဖြင့် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ပါသဖြင့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းရှင်များ တင်ပြချက်အနေဖြင့် (၁၈)ချက်ရှိပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

**(၆) One Region One Product ဦးစားပေးသတ်မှတ်ထားရှိမှုနှင့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်မှုအခြေအနေများ**

မကွေးတိုင်းဒေသကြီးအတွင်း ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Region One Product) အတွက် ရွေးချယ်ထားသည့် ထုတ်ကုန်အမယ်(၁၁)မျိုးမှာစိုက်ပျိုးရေးကဏ္ဍတွင်(၁)ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ)၊ (၂) ဝါ၊(၃) ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ (၄) ကြက်သွန်နီ၊ (၅) မျိုးကောင်းမျိုးသန့်စပါးနှင့် MSME ကဏ္ဍတွင် (၆) စားသုံးဆီ(မြေပဲ၊ နှမ်း၊ နေကြာ)၊ (၇)ချည်ထည် အမျိုးမျိုး၊ (၈) ပဲကြော်၊ ပဲလှော်၊ (၉) သဘာဝဆိုးဆေး ချည်ထည်အမျိုးမျိုး၊ (၁၀)ဆီး၊ မန်ကျည်းထုတ်ကုန် အမျိုးမျိုး၊ (၁၁)မြေပဲယို၊ နှမ်းယို၊ မြေပဲလိပ် စသည်တို့အား ရွေးချယ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင် မကွေးတိုင်းဒေသကြီး ဒေသတစ်ခုထုတ်ကုန်တစ်ခုအား အောင်မြင်စွာ အကောင် အထည်ဖော်နိုင်ရေးအတွက် ဦးစားပေးအမယ်ရွေးချယ်မှု (၆)မျိုးအဖြစ် ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ)၊ စားသုံးဆီ(မြေပဲ၊ နှမ်း၊ နေကြာ)၊ ဝါ၊ ချည်ထည်အမျိုးမျိုး၊ ပဲတီစိမ်း၊ ပဲစဉ်းငုံနှင့် ကြက်သွန်နီစသည့် ထုတ်ကုန်အမယ်များအား ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး ဒေသတစ်ခုထုတ်ကုန်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ထုတ်ကုန်အမယ် (၁၁) မျိုးအတွက် လုပ်ငန်းစီမံချက်များ ရေးဆွဲ၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ တင်ပြဆောင်ရွက်ထားပြီးဖြစ်ပါသည်။

## (၇) ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်း၊ ဈေးကွက်ချိတ်ဆက်မှု၊ အခြားပံ့ပိုးပေးရန် လိုအပ်ချက်များ

မကွေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်အတွက် ၎င်းတို့၏ အဓိကလိုအပ်ချက်များဖြစ်သော ငွေကြေးအရင်း အနီးရရှိရေး၊ အရည်အသွေးမီ ထုတ်ကုန် ပစ္စည်းများ ထုတ်လုပ်နိုင် သော နည်းပညာနှင့် စက်ပစ္စည်းများ အသုံးပြုနိုင်ရေး၊ ဈေးကွက် ချိတ်ဆက်ရေး စသည်တို့အပြင် ကျွမ်းကျင်လုပ်သားများရရှိရေး၊ ထုတ်လုပ်မှုလုပ်ငန်းများ အတွက် အဓိကလိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားပုံမှန်ရရှိရေး၊ ကုန်စည်သယ်ယူ ပို့ဆောင်မှုချောမွေ့ရေး၊ ငွေကြေးစနစ်တည်ငြိမ်ရေး၊ ဈေးကွက်တည်ငြိမ်ရေး၊ မူဝါဒစည်းမျဉ်း စည်းကမ်းများခိုင်မာရေး၊ စီးပွားရေးလုပ်ငန်းနှင့် ငွေကြေးစီမံခန့်ခွဲမှု ဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုမြင့်မားရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းစေသော အလေ့အကျင့် များ အားကောင်းလာရေး၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ကောင်းမွန်သော ထုတ်လုပ်မှု နည်းစဉ်များ(GMP) ကျင့်သုံးရေး စသည်တို့ လိုအပ်ပါသည်။

## (၈) လိုအပ်ချက်များအပေါ် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများနှင့် အကြံပြုချက်များ

အပိုဒ်(၈)ပါလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် အောက်ပါနည်းလမ်းများအား ဆောင်ရွက်သင့်ပါသည်-

- ငွေကြေးအရင်းအနှီး ရရှိရေးအတွက် နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့်သော်လည်းကောင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့်သော်လည်းကောင်း၊ ရန်ပုံငွေအရင်းအမြစ်များ ထူထောင်၍ ချေးငွေ/ ထောက်ပံ့ငွေများပံ့ပိုးပေးခြင်း၊ သီးခြားခေါင်းစဉ် သတ်မှတ်၍ ကိုက်ညီသောကဏ္ဍများအတွက် ချေးငွေ/ထောက်ပံ့ငွေ ပံ့ပိုးပေးခြင်း။ (ဥပမာ- Innovation Fund, Green Fund, Social Enterprises Fund, Start-up Fund စသည်ဖြင့်)
- အဆင့်မြင့်နည်းပညာနှင့် စက်ပစ္စည်းများ အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ပူးပေါင်း၍ နည်းပညာလွှဲပြောင်းပေးသော အစီအစဉ်များပြုလုပ်ခြင်း၊ ပြည်တွင်း/ ပြည်ပလေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်း၊ နည်းပညာဆိုင်ရာ သင်တန်း/ ဆွေးနွေးပွဲများပြုလုပ်၍ အသိပညာဖလှယ်စေခြင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများမှတစ်ဆင့် နည်းပညာပံ့ပိုးပေးခြင်း၊ စက်ပစ္စည်းများတင်သွင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ရှင်းလင်းလွယ်ကူစေရန် ဆောင်ရွက်ထားခြင်းနှင့် အခွန်အကောက်များ လျှော့ပေါ့/ကင်းလွတ်ခွင့် ပေးခြင်း၊ Online မှတစ်ဆင့် လေ့လာနိုင်သော ပလက်ဖောင်းများ ဖန်တီး

ပေးထားခြင်း၊ ကျွမ်းကျင်ပညာရှင်များမှ အကြံဉာဏ်များ ပံ့ပိုးပေးသော Consultancy Services များ စီစဉ်ပေးခြင်း၊ ခေတ်ခွဲခန်းများတည်ထောင်ပေးခြင်း၊ R & D(Research & Development) လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်း။

- ဈေးကွက်ရရှိရေးအတွက် ပြည်တွင်းနှင့် နိုင်ငံတကာပြပွဲ/ ပြိုင်ပွဲများ၊ E-Commerce Platform များတွင် ပါဝင်စေခြင်း၊ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ ပုံမှန်ဖြန့်ဝေပေးသည့် ပလက်ဖောင်းများ တည်ထောင်ပေးခြင်း၊ Business Matching များ ပြုလုပ်ပေးခြင်း၊ စက်မှုလုပ်ငန်းကြီးများနှင့် MSME လုပ်ငန်းများအား ချိတ်ဆက်မှု အစီအစဉ်များ ပြုလုပ်ပေးခြင်း၊ MSME လုပ်ငန်းများ၏ ဈေးကွက်မြှင့်တင်မှုဆိုင်ရာ အသိပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ ကုန်သွယ်မှုသဘောတူစာချုပ်များတွင် ပါဝင်ခြင်းဖြင့် ပြည်ပတင်ပို့မည့် MSME ထုတ်ကုန်များအတွက် အခွန်အကောက်များ သက်သာစေခြင်း၊ ဈေးကွက်ချဲ့ထွင်နိုင်ရန် လိုအပ်သော ငွေကြေးအရင်းအနှီး ပံ့ပိုးပေးခြင်း။
- ကျွမ်းကျင်လုပ်သားများရရှိရေးအတွက် Vocational School များနှင့် MSME လုပ်ငန်းများအကြား ပူးပေါင်းချိတ်ဆက်မှု အစီအစဉ်များ/ ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်း၊ MSME လုပ်ငန်းများမှ ဝန်ထမ်းလုပ်သားများအား သက်ဆိုင်ရာ ဘာသာရပ်အလိုက် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း။
- ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သောလျှပ်စစ်ဓာတ်အား၊ သယ်ယူပို့ဆောင်ရေးစနစ်စသည့် အခြေခံအဆောက်အအုံ လိုအပ်ချက်များအား နိုင်ငံတော်မှဖြည့်ဆည်းပေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ အခြေခံ အဆောက်အအုံ ခိုင်မာအားကောင်းစေရေး ဆောင်ရွက်ပေးခြင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်သောအစိုးရဌာနများ၊ Stake holder များအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် ဆောင်ရွက်ခြင်း၊ မူဝါဒ စည်းမျဉ်းစည်းကမ်းများ ခိုင်မာအားကောင်းပြီး ရိုးရှင်းလွယ်ကူစေရန် ဆောင်ရွက်ပေးခြင်း စသည်တို့အား ပံ့ပိုးဆောင်ရွက်ပေးလိုအပ်လျက်ရှိသည်။

## (၉) ခြုံငုံသုံးသပ်တင်ပြချက်

မကွေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ ရေရှည်တည်တံ့ရန်အတွက် MSME လုပ်ငန်းများ၏ အဓိကလိုအပ် ချက်များဖြစ်သော ငွေကြေး အရင်းအနှီးနှင့် နည်းပညာပံ့ပိုးပေးခြင်း၊ ဈေးကွက်ရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် ဈေးရောင်း

ပွဲတော်များ၊ ပြပွဲ/ပြိုင်ပွဲများ ပြုလုပ်ပေးခြင်း၊ မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် ချိတ်ဆက်၍ နိုင်ငံတကာစီးပွားရေးသံမှူးများမှတစ်ဆင့် ဈေးကွက်ရှာဖွေပေးခြင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်း၊ လိုအပ်သာသွင်းအားစုများ လွယ်ကူစွာရရှိရေး ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အခြေခံအဆောက်အအုံ လိုအပ်ချက်များအား ဖြည့်ဆည်းပေးခြင်း၊ မူဝါဒဆိုင်ရာ ခိုင်မာအားကောင်းစေခြင်း၊ အစိုးရဌာနများအကြား/ ဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ/MSME လုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေခြင်းတို့အား ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ထို့ပြင် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသော သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ အဆိုပါဌာန/အဖွဲ့အစည်းများ၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းပေးခြင်း၊ ဌာနများ၏ Organizational Structure နှင့် Operating Mechanism တို့ကို တိကျရှင်းလင်း လွယ်ကူစေရန် စနစ်တကျစီမံဆောင်ရွက်ထားခြင်းစသည့် ကိစ္စရပ်များကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ MSME လုပ်ငန်းများအား အမှန်တကယ် ထိရောက်စွာ ပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

### ၇.၄.၉ မန္တလေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ၁.၂.၂၀၂၁ မှ ၃၀.၄.၂၀၂၄ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ

**(၁) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ SME Member Card / ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားမှုအခြေအနေ**

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Member Card လျှောက်ထားလာသည့် လုပ်ငန်းများအား SME Member Card အသစ်ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၄ ခုနှစ် ဧပြီလအထိ အသေးစား (၆,၁၁၈) ခု၊ အလတ်စား (၁,၆၅၇) ခု၊ စုစုပေါင်း (၇,၇၇၅) ခုထုတ်ပေးခဲ့ပါသည်။ ယာယီမှတ်ပုံတင်လက်မှတ်ကို ၁၂.၇.၂၀၂၃ ရက်နေ့မှ ၃၀.၄.၂၀၂၄ ရက်နေ့ထိ အသေးစား (၄၁၄) ခု၊ အလတ်စား (၂၂၅) ခု၊ စုစုပေါင်း (၆၃၉) ခု ထုတ်ပေးနိုင်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှလည်း လုပ်ငန်း (၁,၃၀၅)ခုကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားရှိပါသည်။

ပုံ (၈၅) SME Member Card ထုတ်ပေးမှုနှင့် ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးမှုအခြေအနေ







## (၂) မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

- အသေးစားနှင့်အလတ်စားလုပ်ငန်းများ SME ဥပဒေနှင့် နည်းဥပဒေ အရ စီးပွားရေးလုပ်ငန်းများကို ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားဟူ၍ ကဏ္ဍ (၄) ခု သတ်မှတ်ထားပါသည်။
- အဆိုပါ ကဏ္ဍများအနက် အစားအသောက်ကဏ္ဍသည်(၅၅) ရာခိုင်နှုန်းရှိသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု အများဆုံးဖြစ်ပါသည်။
- အစားအသောက်ကဏ္ဍသည် ပြည်တွင်းမှကုန်ကြမ်းများကို အခြေခံပြီး ထုတ်လုပ်သည့် လုပ်ငန်းများဖြစ်ပါသည်။
- မန္တလေးတိုင်းဒေသကြီးမှ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး ကဏ္ဍကို ဦးစားပေးပြီး OROP ရေးဆွဲထားပါသည်။
- နှစ်စဉ် လျာထားချက်ထက် ကျော်လွန်၍ လုပ်ငန်းမှတ်ပုံတင် ဆောင်ရွက်ခဲ့ပြီး ဌာနရှိလုပ်ငန်းများမှ ပြပွဲများတွင် ဝင်ရောက်ပြသ နိုင်ခဲ့ပါသည်။
- တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ၊ လူသုံးကုန်ထုတ်ကုန်မှုနည်းပညာသင်တန်း၊ အခြေခံ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းမှုနည်းပညာသင်တန်း၊ အခြေခံလျှပ်စစ် သံဂဟေဆက် နည်းပညာသင်တန်း၊ အခြေခံလျှပ်စစ်သံသွယ်တန်းမှု နည်းပညာသင်တန်း၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးအချောထည် လက်မှုပစ္စည်းပြုလုပ်နည်းသင်တန်းများ၊ ဒေသထွက်ကုန်ကြမ်းများကို အခြေခံပြီး တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်တတ်စေရန် သင်တန်းများ၊ ပဲအခြေခံတန်ဖိုးမြင့် စားသောက်ကုန်

ထုတ်လုပ်မှု နည်းပညာသင်တန်းနှင့် အခြားသင်တန်းများ ဖွင့်လှစ်ပေးခဲ့ရာ တည်ထောင်သူများ ပေါ်ထွန်းခဲ့ပြီးလုပ်ငန်းများ ထူထောင်လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

- မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ MSME လုပ်ငန်းများကိုကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များအား မှာကြားခြင်းနှင့် တင်ပြလာသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

**(၃) မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၂-၂၀၂၃ ခုနှစ် GDP၊ စက်မှုကဏ္ဍ၏ GDP ပါဝင်မှုရာခိုင်နှုန်း၊ MVA/ GDP (GDP တွင် တန်ဖိုးမြှင့်ထုတ်လုပ်မှုရာခိုင်နှုန်း)**

မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၂-၂၀၂၃ ခုနှစ် GDP၊ စက်မှုကဏ္ဍ၏ GDP ပါဝင်မှု ရာခိုင်နှုန်း၊ MVA/ GDP (GDP တွင် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုရာခိုင်နှုန်း)မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

- မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၂-၂၀၂၃ ခုနှစ်၊ စက်မှုကဏ္ဍ၏ GDP ပါဝင်မှုမှာ (၁၈.၉) ရာခိုင်နှုန်းဖြစ်ပြီး အသားတင်တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှု တန်ဖိုးမှာ (၇၆၆,၄၆၃.၆၀၀) ကျပ်သန်းဖြစ်ပါသည်။
- GDP ပါဝင်မှု အများဆုံးမှာ ကုန်သွယ်ရေးကဏ္ဍ (၇၀.၆%)၊ ဒုတိယအများဆုံးမှာ ပို့ဆောင်ရေးကဏ္ဍ (၆၈.၉%)နှင့် တတိယအများဆုံးမှာ စက်မှုကဏ္ဍ (၁၈.၉%) ဖြစ်ပါသည်။

**(၄) ပြပွဲ/ ပြိုင်ပွဲများ Talk Show များ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Knowledge Sharing များ ဆောင်ရွက်မှုအခြေအနေများ**

ပြပွဲ၊ ပြိုင်ပွဲများ၊ Talk Show များ၊ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ Knowledge Sharing များ ဆောင်ရွက်ခဲ့မှု အခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

- တိုင်းဒေသကြီးအတွင်းနှင့် တိုင်းဒေသကြီးပြင်ပရှိ လုပ်ငန်းရှင်များ အချင်းချင်း အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်နိုင်စေရန်နှင့် ဈေးကွက်ပိုမိုချဲ့ထွင်နိုင်စေရန် ရည်ရွယ်၍ MSME ထုတ်ကုန်ပြပွဲကို ၂၆.၁၂.၂၀၂၂ ရက်နေ့မှ ၂၈.၁၂.၂၀၂၂ ရက်နေ့အထိ မန္တလေးမြို့၊ မန္တလာသီရိ အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ စားသောက်ကုန်လုပ်ငန်း၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်းနှင့် စက်နှင့်စက်ပစ္စည်း ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း၊ စုစုပေါင်း လုပ်ငန်း (၁၁၅) ခု ပါဝင်ပြသရောင်းချခဲ့ပါသည်။
- အချိန်တိုအတွင်း လုပ်ငန်းရှင်များအတွက် ထိရောက်သော အသိပညာ၊ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ၁၁.၆.၂၀၂၃ ရက်နေ့တွင် MSME Talk

Show ကို Mandalay Convention Center တွင် ကျင်းပ ပြုလုပ်ခဲ့ရာ Brain Box Acumen School of Management Principle ဒေါက်တာကောင်းလွန်းမှ Moderator အဖြစ် ဆောင်ရွက်ခဲ့ပြီး MRCCI အသင်း ဥက္ကဋ္ဌ ဦးဝင်းဌေး၊ AYA Bank Project မန်နေဂျာ ဦးတိုးလင်းညွန့်နှင့် EV Myanmar Group Founder ဦးကျော်ကျော်ထွန်းတို့မှ Panelists အဖြစ် ဆွေးနွေးခဲ့ကြပါသည်။

- MSMEs များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ Knowledge Sharing များ (၆၅)ကြိမ် ကျင်းပပြုလုပ် ပေးခဲ့ရာ လုပ်ငန်းရှင် (၁,၆၅၇)ဦး တက်ရောက်ခဲ့ပါသည်။

**(၅) နိုင်ငံတော်ဝန်ကြီးချုပ်၏တွေ့ဆုံပွဲတွင် MSME ဆိုင်ရာ လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်မှုအခြေအနေများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၈.၉.၂၀၂၂ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့တွင်လည်းကောင်း၊ ၂၉.၉.၂၀၂၂ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင်လည်းကောင်း၊ ၉.၁၂.၂၀၂၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တို့ရှိ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကျင်းပခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလမ်းညွှန်ချက် (၁၈) ချက် ချမှတ်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး အေဂျင်စီအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုမှာ(၁၄)ချက်ဆောင်ရွက်ပြီးဖြစ်ပြီး ဆောင်ရွက်ဆဲ(၂)ချက်မှာရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ပါသဖြင့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်း ရှင်များ တင်ပြချက်အနေဖြင့် (၂၅) ချက်ရှိပြီး (၂၄) ချက်ဆောင်ရွက်ပြီးဖြစ်၍ ဆောင်ရွက် ဆဲ(၁) ချက်မှာ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီးဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။

**(၆) One Region One Product ဦးစားပေးသတ်မှတ်ထားရှိမှုနှင့် အစီအစဉ်များရေးဆွဲ ဆောင်ရွက်မှုအခြေအနေများ**

One Region One Product ဦးစားပေး သတ်မှတ်ထားရှိမှုမှာ ကော်ဖီ (အာရေးဗီးကားအစေ့/အမှုန့်) (ပြင်ဦးလွင်)၊ ဝါ(မိတ္ထီလာ)၊ ဆီထွက် သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ)(မြင်းခြံ)၊ ဆီထုတ်လုပ်မှု (မြေပဲ၊ နှမ်း၊ နေကြာ)(မြင်းခြံ)၊ ယွန်းထည်လုပ်ငန်း (ညောင်ဦး)၊ စိန်တစ်လုံးသရက် (ကျောက်ဆည်)တို့ဖြစ်ပါသည်။

**(၇) ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်း၊ ဈေးကွက်ချိတ်ဆက်မှု၊ အခြားပံ့ပိုးပေးရန် လိုအပ်ချက်များ**

ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်း၊ ဈေးကွက်ချိတ်ဆက်မှု၊ အခြားပံ့ပိုးပေးရန် လိုအပ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်–

- SME လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ချေးငွေများအား အခက်အခဲမရှိ လွယ်ကူသက်သာ ချောမွေ့စွာ ချေးငွေထုတ်ယူရရှိနိုင်ရေးအတွက် မြန်မာ့အာမခံလုပ်ငန်းမှ Credit Gurantee Insurance (CGI) စနစ်ကို အသုံးပြုပြီး ဂျပန်နိုင်ငံ Sumitomo Mitsui Banking Corporation (SMBC)နှင့် ပူးပေါင်း၍ Cooperative Bank (CB) ဘဏ်မှတစ်ဆင့် အပေါင်ပစ္စည်းထားရှိရန် မလိုအပ်ဘဲ လက်ရှိ လည်ပတ်လုပ်ကိုင်နေသည့် လုပ်ငန်းအပေါ်၌သာ အာမခံသည့်စနစ် ဖြင့်လည်းကောင်း၊ SMEDB, MEB, AYA, UAB, MEB, FPB, MCB, NDB, MOB, KBZ, MAB ဘဏ်တို့မှ လည်းကောင်း၊ ချေးငွေရရှိရေး အသိအမှတ်ပြု ထောက်ခံချက် ထုတ်ပေးလျက်ရှိပါသည်။
- SME လုပ်ငန်းရှင်များအတွက် လိုအပ်နေသည့် မတည်ရင်းနှီးငွေများအား ထုတ်ချေးပေးနိုင်ရန်အတွက် ဘဏ်များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တစ်ဘက်မှလည်း အဓိကလိုအပ်လျက်ရှိသည့် နည်းပညာ အထောက်အကူရရှိရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများ(INGO)၊ ပြည်တွင်းအဖွဲ့အစည်းများ (NGO) များနှင့် ချိတ်ဆက်၍ လုပ်ငန်းအမျိုးအစားအလိုက် လိုအပ်လျက်ရှိသည့် နည်းပညာများ၊ သင်တန်းပေးအပ်မှု/ Workshop/ Seminar များ ကျင်းပပြုလုပ်ပေးလျက်ရှိပါသည်။
- စက်ပစ္စည်းအနေဖြင့် လုပ်ငန်းရှင်များ၏ လိုအပ်သည့် Design အား ဝန်ကြီးဌာနမှ ပညာရှင်များနှင့် ပြင်ပမှ ပညာရှင်များဖြင့် ကြည့်ရှု လေ့လာပြီးမှသာ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါသည်။
- ဈေးကွက်ချိတ်ဆက်မှုအနေဖြင့် တိုင်းဒေသကြီးအတွင်း ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲများကျင်းပပေးခြင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များ ကျင်းပသည့်အခါ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတကာပြပွဲ၊ ပြိုင်ပွဲများသို့လည်း ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါသည်။
- အခြားပံ့ပိုးပေးရန်ကိစ္စများဖြစ်သည့် ကုန်ကြမ်း/မြေနေရာကိစ္စများကိုလည်း တိုင်းဒေသကြီးအစိုးရမှ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သက်ဆိုင်ရာ

ဌာနများမှလည်း ကုန်စျေးနှုန်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

- နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းရန်ပုံငွေမှ MSME နှင့် အခြားကဏ္ဍအောက်မှ လုပ်ငန်းရှင်(၃၄) ဦးချေးငွေပမာဏ ကျပ်သန်း(၁,၀၀၆.၀၃) ထုတ်ချေးပေးခဲ့ပါသည်။

## (၈) လိုအပ်ချက်များအပေါ် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများနှင့် အကြံပြုချက်များ

- **အရင်းအနှီးမလုံလောက်ခြင်း။** အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များမှ ချေးငွေများ ချေးယူရာတွင် လုံလောက်သော ချေးငွေပမာဏ မရရှိခြင်း၊ အတိုးနှုန်းမြင့်မားခြင်း၊ လုပ်ထုံးလုပ်နည်းအရ ကြန့်ကြာနေခြင်း၊ မလိုလားအပ်သော အတားအဆီးများ ရှိနေခြင်း၊ ဘဏ်အတိုးနှုန်းများခြင်း၊ ချေးငွေသက်တမ်း တိုတောင်းခြင်း၊ ဘဏ်များမှ ချေးငွေချထား ပေးရာတွင် ချထားပေးခြင်းမရှိသည့် လုပ်ငန်းကဏ္ဍများ ထုတ်ပြန်မှု မရှိခြင်း၊ ဘဏ်များမှ တောင်းခံသော အချက်အလက်များ များပြားနေခြင်း၊ ဘဏ်မှ ချေးငွေချထားပေးရန် ဆောင်ရွက်သည့် ကာလကြာမြင့်ခြင်းတို့ကြောင့် MSME များနှင့် ကိုက်ညီသည့် စံသတ်မှတ်ချက်၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများအား ဖြေလျှော့သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။
- **နည်းပညာလိုအပ်ခြင်း။** ပြည်ပမှဝင်ရောက်လာသော ထုတ်ကုန်ပစ္စည်းများသည် နည်းပညာမြင့်မားသောကြောင့် ပြည်တွင်းရှိ MSME လုပ်ငန်းများသည် နည်းပညာအားဖြင့် ယှဉ်ပြိုင်ရန်ခက်ခဲခြင်း၊ ခေတ်မီနည်းပညာများ လွှဲပြောင်းရယူရန် လိုအပ်ခြင်းတို့ဖြစ်ပါသည်။ MSME များအတွက် လိုအပ်သည့် နည်းပညာများ ပံ့ပိုးပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။
- **ကျွမ်းကျင်လုပ်သားရှားပါးခြင်း။** ကျွမ်းကျင်လုပ်သားများ ရှားပါးသည့်အတွက် အချိန်ပိုင်းသင်တန်းကျောင်းများ၊ Vocational Training ၊ Mobile Team များ ဖွင့်လှစ်ပေးရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။
- **ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း။** SMEလုပ်ငန်းများအနက် လုပ်ငန်းတူ၊ အမျိုးအစားတူ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊ မိရိုးဖလာလုပ်ငန်းမှ ရုန်းမထွက်နိုင်ခြင်းတို့ကြောင့် အိမ်နီးချင်းနိုင်ငံများမှ အမြောက်အများ ထုတ်လုပ်သော ထုတ်ကုန်များကို (mass production) မယှဉ်နိုင်သည့်အတွက် အစုအဖွဲ့များ ဖွဲ့စည်းပေးပြီး ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အထများ အားကောင်းလာစေရေး ကူညီပေးရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

### (၉) ခြုံငုံသုံးသပ်တင်ပြချက်

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို မကြာခဏ ပြုလုပ်ပေးပါက MSME များ၏ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်မည်ဟု သုံးသပ် ရရှိပါကြောင်း၊ MSME လုပ်ငန်းရှင်များ၏ လိုအပ်ချက်များအပေါ် ခွဲခြမ်းစိတ်ဖြာ၍ အဓိကကျသောအပိုင်းကို ပံ့ပိုးကူညီပေးနိုင်ရေး အတွက် ကဏ္ဍအလိုက် သက်ဆိုင်ရာဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်မည်ဟု သုံးသပ်ရရှိပါကြောင်း၊ နိုင်ငံတော်မှ ထုတ်ပေးထားသည့် ရန်ပုံငွေများအား စနစ်တကျ စီမံခန့်ခွဲ၍ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အသုံးပြုမည့် လုပ်ငန်းရှင်များကို စိစစ်ရွေးချယ်ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ပေးသွားရန်နှင့် လုပ်ငန်း လိုအပ်ချက်အရ ချေးငွေပမာဏတိုးမြှင့်၍ ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဟု သုံးသပ်ရရှိပါကြောင်း၊ လျှပ်စစ်မီးပုံမှန်ရရှိရန်၊ ကုန်ကြမ်းပစ္စည်းများ အလွယ်တကူ ဝယ်ယူ နိုင်ရေးနှင့် စက်သုံးဆီများ လွယ်ကူစွာ ဝယ်ယူရရှိရေးများ ဆောင်ရွက် ပေးနိုင်မည်ဆိုပါက MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု သုံးသပ်ရရှိ ပါကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှစတင်၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီး ပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းကို အကောင်အထည် ဖော်နိုင်ခြင်းဖြင့် အသေးစားစက်မှုလုပ်ငန်းရှင်များ ပေါ်ထွန်းလာနိုင်မည်ဖြစ်ပြီး လုပ်ငန်းရှင် များအား ချေးငွေထုတ်ချေးခြင်းနှင့် နည်းပညာပံ့ပိုးရေး အစီအစဉ်များ ဆက်လက်ဆောင်ရွက် သွားမည်ဆိုပါ နိုင်ငံ့စီးပွားရေးအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါသည်။

## ၇.၄.၁၀ မွန်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအေဂျင်စီ၏ ၁.၂.၂၀၂၁ ရက်နေ့မှ ၃၀.၄.၂၀၂၄ ရက်နေ့အထိ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ

### (၁) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ SME Member Card / ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားမှုအခြေအနေ

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Member Card လျှောက်ထားလာသည့် လုပ်ငန်းများအား Member Card အသစ် ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၄ ခုနှစ် ဧပြီလအထိ စုစုပေါင်း (၃၄၈) ခုနှင့် ယာယီမှတ်ပုံတင်လက်မှတ်ကို ၁၂.၇.၂၀၂၃ ရက်နေ့မှ ၃၀.၄.၂၀၂၄ ရက်နေ့ထိ အသေးစား (၁၄၂) ခု၊ အလတ်စား (၈၃) ခု၊ စုစုပေါင်း (၂၂၅) ခု ထုတ်ပေးနိုင်ခဲ့ပါသည်။ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှလည်း လုပ်ငန်း (၃၈၃)ခု ကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားရှိပါသည်။

ပုံ (၈၆) ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးမှုအခြေအနေ




## (၂) မွန်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ ကုန်ထုတ်လုပ်မှုကို အခြေခံသည့် MSME လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုတိုးတက်နိုင်ရေးအတွက် ပြည်တွင်းထုတ်ကုန် အားပေးရန်၊ ပြည်ပသွင်းကုန်အစားထိုးရန်၊ ပြည်ပပို့ကုန်တိုးမြှင့်ရန်အတွက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ မှ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ မွန်ပြည်နယ်အတွင်း ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်း ပေါင်း (၃၆၈) ခုအား ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ MSME လုပ်ငန်းရှင်များမှ ချေးငွေ ရရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ချေးငွေအမျိုးအစား | ရရှိသည့် ဘဏ် | ငွေပမာဏ (ကျပ်သန်း) | ရရှိသည့် အရေအတွက်(ဦး) |
|---|---|---|---|---|
| ၁ | SMED Bank (Small and Medium Enterprise Development Bank) | ၁၄ | ၂၄၃.၀၀၀ | (Small and Medium Enterprise Development Bank) |
| ၂ | CGI (Credit Guarantee Insurance) | ၃၆ | ၂,၁၅၀.၀၀၀ | စက်မှုဝန်ကြီးဌာန၊ မြန်မာ့ အာမခံလုပ်ငန်း၊ ပုဂ္ဂလိကဘဏ် |
| ၃ | JICA Two-step Loan | ၇ | ၃၁၀.၀၀၀ | JICA မှချေးငွေ |
| ၄ | MEB Loan | ၁၂ | ၁,၂၆၀.၀၀၀ | မြန်မာစီးပွားရေးဘဏ် |
| ၅ | Covid- 19 ချေးငွေ | ၂၂၄ | ၄,၇၃၃.၅၀၀ | နိုင်ငံတော်ငွေ |
| ၆ | AYA Bank | ၁၂၇ | ၁,၂၃၂.၀၀၀ | |
| | စုစုပေါင်း | ၄၂၃ | ၉,၉၂၈.၅၀၀ | |

SME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့မှ ထုတ်ပြန်သတ်မှတ်ခဲ့သော MSME ချေးငွေလုပ်ထုံးလုပ်နည်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် ချေးငွေစိစစ်ရေးကော်မတီနှင့် ခရိုင်ချေးငွေစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းထားပြီး မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် ပြုလုပ်သော အစားအသောက်ဆိုင်ရာ နည်းပညာသင်တန်းတွင် သင်တန်းသားများအားလည်းကောင်း၊ ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများ၊ ဝဥကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများတွင် MSME ချေးငွေဆိုင်ရာ SOP လက်ကမ်းစာစောင်များကိုလည်းကောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၏ ညွှန်ကြားချက်ဖြင့် တစ်မြို့နယ်လျှင် လက်ကမ်းစာစောင် အစောင် (၁၀၀)အား သက်ဆိုင်ရာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များမှလည်းကောင်း ဖြန့်ဝေပေးခဲ့ပါသည်။ ထိုအပြင် ပြည်သူများ ထဲထဲဝင်ဝင်ပိုမိုသိရှိနိုင်စေရန် မွန်ပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးမှ ဦးဆောင်ပြီး ချေးငွေစိစစ်ရေးကော်မတီအဖွဲ့ဝင်များ၊ မွန်ပြည်နယ် အေဂျင်စီအဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့နယ်၊ မုဒုံမြို့နယ်၊ ချောင်းဆုံမြို့နယ်တို့တွင် သက်ဆိုင်ရာမြို့နယ်စီမံအုပ်ချုပ်ရေးရုံးခန်းများတွင် MSME လုပ်ငန်းရှင်များအား ရှင်းလင်းဆွေးနွေးပေးခဲ့ပါသည်။

ပုံ (၈၇) မှတ်တမ်းဓာတ်ပုံများ





မွန်ပြည်နယ်အတွင်း သွင်းကုန်အစားထိုး အရိုးမြေသြဇာစက်ရုံ (၆)ရုံမှ (၁)နှစ်လျှင် အရိုးမြေသြဇာ (၁၀၀၉)တန်နှင့် သဘာဝမြေသြဇာ စက်ရုံ (၈)ရုံမှ (၁)နှစ်လျှင် (၁၄,၀၃၀) တန် ထုတ်လုပ်လျက်ရှိသည်။ စိုက်ပျိုးရေးသွင်းအားစု ဓာတ်မြေသြဇာများ ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်ရေး ပြည်တွင်း၌ သဘာဝမြေသြဇာများဖြင့် အစားထိုးနိုင်ရေး မွန်ပြည်နယ်မှ သဘာဝမြေသြဇာ ထုတ်လုပ်သူလုပ်ငန်းရှင်များအား လုပ်ငန်းတိုးချဲ့၍ ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ရွှေဇီဝသဘာဝမြေသြဇာလုပ်ငန်းအပါအဝင် မြေသြဇာ လုပ်ငန်း (၄)ခုအား လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကျပ်သိန်း (၃,၀၀၀) ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

မွန်ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့်ကုန်ပစ္စည်းများ အရည်အသွေးမပျက် ကြာရှည်စွာထိန်းသိမ်းပြီး ပြည်ပတင်ပို့နိုင်ရေးအတွက် အအေးခန်း

စက်ရုံ(၅)ရုံအား အအေးခန်းများ ထပ်မံတိုးချဲ့ခြင်း၊ အအေးခန်းများ ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ ဆက်စပ်ပစ္စည်းများ ထပ်မံဖြည့်တင်းခြင်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံ့ စီးပွားမြှင့်တင်ရန်ပုံငွေမှ အအေးခန်းလုပ်ငန်းရှင် (၅)ဦးအား ကျပ်သိန်း(၃,၀၀၀) ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

သံဖြူဇရပ်မြို့နယ်တွင် ဆားကွင်း(၉၀) ခု (၄,၇၀၃)ဧက ဆောင်ရွက်လျက်ရှိပြီး ဆားဈေးနှုန်းနှင့်ပြည်တွင်းဆားဈေးကွက်တည်ငြိမ်ရေး ဆားထုတ်လုပ်မှု တိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် ဆားလုပ်ငန်းရှင် (၂၀)ဦးအား ကျပ်သန်း (၉၁၅) ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

**(၃) မွန်ပြည်နယ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ တတိယ(၃)လပတ်(ဧပြီလမှ ဒီဇင်ဘာလ)ထိ GDP၊ စက်မှုကဏ္ဍ၏ GDP ပါဝင်မှု ရာခိုင်နှုန်း၊ MVA/ GDP (GDP တွင်တန်ဖိုးမြှင့်ထုတ်လုပ်မှုရာခိုင်နှုန်း)**

မွန်ပြည်နယ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ တတိယ (၃)လပတ် (ဧပြီလမှ ဒီဇင်ဘာလ)ထိ GDP အသားတင်ထုတ်လုပ်မှု တန်ဖိုး ၄,၂၀၄,၀၇၅.၅ ကျပ်သန်းဖြစ်ပါသည်။ စက်မှုကဏ္ဍ၏ GDP အသားတင်ထုတ်လုပ်မှုတန်ဖိုး ၁,၁၉၄,၃၈၉.၉ ကျပ်သန်း ဖြစ်ပြီး စက်မှုကဏ္ဍ၏ GDP ပါဝင်မှုရာခိုင်နှုန်း ၁၄.၈ % ဖြစ်ပါသည်။

**(၄) ပြပွဲ/ ပြိုင်ပွဲများ Talk Show များ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Knowledge Sharing များ ဆောင်ရွက်မှုအခြေအနေများ**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲတွင် မွန်ပြည်နယ်အတွင်းရှိ MSME များ၏ ဒေသတွင်းထုတ်ကုန်ပြပွဲကို ၂.၁.၂၀၂၃ မှ ၄.၁.၂၀၂၃ ရက်နေ့ထိ မော်လမြိုင်မြို့၊ ကမ်းနားလမ်း၊ မြစ်ကမ်းသာအားကစားကွင်းတွင် MSME လုပ်ငန်းရှင် (၁၄)ဦးမှ စားသောက်ကုန်၊ ဝတ်ဆင်ရေး၊ လူသုံးကုန်ပစ္စည်းများကို ပြသရောင်းချခဲ့ပါသည်။ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲ ၄.၁.၂၀၂၃ ရက်နေ့ နေပြည်တော်တွင်လည်း မွန်ပြည်နယ်မှ ပြခန်း (၂)ခန်း ပြသခဲ့ပါသည်။ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲ ၁၂.၂.၂၀၂၃ ရက်နေ့၊ ရန်ကုန်တွင် မွန်ပြည်နယ်မှ ပြခန်း(၂)ခန်း ပြသခဲ့ပါသည်။ (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲ ၁၉.၂.၂၀၂၃ ရက်နေ့၊ မော်လမြိုင်မြို့၊ ကမ်းနားလမ်း၊ မြစ်ကမ်းသာ အားကစားကွင်းတွင် ပြခန်း(၂၉)ခန်း ပြသရောင်းချခဲ့ပါသည်။ နေပြည်တော် တပေါင်းကွင်း၌ ကျင်းပသော (၇၇)ကြိမ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပွဲတွင် မွန်ပြည်နယ် MSME ဒေသထွက်ကုန် အရောင်းပြခန်း(၁၅)ခန်း ပါဝင်ပြသ ရောင်းချပေးခဲ့ပါသည်။ နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ အခမ်းအနားတွင် MSME ဒေသထွက်ကုန် အရောင်းပြခန်းအား ၁၇.၃.၂၀၂၄ ရက်နေ့မှ

၁၉.၃.၂၀၂၄ ရက်နေ့ထိ သမိန်ဗရမ်း ဘက်စုံသုံးကွင်း၌ ပြခန်းပေါင်း (၅၈)ခန်းဖြင့် ပါဝင်ပြသ ရောင်းချခဲ့ပါသည်။

မွန်ပြည်နယ်အတွင်းရှိ MSME စီးပွားရေးလုပ်ငန်းရှင်များ၏ အားသာချက်၊ အားနည်းချက်၊ အခက်အခဲများကိုသိရှိပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနိုင်ရန် MSME လုပ်ငန်းများဖွံ့ဖြိုး တိုးတက်လာပါက ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်း လူမှု စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေနိုင်ခြင်း စသည့် ရည်ရွယ်ချက် များဖြင့် MSME Talk Show စကားဝိုင်း ဆွေးနွေးပွဲကို (၅)ကြိမ် ကျင်းပပေးခဲ့ပြီး ဌာနအလိုက် စက်မှုနှင့် MSME ကဏ္ဍ၊ မြေယာကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ဈေးကွက် ရရှိရေးကဏ္ဍ၊ အခွန်ကဏ္ဍ၊ ဘဏ်လုပ်ငန်းများကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများကို ဆွေးနွေးခဲ့ကြပါသည်။

ဈေးကွက်တိုးမြှင့်ရရှိစေရေးအတွက် စတိုးဆိုင်များနှင့် Supermarket များတွင် ထုတ်ကုန် များရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ စက်မှုဝန်ကြီးဌာနမှ စီစဉ် ဆောင်ရွက်ထားသော E-Marketplace for Myanmar Products Platform တွင် မွန်ပြည်နယ်မှ လုပ်ငန်းရှင် (၉) ဦး၏ ထုတ်ကုန်များကို ရောင်းချလျက်ရှိပါသည်။ မွန်ပြည်နယ်မှ လုပ်ငန်းရှင်(၇)ဦး၏ ထုတ်ကုန်များကို ရန်ကုန်မြို့ MSME Product Show Room တွင် ပြသရောင်းချလျက်ရှိပါသည်။ ဈေးကွက်ချိတ်ဆက်နိုင်ရေးအတွက် ထုတ်ကုန် ပြပွဲများတွင် ပါဝင်ရောင်းချနိုင်ရေး၊ ပြည်တွင်းပြည်ပ ကုန်စည်ပြပွဲများ ဖိတ်ခေါ်လျှင် သွားရောက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ MSME များ အချင်းချင်း၏ ထုတ်ကုန်အရည်အသွေးနှင့် တီထွင်ဆန်းသစ်မှုများကို သိရှိလေ့လာနိုင်စေရန်နှင့် ထုတ်ကုန် အသစ်များကို စားသုံးသူများနှင့် မိတ်ဆက်ပေးနိုင်ရန် မွန်ပြည်နယ်အတွင်းရှိ MSME များ၏ ဒေသထုတ်ကုန်အရောင်းပြပွဲကို (၅) ကြိမ် ကျင်းပပေးနိုင်ခဲ့ပါသည်။

**ပုံ (၈၈) မှတ်တမ်းဓာတ်ပုံများ**





**(၅) နိုင်ငံတော်ဝန်ကြီးချုပ်၏တွေ့ဆုံပွဲတွင် MSME ဆိုင်ရာလမ်းညွှန်ချက်များ အပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁၈.၁၀.၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ မွန်ပြည်နယ် ခရီးစဉ်အတွင်း MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် လမ်းညွှန်ချက်(၈)ချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါသည်။ MSME လုပ်ငန်းရှင်များ၏ တင်ပြချက်(၁၈)ချက်တွင် ဆောင်ရွက် ပြီး (၁၇)ချက်၊ ဆောင်ရွက်ဆဲမှာ (၁)ချက် ဖြစ်ပါသည်။

**(၆) နည်းပညာနှင့်တီထွင်ဆန်းသစ်မှုဆောင်ရွက်ချက်များ**

မွန်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ မွန်ပြည်နယ်ရှိ MSME လုပ်ငန်းများအတွက် သင်တန်းများနှင့် ဆွေးနွေးပွဲများ (၆၀)ကြိမ်၊ သင်တန်းသား (၃၅၃) ဦးအား ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ Covid ကာလနှင့် Covid အလွန်ကာလများတွင် MSME လုပ်ငန်းများ ရှင်သန်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာချမှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို Online ဖြင့် ကျင်းပ ပြုလုပ်ခဲ့ရာ မွန်ပြည်နယ်မှ လုပ်ငန်းရှင် (၁)ဦး၊ ပြည်တွင်းထုတ်ကုန်များ အားပေးမြှင့်တင် နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို လုပ်ငန်းရှင် (၃၀)၊ မဲခေါင်-လန်ချမ်းပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လူငယ်စွန့်ဦးတီထွင်ခြင်းနှင့် ဆန်းသစ်တီထွင်ခြင်း ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ဒေသတွင်းနှီးနှောဖလှယ်ပွဲကို လုပ်ငန်းရှင်(၃)ဦး၊ မဲခေါင်-လန်ချမ်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် MSMEs Upskilling and Reskilling Digital Capacity Development Forum ကို လုပ်ငန်းရှင်(၂)ဦး တက်ရောက် ခဲ့ပါသည်။ အာဆီယံ-ဟောင်ကောင်(တရုတ်) လွတ်လပ်သောကုန်သွယ်မှုသဘော တူညီချက် ECOTECH လုပ်ငန်း အစီအစဉ် (ASEAN– Hongkong (China) Free Tread Agreement ECOTECH work Programme)ဖြင့် မြန်မာနိုင်ငံအတွင်းရှိ စားသောက်ကုန် ထုတ်လုပ်မှု လုပ်ငန်းအတွက် ဆန်းသစ်တီထွင်မှု အလေ့အကျင့်ကောင်းများ မျှဝေခြင်းစီမံကိန်းတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် လုပ်ငန်းရှင်(၃)ဦးအား နည်းပညာနှင့် စက်ပစ္စည်းများ ထောက်ပံ့ပေး နိုင်ခဲ့ပါသည်။

အရည်အသွေးကောင်းမွန်ပြီး ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းသော ဝိုင်များ ထုတ်လုပ်နိုင်ရေး အသိပညာပံ့ပိုးခြင်းဆွေးနွေးပွဲသို့ လုပ်ငန်းရှင်(၂)ဦး၊ Digital Business Transformation for MSME သင်တန်းအမှတ်(၁) နှင့် သင်တန်းအမှတ်(၂) အား လုပ်ငန်းရှင် (၂) ဦးနှင့် ဝန်ထမ်း(၂) ဦး၊ ဆီကြိတ်ဖတ်များမှ တိရိစ္ဆာန်အစာတိုးမြှင့်ထုတ်လုပ်နိုင်ရေး ညှိနှိုင်း ဆွေးနွေးပွဲကို အရာထမ်း(၁)ဦးနှင့် ပြည်တွင်းစားသုံးဆီဖူလုံစေရန်အတွက် ဆီကြိတ်ခွဲမှု

တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆွေးနွေးပွဲတို့အား Online zoom ဖြင့် လုပ်ငန်းရှင်(၃)ဦးနှင့် ခေတ္တပြည်နယ်ဦးစီးမှူးတို့ တက်ရောက်ခဲ့ပါသည်။

**(၇) One Region One Product ဦးစားပေးသတ်မှတ်ထားရှိမှုနှင့် အစီအစဉ်များရေးဆွဲဆောင်ရွက်မှုအခြေအနေများ**

မွန်ပြည်နယ်အတွင်း မြို့နယ်အလိုက် အလားအလာရှိသော ဒေသထွက်ကုန်များမှ ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Region One Product) (OROP) နှင့်ပတ်သက်ပြီး အောက်ဖော်ပြပါအတိုင်း ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်-

| | | |
|---|---|---|
| မွန်ပြည်နယ် | - | ရော်ဘာလုပ်ငန်း(မှိုင်းခံရာဘာစက်ရုံ(၂၆)ရုံ၊ ခရမ်ရော်ဘာစက်ရုံ (၁၁) ရုံ ၊ သားရေကွင်းနှင့် ပူဖေါင်းလုပ်ငန်း (၁၇) ခု၊ ဖိနပ်လုပ်ငန်း(၂)ခု၊ မော်တော်ကားနှင့် ဆိုင်ကယ်တာယာ (၁)ရုံ |
| မော်လမြိုင်မြို့နယ် | - | မွန်ရိုးရာအဝတ်အထည် လုပ်ငန်း(၃) ခု |
| မုဒုံမြို့နယ် | - | မုဒုံစောင်နှင့်ရက်ကန်းလုပ်ငန်း(၇)ခု |
| ကျိုက်ထိုမြို့နယ် | - | သစ်သီးယိုမျိုးစုံလုပ်ငန်း(၂၀) ခု |
| ဘီးလင်းမြို့နယ် | - | ဝါးနှင့်ပတ်သက်သောလုပ်ငန်း(ဝါးစိုက်ကေပေါင်း(၄၃)ကေ၊ ဝါးလက်မှု လုပ်ငန်း (၁၅) ခု) |
| ချောင်းဆုံမြို့နယ် | - | သစ်သားပန်းပုလုပ်ငန်း(၃) ခု |
| သံဖြူဇရပ်မြို့နယ် | - | ဆားလုပ်ငန်းဆားကွင်း (၉၀) ခု၊ (၄,၇၀၃) ကေ |
| ရေးမြို့နယ် | - | ဒူးရင်းသီး၊ ငါးခြောက်၊ ဝဥ (ဒူးရင်းသီးစိုက် ကေ (၂,၄၃၄)ကေ၊(အသင့်စား) ငါးခြောက်လုပ်ငန်းများနှင့်ဝဥစက်ရုံ(၅)ရုံ၊အိမ်တွင်းအသေးစား ဝဥလုပ်ငန်း (၇) ခု |

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဝဥစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ မွန်ပြည်နယ် ဝဥစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဖွဲ့စည်းခြင်းနှင့် ဝဥထုတ်ကုန်ထုတ်လုပ်မှု နည်းပညာများနှင့် ဈေးကွက်အကြောင်း အလုပ်ရုံဆွေးနွေးပွဲကို ၁၇.၁၀.၂၀၂၃ ရက်နေ့တွင် မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ကုန်စည်ဒိုင်ခန်းမ မော်လမြိုင်မြို့တွင် ပြုလုပ်ကျင်းပခဲ့ပြီး တောင်သူ/လုပ်ငန်းရှင် (၅၀)ဦး တက်ရောက်စေခဲ့ပါသည်။ ရေးမြို့နယ် ဝဥခြောက်စက်ရုံမှ ထွက်ရှိသော ဝဥခြောက်များအား ဂျပန်နိုင်ငံသို့တင်ပို့လျက်ရှိပြီး ပြည်တွင်းဈေးကွက်သို့လည်း ကုန်ချောများ တင်ပို့လျက်ရှိပါသည်။ သထုံမြို့နယ်၊ နောင်ကုလားကျေးရွာရှိ ဝဥ တစ်ပိုင်တစ်နိုင်လုပ်ငန်းများအား အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

မွန်ပြည်နယ် MSME များအတွက် စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှုနည်းပညာ ဖြန့်ဝေရေးသင်တန်းအား ၂၈.၉.၂၀၂၃ မှ ၃၀.၉.၂၀၂၃ ရက်နေ့အထိ Lanchang – Mekong Cooperation Special Fund Project – 2020 အရ ပြည်နယ်ခန်းမတွင် သင်တန်းသား (၁၄၀) ဦး ဖြင့် ဖွင့်လှစ်သင်ကြားခဲ့ပါသည်–

- ➢ ခနိ၊ကျွဲကောနှင့်အုန်းသီးမှ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်း
- ➢ မင်းကွတ်သီးနှင့်ကြက်မောက်သီးဖျော်ရည်နည်းပညာ
- ➢ Freeze Dried တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်း
- ➢ Vacuum–frying အသီးအနှံခြောက်များထုတ်လုပ်ခြင်း
- ➢ ဝါးပါကေးပြုလုပ်သည့်နည်းပညာ
- ➢ ရော်ဘာသစ်ထုတ်ကုန်ပြုလုပ်သည့်နည်းပညာ

MSMEs များ၏ထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ပို့ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ သွင်းကုန်အစားထိုး ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ MSMEs ထုတ်ကုန်များကို ဈေးကွက်နှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မီဒီယာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ OROP ထုတ်ကုန်များ အောင်မြင်စွာ ထုတ်လုပ်၍ ဆင်းရဲမွဲတေမှုလျော့ချပြီး ဒေသတွင်းလူမှုစီးပွားဘဝ တိုးတက်ရေးများကို ဆောင်ရွက်ပြီး နိုင်ငံတော်မှချမှတ်ထားသည့်အမျိုးသားရေးရည်မှန်းချက်ပါအတိုင်း ပြည်နယ်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံစေရေးများကို အလေးပေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မွန်ပြည်နယ်၏ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ဦးစားပေးအမယ်ဖြင့် ရော်ဘာလုပ်ငန်း၊ ရေထွက်ပစ္စည်းထုတ်ကုန်လုပ်ငန်း၊ ဆားလုပ်ငန်းတို့အား အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် Work Plan နှင့် Action Plan တို့အား ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

**(၈) ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်း၊ ဈေးကွက်ချိတ်ဆက်မှု၊ အခြားပံ့ပိုးပေးရန် လိုအပ်ချက်များ**

- ➢ ငွေကြေးမဟုတ် သော ဝန်ဆောင်မှုများ ပံ့ပိုးပေးရန်လိုအပ်ခြင်း၊
- ➢ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးတက်ရေးနည်းလမ်းများ အကောင်အထည်ဖော်ရန်အတွက် ငွေကြေးအဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်ရယူခြင်း၊
- ➢ ကျွမ်းကျင်လုပ်သားနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ပို့ချပေးနိုင်ရန် လိုအပ်ခြင်း၊
- ➢ ထုတ်လုပ်မှုနှင့်ပတ်သက်သော နည်းပညာရရှိရေးသင်တန်းများ ပေးရန်ဆောင်ရွက်ခြင်း၊

- ထုပ်ပိုးမှုကောင်းမွန်စေရန် လိုအပ်သောစက်ပစ္စည်းများ ဝယ်ယူရန် လုပ်ငန်းရှင်များအား Knowledge Sharing ပြုလုပ်ပေးခြင်းနှင့် စက်ပစ္စည်းအရောင်းပြပွဲများ ကျင်းပပေးခြင်း၊
- ထုတ်ကုန်မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပပေးရန် လိုအပ်ခြင်း၊
- လူသုံးကုန်ပစ္စည်းများ၏ ဈေးအတက်အကျနှင့် ဈေးကွက်ဆိုင်ရာ သတင်း အချက်အလက်များ ဖြန့်ဝေပေးရန်လိုအပ်ခြင်း၊
- ထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့ချနိုင်ရေး၊ အလေအလွင့်လျှော့ချနိုင်ရေး၊ စာရင်းဇယားထားသိုခြင်းနှင့် ပတ်သက်သော သင်တန်းများပေးရန် လိုအပ် ခြင်းတို့ကို ဆောင်ရွက်သွားရန်လိုအပ်ပါသည်။

**(၉) လိုအပ်ချက်များအပေါ် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများနှင့် အကြံပြုချက်များ**

- ရင်းနှီးငွေများတိုးပွားစေရန်အတွက် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များ ချိတ်ဆက်ပြီး ချေးငွေရရှိရေး ဆောင်ရွက်ပေးရပါမည်။
- ဈေးကွက်တိုးမြှင့်ရရှိစေရေးအတွက် စတိုးဆိုင်များနှင့် Supermarket များ တွင် ထုတ်ကုန်များရောင်းချနိုင်ရေး ဆောင်ရွက်ပေးရပါမည်။
- ဈေးကွက်ချိတ်ဆက်နိုင်ရေးအတွက် ထုတ်ကုန်ပြပွဲများတွင် ပါဝင်ရောင်း ချနိုင်ရေး ပြည်တွင်း/ ပြည်ပကုန်စည်ပြပွဲများ ဖိတ်ခေါ်လျှင် သွားရောက်ပြသနိုင်ရေး ဆောင်ရွက်ပေးရပါမည်။
- နည်းပညာရရှိရေးအတွက် တက္ကသိုလ်များမှ Research ပြုလုပ်ထား သော Data အချက်အလက်များအား လုပ်ငန်းရှင်များ လက်တွေ့အသုံးချနိုင်ရေး ချိတ်ဆက် ဆောင်ရွက်ပေးရပါမည်။
- FDA ထောက်ခံချက်ရရှိထားသော စားသောက်ကုန်များအား Supermarket များတွင် ရောင်းချနိုင်ရေး ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင် ရွက်ပေးခြင်းများ ပြုလုပ် ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
- နိုင်ငံတော်အဆင့် အထိမ်းအမှတ်ပြပွဲများ၊ ဈေးရောင်းပွဲတော်များ အပါ အဝင် နေ့ထူးနေ့မြတ်ကျင်းပပြုလုပ်သည့် ပွဲတော်များတွင် ဝင်ရောက် ပြသရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်။

- ထုပ်ပိုးမှုစနစ် ကောင်းမွန်စေရန် လိုအပ်သောစက်ပစ္စည်းများ ဝယ်ယူရန်အတွက် လုပ်ငန်းရှင်များအား သက်ဆိုင်ရာဘဏ်များသို့ ချေးငွေရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးပမည်။
- တန်ဖိုးမြင့်ထုတ်ကုန်များရောင်းချနိုင်ရေးအတွက် လိုအပ်သော စက်ပစ္စည်းများအား ရရှိရေး ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

## (၁၀) ခြုံငုံသုံးသပ်တင်ပြချက်

- စိုက်ပျိုးမြေများစွာရှိခြင်း၊ ရေအရင်းအမြစ်ကြွယ်ဝခြင်း၊ သီးနှံမျိုးစုံ စိုက်ပျိုးခြင်း၊ ကုန်ကြမ်းများပေါများခြင်း၊ မြန်မာနိုင်ငံတောင်ပိုင်း၊ ကပ္ပလီကမ်းရိုးတန်းကို တောင်တရုတ်ပင်လယ်နှင့်ချိတ်ဆက်ပေးသော ထောက်ပံ့ပို့ဆောင်ရေး ကုန်သွယ်မှုနှင့်ခရီးသွားလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေမည့် အရှေ့အနောက် စီးပွားရေးစင်္ကြန်လမ်းကြောင်းပေါ်တွင် တည်ရှိခြင်း၊
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်ကုန်များ တန်ဖိုးမြင့်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် လုပ်ငန်းများစွာရှိခြင်း။
- ဒေသထွက်ကုန်ကြမ်း၊ ကုန်ချောများအား ပြည်ပသို့ အလွယ်တကူ တင်ပို့နိုင်ရန် နယ်စပ်ကုန်သွယ်ရေးစခန်းများရှိခြင်း။
- အရည်အသွေးပြည့်မီသော သီးနှံများစိုက်ပျိုးရန်အတွက် နည်းပညာနှင့် အရင်းအနှီးလိုအပ်ပြီး ထွက်ရှိလာသော ထွက်ကုန်များအား တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရန် နည်းပညာအားနည်းခြင်း။
- ငွေကြေးအရင်းအနှီးမရှိသောကြောင့် တစ်နိုင်တစ်ပိုင်သာ လုပ်ကိုင်နိုင်ပြီးလုပ်ငန်း မချဲ့ထွင်နိုင်သောကြောင့် အသေးစားလုပ်ငန်းများ အဖြစ်သာ လုပ်ကိုင်နိုင်ခြင်း၊
- ကျွမ်းကျင်လုပ်သားရှားပါးခြင်း။
- အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အထောက်အပံ့၊ အကူအညီများကို မှီခိုနေရခြင်း။
- ထုတ်ကုန်အရည်အသွေး ထိန်းညှိမှုစနစ်မရှိခြင်း။
- ပြည်တွင်းဈေးကွက်တွင် နိုင်ငံတကာကုန်ပစ္စည်းများ လွှမ်းမိုးနေခြင်းကြောင့် သွင်းကုန်အစားထိုးလုပ်ငန်းများကို ယခုထက်ပိုမို၍ ပေါ်ထွက်လာရေး တွန်းအားပေးဆောင်ရွက်ခြင်း၊ နည်းပညာပေး သင်တန်းများ တိုးမြှင့်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။
- ရွှေ့ပြောင်း အလုပ်သမားများအဖြစ် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေကြခြင်းကြောင့် ဒေသတွင်း လုပ်သားရှားပါးလာသဖြင့်

အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေးယခုထက်ပိုမို၍ ဆောင်ရွက်သင့်ပါသည်။

- ➢ စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်ရန် ငွေကြေးလိုအပ်ချက် များပြားခြင်းကြောင့် MSME ချေးငွေဖြင့် တိုးမြှင့်ထောက်ပံ့နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

## ၇.၄.၁၁ ရခိုင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ၁.၂.၂၀၂၁ မှ ၃၀.၄.၂၀၂၄ ရက်နေ့အထိ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ

### (၁) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ Member Card / ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားမှုအခြေအနေ

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Member Card လျှောက်ထားလာသည့် လုပ်ငန်းများအား Member Card အသစ် ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ အသေးစား(၃၀၈)ခု၊ အလတ်စား(၃၄)ခု၊ စုစုပေါင်း (၃၄၂) ခုနှင့် ယာယီမှတ်ပုံတင်လက်မှတ်ကို ၁၂.၇.၂၀၂၃ ရက်နေ့မှ ၃၁.၁၂.၂၀၂၃ ရက်နေ့ထိ အသေးစား (၁၉၅) ခု၊ အလတ်စား (၂၉) ခု၊ စုစုပေါင်း (၂၂၄) ခု ထုတ်ပေးနိုင်ခဲ့ပါသည်။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာနမှလည်း လုပ်ငန်း(၆၉၁)ခုကို မှတ်ပုံတင်လက်မှတ် ထုတ်ပေးထားရှိပါသည်။

ပုံ (၈၉) SME Member Card / ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးမှုအခြေအနေ







### (၂) ရခိုင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုနှင့်အညီ ရခိုင်ပြည်နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီး ဌာနလုပ်ငန်းရှင်များမှ ကြိုးစားပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး MSME လုပ်ငန်းရှင်များအား ထိုက်သင့်သော ချေးငွေရရှိရေး၊ နည်းပညာရရှိရေး၊ ဈေးကွက်ရရှိရေးစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ MSME လုပ်ငန်း

များမှ ထုတ်လုပ်သော အမှတ်တရပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ် MSME Agency အဖွဲ့ကို အဖွဲ့ဝင်(၁၈)ဦးဖြင့် ဖွဲ့စည်းထားရှိပြီးပါသည်။ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် ခရိုင်အလိုက် မှတ်ပုံတင်ထားသော ပုဂ္ဂလိကစက်မှုလုပ်ငန်း (ကြီး၊ လတ်၊ ငယ်) စုစုပေါင်း (၁,၃၁၀) ခုရှိပြီး အသေးစိတ်အခြေအနေအား အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

| စဉ် | ခရိုင် | လုပ်ငန်းအရေအတွက် | | | |
|---|---|---|---|---|---|
| | | ကြီး | လတ် | ငယ် | ပေါင်း |
| ၁ | စစ်တွေခရိုင် | ၄၈ | ၄၄ | ၂၅၀ | ၃၄၂ |
| ၂ | မြောက်ဦးခရိုင် | ၃၂ | ၇၆ | ၁၂၉ | ၂၃၇ |
| ၃ | မောင်တောခရိုင် | ၂ | ၄ | ၆၂ | ၆၈ |
| ၄ | ကျောက်ဖြူခရိုင် | ၁၄ | ၂၁ | ၁၀၆ | ၁၄၁ |
| ၅ | သံတွဲခရိုင် | ၁၉ | ၁၄ | ၃၁၅ | ၃၄၃ |
| ၆ | တောင်ကုတ်ခရိုင် | ၆ | ၂၆ | ၁၀၃ | ၁၃၅ |
| ၇ | အမ်းခရိုင် | ၃ | ၅ | ၃၁ | ၃၉ |
| စုစုပေါင်း | | ၁၂၄ | ၁၉၀ | ၉၉၆ | ၁၃၁၀ |

ရခိုင်ပြည်နယ်အတွင်း Export Quality ကြိတ်ခွဲထုတ်လုပ်နိုင်သည့် အရည်အသွေးမြင့်ခေတ်မီဆန်စက်များ တည်ရှိမှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ထုတ်လုပ်နိုင်မှုအခြေအနေများအား အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

| စဉ် | ဆန်စက်အမည် | တည်နေရာ (မြို့နယ်) | ရင်းနှီးမြှုပ်နှံမှု | | (၁)နှစ် ထုတ်လုပ် နိုင်မှု (ကျပ်သန်း) |
|---|---|---|---|---|---|
| | | | ကျပ်သန်း | USD သန်း | |
| ၁ | Rakhine Economic Initiative Public Co.,Ltd. | စစ်တွေ | ၂၇၄.၀၇၀ | - | ၈၆၄ |
| ၂ | ရခိုင်ဆန်စပါးကုမ္ပဏီလီမိတက် | စစ်တွေ | ၆၇၆.၇၁၀ | - | ၁,၂၀၀ |
| ၃ | ရွှေပြည်ဖြိုးဆန်စက် | စစ်တွေ | ၁၁၃၀.၀၀၀ | ၀.၁၉၅ | ၄,၀၀၀ |
| ၄ | Millionaire Phyo Trading Co.,Ltd ဆန်ဖြူချောစက် | စစ်တွေ | ၃၆၆.၁၅၈ | - | ၁,၂၀၀ |
| ၅ | ရတနာစိုး | ပုဏ္ဏားကျွန်း | ၅၀၄.၀၀၀ | - | ၆၀၀ |
| ၆ | ထက်အောင်ဝင်း | ပုဏ္ဏားကျွန်း | ၇၀၀.၀၀၀ | - | ၁,၀၈၀ |
| ၇ | စိုးမိုးပိုင် | မြောက်ဦး | ၂၆၂.၅၀၀ | - | ၆၀၀ |
| ၈ | ရတနာ | ကျောက်တော် | ၇၀၀.၀၀၀ | - | ၃,၀၀၀ |
| ၉ | အမှတ်(၀၂) | ကျောက်တော် | ၁၆၈.၅၀၀ | - | ၁,၀၀၀ |
| ၁၀ | အမှတ်(၀၃) | ကျောက်တော် | ၇၃၆.၅၀၀ | - | ၁,၀၀၀ |
| ၁၁ | လခြမ်းမြေ | ကျောက်တော် | ၉၇၈.၅၅၃ | - | ၃,၂၀၀ |
| ၁၂ | မိဘခြေရာ | ကျောက်တော် | ၂၅၀၁.၃၂၀ | - | ၄,၅၀၀ |

| စဉ် | ဆန်စက်အမည် | တည်နေရာ (မြို့နယ်) | ရင်းနှီးမြှုပ်နှံမှု | | (၁)နှစ် ထုတ်လုပ် နိုင်မှု (ကျပ်သန်း) |
|---|---|---|---|---|---|
| | | | ကျပ်သန်း | USD သန်း | |
| ၁၃ | ထွန်းထွန်းဇော် | မင်းပြား | ၇၅.၈၀၀ | - | ၁,၂၀၀ |
| ၁၄ | စံမြင့် | မင်းပြား | ၂၇၀.၀၀၀ | - | ၈၀၀ |
| | စုစုပေါင်း | | ၉၃၄၄.၁၁၁ | ၀.၁၉၅ | ၂၄,၂၄၄ |

ရခိုင်ပြည်နယ်အတွင်း အဓိကလုပ်ငန်းလည်ပတ် ဆောင်ရွက်လျက်ရှိသည့် အအေးခန်းစက်ရုံများ၏ ထုတ်လုပ်မှုအခြေအနေများအား အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

| စဉ် | စက်ရုံအမည် | တည်နေရာ (မြို့နယ်) | အဓိက ကုန်ကြမ်း | ကုန်ကြမ်း(တစ်နှစ်) | | ထုတ်လုပ်မှု (တစ်နှစ်) | |
|---|---|---|---|---|---|---|---|
| | | | | တန်ချိန် | တန်ဖိုး (ကျပ်သန်း) | တန်ချိန် | တန်ဖိုး (ကျပ်သန်း) |
| ၁ | ပင်လယ် မေတ္တာ | စစ်တွေ | ပုစွန် | ၄၉၈ | ၇၆၀၀ | ၃၆၃ | ၇၉၃၆ |
| ၂ | Ocean Tiger | စစ်တွေ | ပုစွန်၊ ကဏန်း၊ ငါး | ၇၂၂ | ၄၆၂၀ | ၅၂၆ | ၅၆၃၅ |
| ၃ | KY ၈၈ SEA FOOD | ပုဏ္ဏားကျွန်း | ဂဏန်း | ၅၀ | ၂၀၀ | ၄၉ | ၄၉၀ |
| ၄ | AGS | ကျောက်ဖြူ | ပုစွန် | ၁၃၈ | ၂၆၀ | ၁၃၆ | ၄၀၀ |
| ၅ | TMP | သံတွဲ | ပုစွန်၊ ကဏန်း၊ ငါး | ၁၀၀၀ | ၉၀၀၀ | ၈၃၃ | ၁၃၃၂၈ |
| ၆ | လင်းအောင် | သံတွဲ | ပုစွန် | ၂၅၀ | ၁၆၀၀ | ၂၀၀ | ၃,၂၀၀ |
| ၇ | မဟာလှိုင်ရော | သံတွဲ | ပုစွန်၊ကဏန်း ပျော့၊ ငါး | ၄၀၀ | ၂၅၀၀ | ၃၅၅ | ၅၆၈၀ |
| ၈ | A.S.I | သံတွဲ | ငါးတံခွန်၊ ပုစွန် | ၁၆၀ | ၁၀၀၀ | ၁၃၀ | ၂၀၈၀ |
| ၉ | JIE SHUN Co.,Ltd | သံတွဲ | ပုစွန်၊ ရေရှူး၊ ငါး | ၂၀၀ | ၁၂၄၄ | ၁၆၀ | ၂၅၆၀ |
| ၁၀ | ချစ်ဆွေ | ဂွ | ငါး | ၁၅၀ | ၇၀၀ | ၁၄၀ | ၁၀၀၀ |
| | စုစုပေါင်း | | | ၃၅၆၈ | ၂၈,၇၂၅ | ၂၈၉၂ | ၄၂,၃၀၉ |

MSME လုပ်ငန်းများ၏ ရေထွက်ကုန်ပစ္စည်းများ ပြင်ဆင်ထုပ်ပိုးပြီး ပြည်ပသို့ တင်ပို့နိုင်သည့် လုပ်ငန်း(၅)ခုရှိပြီး တရုတ်၊ ကိုးရီးယားနှင့် ဂျပန်နိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းများကို တင်ပို့လျက်ရှိပါသည်။ ကျန်လုပ်ငန်းမှာ ရခိုင်ပြည်နယ်ဒေသတွင်းနှင့် ပြည်တွင်း ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ ရခိုင်ပြည်နယ် အတွင်း Potential ရှိသော လုပ်ငန်းများမှာ အဆင့်မြင့်ဆန် ထုတ်လုပ်မှုလုပ်ငန်း၊ ငါး/ပုစွန်လုပ်ငန်း၊ ဝါးလက်မှုလုပ်ငန်းနှင့် ရက်ကန်းလုပ်ငန်းများ ဖြစ်ပါသည်။

ဒေသတစ်ခုထုတ်ကုန်တစ်ခု One Region One Product (OROP) ထုတ်ကုန် အမယ်များ သတ်မှတ်ထားရှိမှုအခြေအနေမှာ "ဆန်စပါး အဆင့်မြှင့်တင်ထုတ်လုပ်ရေး၊ ရေထွက်ကုန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်ရေး၊ ရိုးရာရက်ကန်းများ အဆင့်မြှင့်တင်ရေး" ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP)အစီအစဉ် အကောင်အထည်ဖော်ရေးစီမံချက် Action Plan အားရေးဆွဲ၍ အကောင်အထည်ဖော်ရေး အစီရင်ခံစာအား (၃)လ တစ်ကြိမ် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ ပေးပို့တင်ပြလျက်ရှိပါသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့်သုတေသနနှင့် ဖွံ့ဖြိုးရေးကဏ္ဍ မောင်တောခရိုင်ရုံးမှ ငါးနှင့်ပုဇွန်အခြေခံ၍ ငါးဟင်းခတ်မှုန့်၊ ပုဇွန်ဟင်းခတ်မှုန့်၊ ပုဇွန် Cracker တို့ကို သုတေသနပြု ဆောင်ရွက်ပြီးဖြစ်ပါသည်။ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (စစ်တွေ)အနေဖြင့် ရက်ကန်းထည်ထုတ်ကုန်သစ်များပေါ်ထွက် လာစေရေးအတွက် (၂/၁၀၀) ချိတ်လုံချည် ထုတ်လုပ်မှု (ရခိုင်ဒီဇိုင်း) နှင့် ရခိုင်အမျိုးသား/ အမျိုးသမီးတို့၏ ရိုးရာဝတ်စုံ စမ်းသပ်ရက်လုပ်ခြင်းတို့ကို သုတေသနပြုလုပ်လျက်ရှိပါသည်။

**(၃) ရခိုင်ပြည်နယ်၏ ၂၀၂၂-၂၀၂၃ ခုနှစ် GDP၊ စက်မှုကဏ္ဍ၏ GDP ပါဝင်မှုရာခိုင်နှုန်း၊ MVA/ GDP (GDP တွင် တန်ဖိုးမြှင့်ထုတ်လုပ်မှုရာခိုင်နှုန်း)**

ရခိုင်ပြည်နယ်၏ ၂၀၂၂ - ၂၀၂၃ ခုနှစ် GDP ၊ စက်မှုကဏ္ဍ၏ GDP ပါဝင်မှုရာခိုင်နှုန်း MVA/ GDP (GDP တွင် တန်ဖိုးမြှင့်ထုတ်လုပ်မှုရာခိုင်နှုန်း) ၆.၁၂ ရာခိုင်နှုန်းဖြစ်ပါသည်။

**(၄) ပြပွဲ/ပြိုင်ပွဲများ Talk Show များ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Knowledge Sharing များ ဆောင်ရွက်မှုအခြေအနေများ**

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ "အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပြပွဲ (၅) ကြိမ်၊ Talk Show စကားဝိုင်း(၂)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး၊ သင်တန်း(၉)ကြိမ်တွင် သင်တန်းသားဦးရေ (၂၃)ဦးအားလည်းကောင်း သင်တန်းများ ပေးအပ်ခဲ့ပါသည်။

**(၅) နိုင်ငံတော်ဝန်ကြီးချုပ်၏တွေ့ဆုံပွဲတွင် MSME ဆိုင်ရာ လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၂၇.၂.၂၀၂၃ ရက်နေ့ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် လမ်းညွှန်ချက် (၁၂) ချက်အပေါ် ဆောင်ရွက်ပြီး (၁၂) ချက်ဖြစ်ပြီး MSME လုပ်ငန်းရှင်များ၏ တင်ပြချက် (၁၀)ချက်အား ပြည်နယ်အစိုးရအဖွဲ့၊ MSME အေဂျင်စီ

နှင့်သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးပြီးဖြစ်ပါသည်။

**(၆) နည်းပညာနှင့်တီထွင်ဆန်းသစ်မှုဆောင်ရွက်ချက်များ**

အစီရင်ခံသည့်ကာလအတွင်း နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဆောင်ရွက်ချက်များ မရှိသေးပါကြောင်း တင်ပြအပ်ပါသည်။

**(၇) One Region One Product ဦးစားပေးသတ်မှတ်ထားရှိမှုနှင့် အစီအစဉ်များ ရေးဆွဲ ဆောင်ရွက်မှုအခြေအနေများ**

ဒေသတစ်ခု ထုတ်ကုန်တစ်ခု One Region One Product (OROP) ထုတ်ကုန်အမယ်များ သတ်မှတ်ထားရှိမှု အခြေအနေများမှာ (၁) ဆန်စပါး အဆင့်မြှင့်တင်ထုတ်လုပ်ရေး၊ အခြေပြု ရွေးချယ်ထားသည့် ထုတ်လုပ်မှုလုပ်ငန်းများ အမည်စာရင်း(၁၆)ခု၊ (၂) ရေထွက်ကုန်ပစ္စည်း များ တိုးချဲ့ထုတ်လုပ်ရေး အခြေပြုရွေးချယ်ထားသည့် ထုတ်လုပ်မှုလုပ်ငန်းများ အမည် စာရင်း (၂၀)ခုနှင့် (၃) ရိုးရာရက်ကန်းများ အဆင့်မြှင့်တင်ရေး အခြေပြုရွေးချယ် ထားသည့် ထုတ်လုပ်မှုလုပ်ငန်းများ အမည်စာရင်း (၁၃)ခုတို့ ဖြစ်ပါသည်။

**(၈) ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်း၊ ဈေးကွက်ချိတ်ဆက်မှု၊ အခြားပံ့ပိုးပေးရန် လိုအပ်ချက်များ**

ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများမှာအောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | လုပ်ငန်း အကြောင်းအရာ | လျာထား ချက် | အကောင် အထည် ဖော်နိုင်မှု | မှတ်ချက် |
|---|---|---|---|---|
| ၁ | မှတ်ပုံတင်ခြင်းလုပ်ငန်း | ၁၁၇ ခု | ၄၁ ခု | |
| ၂ | ခတ်ခွဲ (ဝန်ဆောင်မှုလုပ်ငန်း) | ၂၀ ကြိမ် | - | |
| ၃ | ပုံမှန်သင်တန်း (ရက်ကန်းကျောင်း) | ၃ ကြိမ် | ၁ ကြိမ် | ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်သူ (၁)နှစ်သင်တန်းနှင့် လက်ရက်ကန်း (၆)လ သင်တန်း (၂)ကြိမ် နှစ်စဉ်ဖွင့်လှစ်လျက် ရှိရာ ၂၀၂၃ ပညာသင်နှစ်တွင် (၁)နှစ် သင်တန်းသို့ သင်တန်းသူ (၁၀) ဦး တက်ရောက်လျက်ရှိပါသည်။ |
| ၄ | ကာလတိုသင်တန်း | ၄၅ ကြိမ် | ၂၅ ကြိမ် | ဆပ်ပြာရည် သင်တန်း(၈)ကြိမ်၊ တန်ဖိုးမြှင့် စားသောက်ကုန် သင် တန်း (၇) ကြိမ်၊ ဆိုင်ကယ်ပြင် သင်တန်း (၄)ကြိမ်၊ စက်ချုပ် သင်တန်း(၄)ကြိမ်၊ |

| စဉ် | လုပ်ငန်း အကြောင်းအရာ | လျာထား ချက် | အကောင် အထည် ဖော်နိုင်မှု | မှတ်ချက် |
|---|---|---|---|---|
| | | | | လက်ရက်ကန်း နည်းပညာသင်တန်း (၁)ကြိမ်၊ သဘာဝဆိုးဆေး သင်တန်း (၁)ကြိမ် စုစုပေါင်း (၂၅)ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ |

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ရက်ကန်းသင်တန်းကျောင်းအနေဖြင့် ရခိုင်ရိုးရာလုံချည်များတွင် ချည်ကျော်များပါရှိသဖြင့် ချည်ပြိခြင်း၊ အထည်သားပွခြင်း မပါရှိသည့် တစ်ဖက်လှ ရခိုင်လုံချည်ရက်လုပ်သည့် နည်းပညာအား အသုံးပြုသင်ကြားမည်ဖြစ်ပါသည်။ ယခင် မိရိုးဖလာ ရောင်ကိုင်ရက်ကန်းစင်ကို အသုံးပြုခြင်းမှ စနစ်ကျသည့် အတိုင်လိပ်လုံး ပါဝင်သည့် လေးတိုင်ရက်ကန်းစင်ဖြင့် မိရိုးဖလာ နှတ်မကြီး အသုံးပြုသည့်နေရာတွင် သံနှတ်အား အစားထိုးအသုံးပြုခြင်းဖြင့် သင်ကြားပေးမည့် လက်ရက်ကန်းနည်းပညာသင်တန်း ဖြစ်ပါသည်။ သင်တန်းတွင် အောက်ပါဘာသာရပ်များကို သင်ကြားပို့ချလျက် ရှိပါသည်-

- ချည်နှင့်ရက်ကန်းထည်များဈေးကွက်ဝင်နည်းပညာများကို ရှင်းလင်းခြင်း၊
- ချည်ချခြင်း၊
- ဒီဇိုင်းထုတ်ခြင်းနှင့် ဒီဇိုင်းပေါင်းစပ်ခြင်း၊
- ချားဆွဲခြင်း၊ ချားလိပ်ခြင်း၊
- နှတ်ကော်ခြင်း၊ ယဉ်သွားသွင်းခြင်း၊
- အထည်တန်းတင်ရက်ခတ်ခြင်း၊
- စင်ပေါ်ဂျပ်ခုတ်နည်းပညာဖြင့် အထည်သားပွခြင်းအားပြုပြင်သည့် နည်းစနစ်ဖြင့်သင်ကြားခြင်း၊

ရခိုင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များ ရရှိထားသော ချေးငွေအစီအစဉ်နှင့် ချေးငွေပမာဏအား အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

| စဉ် | ချေးငွေထုတ်ချေးသည့် ဌာန/ အဖွဲ့အစည်း | ချေးငွေ(ဦးရေ) | ချေးငွေ (ကျပ်သန်း) |
|---|---|---|---|
| ၁ | မြန်မာ့စီးပွားရေးဘဏ် | ၂၆ | ၈၈၆.၅၀ |
| ၂ | မြန်မာ့ရှေ့ဆောင်ဘဏ် | ၂ | ၆၀၀.၀၀ |
| ၃ | CB Bank | ၇ | ၇၅.၀၀ |
| ၄ | Covid-19 ချေးငွေ (၃)ကြိမ် | ၁၉၈ | ၄,၈၀၅.၈၄ |
| ၅ | အသေးစားချေးငွေ | ၃၁၉ | ၂,၇၂၁.၇၀ |
| စုစုပေါင်း | | ၅၅၂ | ၉,၀၈၉.၀၄ |

## (၉) လိုအပ်ချက်များအပေါ် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများနှင့် အကြံပြုချက်များ

လိုအပ်ချက်များအပေါ် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများအနေဖြင့် ချည်ထည်ရက်လုပ်မှုဆိုင်ရာ သင်တန်းပေးရေး၊ ရိုးရာအထည်များ ရက်လုပ်နိုင်သည့် ကျွမ်းကျင်လုပ်သားများရရှိရေး၊ MSME လုပ်ငန်းများအတွက် လိုအပ်ချက်မှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ကျွမ်းကျင်လုပ်သားများရရှိရေး၊ နည်းပညာနှင့် တီထွင်ဖန်တီးမှု တိုးတက်ရေး၊ ငွေကြေး အရင်းအနှီးထောက်ပံ့ရေး၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရရှိရေး အတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

## (၁၀) ခြုံငုံသုံးသပ်တင်ပြချက်

ရခိုင်ပြည်နယ်၏ အဓိကလုပ်ငန်းများမှာ ဆန်စက်လုပ်ငန်း၊ ဆားထုတ်လုပ်ငန်း၊ အအေးခန်း စက်ရုံ၊ ရေခဲစက်၊ ရေထွက်ပစ္စည်းလုပ်ငန်း၊ အစားအသောက်လုပ်ငန်းနှင့် ရက္ကန်းလုပ်ငန်း များမှထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်း ထုတ်ကုန် အရည်အသွေးမြှင့်ဆန်များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် စပါး အခြောက်ခံစက်၊ ခေတ်မီဆန်စက်များနှင့် Color Sorter များ တပ်ဆင်အသုံးပြုနိုင်ရေးအတွက် အရင်းအနှီး နှင့်နည်းပညာများ ပံ့ပိုးပေးရန်လိုအပ်လျက်ရှိပါသည်။ သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရေး အတွက် ဆားထုတ်လုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့် အိုင်အိုဒင်း ပါဝင်သော ဆားများ၊ ပိုမိုထုတ်လုပ်နိုင်ရေး၊ နေလှန်းဆားလုပ်ငန်းများအတွက် လိုအပ်သော အရင်းအနှီးနှင့် နည်းပညာများ ပံ့ပိုးပေးရန်လိုအပ်လျက်ရှိပြီး ယခုလက်ရှိတွင် နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေမှ ငွေကျပ်(၁)ဘီလီယံ ထုတ်ချေးပံ့ပိုးထားပြီးဖြစ်ပါသည်။ ရိုးရာရက္ကန်းများမှ ထုတ်လုပ်သော အထည်များ၊ ဒီဇိုင်းပိုင်းဆိုင်ရာ ဆန်းသစ်စေရေးနှင့် ပိုမို ကောင်းမွန်သောအထည်များ ထုတ်လုပ် နိုင်ရေးအတွက် နည်းပညာများ ပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ပပို့ကုန်များ မြှင့်တင်နိုင်ရေးအတွက် အအေးခန်းစက်ရုံများမှ ထုပ်ပိုးပြင်ဆင်၍ နိုင်ငံခြားသို့ တင်ပို့ခြင်းနှင့် ပိုမိုတင်ပို့နိုင်ရေးအတွက် ငါး၊ ပုစွန်၊ ကဏန်းမွေးမြူခြင်း လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက် လျက်ရှိပါသည်။

### ၇.၄.၁၂ ရန်ကုန်တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ၁.၂.၂၀၂၁ မှ ၃၀.၄.၂၀၂၄ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ

**(၁) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အရ Member Card/ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားမှု အခြေအနေ**

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Member Card လျှောက်ထားလာသည့် လုပ်ငန်းများအား Member Card အသစ်ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၄ ခုနှစ် ဧပြီလအထိ Member Card/ ယာယီမှတ်ပုံတင်လက်မှတ်ကို အသေးစား (၈၀၆)ခု၊ အလတ်စား (၇၁၂)ခု၊ စုစုပေါင်း (၁,၅၁၈) ခု ထုတ်ပေးနိုင်ခဲ့ပါသည်။ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှလည်း လုပ်ငန်း(၆၄၄)ခုကို မှတ်ပုံတင် လက်မှတ်ထုတ်ပေးထားရှိပါသည်။

ပုံ (၉၀) SME Member Card/ ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးမှုအခြေအနေ




**(၂) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ MSME ဖွံ့ဖြိုးတိုးတက်ရေး လမ်းညွှန်ချက်များကို အကောင်အထည်ဖော်သည့်အနေဖြင့် ပြည်တွင်း MSME ထုတ်ကုန်များ ဈေးကွက်ပိုမိုတိုးတက်ရရှိလာစေရေးနှင့် ခေတ်နှင့်အညီဒီဂျစ်တယ်အသွင်ကူးပြောင်းရေးစနစ်တွင် လိုက်ပါဆောင်ရွက်ကာ ဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် E-Maket Place For Myanmar Products Platform (Online)တွင် MSME လုပ်ငန်းရှင် (၅၈)ဦးမှ ၎င်းတို့၏ ထုတ်ကုန်များကို ရောင်းချလျက်ရှိပါသည်။

MSME လုပ်ငန်းများ စျေးကွက်ချဲ့ထွင်နိုင်ရန် လုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်မှု ရရှိနိုင်ရန်အတွက် စျေးရောင်းပွဲတော်(၁၁)ကြိမ် ပြုလုပ်ခဲ့ရာ လုပ်ငန်းရှင် (၁,၈၆၈)ဦးတို့မှ ဆိုင်ခန်းပေါင်း (၂,၅၂၄)ခန်းတွင် ပါဝင်ပြသ ရောင်းချခဲ့ကြပါသည်။

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် ကူညီဆောင်ရွက်ပေးလျက်ရှိသော National Enlightenment Institute – NEI နှင့် မော်လမြိုင် ကုန်စည်ဒိုင်တို့မှ ပူးပေါင်းစီစဉ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများအား စက်မှုလုပ်ငန်း သုံးကုန်ကြမ်းများအဖြစ် အရည်အသွေးမြှင့် ထုတ်လုပ်နိုင်ရန်နှင့် စျေးကွက်ချိတ်ဆက်နိုင်ရန် MSME လုပ်ငန်းများမှ အကြီးစားစက်မှုလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်နှင့် တန်ဖိုးမြှင့် ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်စေရန်အတွက် စက်မှုလုပ်ငန်း လေ့လာရေးခရီးစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရော်ဘာအခြေပြု စက်မှုလုပ်ငန်း ကဏ္ဍစက်ရုံခုနှင့် ရော်ဘာသုတေ သနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မရမ်းကုန်း) သို့ ၁၅.၁၂.၂၀၂၁ ရက်နေ့မှ ၁၇.၁၂.၂၀၂၁ ရက်နေ့အထိလည်းကောင်း၊ အကြီးစားမုန့်နှင့် ဆက်စပ်သော မုန့်ထုတ်လုပ်သည့် လုပ်ငန်းစက်ရုံ (၅)ခုသို့ ၂၂.၁၁.၂၀၂၂ ရက်နေ့တွင်လည်းကောင်း၊ လေ့လာရေးခရီးသွားရောက်ခဲ့ကြပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း MSME လုပ်ငန်း အနေဖြင့် မျိုးစေ့၊ ပျိုးပင်ရောင်းချခွင့် လိုင်စင်ရဆိုင်ပေါင်း (၁၈၈)၊ ပိုးသတ်ဆေးရောင်းချခွင့် လိုင်စင်ရဆိုင်ပေါင်း (၃၈၇)၊ဓါတ်မြေဩဇာ လက်လီအရောင်းဆိုင်ပေါင်း (၉၄၃)၊ စုစုပေါင်း (၁,၅၁၈) ဆိုင် စစ်ဆေးဆောင်ရွက်ထားပြီးဖြစ်ပါသည်။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိပြီး MSME လုပ်ငန်းလုပ်ကိုင်နေသည့် MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့် ဝတ္တရားများ အသိပညာပေးခြင်း၊ စားသုံးသူများသုံးစွဲရာတွင် ဘေးဥပါဒ်အန္တရာယ်ကင်းစေရေးနှင့် လုံခြုံ စိတ်ချရမှုရှိစေရန်နှင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြပါရှိ ရမည့်အချက်များအား လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိအား ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ ကုမ္ပဏီ (၃၀)ခုတို့မှ တင်ပြလာသည့် ကုန်စည်အမျိုးအစား (၁၉၉) မျိုး၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ လမှ ဒီဇင်ဘာလအထိ ကုမ္ပဏီ (၄၆)ခုတို့မှ တင်ပြလာသည့် ကုန်စည် အမျိုးအစား (၆၆၃) မျိုး၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ကုမ္ပဏီ (၃၆)ခုတို့မှ တင်ပြလာသည့် ကုန်စည်အမျိုးအစား (၂၈၄) မျိုး နှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ကုမ္ပဏီ (၁၄)ခုတို့မှ တင်ပြ လာသည့် ကုန်စည်အမျိုးအစား (၈၂) မျိုးတို့အား ကုန်အညွှန်း အမှတ် အသား ဖော်ပြချက်များ ပြည့်စုံမှု ရှိ / မရှိ တို့အား စားသုံးသူကာကွယ်ရေး ဥပဒေနှင့်အညီ ကူညီစစ်ဆေးဆောင်ရွက်နိုင် ခဲ့ခြင်း၊

စားသုံးသူပြည်သူများ သုံးစွဲနေသည့်ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဈေးကွက် စောင့်ကြည့် စစ်ဆေးခြင်း များကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ မှ ဒီဇင်ဘာလအထိ (၁၀,၉၉၆) ကြိမ် ၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ (၃၂,၃၅၉) ကြိမ် ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ (၁၈,၀၄၀) ကြိမ်၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ (၅,၉၄၈)ကြိမ် စုစုပေါင်း (၆၇,၃၄၃) ကြိမ် ကွင်းဆင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

**(၃) ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၂၂-၂၀၂၃ ခုနှစ် GDP၊ စက်မှုကဏ္ဍ၏ GDP ပါဝင်မှုရာခိုင်နှုန်း၊ MVA/ GDP (GDP တွင် တန်ဖိုးမြှင့်ထုတ်လုပ်မှုရာခိုင်နှုန်း)**

ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ (ဧပြီလမှ မတ်လ) အကောင်အထည် ဖော်နိုင်မှုအခြေအနေ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းတွင် စုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး Gross Domestic Product (GDP) ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် (၃၁,၆၃၀,၉၀၈.၀) သန်း ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းမှာ ပုံမှန်ဈေးနှုန်းအရ (၄.၂) ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ (ဧပြီလမှမတ်လ) စီမံကိန်းရည်မှန်းချက်အပေါ် နှစ်အလိုက် ဈေးနှုန်း အရ ကျပ် (၃၁,၇၂၄,၂၇၈.၀)သန်းနှင့် (၁၀၀.၃) ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပြီး တိုးတက်မှုနှုန်းမှာပုံမှန်ဈေးနှုန်းအရ (၅.၁) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (GDP) တွင် စက်မှုကဏ္ဍကြီးအနေဖြင့် ပါဝင်မှုရာခိုင်နှုန်း အနေဖြင့် (၅၀.၁%) ပါဝင်ပြီး စက်မှုလက်မှုကဏ္ဍအနေဖြင့်( ၄၄.၀%) ပါဝင်ပါသည်။

ဇယား (၂၃) ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ (ဧပြီလမှမတ်လ) ကဏ္ဍကြီးများအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်းအရ)

(ကျပ်သန်း)

| စဉ် | | အကြောင်းအရာ | ၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ်၊ (ဧပြီလမှမတ်လ) | | | ပြောင်းလဲမှုနှုန်း (%) |
|---|---|---|---|---|---|---|
| | | | ရည်မှန်းချက် | အကောင် အထည်ဖော်နိုင်မှု တန်ဖိုး | အကောင်အထည် ဖော်နိုင်မှု(%) | |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁,၄၀၂,၈၆၉.၁** | **၁,၃၇၆,၉၇၈.၆** | **၉၈.၂** | **၅.၇** |
| | ၁ | လယ်ယာ | ၅၂၀,၁၈၃.၀ | ၅၀၀,၃၁၄.၅ | ၉၆.၂ | ၂.၅ |
| | ၂ | သားငါး | ၈၈၁,၀၅၆.၁ | ၈၇၄,၆၉၅.၃ | ၉၉.၃ | ၇.၆ |
| | ၃ | သစ်တော | ၁၆၃၀.၀ | ၁,၉၆၈.၈ | ၁၂၀.၈ | ၁.၅ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၁၅,၇၂၇,၆၉၄.၀** | **၁၅,၈၈၃,၄၈၀.၉** | **၁၀၁.၀** | **၁၁.၁** |
| | ၁ | စွမ်းအင် | ၂,၉၆၀.၇ | ၁,၃၅၀.၁ | ၄၅.၆ | -၄၂.၇ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၂,၈၈၀.၀ | ၂,၆၆၁.၅ | ၉၂.၄ | ၄.၁ |
| | ၃ | စက်မှုလက်မှု | ၁၃,၆၄၈,၂၀၈.၀ | ၁၃,၉၄၅,၃၇၈.၇ | ၁၀၂.၂ | ၁၁.၈ |

| စဉ် | | အကြောင်းအရာ | ၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ်၊ (ဧပြီလမှမတ်လ) | | | ပြောင်းလဲမှုနှုန်း (%) |
|---|---|---|---|---|---|---|
| | | | ရည်မှန်းချက် | အကောင် အထည်ဖော်နိုင်မှု တန်ဖိုး | အကောင်အထည် ဖော်နိုင်မှု(%) | |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၉၈,၈၃၁.၇ | ၅၀၆,၀၄၂.၂ | ၇၂.၄ | -၅.၂ |
| | ၅ | ဆောက်လုပ်မှု | ၁,၃၇၄,၈၁၃.၆ | ၁,၄၂၈,၀၄၈.၄ | ၁၀၃.၉ | ၁၀.၈ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၄,၅၀၀,၃၄၄.၉** | **၁၄,၄၆၃,၈၁၈.၅** | **၉၉.၇** | **၁၀.၂** |
| | ၁ | ပို့ဆောင်ရေး | ၃,၈၆၅,၂၂၇.၆ | ၄,၀၀၂,၀၈၂.၃ | ၁၀၃.၅ | ၁၃.၂ |
| | ၂ | ဆက်သွယ်ရေး | ၆၈၇,၉၇၃.၀ | ၇၂၅,၄၂၃.၂ | ၁၀၅.၄ | ၄.၉ |
| | ၃ | ငွေရေးကြေးရေး | ၂၇၆,၈၇၃.၉ | ၂၄၄,၃၀၄.၆ | ၈၈.၂ | ၁၅.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၃၈,၃၇၁.၀ | ၈၃၃,၁၅၈.၄ | ၉၉.၄ | ၀.၉ |
| | ၅ | အခြားဝန်ဆောင်မှု | ၇၉၉,၉၄၁.၃ | ၈၁၆,၂၉၁.၃ | ၁၀၂.၀ | ၁၂.၃ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၈,၀၃၁,၉၅၈.၁ | ၇,၈၄၂,၅၅၈.၇ | ၉၇.၆ | ၉.၉ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP) | ၃၁,၆၃၀,၉၀၈.၀ | ၃၁,၇၂၄,၂၇၈.၀ | ၁၀၀.၃ | ၁၀.၄ |

**(၄) ပြပွဲ/ ပြိုင်ပွဲများ Talk Show များ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Knowledge Sharing များ ဆောင်ရွက်မှုအခြေအနေများ**

MSME လုပ်ငန်းရှင်များအတွက် ၎င်းတို့၏ လုပ်ငန်းတိုးတက်ရန်နှင့် အထောက်အပံ့ ဖြစ်စေမည့် အသိပညာများရရှိစေရန် MSME Talk Show (၄)ကြိမ်ပြုလုပ်ခဲ့ပြီး လုပ်ငန်းရှင် (၇၅၀)ဦး တက်ရောက်ခဲ့ပါ သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၄ ခုနှစ် ဧပြီလအထိ ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ASEAN Korea SMEs and Startup Agency(KOSME)၊ UMFCCI၊ Cyber King Co.,Ltd. ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ မဲခေါင်-လန်ချန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မူပိုင်ခွင့်ဦးစီးဌာန၊ မြန်မာနိုင်ငံကွန်ပျူတာ အသင်း ချုပ်၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ နှင့် Knowledge Sharing စုစုပေါင်း (၉၉) ကြိမ် ကျင်းပပြုလုပ်ခဲ့ရာ MSME လုပ်ငန်းရှင် (၂,၂၅၅)ဦး တက်ရောက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ Capacity Building မြှင့်တင်ရန်အတွက် ၁.၂.၂၀၂၁ မှ ၃၀.၄.၂၀၂၄ ရက်နေ့အထိ စက်မှု

ကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ပြည်တွင်း/ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ စုစုပေါင်း(၆၄)ကြိမ် ကျင်းပပြုလုပ်ခဲ့ရာ ဝန်ထမ်းစုစုပေါင်း (၁၄၉)ဦး တက်ရောက်ခဲ့ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြန်မာ့နွားသိုးအလှ၊ နို့စားနွားနှင့် အသားတိုးနွားနှင့် သိုး/ ဆိတ် အလှပြိုင်ပွဲကို ၁.၁.၀၂၂ ရက်မှ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ အသိပညာပေးဟောပြောပွဲ (၂၁၆) ကြိမ်ကို တက်ရောက်သူ ဦးရေ (၁၀,၀၀၅)ဦးအား ဟောပြောပို့ချပေးခဲ့ပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြိုင်ပွဲကို ၁.၂.၂၀၂၁ မှ ၃၀.၄.၂၀၂၄ အထိ (၃)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ MSME တွင် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု ရှိစေရန် နည်းပညာဖြန့်ဝေခြင်း၊အင်းလေးဒေသမှ ထုတ်လုပ်သော ဗေဒါမြေဆွေး ထုတ်ကုန် များ လူသိများလာစေရေးနှင့် ဈေးကွက်ရရှိရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ၊ ပဲပုပ်ဆီ၊ စားအုန်းဆီ၊ စားအုန်းဆီကြမ်း အရည်အသွေးမြှင့်ထုတ်လုပ်နိုင်ရေး ဆွေးနွေးပွဲ၊ ပီလောပီနံ အခြေခံထုတ်လုပ်မှုလုပ်ငန်းများသို့ လုပ်ငန်းဆိုင်ရာ ပံ့ပိုးပေးနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲများ တွင် သက်ဆိုင်ရာဌာနများမှ သုတေသနပညာရှင်များသည် Virtual Mode ဖြင့် လည်းကောင်း၊ Physical Mode ဖြင့်လည်းကောင်း တက်ရောက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၏ လမ်းညွှန်ချက်ဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သောစပါးခွံဖွဲပြာနှင့် Urea ရောစပ်၍ ဓာတ်မြေဩဇာပြုလုပ်ခြင်းနည်းပညာ အား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံ့တေးခရိုင်၊ သန်လျင် ခရိုင်၊ လှည်းကူးခရိုင်၊ မှော်ဘီမြို့နယ်ရှိ တောင်သူများသို့ အသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဓာတုနည်းပညာသုတေ သနဗဟိုဌာနမှ ၂၀၂၁- ၂၀၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဝါးမှ ဝါးပါကေးပြုလုပ်သည့် နည်းပညာ၊ မဲနယ် ရောင်သဘာဝဆိုးဆေးနည်းပညာ၊ ဒေသထွက်ကုန် ဖြစ်သည့် နာနတ် သီး၊ ချဉ်စော်ကားသီးတို့ကို အသုံးပြု၍ ဝိုင်အဆင့်ဆင့် ပြုလုပ်ခြင်း နည်းပညာ၊ အုန်းသီး တန်ဖိုးမြှင့် နည်းပညာ၊ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာတို့ကို စာတွေ့လက်တွေ့ သင်တန်း(၁၅)ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ဦးရေ (၈၄၄) ဦးကို သင်ကြားပေးခဲ့ပါသည်။

MSME စီးပွားရေးလုပ်ငန်းရှင်များသို့ နည်းပညာဖြန့်ဝေပေးခြင်းတွင် မှျစ်ကို အခြေခံ ထုတ်လုပ်သည့်မှျစ်ချဉ်၊ မှျစ်ခြောက်များ ထုတ်လုပ်ခြင်း နည်းပညာ၊ Ferrze Drying ဆိုင်ရာနည်းပညာ၊ ဝါးမှ ဝါးပါကေးနှင့် ဝါးကွန်ပို့စစ်ချပ်များ ထုတ်လုပ်သည့်နည်းပညာ၊ ဂျုံမြက်နုမှ Instant Powder နှင့် ဂျုံမြက်နု Tea ပြုလုပ်ခြင်းနည်းပညာ၊ ဆေးဖက်ဝင် ထုတ်ကုန်များတွင် အသုံးပြုနိုင်မည့် ဆေးအဆီနှင့်ရနံ့ဆီထုတ်လုပ် သည့် နည်းပညာ၊ ချဉ်ပေါင်ဖူးဖျော်ရည်နှင့် ချဉ်ပေါင်ဖူးလက်ဖက်ခြောက် Quality Control ပြုလုပ်သည့်

နည်းပညာများကို (၆)ကြိမ် ပြုလုပ်ပေးခဲ့ပြီး MSMEs စီးပွားရေး လုပ်ငန်းရှင်စုစုပေါင်း (၂၂)ဦးအား ဖြန့်ဝေပေးခဲ့ပါသည်။

၂၈.၁၂.၂၀၂၂ ရက်နေ့တွင် DRI အစည်းအဝေးခန်းမတွင် (၇၅) နှစ်ပြည့် DRI စိန်ရတု အခမ်းအနား၊ ၄.၁.၂၀၂၃ မှ ၈.၁.၂၀၂၃ အထိ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တိုင်းဒေသကြီးနှင့် ပြည်နယ်/ တိုင်းပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသ ထွက်ကုန်ပစ္စည်းပြပွဲ၊ ၁၀.၂.၂၀၂၃ မှ ၁၄.၂.၂၀၂၃ အထိ ပြည်သူ့ရင်ပြင်၌ ကျင်းပခဲ့သော(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပြခန်း၊နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းစင်တာ-၂ (MICC-2) တွင် မေလ(၁၈) ရက်နေ့မှ (၂၀) ရက်နေ့အထိ ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃)တွင် သုတေသနနှင့် တီထွင်ဆန်းသစ်မှု ကဏ္ဍပြခန်း၊ UMFCCI (ရန်ကုန်)၌ ကျင်းပပြုလုပ် သည့် AI နည်းပညာဆိုင်ရာ URI Collaboration Forum၏ Display Boot Sessionနှင့် ၁၇.၃.၂၀၂၄ မှ ၁၉.၃.၂၀၂၄ ရက်နေ့ အထိ မွန်ပြည်နယ်၊မော်လမြိုင်မြို့၌ နှစ်(၅၀)ပြည့်ရွှေရတု မွန်ပြည်နေ့ အခမ်းအနားတို့တွင် သုတေသနပြုလုပ်ထားသော ထုတ်ကုန်များအား စီးပွား ရေးလုပ်ငန်းရှင် များ လေ့လာနိုင်ရန် ပြသခဲ့ပါသည်။

MSMEs များ နိုင်ငံတကာ တိုးတက်စေရန် “The Second Yunnan International Innovation and Entrepreneurship Competition (YIIEC)2022” ၊ “China-ASEAN Innovation and Entrepreneurship Cooperation (CAIEC) 2022” နှင့်“ASEAN-INDIA Grassroots Innovation Competition 2022” များတွင် MSME များ ပါဝင် ယှဉ်ပြိုင်နိုင်စေရန် ဆောင်ရွက်ပေးခဲ့ပြီး Green Toddy Co., ltd မှ တတိယဆု နှစ်ဆုနှင့် Creative Star ဆုရရှိခဲ့ခြင်း၊ ASEAN-INDIA start-up competition and exhibition ၂၀၂၂ တွင် မြန်မာကိုယ်စား ပြု MSMEs လုပ်ငန်း(၃)ခု ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်ပေး ခဲ့ပါသည်။

နေပြည်တော်၊ Grand Aster Villa Hotel တွင် ကျင်းပသော တရုတ်-မြန်မာအသင်းအဖွဲ့နှင့် MSMEs လုပ်ငန်းရှင်များအတွက် ကျင်းပသော ဒုတိယအကြိမ်မြောက် “တရုတ် - မြန်မာ ဆန်းသစ်တီထွင်မှုနှင့် စွန့်ဦး တီထွင်မှုပြိုင်ပွဲ” ဆီမီးဖိုင်နယ် အဆင့်ပြိုင်ပွဲတွင် MSMEs လုပ်ငန်းရှင် များ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် သုတေသနနှင့် တီထွင် ဆန်းသစ်မှု ဦးစီးဌာနမှ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ခြင်း၊ ASEAN-INDIA start-up competition and exhibition ၂၀၂၃ တွင် မြန်မာကိုယ်စားပြု MSMEs လုပ်ငန်း (၃) ခုပါဝင်နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ပါသည်။

**(၅) နိုင်ငံတော်ဝန်ကြီးချုပ်၏တွေ့ဆုံပွဲတွင် MSME ဆိုင်ရာ လမ်းညွှန်ချက်များ အပေါ် ဆောင်ရွက်မှုအခြေအနေများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်မှ UMFCCI၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ (MSMEs) စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ၃.၁၀.၂၀၂၂ ရက်နေ့၌ ရန်ကုန်မြို့ရှိ ဖေယျာသီရိဗိမာန်ခန်းမဆောင်တွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားချက် (၆)ချက် ချမှတ်ခဲ့ပြီး အဆိုပါလမ်းညွှန်ချက်များ အား တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပြီးဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်မှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ MSMEs စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ၅.၂.၂၀၂၃ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန်တွင် ကျင်းပပြုလုပ်ခဲ့ပြီး လမ်းညွှန်မှာကြားချက် (၁၀)ချက် ချမှတ်ခဲ့ပြီး အဆိုပါလမ်းညွှန်ချက်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပြီးဖြစ်ပါသည်။

**(၆) နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း MSME လုပ်ငန်းရှင်များ တင်ပြချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၃.၁၀.၂၀၂၂ ရက်နေ့ ခရီးစဉ်အတွင်း MSME လုပ်ငန်းရှင်(၆) ဦးမှ တင်ပြချက် (၁၁)ချက်နှင့် ၅.၂.၂၀၂၃ ရက်နေ့ ခရီးစဉ်အတွင်း MSME လုပ်ငန်းရှင် (၅) ဦး၏ တင်ပြချက် (၈)ချက်တို့ရှိပြီး ၎င်းတင်ပြချက်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့၊ MSME အေဂျင်စီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးပြီးဖြစ်ပါသည်။

**(၇) နည်းပညာနှင့်တီထွင်ဆန်းသစ်မှု ဆောင်ရွက်ချက်များ (ရှိပါကထည့်သွင်း တင်ပြရန်)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဓာတုနည်းပညာသုတေသနဗဟိုဌာနသို့ MSMEs စီးပွားရေး လုပ်ငန်းရှင်များ တောင်းဆိုလာသည့်နည်းပညာ (၄၈)မျိုးကို စာတွေ့လက်တွေ့သင်ကြားပေးပြီး ထုတ်လုပ်မှုနည်းပညာများ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း Rearch & Innovation ဆောင်ရွက်မှုအနေဖြင့် ခရမ်းချဉ်သီး ဖျော်ရည်၊ ခရမ်းချဉ်သီးမှုန့်၊ ခရမ်းချဉ်သီး

အနှစ်၊ ခရမ်းချဉ်သီးယို၊ ရေညှိမှ ရေညှိဖျော်ရည်၊ ဆပ်ပြာ၊ ရေညှိမှုန့်၊ Serum ၊ သရက်သီးမှ သရက်သီးမှုန့်၊ ဖျော်ရည်၊ သရက်အနှစ်၊ သရက်ယို၊ သံပုရာသီးမှ သံပုရာမှုန့်၊ သံပုရာဖျော်ရည်၊ Collagen Powder၊ သံပုရာယိုတို့ကို ထုတ်လုပ်နိုင်ရန် စမ်းသပ် ဆောင်ရွက်လျက်ရှိပါသည်။

**(၈) One Region One Product ဦးစားပေးသတ်မှတ်ထားရှိမှုနှင့် အစီအစဉ်များရေးဆွဲဆောင်ရွက်မှုအခြေအနေများ**

ရန်ကုန်တိုင်းဒေသကြီး၏ One Region One Product အနေဖြင့် ဆန်အချောထည်ထုတ်လုပ်မှုလုပ်ငန်း၊ တိရစ္ဆာန်အစားအစာထုတ်လုပ်မှုလုပ်ငန်း၊ ပဲတီစိမ်းစိုက်ပျိုးရေးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းတို့ဖြစ်ပြီး OROP Action Plan ရေးဆွဲပြီး သက်ဆိုင်ရာဌာနများမှ အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ဦးစားပေးအမယ်များအနေဖြင့် ပဲနို့၊ ပဲယို၊ ပဲအချိုရည်၊ ပဲတီစိမ်း၊ ငါးပိရည်ကျို၊ ငံပြာရည်၊ မွေးမြူရေးအစာတို့ဖြစ်ပြီး အောင်မြင်စွာဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Work Plan) ရေးဆွဲပြီး သက်ဆိုင်ဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။

**(၉) ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်း၊ ဈေးကွက်ချိတ်ဆက်မှု၊ အခြားပံ့ပိုးပေးရန်လိုအပ်ချက်များ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ လမှ ၂၀၂၄ ခုနှစ်ဧပြီလအထိ MSME လုပ်ငန်းရှင်များချေးငွေရရှိရန် အတွက် သက်ဆိုင်ရာဘဏ်များသို့ လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက် ထုတ်ပေးခဲ့ရာ (၅၈၂)ဦးအား ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ သက်ဆိုင်ရာဘဏ်များမှ ပေးပို့လာသည့် အချက်အလက်များအရ CGI စနစ်ဖြင့် AYA Bank နှင့် CB Bank တို့မှ လုပ်ငန်းရှင်(၄၀၈)ဦးအတွက် စုစုပေါင်း ကျပ်ငွေ (၃၀,၇၄၂.၃၁၄) ကျပ်သန်း ထုတ်ချေးခဲ့ပြီးဖြစ်ပါသည်။

ပြည်တွင်းရှိဆီစက်များသို့ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ရန် အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်း၊ လုပ်ငန်းသုံးရင်းနှီးလည်ပတ်ငွေလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးရန်ပုံငွေမှ အတိုးနှုန်းသက်သာမှုရှိသော ချေးငွေအတွက် အဆိုပြုလွှာခေါ်ယူခဲ့ရာ အဆိုပြုလွှာလျှောက်ထားလာသည့် ဆီစက်လုပ်ငန်းရှင်(၁၇)ဦး၏ ဆီစက်လုပ်ငန်းများသို့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များကို ဆီစက်လုပ်ငန်းများ၏ ချေးငွေလိုအပ်ချက်ကို လေ့လာသုံးသပ်ရေးအဖွဲ့သို့ ပေးပို့တင်ပြခဲ့ပြီးဖြစ်ပါသည်။

ဆီလုပ်ငန်းရှင်များအား ဆီစက်ဈေးငွေနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် အတွက် ဆီစက်ဈေးငွေပိုင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ၂၈.၃.၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃၅)၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်ရှိ SME Center တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆီစက်ပိုင်ရှင်များ၊ ဆီလုပ်ငန်းရှင်များ စုစုပေါင်း(၄၄)ဦး တက်ရောက်ခဲ့ကြပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် သက်ဆိုင်ရာမြို့နယ် ကျေးရွာများရှိ တောင်သူများအားနည်းပညာပေးသင်တန်း၊ ဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲများပြုလုပ်၍ ပံ့ပိုးပေးခဲ့ခြင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်၊ ဧပြီလမှမတ်လအထိ နည်းပညာပေး သင်တန်း(၄၆)ကြိမ်၊ ဆွေးနွေးပွဲ(၉၅၂) ကြိမ် ကွင်းသရုပ်ပြပွဲ (၂၉၆) ကြိမ်ပြုလုပ်ခဲ့ပါသည်။

သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန "မြန်မာ့သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာများနှင့် လမ်းပြမြေပုံပေါ်ထွက်လာစေရေး" နှင့် "မြန်မာနိုင်ငံတွင် နည်းပညာလွှဲပြောင်းပေးခြင်းဆိုင်ရာ စီမံခန့်ခွဲမှု စနစ်နှင့် MSMEs ဆန်းသစ်တီထွင်မှုဖွံ့ဖြိုးရေးမူဝါဒများ ပေါ်ထွက်လာရေး"တို့အတွက် အာဆီယံဒေသတွင်းနှင့် မြန်မာနိုင်ငံရှိ သိပ္ပံနည်းပညာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များနှင့် ပညာရှင် (၂၄၄) ဦး ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ (၅) ကြိမ် ဆွေးနွေးပြီး MSMEs များ နည်းပညာလွှဲပြောင်းရာတွင် လိုအပ်မည့် နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (မူကြမ်း) ထွက်ပေါ်လာစေရေး ဆောင်ရွက်ခဲ့ပါသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် လုပ်ငန်းသုံးပစ္စည်းများ လိုအပ်ခြင်း၊ ဒေသထွက်ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြင့်စံချိန်စံညွှန်းမီ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် နည်းပညာလိုအပ်ခြင်း၊ ထုတ်ကုန်ပစ္စည်းများ ထုပ်ပိုးမှုအဆင့်မြင့်တင်ရန် လိုအပ်ခြင်း၊ ဈေးကွက်အတွင်း ဝယ်ယူစားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းရန် လိုအပ်ခြင်း၊ ဈေးကွက်ရရှိရန်လိုအပ်ခြင်းနှင့် လုပ်ငန်းများ ရေရှည်တည်တံ့နိုင်စေရန်အတွက် ရင်းနှီး မြှုပ်နှံမှုများ ရရှိစေရန်လိုအပ်ပါသည်။

## (၁၀) လိုအပ်ချက်များအပေါ် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများနှင့် အကြံပြုချက်များ

ရန်ကုန်တိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ စက်မှုလက်မှု အသေးစားလုပ်ငန်းနှင့်ပတ်သက်၍ နွေရာသီတွင် အခြေခံပညာကျောင်း အသီးသီးရှိ အထက်တန်းဆင့်၊ အလယ်တန်းဆင့်၊ ကျောင်းသား၊ ကျောင်းသူများအား နည်းပညာနှင့် ပတ်သက်သည့် အကြောင်းအရာများကို Knowledge Sharing ပြုလုပ်ပေးရန် လိုအပ်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တောင်သူဦးကြီးများ၏ စိုက်ပျိုးနည်း စနစ်မှန်ကန်ရေးနှင့် သွင်းအားစုများ အသုံးပြုမှု မှန်ကန်စေရန် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပေး ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများအား ငွေကြေးနှင့် စက်ကိရိယာများ၊ သွင်းအားစုများ အထောက်အပံ့ပေးစေခြင်း၊ ပြည်ပသို့တင်ပို့နိုင်ရေး ဈေးကွက်ချိတ်ဆက်ပေးစေလိုပါသည်။

ချေးငွေပံ့ပိုးမှုနှင့်ပတ်သက်၍ အမှန်တကယ်တိုးတက်ရန် အလားအလာရှိသည့် လုပ်ငန်းများ ဖြစ်ပါက အပေါင်ပစ္စည်းမပေးနိုင်ပါက ၎င်းတို့၏ ဝယ်လိုအား၊ ရောင်းလိုအားဈေးကွက်တို့ကို စိစစ်၍ စက်ပစ္စည်းအာမခံ ပေးသွင်းခြင်း(သို့မဟုတ်) ရွှေ့ပြောင်းနိုင်သော Assets များကို လက်ခံခြင်းဖြင့်လည်းကောင်း ပံ့ပိုးပေးရန်လိုပါသည်။

## (၁၁) ခြုံငုံသုံးသပ်တင်ပြချက်

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့အနေဖြင့် MSME နိုင်ငံတော်မှ မတည် ရင်းနှီးထားသည့် ငွေကြေးအရင်းအနှီးကို Quatity Loan အဖြစ် အမှန်တကယ် လိုအပ်သည့် MSME လုပ်ငန်းရှင်များထံသို့ အပြည့်အဝရရှိရေးနှင့် MSME လုပ်ငန်းများအတွက် အကျိုးထိရောက်စွာအသုံးချနိုင်ရေး စီမံကြပ်မတ် ဆောင်ရွက်ပေးခြင်းဖြင့် MSME လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်နိုင်မည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံစီးပွားရေးအချက်အချာကျသည့် တိုင်းဒေသကြီး ဖြစ်သည့် အပြင်အလုပ်အကိုင်အခွင့်အလမ်းများပြီး နိုင်ငံတော်၏ GDP တိုးတက်ရန် အဓိကကျသည့် တိုင်းဒေသကြီးဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း MSME ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် MSME လုပ်ငန်းရှင်များသာမက တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး ရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အပြင် လိုအပ်သည့် ငွေကြေးအထောက်အပံ့၊ ဈေးကွက်၊ နည်းပညာ၊ လူ့စွမ်းအား၊ လုပ်သာကိုင်သာရှိသည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးနိုင်ရေး အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ပါဝင်ပတ်သက်သူ (Stakeholder) များ၏ ဆောင်ရွက်မှုများသည် အရေးပါသကဲ့သို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ ရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့၊ လုပ်ငန်းသုံးသပ်အစီရင်ခံရေးအဖွဲ့များ၊ ဒေသဆိုင်ရာအေဂျင်စီများ၏ အားပေးမြှင့်တင်မှု၊ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများဖြင့် ပေါင်းစပ်ဆောင်ရွက်ရမည် ဖြစ်ပါ သည်။

### ၇.၄.၁၃ ရှမ်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ၁.၂.၂၀၂၁ မှ ၃၀.၄.၂၀၂၄ ရက်နေ့အထိ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများ

**(၁) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အရ Member Card/ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားမှု အခြေအနေ**

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Member Card လျှောက်ထားလာသည့် လုပ်ငန်းများအား Member Card အသစ် ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာနှစ် ဧပြီလ အထိ Member Card / ယာယီမှတ်ပုံတင်လက်မှတ်ကို အသေးစား (၃,၇၆၁)ခု၊ အလတ်စား (၁,၀၄၅)ခု၊ စုစုပေါင်း (၄,၈၀၆) ခု ထုတ်ပေးနိုင်ခဲ့ပါသည်။

**(၂) ရှမ်းပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ**

ရှမ်းပြည်နယ်သည် စတုရန်းမိုင် ခြောက်သောင်းကျော် ကျယ်ဝန်း၍ လူဦးရေ ၅.၆ သန်းခန့် နေထိုင်ပြီး အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ ပြောင်း၊ ကြံ၊ လက်ဖက်၊ ကော်ဖီနှင့် အာလူးတို့ဖြစ်ပြီး စက်မှုထွက်ကုန်များမှာ ဘိလပ်မြေ၊ ခဲသတ္တု၊ ကျောက်မီးသွေးနှင့် ခနောက်စိမ်းတို့ဖြစ်ပြီး၊ ရှမ်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအား အဖွဲ့ဝင် ၂၃ ဦး ဖြင့် ဖွဲ့စည်းအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၄ ခု အမေရိကန်ဒေါ်လာ ၇၉၈.၀၃၈ သန်း၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၈၃ ခု အမေရိကန်ဒေါ်လာ ၇၆၁.၈၇၇ သန်း ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိပါကြောင်း၊
- ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၇ ခု အမေရိကန်ဒေါ်လာ ၁၆.၁၆၃ သန်း မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံမှုလုပ်ငန်း ၁၈ ခု အမေရိကန်ဒေါ်လာ ၇.၅၉၂ သန်း ခွင့်ပြုဆောင် ရွက်ပေးလျက်ရှိပါကြောင်း၊
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရှမ်းပြည်နယ်အတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃၁ ခု အမေရိကန်ဒေါ်လာ ၈၁၄ သန်းကျော်၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀၁ ခု ကျပ် ၁,၉၇၆ ဘီလီယံ ကျော် ခွင့်ပြုဆောင်ရွက်လျက်ရှိပါကြောင်း၊

- ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင်ထုတ်ပေးပြီးစီးမှုအနေဖြင့် အကြီး စား ၄၅၈ ခု၊ အလတ်စား ၁,၃၃၂ ခု၊ အငယ်စား ၂,၈၈၄ ခု၊ စုစုပေါင်း လုပ်ငန်း ၄,၆၇၄ ခု မှတ်ပုံတင်ထုတ်ပေးပြီးစီးခဲ့ပါကြောင်း၊
- ပြည်နယ်အတွင်းရှိ သီးနှံ/ ပြောင်းအခြောက်ခံစက်ရုံ လုပ်ငန်း ၉၈ ခုမှ တန်ချိန် ၈၃,၉၄၁ ခန့် ထုတ်လုပ်ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် သကြား စက်ရုံ ၅ ခုမှ တစ်နှစ်လျှင် သကြားတန်ချိန် ၁၆၂,၂၅၀ ခန့်၊ ဘိလပ်မြေ စက်ရုံ ၃ ခုမှ တစ်နှစ်လျှင် ဘိလပ်မြေတန်ချိန် ၁.၅ သန်းကျော်၊ မြေသြဇာ စက်ရုံ ၂၃ ခုမှ တစ်နှစ်လျှင် မြေသြဇာတန်ချိန် ၈၇၇၀၀ ခန့် ထုတ်လုပ်နိုင်ပါကြောင်း၊
- ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင်စားသောက် ကုန်လုပ်ငန်း ၆၆၆ ခု၊ လူသုံးကုန်လုပ်ငန်း ၁၀၇ ခု၊ အဝတ်အထည် လုပ်ငန်း ၁၁၇ ခု၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း ၁၆၈ ခု၊ အထွေထွေ လုပ်ငန်း ၄၃၈ ခုအပါအဝင် လုပ်ငန်း ၁,၆၅၅ ခု ခရိုင် အလိုက် မှတ်ပုံတင် ထုတ်ပေးပြီးစီးခဲ့ပါကြောင်း၊
- ရှမ်းပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးဌာနများတွင် ပုဂ္ဂလိက အိမ်ဆိုင်လုပ်ငန်း ၆,၈၉၈ ခု၊ စားသောက်ဆိုင်လုပ်ငန်း ၅,၈၃၂ ခု၊ ဘေးအန္တရာယ် လုပ်ငန်းလိုင်စင် ၁၁,၁၇၁ ခု အပါအဝင် လုပ်ငန်းလိုင်စင် စုစုပေါင်း ၂၄,၆၃၃ ခု ထုတ်ပေးပြီးစီးခဲ့ပါကြောင်း၊
- ရှမ်းပြည်နယ်အတွင်း စက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်း ၃၂ ခုမှ အသင်းသား ၃,၁၃၂ ဦး ၏ မတည်ရင်းနှီးငွေ ကျပ်သန်း ၂၃၀၀ ခန့် ကို အသုံးပြု၍ ကုန်ထုတ်လုပ်တင်ပို့ရောင်းချလျက်ရှိပါကြောင်း၊
- ရှမ်းပြည်နယ်အတွင်း တောင်ကြီး (အေးသာယာ) စက်မှုဇုန်အား မြေဧရိယာဧက ၅၀၀ ကျော်၊ မူဆယ်စက်မှုရပ်ကွက်အား မြေဧရိယာ ဧက ၄၉ ဧကနှင့် တာချီလိတ်စက်မှုရပ်ကွက် မြေဧရိယာဧက ၂၆၅ ဧကဖြင့် တည်ထောင်ထားရှိပါကြောင်း ရှမ်းပြည်နယ်အတွင်း စက်မှုဇုန်/စက်မှု ရပ်ကွက် ၃ ခုတွင် လုပ်ငန်း ၅၆၁ ခု အား လျှပ်စစ် ဓါတ်အား ၈၆ မဂ္ဂါဝပ် အသုံးပြုလျက်ရှိပါကြောင်း၊
- ရှမ်းပြည်နယ်အတွင်း SME လုပ်ငန်းများမှ ပြည်ပပို့ကုန်အဖြစ် ခဲသတ္တု ၃,၆၃၅ တန်၊ သကြား ၈၆,၃၅၀ တန်၊ ကော်ဖီစေ့ ၈၀.၂ တန်ကျော် အပါ အဝင် တင်ပြပါထုတ်ကုန် ၇ မျိုး ထုတ်လုပ်တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊

- ➢ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် (ဧပြီလ)အထိ မြစိမ်းရောင် (အသားကဏ္ဍ) အတွက် ကျေးရွာ ၁၆၁ ရွာ ထူထောင်ထားရှိပြီး ခွင့်ပြုငွေ ကျပ်သန်း ၁၇,၈၀၀ ခန့်ဖြင့် ကျွဲ/ နွား ၂,၃၆၅ ကောင်နှင့် ဝက် ၅,၄၄၈ ကောင် မွေးမြူထားကြောင်း၊
- ➢ ရှမ်းပြည်နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် (ဧပြီလ) အထိ ကျွဲ ၇၀၉,၃၄၀ ခန့်၊ နွား ၄,၈၅၄,၉၄၆ ခန့်၊ သိုး/ ဆိတ် ၄၀၈,၁၉၁ ခန့်၊ ဝက် ၂.၆ သန်းကျော်၊ ကြက် ၁၃၅.၅ သန်းကျော်၊ ဘဲ ၂၈၄,၅၃၁ တိုးတက် မွေးမြူနိုင်ခဲ့ပါကြောင်း၊
- ➢ ရှမ်းပြည်နယ်အတွင်း MSMEs လုပ်ငန်းကို အထောက်အကူပြုစေသော လူထုအခြေပြုခရီးသွား ကျေးရွာများကို ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ညောင်ရွှေမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် ကလောမြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ပါကြောင်း၊
- ➢ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်းလေးဖောင်တော်ဦး ဘုရားပွဲတော်နှင့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊
- ➢ ရှမ်းပြည်နယ်အတွင်း MSMEs လုပ်ငန်းကို အထောက်အကူပြုစေရန် အတွက် ကတ္တရာလမ်း ၁၂၇ လမ်း၊ အရှည် ၂၃ မိုင်ကျော်၊ ကွန်ကရစ်လမ်း ၈၂၈ လမ်း၊ အရှည် ၁၃၂ မိုင်ကျော်၊ ကျောက်ချောလမ်း ၇၁၈ လမ်း၊ အရှည် ၇၁၄ မိုင်၊ မြေသားကုန်ထုတ်လမ်း ၄၉၃ လမ်း၊ အရှည် ၁၁၉၄ မိုင် တို့အား ဆောင်ရွက်ခဲ့ပါကြောင်း၊
- ➢ ရှမ်းပြည်နယ်အတွင်း MSMEs လုပ်ငန်းကို အထောက်အကူပြုစေရန် အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ ပေ ၁၈၀ အထက် တံတား ၉၃ စင်းနှင့် ပေ ၁၈၀ အောက် တံတား ၃၂,၅၇၄ စင်း တို့အား ဆောင်ရွက်ခဲ့ပါကြောင်း၊
- ➢ ရှမ်းပြည်နယ်အတွင်း MSMEs လုပ်ငန်းကို အထောက်အကူပြုစေရန် အတွက် မြေသားကုန်ထုတ်လမ်း ၂၂၇ လမ်း၊ ကုန်ထုတ်တံတား/Box Culvert ၆၇၀ စင်း၊ ရေရှိရေးလုပ်ငန်း ၃၀၅ ခု၊ မြစိမ်းရောင် ၆၁ ရွာ၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(ယူနစ်) ၅၂၄ ရွာ ဆောင်ရွက်ခဲ့ပါကြောင်း၊
- ➢ ရှမ်းပြည်နယ်အတွင်းစိုက်ပျိုးရေရရှိရေးလုပ်ငန်း ၉၂ ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၂၃၅ ခု၊ ရေဘေးကာကွယ်ရေးလုပ်ငန်း ၁၉ ခု၊ စိမ့်စမ်း

ရေသွယ်လုပ်ငန်း ၁၁၀ ခု၊ မြေအောက်ရေတူးဖော်ခြင်းလုပ်ငန်း ၅၇ ခု၊ မြစ်ရေတင်လုပ်ငန်း ၂ ခု၊ ဆိုလာရေတင်လုပ်ငန်း ၇ ခု၊ စုစုပေါင်း လုပ်ငန်း ၅၂၂ ခု ဆောင်ရွက်ခဲ့ရာ လူဦးရေ ၂၇၁,၈၁၁ ခန့် အကျိုးပြု ဆောင်ရွက်ပေးခဲ့ကြောင်း၊

- ရှမ်းပြည်နယ်အတွင်း ဆိုလာစနစ်ဖြင့် ချောင်းရေတင် စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းအား Pilot Project ဖြင့် ဆောင်ရွက်ထားရှိပြီး တောင်သူ ၃၆၆ ဦး၏ စိုက်ပျိုးမြေ ၇၅၉ ဧကပေါ်တွင် မုံလာဥနီ၊ ဂေါ်ဖီထုပ်၊ ခရမ်းသီး၊ ပဲပုပ်၊ ကြက်သွန်ဖြူ၊ နေကြာ၊ ဖရဲ၊ သခွားမွှေး၊ ပြောင်း၊ မိုးစပါးစသည့်သီးနှံများအား စိုက်ပျိုးဆောင်ရွက်လျက်ရှိပါကြောင်း၊
- ရှမ်းပြည်နယ်အတွင်း ဒေသထုတ်ကုန်အဖြစ် အလားအလာရှိသောသီးနှံများဖြစ်သည့် လက်ဖက်၊ ကော်ဖီ၊ ထောပတ်၊ သရက်၊ မက္ကဒေးမီးယား၊ နာနတ်၊ ပြောင်း၊ ကြံ၊ သစ်ကြားသီး၊ ချဉ်စော်ကားသီးနှင့် ရာဘာတို့အား စိုက်ပျိုးထုတ်လုပ်လျက်ရှိပါကြောင်း၊
- ရှမ်းပြည်နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် လက်ဖက် ၉၀,၀၁၄ တန် ထွက်ရှိခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ် ဧပြီလအထိ ၈၅,၄၇၀ တန် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊
- ရှမ်းပြည်နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် ဧပြီလအထိ ကော်ဖီ ၅,၄၁၀ တန် ထွက်ရှိ ခဲ့ပြီး ပြည်ပသို့ ၈၃၇.၃ တန် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊
- ရှမ်းပြည်နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် ဧပြီလအထိ ထောပတ် ၅,၃၃၇ တန် ထွက်ရှိခဲ့ပြီး ပြည်ပသို့ ၂,၇၅၀ တန် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊
- ရှမ်းပြည်နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် ဧပြီလအထိ သရက် ၇၈,၆၄၆ တန် ထွက်ရှိခဲ့ပြီး ပြည်ပသို့ ၂,၂၀၀ တန် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊
- ရှမ်းပြည်နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် ဧပြီလအထိ မက္ကဒေးမီးယား ၂,၅၆၀ တန် ထွက်ရှိခဲ့ကြောင်း၊
- ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးထွက်ရှိလာသော နာနတ်သီးများအား အခြား တိုင်းဒေသကြီး/ပြည်နယ်များသို့ တင်ပို့ရောင်းချလျက်ရှိပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ပြုလုပ်ရောင်းချပေးလျက်ရှိပါကြောင်း၊
- ရှမ်းပြည်နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် ဧပြီလအထိ ပြောင်းတန်ချိန် ၁,၆၂၅,၁၇၃ ကျော် ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊

- ရှမ်းပြည်နယ်တွင် စိုက်ပျိုးထွက်ရှိသော ကြံများကို ပြည်တွင်းသကြားစက်တွင် ကြိတ်ဝါးကြံအဖြစ် အသုံးပြုပြီး ထွက်ရှိလာသောသကြားကို ပြည်တွင်းတွင် ထုတ်လုပ်ရောင်းချလျက်ရှိပါကြောင်း၊
- ရှမ်းပြည်နယ်တွင် စိုက်ပျိုးထွက်ရှိသော သစ်ကြားသီးများကို ပြည်တွင်းတွင် စားသုံးရန် ထုတ်လုပ်လျက်ရှိပါကြောင်း၊
- ရှမ်းပြည်နယ်တွင် ချဉ်စော်ကားသီးစိုက်ဧက ၁၅၉ ဧကတွင် ဒီဇင်ဘာလအထိ ၂၆ တန် ထွက်ရှိခဲ့ပါကြောင်း၊
- ရှမ်းပြည်နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် ဧပြီလအထိ ရာဘာ ၂၄,၆၇၅ တန် ထွက်ရှိခဲ့ ပါကြောင်း၊
- ရှမ်းပြည်နယ်တွင် အဓိကသီးနှံများဖြစ်သော စပါး ဧက ၁,၂၈၁,၂၆၉ ခန့်၊ အစေ့ထုတ် ပြောင်း ဧက ၁၀ သိန်း ၁ သောင်းကျော်၊ မြေပဲ ဧက ၁၂၀,၀၀၀ ခန့်၊ နှမ်း ဧက ၃၉၀၀၀ ခန့်၊ နေကြာဧက ၃၆၀၀၀ ခန့်၊ ပဲတီစိမ်း ဧက ၁၀,၀၀၀ ခန့်၊ ပဲစင်းငုံ ဧက ၄၉၀၀၀ ခန့် ၊ ကြံ ဧက ၁ ၇၀,၀၀၀ ခန့် စိုက်ပျိုးထားကြောင်း၊

**(၃) ရှမ်းပြည်နယ်၏ ၂၀၂၃-၂၀၂၄ ခုနှစ် GDP စက်မှုကဏ္ဍ၏ GDP ပါဝင်မှု ရာခိုင်နှုန်း၊ MVA/GDP(GDP) တွင် တန်ဖိုးမြှင့်ထုတ်လုပ်မှုရာခိုင်နှုန်း**

၂၀၂၃-၂၀၂၄ ခုဘဏ္ဍာရေးနှစ်(ဧပြီလမှ မတ်လကုန်အထိ) စက်မှုကဏ္ဍ ၏ GDP တန်ဖိုးမှာ ကျပ်သန်းပေါင်း (၈၅၈,၆၃၄.၈) ဖြစ်ပြီး၊ ပါဝင်မှုရာခိုင်နှုန်းမှာ (၁၀.၆%) ဖြစ်ပါသည်။ ဒေသထွက်ကုန်ထုတ်လုပ်မှုမှာ ကျပ်(၁,၈၆၂,၈၇၈.၆၆) သန်းဖြစ်ပြီး၊ တန်ဖိုးမြှင့် ထုတ်ကုန်တန်ဖိုးကျပ်(၅၇၂,၇၅၇.၃၄)သန်း ဖြစ်သည့်အတွက် ပါဝင်မှုအချိုးမှာ (၃၀.၇%) ခန့်မှန်းပါသည်။

**(၄) ပြပွဲ/ပြိုင်ပွဲများ၊ Talk Show များ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Knowledge Sharing များ ဆောင်ရွက်မှုအခြေအနေ**

ရှမ်းပြည်နယ်အတွင်း MSMEs ထုတ်ကုန်ပြပွဲ (၂၂) ကြိမ်၊ Talk Show (၁)ကြိမ် ကျင်းပ၍ ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ခဲ့ပြီး၊ ၂၀၂၄-၂၀၂၅ ခုနှစ် ဧပြီလအထိ ရှမ်းပြည်နယ်အတွင်း ဦးစီးဌာနများအလိုက် ကာလတိုသင်တန်းအမျိုးအစား ၄၈ မျိုး၊ သင်တန်း ၂၀၁ ကြိမ်ဖွင့်လှစ်ခဲ့ပြီး ဒေသခံတိုင်းရင်းသား သင်တန်းသားဦးရေ ၄,၂၈၈ ဦး အား သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ပါသည်။

**(၅) နိုင်ငံတော်ဝန်ကြီးချုပ်၏ တွေ့ဆုံပွဲတွင် လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်မှုအခြေအနေများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်မှ ၇.၃.၂၀၂၃ ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့သို့ လည်းကောင်း၊ ၁၂.၅.၂၀၂၃ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့သို့လည်းကောင်း၊ ၂၉.၅.၂၀၂၃ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့သို့လည်းကောင်း၊ ၃၀.၅.၂၀၂၃ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နှင့် ၉.၉.၂၀၂၃ ရက်နေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပြီး လမ်းညွှန်မှာ ကြားချက်(၃၃)ချက် ချမှတ်ခဲ့ပြီး အကောင်အထည် ဖော်ဆောင်ရွက်မှုမှာ (၁၉)ချက် ဆောင်ရွက်ပြီးဖြစ်ပြီး ဆောင်ရွက် ဆဲ (၁၄) ချက်မှာ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများ ဖြစ်ပါသဖြင့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းရှင် များ တင်ပြချက်အနေဖြင့် (၅၃) ချက်ရှိပြီး ဆောင်ရွက်ပြီး (၄၈)ချက် ဆောင်ရွက်ပြီးဖြစ်ပြီး ဆောင်ရွက်ဆဲ(၅) သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်ပေး လျက်ရှိပါသည်။

**(၆) နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဆောင်ရွက်ချက်များ**

ရှမ်းပြည်နယ်အတွင်းတွင် နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဆောင်ရွက်ချက်များမရှိပါ။

**(၇) One Region One Product ဦးစားပေးသတ်မှတ်ထားရှိမှုနှင့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်နေမှု အခြေအနေများ (OROP)**

ရှမ်းပြည်နယ်အတွင်း One Region One Product ဦးစားပေး သတ်မှတ်ထားသော ထုတ်ကုန်များမှာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) လက်ဖက်စိုက်ပျိုးရေးလုပ်ငန်း

(ခ) ကော်ဖီစိုက်ပျိုးရေးလုပ်ငန်း

(ဂ) ထောပတ်စိုက်ပျိုးရေးလုပ်ငန်း

(ဃ) အစေ့ထုတ်ပြောင်းစိုက်ပျိုးရေးလုပ်ငန်း

(င) ကြက်သွန်ဖြူ စိုက်ပျိုးရေးလုပ်ငန်း

(စ) သရက်စိုက်ပျိုးရေးလုပ်ငန်း

(ဆ) လိမ္မော်သီး စိုက်ပျိုးရေးလုပ်ငန်း

(ဇ) ဆန်နှင့်ဆန်ထွက်ပစ္စည်းလုပ်ငန်း

(ဈ) သကြားလုပ်ငန်း

(ည) ဘိလပ်မြေလုပ်ငန်း

(ဋ) ရော်ဘာနှင့် ရော်ဘာထွက်ပစ္စည်းများလုပ်ငန်း

(ဌ) ရိုးရာအဝတ်အထည်လုပ်ငန်း

(ဍ) မြေသြဇာလုပ်ငန်း

(ဎ) ကြက်မွေးမြူရေးလုပ်ငန်း

## (၈) ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်း၊ ဈေးကွက်ချိတ်ဆက်မှု၊ အခြားပံ့ပိုးပေးရန် လိုအပ်ချက်များ

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပြည်နယ် ၈ ဘီလီယံနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသ ၅ ခုအတွက် ၂၅ ဘီလီယံ၊ စုစုပေါင်း ၃၃ ဘီလီယံ ထုတ်ယူရရှိခဲ့ပြီး၊ ရှမ်းပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့တွင် ၃၃.၁၂ ဘီလီယံကျော် ထုတ်ချေးပေးခဲ့ရာ အတိုးငွေကျပ် ၂,၁၉၁.၆၈ သန်း ရရှိပြီးဖြစ်ကြောင်း စိုက်ပျိုးရေး အစုအဖွဲ့ ၁၄၃ ဖွဲ့၊ မွေးမြူရေးအစုအဖွဲ့ ၉၈ ဖွဲ့၊ အခြားလုပ်ငန်းများ လုပ်ကိုင်သူအစုအဖွဲ့ ၁၁၈ ဖွဲ့၊ စုစုပေါင်း အစုအဖွဲ့ ၃၆၀ ဖွဲ့၊ လူဦးရေ ၃,၈၆၁ ဦးအတွက် ၃၀.၅၈ ဘီလီယံ ထုတ်ချေးထားပြီး လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့မှ ထုတ်ချေးပေးမည့် ကျပ်ဘီလီယံ (၁၅၀)အား ရှမ်းပြည်နယ်မှ လုပ်ငန်းရှင်များရရှိရေး ချိတ်ဆက်ဆောင်ရွက်ရာ တွင် ယနေ့အချိန်ထိ လျှောက်ထားသည့် လုပ်ငန်းရှင် (၈၆)ဦးအား ချေးငွေ လျှောက်လွှာများ စိစစ်လက်ခံခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ နည်းပညာပိုင်းအနေဖြင့် ရှမ်းပြည်နယ် MSME Agency အဖွဲ့ဝင် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍လည်း လုပ်ငန်းရှင်များ လိုအပ်သည့်နည်းပညာများအား ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။ ဈေးကွက်ချိတ်ဆက်မှု အနေဖြင့် ဒေသတွင်းထုတ်ကုန် ပြပွဲများ (၂၂) ကြိမ်အထိ ကျင်းပပေးခဲ့ပြီး၊ စက်မှုဝန်ကြီး ဌာနမှ တည်ထောင်ထားသည့် E-Market Place for Myanamar Products Platform တွင် ရှမ်းပြည်နယ်မှ လုပ်ငန်းရှင် (၁၆)ဦး ပါဝင်ပြသရောင်းချလျက်ရှိပါသည်။

## (၉) လိုအပ်ချက်များအပေါ် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများနှင့် အကြံပြုချက်များ

တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) များ ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာ (Method)၊ ကျွမ်းကျင်လုပ်သား (Skill Labour)များနှင့် ဈေးကွက် (Market)၊ အရင်းအနှီး (Investment)နှင့် အခြားလိုအပ်သော အချက်အလက်များအား အေဂျင်စီအဖွဲ့ဝင် ဌာနများ အနေဖြင့် အမြဲမပြတ် ဆွေးနွေး၍ ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၁၀) ခြုံငုံသုံးသပ်တင်ပြချက်

ရှမ်းပြည်နယ်၏ ပြည်တွင်းစုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး GDP တွင် ကဏ္ဍကြီး (၂၃) ရပ်ဖြစ်သည့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍရှိပြီး ကဏ္ဍခွဲငယ် (၁၃)ခုရှိရာ လယ်ယာကဏ္ဍသည် GDP တွင်(၂၄% မှ ၂၆%) အများဆုံးပါဝင်ပြီး၊ စက်မှုကဏ္ဍသည် GDP တွင် (၁၁% မှ ၁၂%) ထိ ဒုတိယအများဆုံး ပါဝင်ပါသည်။ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လယ်ယာကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ခြင်းဖြင့် MSMEs အပါအဝင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ဒေသတွင်းဖွံ့ဖြိုးမှု အသီးအပွင့်အပေါ် ဒေသနေ ပြည်သူလူထု ခံစားရမှု မှတစ်ဆင့် ပိုလျှံမှုရရှိလာပါက စုဆောင်းမှုသို့ ရောက်ရှိမည်ဖြစ်ပါသည်။ စုဆောင်းမှုအပေါ် ထပ်မံ၍ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှုကို အခြေခံသော ရင်းနှီးမြှုပ်နှံမှု ကို ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ စက်ဝန်း(Development Cycle) ကို ရရှိ နိုင်မည်ဖြစ်ပါသည်။

## ၇.၄.၁၄ ရောဝတီတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ၁.၂.၂၀၂၁ မှ ၃၀.၄.၂၀၂၄ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ

**(၁) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ SME Member Card/ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားမှု အခြေအနေ**

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Member Card လျှောက်ထားလာသည့် လုပ်ငန်းများအား Member Card အသစ် ရရှိနိုင်ရေး စိစစ်ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၄ ခုနှစ် ဧပြီလအထိ Member Card/ ယာယီမှတ်ပုံတင်လက်မှတ်ကို အသေးစား(၄၈၅)ခု၊ အလတ်စား (၅၂၇)ခု၊ စုစုပေါင်း (၁,၀၁၂) ခု ထုတ်ပေးနိုင်ခဲ့ပါသည်။

ပုံ (၉၁) SME Member Card/ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးမှုအခြေအနေ



## (၂) ရောဝတီတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ

ဇယား(၂၄) သင်တန်း၊ ဆွေးနွေးပွဲများ တက်ရောက်မှုအခြေအနေ ၁.၂.၂၀၂၁ ရက်နေ့မှ ၃၀.၄.၂၀၂၄ ရက်နေ့အထိ

| စဉ် | သင်တန်းအမည် | သင်တန်း အရေအတွက် (ကြိမ်) | သင်တန်းသား ဦးရေ (ဦး) | မှတ်ချက် |
|---|---|---|---|---|
| ၁ | နည်းပညာလွှဲပြောင်းခြင်းသင်တန်း | ၁ | ၂ | |
| ၂ | ဈေးကွက်ချဲ့ထွင်ခြင်းဆိုင်ရာသင်တန်း | ၃ | ၇ | |
| ၃ | စီးပွားရေးစီမံခန့်ခွဲမှုသင်တန်း | | | |
| ၄ | စွန့်ဦးတီထွင်မှုဆိုင်ရာသင်တန်း | | | |
| ၅ | ဒီဂျစ်တယ်နှင့် သက်ဆိုင်သောသင်တန်း | ၁၃ | ၇၂ | |
| ၆ | လက်မှုပညာဆိုင်ရာသင်တန်း | | | |
| ၇ | ငွေကြေးဆိုင်ရာသင်တန်း | ၁ | ၁ | |
| ၈ | အသိပညာမျှဝေခြင်း | ၃၁ | ၄၆၆ | |
| ၉ | အစုအဖွဲ့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်တန်း | ၁၀ | ၁၆၂ | |
| ၁၀ | အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်မှု ဆိုင်ရာသင်တန်း | | | |
| ၁၁ | အခြား | ၁၀ | ၇၇ | |
| | **စုစုပေါင်း** | ၆၉ | ၇၈၇ | |

ဇယား (၂၅) E-Market Place for Myanmar Products Platform တွင် MSME လုပ်ငန်းများ ပြသရောင်းချမှု အခြေအနေ

| စဉ် | လုပ်ငန်းရှင် အမည် | လုပ်ငန်း | ထုတ်ကုန် | လိပ်စာ |
|---|---|---|---|---|
| ၁ | ဦးထူးဝေ | Green Toddy ထန်းသကြား လုပ်ငန်း | ထန်းလျက် အမျိုးမျိုး | မြန်အောင်မြို့၊ ရောဝတီတိုင်းဒေသကြီး |
| ၂ | ဦးပိုင်သီဟစိုး | Mo Mo Ko ခနိုဖူးခြောက် | ခနိုဖူးခြောက် | ဖျာပုံမြို့၊ ရောဝတီ တိုင်းဒေသကြီး |
| ၃ | ဦးသန်းဦး | စိန်ရွှေငွေ လယ်ယာသုံး စက်ကိရိယာများ | လယ်ယာသုံး စက်ကိရိယာများ | ဝါးခယ်မမြို့၊ ရောဝတီ တိုင်းဒေသကြီး |
| ၄ | ဦးဇေယျာမျိုး | မျိုးမြတ်မွန် စပါးခွံ လောင်စာ တောင့် | လောင်စာတောင့် | ကျိုက်လတ်မြို့၊ ရောဝတီတိုင်းဒေသကြီး |
| ၅ | ဦးစိုးသန့် | သီရိစံ ကွန်ပျူတာ ပန်းထိုးအထည်များ | ကွန်ပျူတာ ပန်းထိုးအထည်များ | ပုသိမ်မြို့၊ ရောဝတီတိုင်းဒေသကြီး |
| ၆ | ဦးသာထူးလှိုင် | ဒေါ်ဟန် ဝက်အူချောင်း၊ ကြက်အူချောင်း | ဝက်အူချောင်း၊ ကြက်အူချောင်း | ဟသ်ာတမြို့၊ ရောဝတီတိုင်းဒေသကြီး |
| ၇ | ဦးအောင်လွင် | Aung Family ကြိမ်၊ဝါး၊ ဖေဒါ၊သင်လက်မှုထုတ် ကုန်လုပ်ငန်း | ကြိမ်၊ဝါး၊ဖေဒါ၊ သင် လက်မှုထုတ်ကုန် များ | ငါးသိုင်းချောင်းမြို့၊ ရောဝတီတိုင်းဒေသကြီး |
| ၈ | ဦးနေလင်းအောင် | ရွှေမြင်းပျံ ပုသိမ်ဟာလဝါ | ပုသိမ်ဟာလဝါ၊ မုန့်မျိုးစုံ | ပုသိမ်မြို့၊ ရောဝတီ တိုင်းဒေသကြီး |

| စဉ် | လုပ်ငန်းရှင်အမည် | လုပ်ငန်း | ထုတ်ကုန် | လိပ်စာ |
|---|---|---|---|---|
| ၉ | ဦးသန်းထွန်းဦး | မြန်မာ့စွမ်းအား ဂျုံခေါက်ဆွဲ | ဂျုံခေါက်ဆွဲ | ကြံခင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၀ | ဒေါ်ဇာလဲ့ရည် | ထွန်းအင်အား မွေးမြူရေးဆိုင်ရာ ထုတ်ကုန်လုပ်ငန်း | ကြက်စာ၊ ဝက်စာ၊ ငါးစာ၊ နွားစာ | ဟင်္သာတမြို့၊ ဧရာဝတီတိုင်း ဒေသကြီး |
| ၁၁ | ဒေါ်ဇင်ခိုင်မြင့် | Nature Farm/ (cavendish banana) | ငှက်ပျောကြော် | ကျုံပျော်မြို့၊ ဧရာဝတီတိုင်း ဒေသကြီး |

ဇယား (၂၆) MSME Product Show Room တွင် ပါဝင်ပြသရောင်းချသည့် လုပ်ငန်းရှင်စာရင်း

| စဉ် | လုပ်ငန်းရှင်အမည် | လုပ်ငန်း | ထုတ်ကုန် | လိပ်စာ |
|---|---|---|---|---|
| ၁ | ဦးထူးဝေ | ထန်းလျက်အမျိုးမျိုး | Green Toddy | တံတားကွင်းကြီးကျေးရွာ၊ အင်ပင်မြို့ |
| ၂ | ဦးသန်းဦး | လယ်ယာသုံးစက်ကိရိယာအမျိုးမျိုး | စိန်၊ ရွှေ၊ ငွေ လယ်ယာသုံးစက်ကိရိယာရောင်းဝယ်ရေးလုပ်ငန်း | ထန်းပင်စုကျေးရွာ၊ ဝါးခယ်မမြို့ |
| ၃ | ဦးအောင်လွင် | ကြိမ်၊ ဝါး၊ ဗေဒါ၊ သင်လက်မှုထုတ်ကုန်များ | Aung Family ကြိမ်၊ ဝါး၊ ဗေဒါ၊ သင်လက်မှုထုတ်ကုန်လုပ်ငန်း | ဆည်ကြီးလမ်း၊ ဝေနရပ်ကွက်၊ ငါးသိုင်းချောင်း |
| ၄ | ဒေါ်ဇင်ခိုင်မြင့် | စားသောက်ကုန် | Nature Farm/ (cavendish banana) | ဆိပ်ကြီးကျေးရွာ၊ ကျုံပျော်မြို့ |
| ၅ | ဦးဇော်ဝင်း | စားသောက်ကုန် | Herbal Enterprise | တာကလေးရပ်ကွက်၊ ဟင်္သာတမြို့ |
| ၆ | ဦးချိုမြင့်ခိုင် | စားသောက်ကုန် | အဆွေတော်မုန့်မျိုးစုံလုပ်ငန်း | သိမ်ကျောင်းဆိုင်ခန်း၊ စည်ပင်ရုံးရှေ့၊ ဇလွန်မြို့ |
| ၇ | ဒေါ်ပြည့်စုံစိုး | သင်ဖျာနှင့်သင်ထွက်ပစ္စည်းမျိုးစုံ | ပြည့်စုံစိုးသင်ဖျာနှင့်သင်ထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း | အမှတ်(၄၃)၊ အောင်ဇေယျလမ်း၊ ပန်းတနော်မြို့ |

**(၃) ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၂၂-၂၀၂၃ ခုနှစ်နှင့် ၂၀၂၃-၂၀၂၄ ခုနှစ် GDP၊ စက်မှုကဏ္ဍ၏ GDP ပါဝင်မှုရာခိုင်နှုန်း၊ MVA/GDP (GDPတွင် တန်ဖိုးမြှင့်ထုတ်လုပ်မှုရာခိုင်နှုန်း)**

စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ စာရင်းအရ စက်မှုကဏ္ဍကြီး၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးအခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(တန်ဖိုး-ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဧပြီလမှ မတ်လ) | | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် | | | | |
|---|---|---|---|---|---|---|---|---|
| | | | | ရည်မှန်းချက် | | ( နှစ်ကုန်ခန့်မှန်းခြေ ) | | |
| | | တန်ဖိုး | တိုးတက်မှုနှုန်း (%) | တန်ဖိုး | တိုးတက်မှုနှုန်း (%) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု% | တိုးတက်မှုနှုန်း (%) |
| | **စက်မှုကဏ္ဍကြီး** | **၂,၉၈၄,၇၅၃.၃** | **-၃.၁** | **၂,၇၄၄,၅၇၆.၉** | **-၇.၇** | **၂,၈၂၆,၁၃၁.၁** | **၁၀၃.၀** | **-၅.၃** |
| ၁ | စွမ်းအင် | ၁,၅၆၆,၅၆၉.၉ | -၉.၄ | ၁,၂၄၀,၂၇၄.၂ | -၂၀.၁ | ၁,၃၃၇,၆၃၉.၁ | ၁၀၇.၉ | -၁၄.၆ |
| ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁၅,၁၅၈.၈ | ၁.၁ | ၁၅,၂၄၂.၈ | ၀.၆ | ၁၅,၂၇၆.၄ | ၁၀၀.၂ | ၀.၈ |
| ၃ | စက်မှုလက်မှု | ၇၇၉,၇၀၂.၂ | ၅.၅ | ၈၂၀,၄၀၄.၂ | ၅.၄ | ၈၂၂,၂၁၈.၈ | ၁၀၀.၂ | ၅.၅ |
| ၄ | လျှပ်စစ်ဓာတ်အား | ၂၂၂,၀၅၆.၇ | -၂.၀ | ၂၃၈,၅၅၅.၁ | ၄.၈ | ၂၂၁,၇၁၂.၆ | ၉၂.၉ | -၀.၂ |
| ၅ | ဆောက်လုပ်မှု | ၄၀၁,၂၆၅.၇ | ၈.၁ | ၄၃၀,၁၀၀.၆ | ၇.၃ | ၄၂၉,၂၈၄.၂ | ၉၉.၈ | ၇.၀ |

## (၄) ပြပွဲ၊ ပြိုင်ပွဲများ Talk Show များ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ Knowledge Sharing များ ဆောင်ရွက်မှု အခြေအနေများ

| စဉ် | ရက်စွဲ | နေရာ | အင်အား | MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲ ဆောင်ရွက်မှု အခြေအနေ |
|---|---|---|---|---|
| ၁ | ၇.၁၁.၂၀၂၂ မှ ၈.၁၁.၂၀၂၂ အထိ | မြို့တော်ခန်းမ၊ ပုသိမ်မြို့ | ၁၉၀ ဦး | သက်ဆိုင်ရာဌာနများနှင့် ခရိုင်(၈)ခရိုင်တို့မှ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန် (၁၁၉) မျိုး ပြပွဲ (ပထမအကြိမ်) ကျင်းပခြင်း၊ |
| ၂ | ၁၄.၁၂.၂၀၂၂ မှ ၁၅.၁၂.၂၀၂၂ အထိ | မြို့တော်ခန်းမ၊ ပုသိမ်မြို့ | ၁၅၀ ဦး | သက်ဆိုင်ရာဌာနများနှင့် ခရိုင်(၈)ခရိုင်တို့မှ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန် (၁၉၀)မျိုး ပြပွဲ (ဒုတိယအကြိမ်) ကျင်းပခြင်း၊ |
| ၃ | ၁၅.၁၂.၂၀၂၂ | မြို့တော်ခန်းမ၊ ပုသိမ်မြို့ | ၂၀၃ ဦး | သက်ဆိုင်ရာဌာနဆိုင်ရာများ၊ MSME လုပ်ငန်းရှင်များနှင့် MSME Talk Show (စကားဝိုင်း) ဆွေးနွေးပွဲ ပြုလုပ်ကျင်းပခြင်း၊ |
| ၄ | ၂၆.၁၂.၂၀၂၂ မှ ၅.၁.၂၀၂၃ အထိ | ပုသိမ်မြို့၊ ပြည်ထောင်စုကွင်း | ၁၈၀ ဦး | ပုသိမ်မြို့၊ ပြည်ထောင်စုကွင်းတွင် MSME ထုတ်ကုန်များ ပြသခြင်း၊ |
| ၅ | ၄.၁.၂၀၂၃ မှ ၈.၁.၂၀၂၃ အထိ | တပေါင်းကွင်း၊ နေပြည်တော် | ၂၅၀ ဦး | (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းတွင် ဒေသထွက်ကုန်များ ခင်းကျင်းပြသရောင်းချခြင်း၊ |
| ၆ | ၇.၂.၂၀၂၃ | မြို့တော်ခန်းမ၊ ပုသိမ်မြို့ | ၂၁၈ ဦး | နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၊ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကျင်းပခြင်း။ |
| ၇ | ၉.၂.၂၀၂၃ မှ ၁၃.၂.၂၀၂၃ အထိ | ပုသိမ်မြို့၊ ပြည်ထောင်စု ကွင်း | ၂၅၀ ဦး | ပုသိမ်မြို့၊ ပြည်ထောင်စုကွင်းတွင် MSME ထုတ်ကုန်များ ပြသခြင်း၊ |
| ၈ | ၁၀.၂.၂၀၂၃ မှ ၁၄.၂.၂၀၂၃ အထိ | ပြည်သူ့ရင်ပြင်၊ ရန်ကုန်မြို့ | ၂၀၀ ဦး | ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းတွင် ဒေသထွက်ကုန်နှင့် MSME ထုတ်ကုန်များ ခင်းကျင်းပြသခြင်း |

| စဉ် | ရက်စွဲ | နေရာ | အင်အား | MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲ ဆောင်ရွက်မှု အခြေအနေ |
|---|---|---|---|---|
| ၉ | ၁.၃.၂၀၂၃ မှ ၄.၃.၂၀၂၃ အထိ | ကန်ကြီးထောင့် မြို့နယ်၊ | ၁၅၀ ဦး | MSME ထုတ်ကုန်ပြပွဲကျင်းပခြင်း |
| ၁၀ | ၂၇.၃.၂၀၂၃ မှ ၂၉.၃.၂၀၂၃ အထိ | ရေကြည်မြို့ | ၁၅၀ဦး | (၇၈)နှစ်မြောက်တပ်မတော်နေ့ပြခန်းတွင် ဒေသထွက်ကုန်နှင့် MSME ထုတ်ကုန်များ ခင်းကျင်းပြသခြင်း |
| ၁၁ | ၁.၅.၂၀၂၃ မှ ၅.၅.၂၀၂၃ အထိ | လပွတ္တာမြို့ | ၂၅၀ ဦး | ဒေသထွက်ကုန်နှင့် MSME ထုတ်ကုန်များ ခင်းကျင်းပြသခြင်း |
| ၁၂ | ၂၂.၅.၂၀၂၃ မှ ၃၀.၅.၂၀၂၃ ထိ | မြောင်းမြမြို့ | ၅၀၀ ဦး | ဒေသထွက်ကုန်နှင့် MSME ထုတ်ကုန်များ ခင်းကျင်းပြသခြင်း |
| ၁၃ | ၈.၆.၂၀၂၃ မှ ၁၀.၆.၂၀၂၃ အထိ | မအူပင်မြို့ | ၂၀၀ ဦး | ဒေသထွက်ကုန်နှင့် MSME ထုတ်ကုန်များ ခင်းကျင်းပြသခြင်း |
| ၁၄ | ၂၁.၆.၂၀၂၃ မှ ၂၃.၆.၂၀၂၃ အထိ | မြန်အောင်မြို့ | ၂၅၀ ဦး | ဒေသထွက်ကုန်နှင့် MSME ထုတ်ကုန်များ ခင်းကျင်းပြသခြင်း |
| ၁၅ | ၂၂.၆.၂၀၂၃ မှ ၂၆.၆.၂၀၂၃ အထိ | ဖျာပုံမြို့ | ၂၀၀ ဦး | ဒေသထွက်ကုန်နှင့် MSME ထုတ်ကုန်များ ခင်းကျင်းပြသခြင်း |
| ၁၆ | ၂၉.၆.၂၀၂၃ မှ ၁.၇.၂၀၂၃ အထိ | ဟင်္သာတမြို့ | ၂၀၀ ဦး | ဒေသထွက်ကုန်နှင့် MSME ထုတ်ကုန်များ ခင်းကျင်းပြသခြင်း |
| ၁၇ | ၁၂.၇.၂၀၂၃ မှ ၁၅.၇.၂၀၂၃ အထိ | မြို့တော်ခန်းမ၊ ပုသိမ်မြို့ | ၇၉၀ ဦး | ဒေသထွက်ကုန်နှင့် MSME ထုတ်ကုန်များ ခင်းကျင်းပြသခြင်း |
| ၁၈ | ၁၃.၇.၂၀၂၂ | မြို့တော်ခန်းမ၊ ပုသိမ်မြို့ | ၃၀၀ ဦး | သက်ဆိုင်ရာဌာနဆိုင်ရာများ၊ MSME လုပ်ငန်းရှင်များနှင့် MSME Talk Show (စကားဝိုင်း) ဆွေးနွေးပွဲ ပြုလုပ်ကျင်းပခြင်း၊ |
| ၁၉ | ၄.၈.၂၀၂၃ မှ ၆.၈.၂၀၂၃ အထိ | ရန်ကုန်မြို့ | ၉၃၀ ဦး | ၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV)ပြပွဲ |
| ၂၀ | ၁၅.၁၀.၂၀၂၃ မှ ၁၆.၁၀.၂၀၂၃ အထိ | ငွေဆောင်မြို့ | ၂၇၀ ဦး | ကြိမ် ဝါး ဖေဒါ လက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပခြင်း၊ ပြခန်း(၁၂)ခန်း |
| ၂၁ | ၂၁.၁၀.၂၀၂၃ မှ ၂၂.၁၀.၂၀၂၃ အထိ | ချောင်းသာမြို့ | ၃၀၀ ဦး | သီတင်းကျွတ်ပွဲတော်အကြို ကြိမ်ဝါးဖေဒါ လက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲ |
| ၂၂ | ၂၇.၁၀.၂၀၂၃ မှ ၃၀.၁၀.၂၀၂၃ အထိ | ရန်ကုန်မြို့ | ၅၂၀ ဦး | သီတင်းကျွတ်ဈေးရောင်းပွဲတော် |

| စဉ် | ရက်စွဲ | နေရာ | အင်အား | MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲ ဆောင်ရွက်မှု အခြေအနေ |
|---|---|---|---|---|
| ၂၃ | ၂၅.၁၁.၂၀၂၃ မှ ၂၇.၁၁.၂၀၂၃ အထိ | ရန်ကုန်မြို့ | ၃၀၀ ဦး | တန်ဆောင်တိုင်ဈေးရောင်းပွဲတော် |
| ၂၄ | ၁၆.၁၂.၂၀၂၃ မှ ၁၈.၁၂.၂၀၂၃ အထိ | ကျိုက်ထိုမြို့ | ၁၂၅၈ ဦး | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမန်းငြိမ်းမောင်နှင့် တောင်သူများတွေ့ဆုံပွဲနှင့် ထုတ်ကုန်ပြပွဲ |
| ၂၅ | ၂၉.၁၂.၂၀၂၃ | ပန်းတနော်မြို့၊ ညောင်တုန်းမြို့ | ၁၅၀ဦး | MSME လုပ်ငန်းရှင်များနှင့် စကားဝိုင်း ဆွေးနွေးပွဲ ပြုလုပ်ကျင်းပခြင်း၊ |
| ၂၆ | ၃.၁.၂၀၂၄ မှ ၅.၁.၂၀၂၄ အထိ | ပုသိမ်မြို့ | ၂၇၀ ဦး | လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းနှင့် ဒေသထွက်ကုန်ပြပွဲ |
| ၂၇ | ၂၃.၁.၂၀၂၄ | ရောရှေ့ဝါခန်းမ၊ ပုသိမ်မြို့ | ၁၈၀ ဦး | တိုင်းဒေသကြီးအတွင်း အဓိကသီးနှံများ ပန်းတိုင် အထွက်နှုန်းရရှိရေး စကားဝိုင်းဆွေးနွေးပွဲ |
| ၂၈ | ၁၀.၂.၂၀၂၄ မှ ၁၄.၂.၂၀၂၄ အထိ | တပေါင်းကွင်း၊ နေပြည်တော် | ၁၅၀၀ ဦး | (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရိုးရာအစားအစာနှင့် ဒေသထွက်ကုန် အရောင်းပြပွဲ |
| ၂၉ | ၁၁.၂.၂၀၂၄ မှ ၁၄.၂.၂၀၂၄ အထိ | ကျောက်တိုင်ကွင်း၊ ပုသိမ်မြို့ | ၂၅၀ ဦး | (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ |
| ၃၀ | ၂.၃.၂၀၂၄ မှ ၄.၃.၂၀၂၄ အထိ | ဝါးဒူးကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ် | ၇၀၀ ဦး | (၆၂) ကြိမ်မြောက် တောင်သူလယ်သမားနေ့ပြပွဲ |
| ၃၁ | ၂၉.၄.၂၀၂၄ မှ ၁.၅.၂၀၂၄ အထိ | ပုသိမ်မြို့ | ၂၇၀ ဦး | အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ် ဒေသတွင်းထုတ်ကုန်ပြပွဲ |
| ၃၂ | ၁.၅.၂၀၂၄ | မြို့တော်ခန်းမ၊ ပုသိမ်မြို့ | ၄၀၀ ဦး | အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ် အဖြစ် ကျင်းပသည့် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ |

ဧရာဝတီတိုင်းအတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်မှ MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားနှင့် ဒေသထွက်ကုန်ပြပွဲကို ၇.၂.၂၀၂၃ ရက်နေ့တွင် ပုသိမ်မြို့ရှိ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ MSME လုပ်ငန်းရှင်များ၊ စုစုပေါင်း (၂၁၈)ဦး တက်ရောက်ခဲ့ကြပြီး ဒေသထွက်ကုန်များအား ပြခန်း(၂၂)ခန်းဖြင့်လည်းကောင်း၊ ၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား (EV)ပြပွဲကို MSME လုပ်ငန်းရှင်(၅)ဦးမှ ၎င်းတို့၏ထုတ်ကုန်များအားလည်းကောင်း၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းနှင့် ဒေသထွက်ကုန်ပြပွဲကို ပုသိမ်မြို့တွင်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျင်းပပြုလုပ်သည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲတွင် အရောင်းပြခန်း(၁)ခန်းနှင့်

ရိုးရာအစားအစာ အရောင်းပြခန်း(၁)ခန်း တို့အားလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ်အဖြစ် ဒေသတွင်းထုတ်ကုန်ပြပွဲကို ပုသိမ်မြို့တွင် လည်းကောင်း ခင်းကျင်းပြသရောင်းချခဲ့ကြပါသည်။

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် တို့သည် ၂၉.၁၂.၂၀၂၃ ရက်နေ့တွင် ပန်းတနော်မြို့ရှိ ယူကေစိန် သင်ဖျာလုပ်ငန်းတွင် သင်ဖျာလုပ်ငန်းရှင်များနှင့်လည်းကောင်း၊ Global Earth Co.,Ltd. သို့လည်းကောင်း၊ ညောင်တုန်းမြို့ရှိ ရွှေဝါနဒီ ဆန်စက်တွင် ဆန်စက်လုပ်ငန်းရှင်များနှင့်လည်းကောင်း၊ တိုင်းဒေသကြီးအတွင်း အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာရှင်များ၊ သက်ဆိုင်ရာဌာနများနှင့် စကားဝိုင်းဆွေးနွေးပွဲကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး၊ သက်ဆိုင်ရာဌာန အကြီးအကဲများ၊ တက္ကသိုလ်များမှ ပညာရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

ပုံ (၉၃) မှတ်တမ်းဓာတ်ပုံများ





**(၅) နိုင်ငံတော်ဝန်ကြီးချုပ်၏တွေ့ဆုံပွဲတွင် MSME ဆိုင်ရာလမ်းညွှန်ချက်များ အပေါ် ဆောင်ရွက်မှုအခြေအနေများ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၆.၂.၂၀၂၃ ရက်နေ့မှ ၈.၂.၂၀၂၃ ရက်နေ့အထိ ဧရာဝတီတိုင်းဒေသကြီးသို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း လမ်းညွှန် မှာကြားချက် (၂၅)ချက်အပေါ် (၂၅)ချက်အားလုံး ဆောင်ရွက်ပြီးစီးပါကြောင်းနှင့် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(၆) နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း MSME လုပ်ငန်းရှင်များ တင်ပြချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၆.၂.၂၀၂၃ ရက်နေ့မှ ၈.၂.၂၀၂၃ ရက်နေ့အထိ ဧရာဝတီတိုင်းဒေသကြီးသို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း လုပ်ငန်းရှင်(၁၁)ဦး၏ တင်ပြချက်(၂၂) ချက်အပေါ် (၂၂)ချက်အားလုံး ဆောင်ရွက်ပြီး ဖြစ်ပါသည်။

**(၇) နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဆောင်ရွက်ချက်များ**

နိုင်ငံတော်ဝန်ကြီးချုပ်မှ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်အား ဧရာဝတီ ပေါ်ဆန်း၏ အရည်အသွေးအား ထိန်းသိမ်းမြှင့်တင်ရန်နှင့် ပျက်စီးနေသော မြေဆီလွှာကို ကာကွယ်ရန်၊ စားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန်အတွက် အရည် အသွေးမြှင့်တင်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေး သုတေသနပြု ဆောင်ရွက်ရန်၊ ရရှိလာသော ဆန်အား ဈေးကွက်သုတေသနပြုဆောင်ရွက်ရန်ဟူသော လမ်းညွှန်မှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ဒေသသုတေသနဗဟိုဌာန(မြောင်းမြ) တာဝန်ခံအား သုတေသနပြု ဆောင်ရွက် ရန် တာဝန်ပေးအပ်ခဲ့ပါသည်။

ထို့ကြောင့် ၂၀၂၂ ခုနှစ် မိုးရာသီတွင် ရေကြည်မြို့နယ်၊ နွားရေတိုက်ကျေးရွာတွင် သုတေသန ဆောင်ရွက်ချက်(၁)နှင့် (၂)များဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၂၃ ခုနှစ် မိုးရာသီတွင်လည်း ရေကြည်မြို့နယ်၊ နွားရေတိုက်ကွင်းနှင့် မန်ကျည်းလဟာကွင်းတို့တွင် သုတေသနဆောင်ရွက် ချက်(၁)နှင့် (၂)များဖြင့် ဒုတိယအကြိမ် သုတေသနပြုဆောင်ရွက်ခဲ့ပါသည်။ သုတေသန၏ ရည်ရွယ်ချက်များမှာ-

- ဒေသတွင်းရှိ တောင်သူများ သဘာဝမြေသြဇာအသုံးပြုခြင်း အလေ့အကျင့် များရရှိစေပြီး မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်စေရန်။

- သဘာဝမြေသြဇာအသုံးပြုပြီး ဒေသနှင့်သင့်တော်သော မျိုးအား ရွေးချယ် စိုက်ပျိုးစေခြင်းဖြင့် အထွက်နှုန်းတိုးကာ တောင်သူ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်။

- ဩဂဲနစ်သီးသန့်ဖြစ်သည်ထိ မရောက်ရှိမီ ကာလအတွင်း သဘာဝ မြေသြဇာ၊ ဇီဝပိုးသတ်ဆေး၊ ဇီဝမှိုသတ်ဆေးတို့ဖြင့် စိုက်ပျိုးရရှိ သော ဓါတုကင်းလွတ် ပေါ်ဆန်းဆန် ဈေးကွက် ရရှိလာစေရန်တို့ဖြစ် ပါသည်။

- သဘာဝမြေဩဇာကို အသုံးပြု၍ ပေါ်ဆန်းစပါးမျိုးများကို စမ်းသပ်စိုက်ပျိုးခဲ့ရာတွင် စပါးမျိုးအလိုက် အထွက်နှုန်းများ သိသာစွာ ကွာခြားသည်ကိုတွေ့ရှိရပြီး ၂၀၂၂ ခုနှစ်တွင် ဖျာပုံပေါ်ဆန်းရင်နှင့် ၂၀၂၃ ခုနှစ်တွင် ဧရာဝတီပေါ်ဆန်းကြီးမျိုးများသည် အထွက်နှုန်း အကောင်းဆုံးနှင့် အကျိုးအမြတ် အများဆုံးဖြစ်သည်ကို တွေ့ရှိရပြီး ရေကြည်ဒေသနှင့် သင့်တော်သည့် စပါးမျိုးများ ဖြစ်သည်ဟု သုံးသပ်ရရှိပါသည်။ ခါတ်ခွဲစမ်းသပ်မှုအဖြေများအရ သဘာဝမြေဩဇာကို အသုံးပြု၍ စိုက်ပျိုးထားသော ပေါ်ဆန်းဆန်မှာ စူးရှသောမွှေးရနံ့ရရှိခြင်း၊ ဆန်သားအနည်းငယ်ပျော့ပြောင်းမှုရှိခြင်း၊ ဆန်သားအနည်းငယ် စေးကပ်ခြင်းဟူ၍ ဆန်အရည်အသွေး မြင့်တက် လာသော ဂုဏ်သတ္တိများ ရရှိသည်ကို တွေ့ရှိရပါသည်။

- ခါတ်ခွဲစမ်းသပ်မှု အဖြေများအရ “ဓာတုကင်းလွတ် ရေကြည် ပေါ်ဆန်း” ဟူ၍ အမည်တွင်ကာ စိုက်ပျိုးခဲ့သည့် ရေကြည်မြို့နယ်မှ တောင်သူ ဦးကြည်ခိုင်စိုး၏ ခါတ်ပုံဖြင့် ဆန်(၃) ကီလိုအိတ်များ ထုပ်ပိုး၍ MSME ပြပွဲများတွင် ရောင်းချခဲ့ရာ ဈေးကွက်ရရှိကာ လူကြိုက်များခဲ့ပါသည်။ ၂၀၂၃ ခုနှစ် မိုးရာသီတွင် သဘာဝမြေဩဇာဖြင့် စိုက်ပျိုးလိုသော တောင်သူများရှိလာခဲ့မှုအပေါ် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဧက(၂၀၀) တိုးချဲ့စိုက်ပျိုးခဲ့ပြီး(၁)ဧက ပျမ်းမျှအထွက်နှုန်း (၉၁.၇၂၅) တင်းရရှိခဲ့ပါသည်။ စပါးတစ်တင်းလျှင် ၆၅၀၀၀ ကျပ်ဈေးနှုန်းဖြင့် ရောင်းချနိုင်ခဲ့ပြီး လက်ရှိ ဒေသပေါက်ဈေး၏ (၁.၅)ဆ ဈေးပိုမိုရရှိ ခဲ့ပါသည်။

- ဓာတုကင်းလွတ်ရေကြည်ပေါ်ဆန်းအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် (သုတေသနပြုခြင်းမှသည် ထွက်နှုန်းစံမီ မြန်မာ့စပါးကျီ) အစီအစဉ်ဖြင့်လည်းကောင်း၊ မြဝတီရုပ်မြင်သံကြားမှ (လျှပ်တစ်ပြက်ရိုက်ချက်) အစီအစဉ်ဖြင့်လည်းကောင်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

**(၈) One Region One Product ဦးစားပေးသတ်မှတ်ထားရှိမှုနှင့် အစီအစဉ်များရေးဆွဲဆောင်ရွက်မှု အခြေအနေများ**

- MSME ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ပါ ဦးစားပေး ထုတ်ကုန် (၁၀) မျိုးအနက်မှ ဧရာဝတီတိုင်းဒေသကြီး၏ ရေမြေသဘာဝ၊ ထွက်ရှိမှုကုန်ကြမ်း အခြေအနေတို့အရ ရည်မှန်းထားသည့်

ရည်ရွယ်ချက်အတိုင်း အောင်မြင်မှုရရှိစေရေးအတွက် အောက်ပါ ထုတ်ကုန် (၄)မျိုးအား ဒေသအလိုက် (OROP)အဖြစ် ရွေးချယ်သတ်မှတ်၍ စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(က) ဆန်၊ ဆန်ကွဲ၊ ပေါင်းဆန်

(ခ) ပီလောပီနံ

(ဂ) အသား/ငါး

(ဃ) ကြိမ်၊ ဝါး၊ ဗေဒါ လက်မှုထုတ်ကုန်

## (၉) ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်း၊ ဈေးကွက်ချိတ်ဆက်မှု၊ အခြားပံ့ပိုးပေးရန် လိုအပ်ချက်များ

တိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ (၈)ဘီလီယံမှ စိုက်ပျိုးရေးကဏ္ဍအတွက် (၄.၂၁၄)ဘီလီယံ၊ မွေးမြူရေးကဏ္ဍအတွက် (၁.၈၈၇)ဘီလီယံ၊ ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် (၁.၈၉၉) ဘီလီယံ ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် MSME ရန်ပုံငွေစီမံခန့်ခွဲမှု အဖွဲ့မှလည်း MSME ချေးငွေကျပ်(၁၅၀)ဘီလီယံ ထုတ်ချေး ပေးနိုင်ရေး နိုင်ငံပိုင် သတင်းစာများတွင် ထည့်သွင်းကြော်ငြာ ခေါ်ယူပြီးဖြစ်၍ ဧရာဝတီတိုင်း ဒေသကြီး MSME များသို့ ထုတ်ချေးနိုင်ရန် လျှောက်လွှာ ခေါ်ယူပြီး စိစစ် ဆောင်ရွက်လျက် ရှိပါသည်။ E-Market Place for Myanmar Products Platform တွင် MSME လုပ်ငန်းရှင်(၁၁)ဦးနှင့် MSME Product Show Room တွင် MSME လုပ်ငန်းရှင်(၇)ဦး၏ ထုတ်ကုန်များကို ပါဝင်ပြသရောင်းချလျက်ရှိပါသည်။

## (၁၀) လိုအပ်ချက်များအပေါ် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများနှင့် အကြံပြုချက်များ

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ (၂/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်အရ MSME များအတွက် လိုအပ်လျက်ရှိသော Digital အသုံးပြုမှု သင်တန်းများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာ လုံခြုံရေးဦးစီးဌာန သင်တန်းကျောင်းမှ Online ဖြင့် သင်ကြားပို့ချခဲ့ရာ သင်တန်းအမှတ်စဉ် (၁) (၁၈.၁.၂၀၂၄ မှ ၁၉.၁.၂၀၂၄ အထိ) နှင့် သင်တန်းအမှတ်စဉ်(၂) (၂၅.၁.၂၀၂၄ မှ ၂၆.၁.၂၀၂၄အထိ)သို့ တိုင်းဒေသကြီးအေဂျင်စီမှ တစ်ကြိမ်လျှင် (၂)ဦးနှုန်းဖြင့် သင်တန်းသား စုစုပေါင်း(၄)ဦး တက်ရောက်ခဲ့ပါသည်။

## (၁၁) ခြုံငုံသုံးသပ်တင်ပြချက်

ဧရာဝတီတိုင်းဒေသကြီး အေဂျင်စီအနေဖြင့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီတို့၏ လမ်းညွှန်မှုများကို အခြေခံ၍ တိုင်းဒေသကြီးအတွင်းရှိ MSMEများ ဖွံ့ဖြိုးတိုးတက်စေရေး

အတွက် နည်းပညာ၊ ဈေးကွက်၊ ငွေကြေးအရင်းအနှီးစသော လိုအပ်ချက်များကို ပံ့ပိုး ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

### ၇.၄.၁၅ ပြည်ထောင်စုနယ်မြေနေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ၁.၂.၂၀၂၁ မှ ၃၀.၄.၂၀၂၄ အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ

**(၁) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အရ SME Member Card/ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားမှု အခြေအနေ**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသည် ပြည်ထောင်စုနယ်မြေအတွင်းရှိ SME Member Card လျှောက်ထားသည့် လုပ်ငန်းရှင်များကို SME ဥပဒေနှင့်အညီ လုပ်ငန်းအရွယ်အစားသတ်မှတ်၍ သက်ဆိုင်ရာ သတ်မှတ်ချက် အထောက်အထားများနှင့် ကိုက်ညီသူများကို SME Member Card များ ထုတ်ပေးလျက် ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်၊ ဧပြီလ အထိ SME Member Card အသေးစား(၂၁၄)ခု၊ အလတ်စား(၉၃)ခု၊ စုစုပေါင်း(၃၀၇)ခု ထုတ်ပေးခဲ့ပါသည်။ ယာယီမှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်းကို (၁၂.၇.၂၀၂၃) ရက်နေ့မှ စတင်ထုတ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ အသေးစား(၁၁၁)ခု၊ အလတ်စား (၅၀)ခု ၊ စုစုပေါင်း (၁၆၁) ခု ကို ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးပြီးဖြစ်ပါသည်။

ပုံ (၉၄) SME Member Card နှင့်ယာယီမှတ်ပုံတင်ထုတ်ပေးမှုအခြေအနေ



## (၂) ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ

ပြည်ထောင်စုနယ်မြေ၊နေပြည်တော်တွင် သစ်သီးဝလံတန်ဖိုးမြှင့်ထုတ်စက်ရုံ၊ အေးခဲထုပ်ပိုးစက်ရုံ၊ စပါးအခြောက်ခံစက်ရုံ၊ မှျစ်အခြောက်ခံစက်ရုံ၊ ဘိလပ်မြေစက်ရုံနှင့် ဓါတ်မြေဩဇာလုပ်ငန်းများစသည့်ကုန်ထုတ်လုပ်မှုစက်ရုံ၊ အလုပ်ရုံပေါင်း (၂၉၈)ခုရှိပါသည်။ ပြည်ထောင်စုနယ်မြေအတွင်း ပြည်ပသို့တင်ပို့နေသည့် MSME လုပ်ငန်း (၆)ခုရှိပြီး ဘဏ္ဍာနှစ်အလိုက်တင်ပို့ရောင်းချမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လုပ်ငန်းအမည်၊ တည်နေရာ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ထုတ်လုပ်မှု | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ထုတ်လုပ်မှု | | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ထုတ်လုပ်မှု | |
|---|---|---|---|---|---|---|---|
| | | အရေအတွက် (တန်) | တန်ဖိုး (USD $ ) | အရေအတွက် (တန်) | တန်ဖိုး (USD $ ) | အရေအတွက် (တန်) | တန်ဖိုး (USD $ ) |
| က | Nilar Frozen Foods Co;Ltd ဟင်းသီးဟင်းရွက် အေးခဲထုတ်လုပ်ခြင်းလုပ်ငန်း (ဒက္ခိဏသီရိမြို့နယ်) | ၄၁၆.၉၀၁ | ၈၇၉၈၄၀.၁၅ | ၃၂၄.၀၉၀ | ၃၃၂၆၃၆.၃၀ | ၃၇၄.၇၅ | ၄၀၃၆၃၁.၂ |
| ခ | Myanmar Agrifoods Co;Ltd ဟင်းသီးဟင်းရွက် အေးခဲထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း (ပျဉ်းမနားမြို့နယ်) | ၅၁၇.၆၂ | ၁၁၂၆၀၅၄.၇၈ | ၈၃၄.၃၃ | ၄၆၂၇၆၈.၂ | ၄၆၄.၇၅ | ၈၈၀၃၉၀.၆ |
| ဂ | အောင်အသားခြောက်လုပ်ငန်း (ဒက္ခိဏသီရိစက်မှုဇုန် ဒက္ခိဏသီရိမြို့နယ်) | ၁၅၀ တန် | ၇၅၀၀၀၀ | ၃၀ | ၆၆၀၀၀ | ၃၀.၅ တန် (ပြည်ပ) ၃၁.၅၇ တန် (ပြည်တွင်း) | USD $ ၄၄၀၀၀+ ၇၃၅၀၀ ယွမ် ၂၀၇.၇၉ (ကျပ်သန်း) |
| ဃ | ချင်းတွင်းတံခွန် အထည်ချုပ်လုပ်ငန်း (CMP) (ဘောဂသီရိ အဆင့်မြင့်ယာဉ်ပြင် အလုပ်ရုံဝင်း၊ ပျဉ်းမနားမြို့နယ်) | ၁၈၅၁၅ ထည် | ၁၀၇၂၇၅ | ၃၀၃၆၆၇ | ၃၆၉၄၉၂ | ၁၀၀၈၂၀ ထည် | ၁၃၂၇၄၆ |
| င | ချင်းတွင်းတံခွန် အထည်ချုပ်လုပ်ငန်း (CMP) (ဒက္ခိဏသီရိရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်) | ၁၆၄၅၁၂ ထည် | ၁၂၀၂၃၇ | ၅၂၂၄၂၄ ထည် | ၅၅၇၉၈၀ | ၁၀၈၀၆၉ ထည် | ၂၀၉၁၀၈.၅ |
| စ | Maple Win Naypyitaw Co;Ltd CMPစနစ်ဖြင့် အထည်ချုပ်လုပ်ငန်း (ဒက္ခိဏသီရိစက်မှုဇုန်) | လုပ်ငန်းဆောင်ရွက်ခြင်းမရှိသေးပါ။ | | ၁၈၈၈၀၉ | ၄၆၈.၅၂၁ (ကျပ်သန်း) | ၁၃၃၈၈၄ ထည် | ၄၁၀.၆၆၉ ကျပ်သန်း |

နေပြည်တော်အတွင်း ထုတ်လုပ်မှုကဏ္ဍ ဦးစားပေး(၁၂)ခုအနက်မှ ဦးစားပေးကဏ္ဍ (၆) ခု ဖြစ်သည့် အောက်ဖော်ပြပါ အစားအစာထုတ်လုပ်မှုလုပ်ငန်း၊ ဝတ်ဆင်ရန်အထည် ထုတ်လုပ်မှုလုပ်ငန်း၊ သစ်နှင့်သစ်အချောထည်လုပ်ငန်း၊ ပလတ်စတစ် ထုတ်လုပ်မှုလုပ်ငန်း၊ ပရိဘောဂထုတ်လုပ်မှုလုပ်ငန်း၊ စိုက်ပျိုးရေး/မွေးမြူရေးထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါသည် –

- ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံအေးခဲထုပ်ပိုးခြင်းစက်ရုံများ (Myanmar Agri Food Co., Ltd, Nilar Frozen Food Co., Ltd.)
- စပါးအခြောက်ခံစက်ရုံ (MAYLP Agriculture Co., Ltd.)
- ဆန်ဖြူနှင့်ပေါင်းဆန် ထုတ်လုပ်သည့် စက်ရုံ (MAPCO)
- သစ်သီးဝလံအခြောက်ခံနှင့် သစ်သီးယိုစုံလုပ်ငန်း (Sky Fruit Industry Co.,Ltd.)
- မြန်မာရွှေသစ်သီးဝလံကုမ္ပဏီလီမိတက်၊ ရဲယိုသီးဖျော်ရည်လုပ်ငန်း (April Four Co.,Ltd.)
- နန်းလွင်ဦးပဲကြော်/ပဲလှော်လုပ်ငန်း
- ရေသန့်လုပ်ငန်းများ (၅၇)ခုနှင့် အသားခြောက်ထုတ်လုပ်မှုလုပ်ငန်း (၂) ခု
- CMP အထည်ချုပ်လုပ်ငန်းများ (၃) ခု
- သစ်စက်(၄၃)စက်၊ သစ်ခွဲသားအရောင်းဆိုင်(၅၆)ဆိုင်၊ အသေးအဖွဲ့ သစ်တောထွက်ပစ္စည်းအရောင်းဆိုင်(၄၂)ဆိုင်
- ပရိဘောဂထုတ်လုပ်မှုလုပ်ငန်း (၈၂)ခု
- ပလပ်စတစ်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ၊ {လူသုံးကုန် (၂)ခု စိုက်ပျိုးရေးသုံး (၂) ခု၊ ရေသန့်ဗူးခွံနှင့် Tube (၁၅) ခု၊ ကော်စေ့ထုတ် (၄) ခု၊ ပေါင်း (၂၃) ခု}
- ဝါးနှင့်ပြုလုပ်သည့် ဝါးလက်မှုပညာထုတ်ကုန်လုပ်ငန်း (၆) ခု

ပြည်တွင်းထုတ်ကုန်များ အားပေးမြှင့်တင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီ ရင်းနှီး မြှုပ်နှံမှုကော်မတီမှ Na Rain Dara Co., Ltd. ၏ မှျစ်ခြောက်စိုက်ပျိုးရေးထွက်ကုန် တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းလုပ်ငန်းအား ရင်းနှီးမြှုပ်နှံမှုပမာဏကျပ် (၃,၀၅၇.၂၄၀)သန်းဖြင့် ရင်းနှီးမြှုပ်နှံ ခွင့်ပြုထားပြီး ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိပါသည်။ Myanmar NewPower Motorcycle Co.,Ltd.၏ မော်တော်ဆိုင်ကယ် (၃ ဘီး) တပ်ဆင်ထုတ်လုပ် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းကို ရင်းနှီးမြှုပ်နှံမှုပမာဏကျပ် ၃,၁၂၆.၇၀၂ သန်းဖြင့် လုပ်ငန်း ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဒက္ခိဏသီရိစက်မှုဇုန် အတွင်း Myanmar NewPower Auto Co.,Ltd ၏ လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ

တပ်ဆင်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းကို ရင်းနှီးမြှုပ်နှံမှု ပမာဏကျပ် ၂၃,၅၀၀.၆၇၁ သန်းဖြင့် လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုခဲ့ပါသည်။

ပြည်ထောင်စုနယ်မြေအတွင်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာနိုင်စေရေး အတွက် ဒက္ခိဏသီရိစက်မှုဇုန်အတွင်း မြေဧရိယာ (၃၄၆.၅၃၂) ဧကပေါ်တွင် ၁ ဧက မှ ၂.၅ ဧက အကျယ်အဝန်းရှိ မြေကွက်ပေါင်း (၁၀၁) ကွက်အား စက်မှုဇုန်စည်းကမ်းချက် (၁၉)ချက်နှင့် အညီ မြေနေရာချထား ဆောင်ရွက်ပေးခဲ့ပါသည်။

ဒက္ခိဏသီရိစက်မှုဇုန်အတွင်း ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်၍ လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် MSME လုပ်ငန်း (၁၉)ခုရှိပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေ များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | လုပ်ငန်းအုပ်စု | လုပ်ငန်းအရွယ်အစား | | | | ရင်းနှီးမြှုပ်နှံမှု (ကျပ်သန်း) | ထုတ်လုပ်မှု (ကျပ်သန်း) | လုပ်သား အင်အား |
|---|---|---|---|---|---|---|---|---|
| | | ကြီး | လတ် | ငယ် | ပေါင်း | | | |
| က | အစားအစာထုတ်လုပ်ခြင်း လုပ်ငန်း | ၃ | - | - | ၃ | ၁၆၄၇.၈၈ | ၂၈၅၄.၅၀ | ၃၇ |
| ခ | အဖျော်ယမကာများထုတ် လုပ်ခြင်း | ၂ | - | - | ၂ | ၅၇၀.၉၁ | ၂၃၇.၁၂ | ၂၄ |
| ဂ | ဝတ်ဆင်ရန်အထည်များ ထုတ်လုပ်ခြင်းလုပ်ငန်း | ၁ | - | - | ၁ | ၁၈၁.၉၅၁ | ၇၈၅.၂၈၀ | ၂၁၂ |
| ဃ | ဓာတုပစ္စည်းများနှင့် ဓာတုဗေဒ ထုတ်ကုန်များ ထုတ်လုပ်ခြင်း လုပ်ငန်း | ၂ | - | - | ၂ | ၉၉၁.၁၅ | ၃၂၀.၀၀ | ၃၂ |
| င | ရော်ဘာနှင့်ပလပ်စတစ် ပစ္စည်းများ ထုတ်လုပ်မှု လုပ်ငန်း | ၅ | - | - | ၅ | ၄၁၄၁.၅၅ | ၄၆၇၃.၅၀ | ၁၅၀ |
| စ | အခြားသတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများထု တ်လုပ်မှုလုပ်ငန်း | ၁ | - | - | ၁ | ၄၀၅.၀၀ | ၃၀၀.၀၀ | ၁၂ |
| ဆ | အခြေခံသတ္တုပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း | ၂ | - | - | ၂ | ၆၈၆.၇၅ | ၉၆၄.၈ | ၁၇ |
| ဇ | စက်နှင့်စက်ပစ္စည်း ကိရိယာမှ အပ သတ္တု သန့်စင်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း | ၁ | - | - | ၁ | ၂၃၂.၇၅ | ၇၁၇.၆၀ | ၁၅ |
| ဈ | အခြားသယ်ယူပို့ဆောင်ရေး ဆိုင်ရာစက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း | ၁ | - | - | ၁ | ၁၉၈၈.၁၇ | ၃၀၀၂၉.၇၆ | ၃၀ |
| ည | စက်နှင့်စက်ကိရိယာများ ပြင်ဆင်ခြင်းနှင့်တပ်ဆင် ခြင်းလုပ်ငန်း | ၁ | - | - | ၁ | ၁၀၂.၁၅ | ၅၀.၀၀ | ၆ |
| | စုစုပေါင်း | ၁၉ | | | ၁၉ | ၁၂၆၆၀.၄၈၂+ $ ၀.၂၉၆ | ၄၁၀၆၅.၅၂ | ၆၅၅ |

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှစ၍“အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးဆောင်ရွက်မည့်စီမံကိန်း”လုပ်ငန်းကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကျေးရွာ(၉)ရွာတွင် စီမံကိန်း (၆)ခု အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | စီမံကိန်း အမျိုးအစား | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းနေရာ | သင်တန်းသား ဦးရေ |
|---|---|---|---|---|---|
| က | အမျိုးသမီးများ ဝင်ငွေတိုးတက်ရေး | အခြေခံစက်ချုပ်နည်းပညာ နှင့်ဖက်ရှင်ဒီဇိုင်းသင်တန်း | ၁၉.၆.၂၀၂၃ မှ ၂၂.၈.၂၀၂၃ ထိ | တောင်ညိုကျေးရွာအုပ်စု၊ ဥတ္တရသီရိမြို့ နယ် | (၂၀) ဦး |
| ခ | လူငယ်များအလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး | ဝါးအခြေခံလက်မှုထည် ထုတ်လုပ်မှု နည်းပညာသင်တန်း | ၃၀.၆.၂၀၂၃ မှ ၁၉.၇.၂၀၂၃ ထိ | လဲလူးအိုင်ကျေးရွာ၊ လဲလူးအိုင်ကျေးရွာအုပ်စု၊ ပျဉ်းမနား မြို့နယ် | (၁၄) ဦး |
| | | ဝါးအခြေခံလက်မှုထည် ထုတ်လုပ်မှုနည်းပညာ (မွမ်းမံ) သင်တန်း | ၂၁.၈.၂၀၂၃ မှ ၃၀.၈.၂၀၂၃ ထိ | | (၆) ဦး |
| ဂ | အသေးစား အငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး | အိမ်သုံးလျှပ်စစ်ပစ္စည်း အမျိုးမျိုးပြုပြင်ခြင်း သင်တန်း | ၁၅.၈.၂၀၂၃ မှ ၂၉.၈.၂၀၂၃ ထိ | ညောင်လူးကျေးရွာ၊ ညောင်လူးကျေးရွာ အုပ်စု၊ ပုဗ္ဗသီရိမြို့နယ် | (၁၅)ဦး |
| ဃ | ခေတ်မီစံပြကျေးရွာရှိ ကျေးလက်နေ ပြည်သူများဝင်ငွေတိုးရေး | စက်ချုပ်နည်းပညာ သင်တန်း | ၁၂.၉.၂၀၂၃ မှ ၁၁.၁၀.၂၀၂၃ ထိ | ညောင်ကုန်း ကျေးရွာ၊ ကျွန်းတက်ပဲ့ကျေးရွာ အုပ်စု၊ ဒက္ခိဏသီရိ မြို့နယ် | (၁၅)ဦး |
| | | စက်ချုပ်နည်းပညာ(မွမ်းမံ) သင်တန်း | ၂.၁၁.၂၀၂၃ မှ ၁၆.၁၁.၂၀၂၃ ထိ | | |
| င | ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Region One Product-OROP) | ဝါးအခြေခံလက်မှုထည် ထုတ်လုပ်မှုနည်းပညာ သင်တန်း | ၉.၁၀.၂၀၂၃ မှ ၂၈.၁၀.၂၀၂၃ ထိ | ကျောက်စရစ်ကုန်း ကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ် | (၁၁)ဦး |
| စ | ဘေးဒဏ်သင့်ပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရေး ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း | တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင် တန်း | ၂၇.၉.၂၀၂၃ မှ ၃.၁၀.၂၀၂၃ ထိ | အောင်မြင်ကုန်း ကျေးရွာ၊ လယ်ဝေးမြို့နယ် | (၁၃) ဦး |
| | | တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု(မွမ်းမံ) သင်တန်း | ၄.၁၀.၂၀၂၃မှ ၈.၁၀.၂၀၂၃ ထိ | | |

| စဉ် | စီမံကိန်း အမျိုးအစား | သင်တန်းအမည် | သင်တန်း ကာလ | သင်တန်းနေရာ | သင်တန်း သား ဦးရေ |
|---|---|---|---|---|---|
| | | စက်ချုပ်နည်းပညာ သင်တန်း | ၁၆.၁၀.၂၀၂၃ မှ၁၆.၁၁.၂၀၂၃ ထိ | တံတားဦးကျေးရွာ၊ လယ်ဝေးမြို့နယ် | (၁၅) ဦး |
| | | စက်ချုပ်နည်းပညာ(မွမ်းမံ) သင်တန်း | ၂၉.၁၁.၂၀၂၃ မှ၁၄.၁၂.၂၀၂၃ ထိ | | |

မွေးမြူရေးနှင့်စပ်လျဉ်း၍ ငါးမွေးမြူရေးလုပ်ငန်းတွင် ငါးမွေးမြူရေးကန် (၄၂၄.၉၀) ဧက ရှိခဲ့ရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် (၁၄.၇၀)ဧက တိုးချဲ့ဖော်ထုတ်နိုင်ခဲ့သည့်အတွက် စုစုပေါင်း (၄၃၉.၆၀) ဧကမွေးမြူလျက်ရှိပါသည်။

ပြည်ထောင်စုနယ်မြေအတွင်း MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိသားစု ဝင်ငွေ တိုးပွားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ်(၂၄၀)သန်းဖြင့် မြို့နယ်(၅) မြို့နယ်၊ ကျေးရွာ(၇)ရွာတွင် အစုအဖွဲ့ပေါင်း(၂၉)ဖွဲ့ဖြစ်သော လယ်ဝေးမြို့နယ်၊ သော်မှော်ကုန်း ကျေးရွာတွင် ခွင့်ပြုငွေကျပ်(၆၀)သန်းဖြင့် ဝက်မွေးမြူရေးအစုအဖွဲ့ (၅)ဖွဲ့၊ နွားမွေးမြူရေး အစုအဖွဲ့(၄) ဖွဲ့၊ ဒက္ခိဏ သီရိမြို့နယ်၊ ညောင်ကုန်းကျေးရွာတွင် ခွင့်ပြုငွေကျပ် (၃၀)သန်းဖြင့် ဝက်မွေးမြူရေးအစုအဖွဲ့(၂)ဖွဲ့၊ ဆိတ်မွေးမြူရေးအစု အဖွဲ့(၁)ဖွဲ့၊ ကျွဲမွေးမြူရေး အစုအဖွဲ့(၁)ဖွဲ့၊ ပုဗ္ဗသီရိမြို့နယ်၊ အေးမြင့်သာယာကျေးရွာတွင် ခွင့်ပြုငွေကျပ်(၃၀)သန်းဖြင့် ဝက်မွေးမြူရေး အစုအဖွဲ့ (၄)ဖွဲ့၊တပ်ကုန်းမြို့နယ် (အေးချမ်းသာယာနှင့်ဝွေးပင်) ကျေးရွာတွင် ခွင့်ပြုငွေ ကျပ်(၃၀) သန်းဖြင့် ဝက်မွေးမြူရေးအစုအဖွဲ့ (၄)ဖွဲ့၊ တပ်ကုန်းမြို့နယ်၊ ရှားတော ကျေးရွာ တွင် ခွင့်ပြုငွေကျပ် (၃၀)သန်းဖြင့် စိုက်ပျိုးရေး အစုအဖွဲ့(၄)ဖွဲ့၊ ပျဉ်းမနားမြို့နယ် ကျွန်းဦး ကျေးရွာတွင် ခွင့်ပြုငွေကျပ် (၆၀)သန်းဖြင့် ပဲလှော်၊ ပဲကြော်လုပ်ငန်းအစုအဖွဲ့(၃)ဖွဲ့၊ စိုက်ပျိုးရေး အစုအဖွဲ့ (၁)ဖွဲ့တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသ တစ်ခု ထုတ်ကုန်တစ်မျိုး ထုတ်လုပ်နိုင်ရေးအတွက် ပျဉ်းမနားမြို့နယ် ကျွန်းဦးကျေးရွာတွင် ပဲကြော်၊ ပဲလှော်ထုတ်ကုန် လုပ်ငန်းအား အစုအဖွဲ့(၁)ဖွဲ့လျှင် အိမ်ထောင်စု(၅)စု၊ အစုအဖွဲ့ (၃)ဖွဲ့ အိမ်ထောင်စု (၁၅)စုအား ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းအား ခွင့်ပြုရန်ပုံငွေ ကျပ်(၅၂.၅)သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

MSMEလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လိုအပ်သော ကျွမ်းကျင် လုပ်သားများ မွေးထုတ်ပေးနိုင်ရန် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) မှ အသိအမှတ်ပြုထားသည့် နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ

အတွင်းရှိ စစ်ဆေးအကဲဖြတ်ဌာနများမှ ကျွမ်းကျင်လုပ်သားများ အောက်ပါအတိုင်း မွေးထုတ်နိုင်ခဲ့ပါသည်-

| စဉ် | စစ်ဆေးအကဲဖြတ်ဌာန | အမျိုးအစား | ခုနှစ်/လ | ဖြေဆိုသူ | | | အောင်မြင်သူ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| က | Maple Win အထည်ချုပ်စက်ရုံ | Garment Level-1 | ၁၂/၂၀၂၁မှ ၃/၂၀၂၃ထိ | ၈ | ၁၉၂ | ၂၀၀ | ၆ | ၁၆၁ | ၁၆၇ |
| ခ | ချင်းတွင်းတံခွန် အထည်ချုပ် စက်ရုံ | Garment Level-1 | ၁၂/၂၀၂၁မှ ၁၂/၂၀၂၂ထိ | - | ၂၄၃ | ၂၄၃ | - | ၂၃၈ | ၂၃၈ |
| ဂ | နည်းပညာ အထက်တန်း ကျောင်း၊ နေပြည်တော် | Brick Layer Level-1 | ၃/၂၀၂၂မှ ၁၀/၂၀၂၂ထိ | ၃၃ | ၄ | ၃၇ | ၂၉ | ၃ | ၃၂ |
| ဃ | အမှတ်(၃)စက်မှု သင်တန်း ကျောင်း၊ သာဂရ | Electrician Building Level-1 | ၁၀/၂၀၂၂ထိ | ၂၄ | - | ၂၄ | ၂၄ | - | ၂၄ |
| င | အစိုးရနည်းပညာ ကောလိပ်နေပြည် တော် | Air-Con Level-1 | ၁၁/၂၀၂၂မှ ၂/၂၀၂၃ထိ | ၄၈ | - | ၄၈ | ၄၈ | - | ၄၈ |
| စ | သူနာပြုသင်တန်း ကျောင်း နေပြည်တော် | Nurse-Aid Level-2 | ၅/၂၀၂၃မှ ၁၂/၂၀၂၃ထိ | - | ၈၄ | ၈၄ | - | ၈၄ | ၈၄ |
| စုစုပေါင်း | | | | ၁၁၃ | ၅၂၃ | ၆၃၆ | ၁၀၇ | ၄၈၆ | ၅၉၃ |

ဒေသခံပြည်သူများအလုပ်အကိုင်ရရှိစေရေးအတွက် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် အလုပ်အကိုင်နှင့်အလုပ်သမား ရှာဖွေရေးရုံးများ၏ ချိတ်ဆက် ဆောင်ရွက်မှုဖြင့် အလုပ်ရရှိသွားသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဘဏ္ဍာရေးနှစ် | အလုပ်ရရှိသူဦးရေ | | |
|---|---|---|---|---|
| | | ကျား | မ | ပေါင်း |
| က | ၂၀၂၁-၂၀၂၂ | ၃၂ | ၂၃၀ | ၂၆၂ |
| ခ | ၂၀၂၂-၂၀၂၃ | ၉၀၅ | ၉၉၂ | ၁၈၉၇ |
| ဂ | ၂၀၂၃-၂၀၂၄ | ၅၇၁ | ၅၀၂ | ၁၀၇၃ |
| စုစုပေါင်း | | ၁၅၀၈ | ၁၇၂၄ | ၃၂၃၂ |

**(၃) ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၂၀၂၂-၂၀၂၃ ခုနှစ် GDP၊ စက်မှုကဏ္ဍ၏ GDP ပါဝင်မှုရာခိုင်နှုန်း၊ MVA/ GDP (GDP တွင် တန်ဖိုးမြှင့်ထုတ်လုပ်မှု ရာခိုင်နှုန်း)**

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေး နှစ် အတွင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ်သန်း (၂,၅၇၅,၇၀၈.၃) ဖြစ်၍ စက်မှုလက်မှုကဏ္ဍ၏ ပါဝင်မှုမှာ ကျပ်သန်း (၁၇၀,၃၇၀.၈)၊ ရာခိုင်နှုန်း အားဖြင့် ၆.၆% ဖြစ်ပါသည်။ အသေးစိတ် အချက်အလက်အား အောက်ပါ အတိုင်းတင်ပြအပ်ပါသည်-

| စဉ် | | ကဏ္ဍများ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|
| | | **စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး** | **၂,၅၇၅,၇၀၈.၃** | **၁၀၀** |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၃၁၇,၃၁၀.၇** | **၁၂.၃** |
| | ၁ | လယ်ယာ | ၂၂၇,၉၈၁.၁ | ၈.၈ |
| | ၂ | သားငါး | ၈၈,၀၄၀.၃ | ၃.၄ |
| | ၃ | သစ်တော | ၁,၁၈၉.၃ | ၀.၁ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၅၉၂,၁၀၇.၈** | **၂၃.၀** |
| | ၁ | သတ္တု | ၁၀,၂၄၇.၀ | ၀.၄ |
| | ၂ | စက်မှုလက်မှု | ၁၇၀,၃၇၀.၈ | ၆.၆ |
| | ၃ | လျှပ်စစ် | ၆၇,၈၇၈.၆ | ၂.၆ |
| | ၄ | ဆောက်လုပ်မှု | ၃၄၃,၈၁၁.၄ | ၁၃.၄ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁,၆၆၆,၀၈၉.၈** | **၆၄.၇** |
| | ၁ | ပို့ဆောင်ရေး | ၁၄၁,၂၅၈.၇ | ၅.၅ |
| | ၂ | ဆက်သွယ်ရေး | ၁၄၄,၁၅၉.၂ | ၅.၆ |
| | ၃ | ငွေရေးကြေးရေး | ၉၇,၉၇၂.၁ | ၃.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၉၈၁,၁၄၀.၀ | ၃၈.၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၉၄,၆၈၇.၆ | ၃.၇ |
| | ၆ | ကုန်သွယ်မှု | ၂၀၆,၈၇၂.၂ | ၈.၀ |

**(၄) ပြပွဲ၊ ပြိုင်ပွဲများ၊ Talk Show များ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Knowledge Sharing များ ဆောင်ရွက်မှုအခြေအနေတင်ပြခြင်း**

နေပြည်တော် အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီသည် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ပြပွဲ၊ ပြိုင်ပွဲများ၊ Talk Show များ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ၊ Knowledge Sharing များ ကျင်းပ ပြုလုပ်လျက်ရှိပါသည်-

| စဉ် | သင်တန်း/ဆွေးနွေးပွဲ အမည် | ဦးရေ | ပို့ချသည့် သင်တန်း အရေအတွက် | ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်း |
|---|---|---|---|---|
| ၁ | E-Market Place for Myanmar Product Platform တွင် ထုတ်ကုန်များ ဝင်ရောက် ရောင်းချရန် User Acceptance Training သင်တန်းပေးခြင်း။ | ၂၇ | ၅ | စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေး ရေးဦးစီးဌာန |
| ၂ | Knowledge Sharing For "Training On Enhancement of Industrial Policy Develop- ment For Mekong-Lancang Countries " | ၂ | ၁ | စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေး ရေးဦးစီးဌာန |
| ၃ | Awareness of HACCP Plan သင်တန်း | ၂ | ၁ | စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေး ရေးဦးစီးဌာန |
| ၄ | မူပိုင်ခွင့်ဆိုင်ရာ အသိပညာ ဆွေးနွေးပွဲ | ၄၃ | ၂ | စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန |
| ၅ | အစားအသောက် ဖြည့်စွက်ပစ္စည်းများ အတွက်အခြေခံ သိ မှတ်ဖွယ်ရာသင်တန်း | ၃ | ၁ | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန |
| ၆ | ASEAN Mentorship for Entrepreneurship Network (AMEN) စီမံကိန်းအပိုင်း (၂) သင်တန်း | ၅ | ၁ | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန |
| ၇ | ဝါစေ့ဆီနှင့်စပ်လျဉ်းသော တွေ့ဆုံဆွေးနွေးပွဲ | ၁ | ၁ | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန |
| ၈ | နေကြာဆီ၊ပဲဆီနှင့်စပ်လျဉ်း သောတွေ့ဆုံဆွေးနွေးပွဲ | ၁ | ၁ | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန |
| ၉ | စားသုံးဆီများအရည်အသွေးမြင့် ထုတ်လုပ်နိုင်ရေးဆွေးနွေးပွဲ | ၁ | ၁ | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန |
| ၁၀ | ပဲပုပ်ဆီ၊ စားအုန်းဆီ၊ စားအုန်းဆီကုန် ကြမ်းအရည်အသွေးမြင့် ထုတ်လုပ်နိုင်ရေး ဆွေးနွေးပွဲ | ၄ | ၁ | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန |
| ၁၁ | နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်မှုဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ | ၁ | ၁ | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန |
| ၁၂ | မဲခေါင်-လန်ချန်း MSME များ ဒီဂျစ်တယ် ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြင့်တင်နိုင်ရေး စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း | ၂၄ | ၂ | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန |
| ၁၃ | MYANTRADE Website နှင့် ၎င်းမှတဆင့် အသုံးချနိုင်မည့် MarketingTools များ အကြောင်း ရှင်းလင်းဆွေးနွေးပွဲ | ၃ | ၁ | ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ |
| ၁၄ | "Reformation in ASEAN : Creating a Healthier Food Landscape" Market Talk ဆွေးနွေးပွဲ | ၇ | ၁ | ASEAN Access Webportal ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန |

| စဉ် | သင်တန်း/ဆွေးနွေးပွဲ အမည် | ဦးရေ | ပို့ရသည့် သင်တန်း အရေအတွက် | ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်း |
|---|---|---|---|---|
| ၁၅ | ASEAN Mentorship and Entrepreneurs Network သင် တန်းတက်ရောက်ခဲ့သည့် သင်တန်းသားများမှအသိပညာမျှဝေ ခြင်း။ | ၇၀ | ၁ | နေပြည်တော် MSME အေဂျင်စီ |
| ၁၆ | ပီလောပီနံကိုအခြေခံသည့် ကုန် ထုတ်လုပ်မှု လုပ်ငန်းများ တိုးချဲ့နိုင်ရေး ဆွေးနွေးပွဲ | ၂ | ၁ | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန |
| ၁၇ | မြန်မာနိုင်ငံအတွင်း အစားအစာ ထုတ်လုပ်မှုနည်းစဉ်များ ပြန်လည် ဖြန့်ဝေရေးသင်တန်း | ၅၅ | ၁ | သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဦးစီးဌာန |
| ၁၈ | Digital Business Transfor- mation for MSMEs Training သင်တန်း | ၂ | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ၊ |
| ၁၉ | MSME လုပ်ငန်းများနှင့် အခြားဦးစားပေး ကဏ္ဍများ၏ဒီဂျစ်တယ် စီးပွားရေး အထောက်အကူ ပြု E-Market Platform နှင့် စပ်လျဉ်းသည့်တွေ့ဆုံဆွေးနွေးပွဲ | ၁၈၆ | ၁ | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်MSMEအေဂျင်စီ |
| ၂၀ | မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ | ၂ | ၁ | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန |
| ၂၁ | ရက်ကန်းနှင့်ဆက်စပ်ပစ္စည်းများ ရောင်းချရေးဆွေးနွေးပွဲ | ၃ | ၁ | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန |
| ၂၂ | Project Management သင်တန်း | ၁၅ | ၁ | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန |
| ၂၃ | အရည်အသွေး ကောင်းမွန်ပြီး ကျန်းမာရေး ဆိုင်ရာဘေးအန္တရာယ် ကင်းရှင်းသော ဝိုင်များထုတ်လုပ်နိုင်ရေး အသိပညာ ဆွေးနွေးပွဲ | ၂ | ၁ | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန |
| ၂၄ | Digital Business Transforma- tion for MSMEs သင်တန်း | ၄ | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာန |
| ၂၅ | အခြေခံမော်တာစက်ချုပ် သင်တန်း | ၁၃ | ၁ | အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) |
| ၂၆ | ဂဟေဆက်နည်းပညာသင်တန်း | ၈ | ၁ | အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) |
| ၂၇ | Computer Basic သင်တန်း | ၁၅ | ၁ | အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) |
| ၂၈ | အခြေခံငါးမွေးမြူရေးနှင့်ငါးဆေး ထိုးသားဖောက်သင်တန်း | ၅၀ | ၃ | ငါးလုပ်ငန်းဦးစီးဌာန |
| ၂၉ | ကောင်းမွန်သောရေသတ္တဝါမွေးမြူရေး ကျင့်စဉ်သင်တန်း | ၂၅ | ၂ | ငါးလုပ်ငန်းဦးစီးဌာန |

| စဉ် | သင်တန်း/ဆွေးနွေးပွဲ အမည် | ဦးရေ | ပို့ရသည့် သင်တန်း အရေအတွက် | ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်း |
|---|---|---|---|---|
| ၃၀ | အလုပ်သမားဥပဒေဆိုင်ရာအသိပညာပေး ဟောပြောပွဲ | ၂၅၄၆ | ၁၅၁ | အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန |
| ၃၁ | လူသုံးကုန်နှင့်အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း | ၃၅ | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန |
| ၃၂ | ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာလွှဲပြောင်းသင်တန်း | ၆၀ | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန |

ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲများ၊ ပြိုင်ပွဲများတွင် ပါဝင်ပြသနိုင်ရေး/တက်ရောက် နိုင်ရေး ဆောင်ရွက်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | လုပ်ငန်းရှင် အရေအတွက် | ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်း |
|---|---|---|---|
| ၁ | (၇၆)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်း အမှတ်ပြခန်းနှင့် ရိုးရာအစားအစာ အရောင်း ပြခန်း(ရန်ကုန်မြို့)<br>(၁၀.၂.၂၀၂၃ မှ ၁၄.၂.၂၀၂၃) | ၉ | ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ |
| ၂ | မြန်မာ(နေပြည်တော်)-တရုတ် (လင်ချန်း)စီးပွားရေးကုန်စည် ပြပွဲ | ၂ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ |
| ၃ | ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ် သည့် မိုးရာသီဈေးရောင်းပွဲတော် | ၂ | ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ |
| ၄ | (၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ နှင့် ၂၇ ကြိမ် မြောက် တရုတ်-ကူမင်း ပို့ကုန်/ သွင်းကုန်ကုန်စည်ပြပွဲ | ၁ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| ၅ | ASEAN – KOREA Startup Week ပြိုင်ပွဲတွင်ပါဝင် ယှဉ်ပြိုင်နိုင်ရေး ချိတ်ဆက် ပေးခြင်း ။ | ၁ | စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေး ရေးဦးစီးဌာန |
| ၆ | Macao Franchise Expo 2023 ပြပွဲ | ၃ | မကာအိုအထူးအုပ်ချုပ်ရေးဒေသအစိုးရ၊ မကာအိုကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအဖွဲ့အစည်း |

## ပြည်ထောင်စုနယ်မြေအတွင်း ကုန်စည်ပြပွဲများ၊ ပြိုင်ပွဲများ ကျင်းပ ပြုလုပ်မှု အခြေအနေ

| စဉ် | ပြပွဲအမည်/ရက်စွဲ | ကျင်းပသည့်နေရာ | ဆိုင်ခန်း အရေအတွက် (ခန်း) | လုပ်ငန်းရှင် အရေအတွက် (ယောက်) |
|---|---|---|---|---|
| ၁ | (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေး နေ့ အထိမ်းအမှတ် ပြခန်းနှင့်ရိုးရာအစား အစာအ ရောင်းပြခန်း<br>(၄.၁.၂၀၂၂ မှ ၈.၁.၂၀၂၂) | ဥပ္ပါတသန္တိစေတီတော် မြတ်ကြီးတောင်ဘက် တပေါင်းကွင်း | ၆ | ၆ |

| စဉ် | ပြပွဲအမည်/ရက်စွဲ | ကျင်းပသည့်နေရာ | ဆိုင်ခန်း အရေအတွက် (ခန်း) | လုပ်ငန်းရှင် အရေအတွက် (ယောက်) |
|---|---|---|---|---|
| ၂ | ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (၂၁.၁၀.၂၀၂၃ မှ ၂၅.၁၀.၂၀၂၃ ) | ဥတ္တရသီရိမြို့နယ် ၊ ရွှေနန့်သာဘောလုံးကွင်း | ၂၀ | ၁၃ |
| ၃ | (၂၄)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ (၂၁.၁၀.၂၀၂၃ မှ ၂၅.၁၀.၂၀၂၃) | ရွာတော်၊ စစ်ကြောရေးစခန်း | ၆ | ၂၄ |
| ၄ | ရေပန်းဥယျာဉ်ဈေးပွဲတော် (၂၈.၁၀.၂၀၂၃ မှ ၃၀.၁၀.၂၀၂၃) | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် | ၈ | ၂၃ |
| ၅ | ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော် (၂၉.၁၀.၂၀၂၃ မှ၂.၁၁.၂၀၂၃ ) | ဥတ္တရသီရိမြို့နယ်၊ တောင်ညိုဘောလုံးကွင်း | ၁၀ | ၁၀ |
| ၆ | (၅၄)ကြိမ်မြောက် မဟာဘုံ ကထိန်ပွဲနှင့် အတူ MSME ထုတ်ကုန်ပြပွဲ (၂၃.၁၁.၂၀၂၃ မှ ၂၇.၁၁.၂၀၂၃) | တပ်ကုန်းမြို့၊ အောင်ဆန်းခန်းမ | ၁၉ | ၁၉ |
| ၇ | တန်ဆောင်တိုင် ဈေးရောင်းပွဲတော် (၂၄.၁၁.၂၀၂၃ မှ ၂၈.၁၁.၂၀၂၃) | မာရဝိဇယဘုရား၊ နေပြည်တော် | ၃၁ | ၃၆ |
| ၈ | ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော် (၅.၁၂.၂၀၂၃ မှ ၁၁.၁၂.၂၀၂၃) | ရွှေနန့်သာရပ်ကွက် ၊ ဥတ္တရသီရိမြို့နယ် | ၁၂ | ၁၂ |
| ၉ | ထုတ်ကုန်ပြပွဲနှင့်ဈေး ရောင်းပွဲ တော် (၁၅.၁၂.၂၀၂၃ မှ၁၉.၁၂.၂၀၂၃ ) | တောင်ညိုဘောလုံးကွင်း၊ ဥတ္တရသီရိမြို့နယ် | ၅ | ၅ |
| ၁၀ | (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နေပြည်တော် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲ နှင့်ဈေးရောင်းပွဲ (၂၃.၁၂.၂၀၂၃ မှ၂၉.၁၂.၂၀၂၃ ) | အောင်မင်္ဂလာကားဝင်း ဟောင်း၊ ပျဉ်းမနားမြို့နယ် | ၃၈ | ၄၁ |

**(၅) နိုင်ငံတော်ဝန်ကြီးချုပ်၏ တွေ့ဆုံပွဲတွင် လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်မှုအခြေအနေများတင်ပြခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် (၂၂.၁၀.၂၀၂၂) ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် လမ်းညွှန်ချက် (၂၇)ချက် လမ်းညွှန်မှာကြားခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်မှုမှာ (၁၉)ချက် ဆောင်ရွက်ပြီးဖြစ်ပြီး ဆောင်ရွက်ဆဲ(၈) ချက်မှာ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ပါသဖြင့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါသည်။

**(၆) နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း MSME လုပ်ငန်းရှင်များ၏ တင်ပြချက်များ အပေါ် ဆောင်ရွက် ပြီးစီးမှုအခြေအနေတင်ပြခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၂.၁၀.၂၀၂၂ ရက်နေ့ ခရီးစဉ်အတွင်း လုပ်ငန်းရှင်များ၏ တင်ပြချက် (၁၃) ချက်ရှိပြီး ၎င်းတင်ပြချက်များအား ပြည်နယ်အစိုးရအဖွဲ့၊ MSME အေဂျင်စီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပြီးဖြစ်ပါသည်။

**(၇) One Region One Product ဦးစားပေးသတ်မှတ်ထားရှိမှုနှင့် အစီအစဉ် များ ရေးဆွဲ ဆောင်ရွက်နေမှုအခြေအနေများ**

နေပြည်တော် MSME အေဂျင်စီမှ အောက်ဖော်ပြပါလုပ်ငန်း(၇)ခုကို OROP အဖြစ် ဆောင်ရွက်နိုင်ရန် Action Plan များရေးဆွဲ၍ ၂၆.၉.၂၀၂၃ ရက်နေ့တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီသို့ တင်ပြဆောင်ရွက်ခဲ့ပါသည်-

- ဘမ်ဘူးဝါးကုန်ထုတ်သမဝါယမအသင်း (ဝါးလက်မှုလုပ်ငန်း)
- April Four ကုမ္ပဏီလီမိတက်၏ ရဲယိုသီးဖျော်ရည်လုပ်ငန်း
- စံဖွံ့ဖြိုးသစ်စက် နှင့် သစ်အချောထည်လုပ်ငန်း
- Sky Fruit Food Industry Co.,Ltd ၏ သစ်သီးဖျော်ရည်နှင့် ယိုစုံလုပ်ငန်း
- မိုးသီရိအထည်ချုပ်လုပ်ငန်း
- နန်းလွင်ဦး ပဲကြော်/ ပဲလှော် လုပ်ငန်း
- စမ်းဝတီ သဘာဝမြေသြဇာလုပ်ငန်း

ဆက်လက်၍ရွေးချယ်ထားသော OROP လုပ်ငန်း(၇)ခုအနက် အောက်ဖော်ပြပါ လုပ်ငန်း(၃)ခု အပြင် မှျစ်လုပ်ငန်းများမှာ နေပြည်တော် ဒေသထွက်ကုန်အဖြစ် ထင်ရှားသည့်အတွက် ဒေသထွက်မှျစ်များကိုOROP ဖွံ့ဖြိုးတိုးတက်ရေးအတွက်ထည့်သွင်းဆောင်ရွက်ရန် ဦးစားပေး လုပ်ငန်းများအဖြစ် ထပ်မံရွေးချယ်၍ စီမံချက်များ ချမှတ်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက် လျက်ရှိပါသည်-

- ပဲကြော်၊ပဲလှော်လုပ်ငန်း
- အထည်ချုပ်လုပ်ငန်း
- ယိုမျိုးစုံနှင့်သစ်သီးဖျော်ရည်လုပ်ငန်း
- မှျစ်နှင့်မှျစ်ချဉ်လုပ်ငန်း

## (၈) ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်း၊ ဈေးကွက်ချိတ်ဆက်မှု၊ အခြား ပံ့ပိုးပေးရန် လိုအပ်ချက်များ

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေး၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် တီထွင်ဖန်တီးမှု၊ ဈေးကွက်ရရှိရေး၊ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရရှိရေး၊ သင့်လျော်သော အခွန်အကောက်နှင့်လုပ်ထုံးလုပ်နည်းများ၊ လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများ လိုအပ်ပါသည်။ MSME များလုပ်ငန်းတိုးချဲ့နိုင်ရေး၊ ရေရှည် လုပ်ငန်းရပ်တည် လည်ပတ်နိုင်ရေးအတွက် လိုအပ်သောငွေကြေးအရင်းအနှီးကိုအပေါင်မပါစနစ်ဖြင့်လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော အပေါင်ပစ္စည်းများဖြင့်လည်းကောင်း ချေးငွေရရှိရန်၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် ခေတ်မီနည်းပညာများနှင့် စက်ကိရိယာများအသုံးပြုရေး ချိတ်ဆက် ဆောင်ရွက်ပေးရန်၊ စိုက်ပျိုးရေး/မွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းအလွယ်တကူရရှိရန်လိုအပ်ခြင်း၊ စိုက်ပျိုးရေးတောင်သူများအတွက် ခေတ်မီ စိုက်ပျိုးနည်းပညာ၊ လယ်ယာသုံးစက်ကိရိယာများ လိုအပ်ခြင်း၊ စိုက်ပျိုးထွက်ပစ္စည်းများအား ပုံမှန်ရောင်းချသည့် ဈေးကွက်သာမက Contract Farming ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်ရှာဖွေရန်၊ ပြည်ထောင်စုနယ်မြေ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များအား နယ်မြေအတွင်းသာမက တိုင်းဒေသကြီး/ ပြည်နယ်များသို့ တင်ပို့ရောင်းချနိုင်ရေး၊ ထိုမှတစ်ဆင့်နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက် ဝင်ရောက်နိုင်ရေး ချိတ်ဆက် ဆောင်ရွက်ပေးရန်လိုအပ်ခြင်း၊ Digital Economy အသွင်ကူးပြောင်းရေးတွင် MSME များ အလွယ်တကူ လိုက်ပါဆောင်ရွက်နိုင်ရေးပံ့ပိုးပေးရန်၊ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ MSME များ ရေရှည်ရပ်တည်နိုင်ရေး အသိပညာ၊ ဗဟုသုတများ စဉ်ဆက်မပြတ် ပံ့ပိုးပေးရန်စသည်တို့လိုအပ်ပါသည်။

## (၉) လိုအပ်ချက်များအပေါ် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများနှင့်အကြံပြုချက်များ

MSME များဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန်၊ ခေတ်မီစက်ပစ္စည်းကိရိယာများ ဝယ်ယူအသုံးပြုရန် ငွေကြေးလိုအပ်ချက်ကို ပံ့ပိုးနိုင်ရန် ချေးငွေများထုတ်ချေးခြင်း၊ နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာသတင်းအချက်အလက်များ၊ Good Manufacturing Practices များ၊ International Best Practices များနှင့်အညီ MSME များ လိုက်နာကျင့်သုံးစေရေးအတွက် ဆွေးနွေးအသိပညာ ဖြန့်ဝေခြင်း များ၊ အောင်မြင်သော MSME လုပ်ငန်းရှင်များ၏ အတွေ့အကြုံများမျှဝေခြင်း၊ စိုက်ပျိုးရေး/မွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်မှုလုပ်ငန်း များ Supply Chain တစ်လျှောက် နည်းပညာထောက်ပံ့ပေးနိုင်ရေး အတွက် ချိတ်ဆက်စီစဉ် ဆောင်ရွက်ပေးခြင်း၊

ပြည်တွင်း MSME များကို E-Commerce တွင် လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် Online Digitalization ဆိုင်ရာ Program များဆောင်ရွက်ပေးခြင်း၊ MSME လုပ်ငန်းများအား လိုအပ်သော ငွေကြေးအရင်းအနှီးကို အပေါင်မပါစနစ်ဖြင့်လည်းကောင်း၊ရွှေ့ပြောင်းနိုင်သော အပေါင်ပစ္စည်းများဖြင့်လည်းကောင်း ပိုမိုပံ့ပိုးပေးနိုင်ရေးဘဏ်များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း၊ ခေတ်မီစက်ကိရိယာများ ဝယ်ယူဆောင်ရွက်နိုင်ရေး လိုအပ်သည်များပံ့ပိုး ဆောင်ရွက်ပေးခြင်း၊ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အမြောက်အများ ပေါ်ထွက်လာရေး ပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်ခြင်းဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကိုပိုမို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

MSME လုပ်ငန်းများ ပိုမိုတိုးတက်လာနိုင်စေရန်အတွက် မြေနေရာများ၊ အဆောက်အဦများ ဝယ်ယူ တည်ဆောက်ရန်မလိုဘဲ အခန်းငှားစနစ်ဖြင့် လွယ်ကူစွာ ထုတ်လုပ်နိုင်ရန် Compound အဆောက်အဦတစ်ခု ဆောက်လုပ်ငှားရမ်းပေးခြင်း၊ နိုင်ငံတကာ ကုန်တင် လေယာဉ်ကြီးများ အသုံးပြုနိုင်သည့် လေယာဉ်ကွင်းကြီးရှိသည့်အတွက် လေယာဉ်ကွင်းကို အသုံးပြုပြီး နိုင်ငံတကာသို့ ထုတ်ကုန်၊ သွင်းကုန်များ လွယ်ကူစွာ ပို့ဆောင်နိုင်ရန် ခေတ်နှင့် အညီ Airhub Bonded Aera အဖြစ် နိုင်ငံတော်မှဆောင်ရွက်ပေးနိုင်ပါက နေပြည်တော်မှ ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာမည်ကြောင်းနှင့် Dry Port ၊ Airhub Bonded Aera ဖော်ဆောင်နိုင်ရန်အတွက်လည်းကောင်း၊ Free Trade Zone များ ပြုလုပ်ပေးနိုင်ပါရန် လိုအပ်လျက်ရှိပါသည်။

## (၁၀) ခြုံငုံသုံးသပ်တင်ပြချက်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း စားရေရိက္ခာဖူလုံရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စက်မှုကဏ္ဍတိုးတက်ရေးအတွက် MSME အပါအဝင် ထုတ်လုပ်မှုများတွင် အရည်အသွေးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူး/ တင်ပို့နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများကို အထူးအလေးထားဖိတ်ခေါ်ပြီး ပြည်ထောင်စုနယ်မြေရှိ အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်၍ ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန် အစားထိုးရန်၊ ပို့ကုန်ရရှိစေရန်စသည့်အချက်(၃)ချက်ကို အခြေခံ၍ နေပြည်တော်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပုံ (၉၅) မှတ်တမ်းဓာတ်ပုံများ






## ၈။ MSME လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၊ MSME အေဂျင်စီနှင့် MSME ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့၏ ဆောင်ရွက်ချက်များ

### ၈.၁။ MSME လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးရန်အတွက်၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ အစည်းအဝေး (၇)ကြိမ် ကျင်းပခဲ့ပါသည်။

ဇယား (၂၇) အစည်းအဝေးကျင်းပခဲ့မှုအခြေအနေ

| စဉ် | အစည်းအဝေး | ကျင်းပသည့်နေ့ရက် |
|---|---|---|
| ၁ | MSME လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး | ၅-၁-၂၀၂၃ |
| ၂ | MSME လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး | ၃-၃-၂၀၂၃ |
| ၃ | MSME လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၏ (၃/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး | ၁၉-၅-၂၀၂၃ |

| | | |
|---|---|---|
| ၄ | MSME လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး | ၂၀-၇-၂၀၂၃ |
| ၅ | MSME လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၏ (၅/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး | ၁၃-၉-၂၀၂၃ |
| ၆ | MSME လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၏ (၆/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး | ၆-၁၂-၂၀၂၃ |
| ၇ | MSME လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး | ၂၀-၂-၂၀၂၄ |

**ပုံ (၉၆) အစည်းအဝေးကျင်းပမှုမှတ်တမ်းဓာတ်ပုံများ**





၃၁-၃-၂၀၂၃ ရက်နေ့တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန်အတွက် ကနဦးလေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့၊ အဖွဲ့အစည်းများ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ သုံးသပ်ရေးလုပ်ငန်းအဖွဲ့၊ သက်ရောက်မှုများအား ဆန်းစစ်သုံးသပ်ရေးလုပ်ငန်းအဖွဲ့နှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ လေ့လာသုံးသပ်ရေး လုပ်ငန်းအဖွဲ့ဟူ၍ အထောက်အကူပြုလုပ်ငန်းအဖွဲ့ (၄)ဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင်ရှိသည့် လုပ်ငန်းများသို့ ပြည်တွင်း MSME လုပ်ငန်းများ၏ ထုတ်ကုန်များကို ရောင်းချနိုင်ခြင်းသည် ပြည်တွင်းထုတ်လုပ်မှု (Domestic Production) ကို တိုးတက်စေနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံတော်အတွက် ပြည်ပ ဝင်ငွေတိုးတက်ရရှိစေခြင်းတို့အပြင် ပြည်တွင်း MSME လုပ်ငန်းများ၏ Supply Chain အတွင်း ဝင်ရောက်နိုင်မှုအခြေအနေများကို သိရှိနိုင်ရန်အတွက် သီလဝါအထူးစီးပွားရေး ဇုန်ရှိ လုပ်ငန်းများက ပြည်တွင်း MSME လုပ်ငန်းများထံမှ ကုန်ပစ္စည်းမှာယူမှုအခြေအနေ (၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ) ကို MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ (၂/၂၀၂၃) ဆုံးဖြတ်ချက်အမှတ်၊ ၁၂၈(စ)အရ သီလဝါ အထူးစီးပွားရေးဇုန်ရှိ လုပ်ငန်းများက ပြည်တွင်း MSME လုပ်ငန်းများထံမှ ကုန်ပစ္စည်းမှာယူမှုအခြေအနေအား မှတ်တမ်းတင်ခဲ့ပြီး သီလဝါအထူးစီးပွားရေးဇုန်ရှိ လုပ်ငန်းများက ပြည်တွင်း MSME လုပ်ငန်းများထံမှ ကုန်ပစ္စည်းမှာယူမှုအခြေအနေ (၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ) ကို MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့သို့ ၂၄-၁၁-၂၀၂၃ ရက်စွဲပါစာဖြင့် ပေးပို့ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကုန်ပစ္စည်း မှာယူမှုအခြေအနေအပေါ် စိစစ်တွေ့ရှိချက်များအရ သီလဝါအထူးစီးပွားရေးဇုန်ရှိ လုပ်ငန်း (၂၉)ခုသည် ပြည်တွင်း MSME လုပ်ငန်း(၄၁)ခုထံမှ ကုန်ပစ္စည်းအမျိုးအစားပေါင်း (၃၇)မျိုးမှာယူခဲ့ပြီး တန်ဖိုးအားဖြင့် ကျပ်(၈,၂၂၃.၁၆၂)သန်းနှင့် အမေရိကန်ဒေါ်လာ (၂၈.၄၉၈)သန်း ဖြစ်ပါသည်။

နိုင်ငံတကာနှင့်ဒေသတွင်းနိုင်ငံများ၏ MSME ကဏ္ဍတွင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သိရှိနိုင်ရန်အတွက် ဒေသတွင်း နိုင်ငံတစ်နိုင်ငံ ဖြစ်သည့် ထိုင်းနိုင်ငံ၏ MSME ကဏ္ဍတွင် ဆောင်ရွက်နေသည့် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ မူဝါဒပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ နည်းပညာပိုင်းဆိုင်ရာဆောင်ရွက်ချက်များ၊ ဈေးကွက်ရရှိရေး ဆောင်ရွက်ချက်များနှင့် ခရိုင်ခွဲတစ်ခု ထုတ်ကုန်တစ်မျိုးအစီအစဉ် (One Tambon One Product – OTOP) တို့နှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်တင်ပြသည့် အစီရင်ခံစာအား MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ ၈-၉-၂၀၂၃ ရက်စွဲပါစာဖြင့် တင်ပြခဲ့ပါသည်။

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များတွင် အေဂျင်စီနှင့် အေဂျင်စီရုံးခွဲများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို သုံးသပ်ခြင်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် ဝန်ဆောင်မှု လုပ်ငန်းများ၊ သင်တန်းကျောင်းများ၊ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သုံးသပ်ခြင်းတို့ပါဝင်သဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

လုပ်ငန်းကော်မတီသို့ ၁၁-၁၀-၂၀၂၃ ရက်စွဲပါစာဖြင့်လည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှ ဒီဇင်ဘာလအထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ၂၉-၂-၂၀၂၄ ရက်စွဲပါစာဖြင့် လည်းကောင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ တင်ပြခဲ့ပါ သည်။

နိုင်ငံခြားအကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံချက်များ (၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ) အား MSME လုပ်ငန်း များဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြ၍ မှတ်တမ်းပြုခဲ့ပါသည်။ အဆိုပါ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံချက်များကို နိုင်ငံခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည့် ဝန်ကြီးဌာန (၈)ခုရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့် စီမံချက် (၁)ခု၊ ဆောင်ရွက်ဆဲစီမံချက် (၁၁) ခု၊ ညှိနှိုင်းဆဲစီမံချက် (၂) ခုနှင့် အဆိုပြုစီမံချက် (၁၄)ခု၊ စုစုပေါင်း စီမံချက် (၂၈) ခု ရှိပါသည်။ စီမံချက်များသည် နည်းပညာဆိုင်ရာ သင်တန်းများ ပေးခြင်း၊ ကော်ဖီ၊ ဝါး၊ မှျစ် စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဈေးကွက်ရှာဖွေပေးခြင်းစသည့်တို့ ဖြစ်ကြပြီး အကောင်အထည်ဖော် ဆောင်ရွက် ပြီးစီးသည့် စီမံချက် (၁) ခုအတွက် အကူအညီ/ အထောက်အပံ့အဖြစ် အမေရိကန်ဒေါ်လာ (၁.၀၆၂) သန်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ဆဲစီမံချက် (၁၁) ခုအတွက် အကူအညီ အထောက်အပံ့ အမေရိကန်ဒေါ်လာ (၃.၄၈၇) သန်း ရရှိခဲ့ပြီး ဖြစ်ပါသည်။

ညှိနှိုင်းဆဲစီမံချက် (၂)ခုမှာ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများဆိုင်ရာ ပြည်သူ အခြေပြု အသေးစားစီးပွားရေးလုပ်ငန်းများ သရုပ်ပြတည်ထောင်ခြင်းနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး တိုးမြှင့်ဆောင်ရွက်ရေးလုပ်ငန်း (တတိယအဆင့်) တို့ဖြစ်ပြီး အဆိုပြု ထားဆဲ စီမံချက် (၁၄)ခုမှာ ဝါးလက်မှုလုပ်ငန်း၊ ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းနှင့် အထည်ချုပ်ကဏ္ဍ အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာတစ်ရွာထုတ်ကုန် တစ်ခုပေါ် ထွန်းရေး၊ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းမှတစ်ဆင့် ဘက်စုံဒေသဖွံ့ဖြိုးရေး၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဦးတည်သော စီမံချက်များဖြစ်ကြပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း သုံးသပ်မှုအစီရင်ခံရေးအဖွဲ့အနေဖြင့် MSME လုပ်ငန်းများ အကောင်အထည်ဖော်ခြင်း

ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူသားများ၏ ကျန်းမာရေးအပေါ် ထိခိုက်မှုမရှိစေရန် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချရေး အစီအမံများ ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိနိုင်ရေးအတွက် MSME လုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို လေ့လာသုံးသပ်၍ ပတ်ဝန်းကျင် ထိခိုက်မှုလျော့ပါးစေရေး နည်းလမ်းများကို ပြုစုဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

## ၈.၂။ MSME အေဂျင်စီ

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် “အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ” ကို စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်သည့်အဖွဲ့ဝင် (၂၄) ဦးဖြင့် ၈.၁၂.၂၀၂၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အေဂျင်စီ၏လုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး / ပြည်နယ်များအလိုက် ဒေသဆိုင်ရာ အေဂျင်စီ (၂၁)ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို (၃.၁.၂၀၂၃) ရက်နေ့တွင် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပြီး ဆွေးနွေးဆုံးဖြတ်ချက်(၂၃)ချက် ချမှတ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အေဂျင်စီအဖွဲ့ဝင်များ၊ ဒေသဆိုင်ရာ အေဂျင်စီများ/ အဖွဲ့အစည်းများမှ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲအခြေအနေများအား ပြုစု၍ လုပ်ငန်းကော်မတီသို့ တင်ပြခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ ပြည်နယ်/ တိုင်းဒေသကြီး/ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ခရီးစဉ်များအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ (၂၄) ကြိမ်ပြုလုပ်ခဲ့ပြီး

နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက်၊ မြေနေရာ၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် အခြား စသည့် တင်ပြချက် (၂၅၈) ချက်အပေါ် ဒေသဆိုင်ရာအေဂျင်စီများ/ အဖွဲ့အစည်းများမှ ဆောင်ရွက်ပြီး(၂၄၉)ချက်နှင့် ဆောင်ရွက်ဆဲ (၉)ချက်တို့အား ပြုစုတင်ပြခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

MSME လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ဒေသဆိုင်ရာ MSME အေဂျင်စီများမှ ဒေသအသီးသီးတွင် ပြပွဲ၊ ပြိုင်ပွဲနှင့် Talk Show များကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဧပြီလထိ ကျင်းပပြုလုပ်လျက်ရှိရာ ပြပွဲ၊ ပြိုင်ပွဲ (၈၆) ကြိမ် နှင့် Talk Show (၂၇) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

ဇယား (၂၈) ဒေသဆိုင်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီများအနေဖြင့် MSME Talk Show နှင့် ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲ (အကျဉ်းချုပ်)

| စဉ် | ဒေသဆိုင်ရာ အေဂျင်စီ | ကျင်းပဆောင်ရွက်ခဲ့မှုများ(ကြိမ်ရေ) | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | Talk Show | | | | ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲ | | | | |
| | | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် | စုစုပေါင်း | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် | စုစုပေါင်း | |
| ၁ | ကချင်ပြည်နယ် | - | ၁ | - | ၁ | - | ၁ | ၁ | ၂ | |
| ၂ | ကယားပြည်နယ် | ၁ | - | - | ၁ | - | ၃ | - | ၃ | |
| ၃ | ကရင်ပြည်နယ် | - | ၁ | - | ၁ | ၂ | ၄ | ၂ | ၈ | |
| ၄ | ချင်းပြည်နယ် | - | - | - | - | - | - | - | - | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၂ | ၁ | - | ၃ | ၁ | ၅ | ၁ | ၇ | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | - | ၁ | - | ၁ | - | - | - | - | online |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၂ | ၅ | - | ၇ | ၂ | ၅ | ၁ | ၈ | |
| ၈ | မကွေးတိုင်းဒေသကြီး | - | ၁ | - | ၁ | ၂ | ၂ | - | ၄ | |
| ၉ | မန္တလေးတိုင်းဒေသကြီး | - | ၁ | - | ၁ | ၁ | - | - | ၁ | |
| ၁၀ | မွန်ပြည်နယ် | - | ၅ | - | ၅ | ၁ | ၂ | ၁ | ၄ | |
| ၁၁ | ရခိုင်ပြည်နယ် | ၁ | ၁ | - | ၂ | ၁ | ၄ | - | ၅ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁ | ၂ | - | ၃ | ၃ | ၆ | ၁ | ၁၀ | |
| ၁၃ | ရှမ်းပြည်နယ် | ၁ | - | - | ၁ | ၁ | ၁၅ | ၁ | ၁၇ | |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၂ | - | ၁ | ၃ | ၃ | ၁၃ | ၁ | ၁၇ | |
| ၁၅ | ပြည်ထောင်စုနယ်မြေ(နေပြည်တော်) | - | - | - | - | ၁ | ၉ | ၁ | ၁၁ | |
| ၁၆ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | - | - | - | - | - | - | - | - | |

| စဉ် | ဒေသဆိုင်ရာ အေဂျင်စီ | ကျင်းပဆောင်ရွက်ခဲ့မှုများ(ကြိမ်ရေ) | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | Talk Show | | | | ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲ | | | | |
| | | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် | စုစု ပေါင်း | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် | စုစု ပေါင်း | |
| ၁၇ | ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | - | - | - | - | - | ၃ | - | ၃ | |
| ၁၈ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | - | - | - | - | - | ၁ | - | ၁ | |
| ၁၉ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | - | - | - | - | - | - | - | - | |
| ၂၀ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | - | - | - | - | - | - | - | - | |
| ၂၁ | ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | - | - | - | - | - | ၁ | - | ၁ | |
| | စုစုပေါင်း | ၁၀ | ၁၉ | ၁ | ၃၀ | ၁၈ | ၇၄ | ၁၀ | ၁၀၂ | |

MSME လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဒေသအလိုက် ဆောင်ရွက်ရန်ညွှန်ကြားချက်များအား သိရှိလိုက်နာဆောင်ရွက်ရန် ဒေသဆိုင်ရာအေဂျင်စီများသို့ အကြောင်းကြားခြင်း၊ ဒေသဆိုင်ရာအေဂျင်စီများ၏ လစဉ်ဆောင်ရွက်ထားရှိမှုများကို ပြုစု၍ အေဂျင်စီမှတစ်ဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌထံသို့ အစီရင်ခံတင်ပြခြင်း၊ လုပ်ငန်းရှင်တင်ပြချက်များအပေါ် နည်းပညာ၊ ငွေကြေး၊ ဈေးကွက်ရရှိနိုင်ရေး SME ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိခြင်း၊ SME ဌာနမှ ပို့ချလျှက်ရှိသော SME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများအား ဒေသဆိုင်ရာအေဂျင်စီများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၁.၉.၂၀၂၃ ရက်နေ့တွင် MSME အေဂျင်စီနှင့် MSME ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့ ပူးပေါင်း၍ ဒေသဆိုင်ရာအေဂျင်စီများအား ချေးငွေလုပ်ထုံးလုပ်နည်းများ၊ ချေးငွေအဆိုပြုလွှာနှင့် တင်ပြရမည့် အထောက်အထားတို့အား ရှင်းလင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဒေသဆိုင်ရာအေဂျင်စီများအနေဖြင့် နိုင်ငံတော်မတည်ရင်းနှီးငွေများကို Quality Loan အဖြစ် အမှန်တကယ်လိုအပ်သည့် MSME လုပ်ငန်းရှင်များထံ အပြည့်အဝရောက်ရှိရေးနှင့် MSME လုပ်ငန်းများတွင် အကျိုးရှိစွာအသုံးချနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်အတွက် ချေးငွေဆိုင်ရာ စံသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ စိစစ်ရွေးချယ်၍ ထုတ်ချေးပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန် ချေးငွေစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိရေး အကြောင်းကြားထားပြီးဖြစ်ပြီး ဒေသဆိုင်ရာအေဂျင်စီများမှလည်း တိုင်း/ ခရိုင်/ မြို့နယ် အလိုက် ချေးငွေစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ MSME လုပ်ငန်းရှင်များအား ချေးငွေ ထုတ်ပေးနိုင်ရန် စီစဉ်လျက်ရှိရာ ချေးငွေအဆိုပြုလွှာများ လျှောက်ထားနိုင်ရေးနှင့်စပ်လျဉ်း၍ ၁၀.၁.၂၀၂၄

ရက်နေ့ နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြော်ငြာထားပြီးဖြစ်ပြီး သက်ဆိုင်ရာ၊ ဒေသဆိုင်ရာ အေဂျင်စီများအလိုက် ချေးငွေစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းထားပြီး ဖြစ်ပါသဖြင့် မကြာမီ ဒေသအသီးသီးရှိ လုပ်ငန်းရှင်များအား MSME ချေးငွေများ ထုတ်ချေး ပေးနိုင်တော့မည်ဖြစ်ပါသည်။ ချေးငွေပမာဏများအနေဖြင့် အသေးစားလုပ်ငန်း ကျပ် (၁၀) သန်း၊ အငယ်စားလုပ်ငန်း ကျပ်သန်း (၅၀) နှင့် အလတ်စားလုပ်ငန်း ကျပ်သန်း (၁၀၀) အထိ ထုတ်ချေးမည်ဖြစ်ပြီး သက်ဆိုင်ရာအေဂျင်စီများ၌ MSME လုပ်ငန်းရှင်များမှ ချေးငွေရရှိရန်အတွက် လျှောက်လွှာများ လျှောက်ထားလျက်ရှိပါသည်။ ဒေသဆိုင်ရာအေဂျင်စီများတွင် ၃၀.၄.၂၀၂၄ ရက်နေ့ထိ ချေးငွေ လျှောက်ထားသူ (၁၅၈)ဦးရှိပြီး ဖြစ်ပါသည်။ ဒေသဆိုင်ရာ အေဂျင်စီများတွင် ဖွဲ့စည်းထားရှိသော ချေးငွေစိစစ်ရေးအဖွဲ့များမှ ကွင်းဆင်းစစ်ဆေးပြီး ပေးပို့လာသည့် ချေးငွေအဆိုပြုလွှာများကို MSME ဗဟိုအေဂျင်စီမှ Application Form နှင့် Check List များအား စိစစ်ခြင်းဆောင်ရွက်လျက်ရှိရာ စိစစ်ပြီးလုပ်ငန်းရှင်(၂၅) ဦး၏ ချေးငွေအဆိုပြုလွှာများကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သို့ ပေးပို့ထားရှိပြီး ဖြစ်ပါသည်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ချေးငွေ လျှောက်ထားရာတွင် လိုအပ်သည့် SME ယာယီမှတ်ပုံတင်လက်မှတ်များကို ၁၂.၇.၂၀၂၃ ရက်မှစ၍ စတင် ထုတ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် ၊ ဧပြီလ အထိ အသေးစား(၁၁,၁၇၆) ခု၊ အလတ်စား(၄,၅၆၇)ခု စုစုပေါင်း (၁၅,၇၄၃)ခု ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

ဇယား (၂၉) SME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်ချက်အကျဉ်းချုပ်

| စဉ် | ဒေသဆိုင်ရာ အေဂျင်စီ | ငွေကြေး ပံ့ပိုးမှု | ကျွမ်းကျင် သင်တန်း | နည်းပညာ ပံ့ပိုးမှု | ဆွေးနွေးပွဲ/ အစည်းအဝေး များကျင်းပ ပြုလုပ်မှု | ပြပွဲ/ပြိုင်ပွဲ ကျင်းပ ပြုလုပ်မှု | ကွင်းဆင်း ဆောင် ရွက်မှုများ | သီးခြား ဆောင် ရွက်မှု များ | စုစုပေါင်း ဆောင် ရွက်မှု အခြေ အနေများ |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကချင် | - | ၁၈ | - | ၁၈ | ၃ | ၁၄ | ၄၁ | ၉၄ |
| ၂ | ကယား | ၆ | ၂၉ | - | ၂၆ | ၄ | ၈ | ၉ | ၈၂ |
| ၃ | ကရင် | - | ၁၃ | ၁ | ၁၃ | ၄ | ၇ | ၁၃ | ၅၁ |
| ၄ | ချင်း | ၂ | ၁၈ | ၁ | ၇ | ၂ | ၁၀ | ၂၆ | ၆၆ |
| ၅ | စစ်ကိုင်း | - | ၆၉ | - | ၁၅ | ၆ | - | ၆ | ၉၆ |
| ၆ | တနင်္သာရီ | ၆ | ၇၂ | ၂ | ၇၈ | ၅ | ၁၃ | ၁၀၁ | ၂၇၇ |
| ၇ | ပဲခူး | - | ၇၄ | ၄ | ၂၀ | ၂ | - | ၆ | ၁၀၆ |
| ၈ | မကွေး | ၁ | ၉၆ | - | ၁၉ | ၇ | ၁၀ | ၅၆ | ၁၈၉ |
| ၉ | မန္တလေး | - | ၆ | ၂ | ၄၀ | - | - | ၁ | ၄၉ |
| ၁၀ | မွန် | - | ၃ | - | ၂၃ | ၁ | ၅၉ | ၁၂၃ | ၂၀၉ |
| ၁၁ | ရခိုင် | - | - | - | ၈ | ၁ | - | ၁ | ၁၀ |
| ၁၂ | ရန်ကုန် | ၄ | ၄၁ | ၂၅ | ၃၈ | ၁၂ | ၄၂ | ၆၈ | ၂၃၀ |
| ၁၃ | ရှမ်း | - | ၁၁ | - | ၁၅ | - | ၇ | ၃ | ၃၆ |
| ၁၄ | ဧရာဝတီ | ၃ | ၂၀ | ၅၉ | ၇၂ | ၁၁ | ၈၈ | ၁၅၀ | ၄၀၃ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | - | ၂၉ | ၁ | ၄၁ | ၁၇ | ၂၁၃ | ၈၀ | ၃၈၁ |
| ၁၆ | နာဂ | - | - | - | - | ၁ | ၂ | ၁ | ၄ |

| စဉ် | ဒေသဆိုင်ရာ အေဂျင်စီ | ငွေကြေး ပံ့ပိုးမှု | ကျွမ်းကျင် သင်တန်း | နည်း ပညာ ပံ့ပိုးမှု | ဆွေးနွေးပွဲ/ အစည်းအဝေး များကျင်းပ ပြုလုပ်မှု | ပြပွဲ/ပြိုင်ပွဲ ကျင်းပ ပြုလုပ်မှု | ကွင်းဆင်း ဆောင် ရွက်မှုများ | သီးခြား ဆောင် ရွက်မှု များ | စုစုပေါင်း ဆောင် ရွက်မှု အခြေ အနေများ |
|---|---|---|---|---|---|---|---|---|---|
| ၁၇ | ခနုကိုယ်ပိုင် | ၁ | ၅ | - | - | ၁ | ၂၄ | - | ၃၁ |
| ၁၈ | ပအိုဝ်း | - | ၈ | ၁ | - | - | - | - | ၉ |
| ၁၉ | ပလောင် | - | - | - | - | - | ၁၁ | - | ၁၁ |
| ၂၀ | ကိုးကန့် | - | - | - | ၂ | - | ၉ | - | ၁၁ |
| ၂၁ | "ဝ" | - | - | - | - | - | - | - | - |
| | စုစုပေါင်း | ၂၃ | ၅၁၂ | ၉၆ | ၄၃၅ | ၇၇ | ၅၁၇ | ၆၈၅ | ၂၃၄၅ |

## ၈.၃။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ သဘောတူညီချက်အရ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် MSME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၂) ဖြင့် MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ စုစုပေါင်း အဖွဲ့ဝင် (၁၀) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထိရောက်ပီပြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ ၆-၃-၂၀၂၃ ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၃ ဖြင့် အထောက်အကူပြုအဖွဲ့(၃)ဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းထားရှိပါသည်-

(က) ရန်ပုံငွေရရှိသုံးစွဲရေးနှင့်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့
(ခ) ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့
(ဂ) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းအဖွဲ့

MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် အောက်ပါအတိုင်း လုပ်ငန်းအစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်-

| စဉ် | အစည်းအဝေးပြုလုပ်သည့်ရက် | အမှတ်စဉ် | နေရာ |
|---|---|---|---|
| (က) | ၂၈-၁၂-၂၀၂၂ | (၁/၂၀၂၂) | ရုံးအမှတ်(၃၄) |
| (ခ) | ၃၀-၃-၂၀၂၃ | (၁/၂၀၂၃) | ရုံးအမှတ်(၃၄) |
| (ဂ) | ၂၆-၇-၂၀၂၃ | (၂/၂၀၂၃) | ရုံးအမှတ်(၃၄) |
| (ဃ) | ၂၃-၄-၂၀၂၄ | (၁/၂၀၂၄) | ရုံးအမှတ်(၃၄) |

MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် MSME လုပ်ငန်းများသို့ အတိုးနှုန်းသက်သာသော ချေးငွေများ ထုတ်ချေးပေးနိုင်ရေးအတွက် SME ဥပဒေ ပုဒ်မ ၂၀ (ဂ) အရ ရန်ပုံငွေတစ်ရပ် ထူထောင်ဆောင်ရွက်နိုင်ရန် ၂၀၂၂ ခုနှစ် ၊ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၂)၏ အတည်ပြုချက်ဖြင့် ငွေတိုက်ဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ခုဘဏ္ဍာရေးနှစ် (ဖြည့်စွက်ခွင့်ပြုငွေစာရင်း)တွင် နိုင်ငံတော်မှ ကနဦးမတည်ထောက်ပံ့ငွေ ကျပ် (၁၇၀) ဘီလီယံအား ထည့်သွင်းလျာထားခဲ့ပါသည်။ ဆက်လက်၍ **"အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ"** အမည်ဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (OA) ကို ဖွင့်လှစ်၍ နိုင်ငံတော်မှထောက်ပံ့ငွေ ကျပ် ၁၇၀ ဘီလီယံကို ၈-၂-၂၀၂၃ ရက်နေ့တွင် ထည့်သွင်းခဲ့ပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ ကျပ် ၁၇၀ ဘီလီယံအား MSME ချေးငွေထုတ်ချေးရေးကိစ္စရပ်များတွင် ကျပ် ၁၅၀ ဘီလီယံနှင့် ချေးငွေ မဟုတ်သည့် MSME ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များအတွက် သုံးစွဲရန်လိုအပ်သည့် အသုံးစရိတ် များတွင် ကျပ် ၂၀ ဘီလီယံ လျာထား၍ သုံးစွဲခွင့်ပြုပါရန်ကိစ္စနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (မူကြမ်း)တို့ကို ၈-၆-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် MSME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၃) သို့ တင်ပြခဲ့ပါသည်။ MSME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၂၃) အစည်းအဝေး ခွင့်ပြုချက်အရ ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၃) ဖြင့် ၁၄-၈-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဒေသဆိုင်ရာ MSME အေဂျင်စီများသို့ ၁၇-၈-၂၀၂၃ ရက်နေ့တွင် ဖြန့်ဝေခဲ့ပါသည်။

အဆိုပါချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ချေးငွေအဆိုပြုလွှာများနှင့်စပ်လျဉ်းသည့် အသိပေးရှင်းလင်းခြင်း အခမ်းအနားကို ၁-၉-၂၀၂၃ ရက်နေ့တွင် စက်မှုဝန်ကြီးဌာန (ရုံးအမှတ်-၃၀) ၌ ကျင်းပပြုလုပ်ခဲ့ပြီး အေဂျင်စီအဖွဲ့ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့မှ ဦးဆောင်၍ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင် MSME အေဂျင်စီ ဥက္ကဋ္ဌများနှင့် တွေ့ဆုံရှင်းလင်းဆွေးနွေးခဲ့ပါသည်။

MSME ရန်ပုံငွေ ကျပ် (၁၇၀) ဘီလီယံအနက်မှ ချေးငွေထုတ်ချေးရေးအတွက် ကျပ် (၁၅၀) ဘီလီယံနှင့် ချေးငွေမဟုတ်သည့် MSME ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအတွက် ကျပ် (၂၀) ဘီလီယံ လျာထားသုံးစွဲခွင့်ပြုပါရန် ၂၆-၁၀-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် MSME လုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၃) သို့ ထပ်မံတင်ပြခဲ့ရာ MSME လုပ်ငန်းကော်မတီမှ MSME ဗဟိုကော်မတီ၏ အတည်ပြုချက်ရရှိရေး တင်ပြသွားရန် ဆုံးဖြတ်ခဲ့ပါသည်။

MSME ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် MSME ဗဟိုကော်မတီမှ ခွင့်ပြုချက်ရရှိရေး အတွက် MSME လုပ်ငန်းကော်မတီမှတစ်ဆင့် MSME ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခဲ့ရာ MSME ဗဟိုကော်မတီမှ ၅-၁-၂၀၂၄ ရက်နေ့တွင် ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်၍ MSME ရန်ပုံငွေမှ MSME လုပ်ငန်းရှင် များသို့ ချေးငွေထုတ်ချေးနိုင်ရေးအတွက် “အသိပေးကြေညာချက်” အား ၁၀-၁-၂၀၂၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများ၊ MSME Web Portal နှင့် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ Website တို့တွင် ထည့်သွင်းကြေညာခဲ့ပါသည်။ ဆက်လက်၍ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ MSME အေဂျင်စီရုံးခွဲများသို့ MSME အေဂျင်စီမှတစ်ဆင့် အကြောင်း ကြားခဲ့ပါသည်။

MSME ချေးငွေနှင့်စပ်လျဉ်းပြီး လုပ်ငန်းရှင်များ ယခုထက်ပိုမိုသိရှိပြီး ချေးငွေအပေါ် စိတ်ဝင်စားလာစေရန်အတွက် MSME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ခွင့်ပြုချက် အရ “အသိပေးကြေညာချက်” အား ၃၁-၃-၂၀၂၄ ရက်နေ့တွင် ကြေးမုံသတင်းစာနှင့် ၁-၄-၂၀၂၄ ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာတို့၌ ထပ်မံထည့်သွင်းကြေညာခဲ့ပါသည်။ အသိပေးကြေညာချက်ပါအတိုင်း MSME ရန်ပုံငွေမှ ချေးငွေများကို ရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် ဒေသဆိုင်ရာအေဂျင်စီများမှတစ်ဆင့် ချေးငွေများ စတင်လျှောက် ထားလာပြီ ဖြစ်ပြီး MSME လုပ်ငန်းများ၏ ချေးငွေအဆိုပြုလွှာများကို ဒေသဆိုင်ရာ အေဂျင်စီများအနေဖြင့် ပြည့်စုံကောင်းမွန်သည့် ချေးငွေဆိုင်ရာစံသတ်မှတ်ချက်များဖြင့် စနစ်တကျ စိစစ်ရွေးချယ်နိုင်ရန် ချေးငွေစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိရာ ၁၆-၂-၂၀၂၄ ရက်နေ့အထိ ကချင်ပြည်နယ်မှလုပ်ငန်းရှင်(၄)ဦးနှင့် ရှမ်းပြည်နယ်မှလုပ်ငန်းရှင် (၄၉) ဦး၊ စုစုပေါင်း လုပ်ငန်းရှင် (၅၃) ဦး လျှောက်ထားလာခဲ့ပါသည်။ ချေးငွေစိစစ်ရေးအဖွဲ့မှ စိစစ်ပြီးလုပ်ငန်းရှင်များ၏ ချေးငွေအမှုတွဲများအား MSME အေဂျင်စီမှတစ်ဆင့် ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့သို့ ၂-၄-၂၀၂၄ ရက်နေ့နှင့် ၄-၄-၂၀၂၄ ရက်နေ့တို့တွင် လွှဲပြောင်းပေးပို့ခဲ့ပြီး ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော လုပ်ငန်းရှင်များအား ချေးငွေများ လျင်မြန်စွာ ထုတ်ချေးနိုင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့

အောက်ရှိ ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့(မြန်မာ့စီးပွားရေးဘဏ်)မှ ကွင်းဆင်းစစ်ဆေးလျက်ရှိပါသည်။

MSME လုပ်ငန်းရှင်များအနေဖြင့် ချေးငွေများလျှောက်ထားရာတွင် Participating Financial Institutions (PFIs) အဖြစ် မြန်မာ့စီးပွားရေးဘဏ်မှ စတင်ထုတ်ချေးမည်ဖြစ်ပြီး နောင်တွင် အခြားပုဂ္ဂလိကဘဏ်များကပါ PFIs ဘဏ်များအဖြစ် ပါဝင်ထုတ်ချေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

၁၂၀-၃-၂၀၂၄ ရက်နေ့တွင် ကျင်းပသော MSME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄) တွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ မှ "ချေးငွေဆိုင်ရာကိစ္စ၌ အချို့သောကိစ္စရပ်များအတွက် ငွေသားဖြင့် ချေးပေးခြင်းအစား လိုအပ်စက်ကိရိယာ အချက်အလက်အပေါ်တိုက်ရိုက်(သို့) ဆိုင်ရာ ဝန်ကြီးချုပ်ဦးစီး တိုင်း/ပြည်နယ် MSME လုပ်ငန်း ဥက္ကဋ္ဌများမှ တာဝန်ခံပေးချေးခြင်း၊ ဝင်ငွေမှ အချိုးကျဖြတ်တောက်ခြင်း၊ သတ်မှတ်ချက်မှ မည်သို့လျှော့ချ ဖြေလျှော့ပေးနိုင်မည်ကို ဆွေးနွေးတင်ပြရန်" မိန့်မှတ်ချက်ပြုခဲ့ပါသည်။ သို့ဖြစ်ပါ၍ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)နှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၁၀-၄-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဆောင်ရွက်နိုင်မည့် အခြေအနေကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့မှ ဆွေးနွေးညှိနှိုင်း၍ ပြန်လည်တင်ပြပေးရန် ဆုံးဖြတ်ခဲ့ပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် (၁/၂၀၂၄) အစည်းအဝေးကို ၂၃-၄-၂၀၂၄ ရက်နေ့တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်များအရ ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် ချေးငွေအတွက် လက်ခံနိုင်သည့် အာမခံပစ္စည်းများ၌ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ် ပုံစံ (၇) အား ဖြည့်စွက်နိုင်ရေး၊ လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ် ပုံစံ(၇)ကို အာမခံပစ္စည်းအဖြစ် ရယူရေးနှင့်ပတ်သက်၍ ချေးငွေထုတ်ချေးသည့် ဘဏ်များက လိုက်နာရမည့် ညွှန်ကြားချက်နှင့် လိုအပ်သည့် ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ မိန့်မှတ်ချက်နှင့်အညီ ချေးငွေဆိုင်ရာကိစ္စ၌ အချို့သောကိစ္စရပ်များအတွက် ငွေသားဖြင့် ချေးပေးခြင်းအစား လိုအပ်စက်ကိရိယာ အချက် အလက်အပေါ် တိုက်ရိုက်(သို့)ဆိုင်ရာ ဝန်ကြီးချုပ်ဦးစီး တိုင်း/ပြည်နယ် MSME လုပ်ငန်း ဥက္ကဋ္ဌများမှ တာဝန်ခံပေးချေးခြင်း၊ ဝင်ငွေမှ အချိုးကျဖြတ်တောက်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်ကို ရေးဆွဲလျက်ရှိပြီး လုပ်ငန်းကော်မတီသို့ တင်ပြ အတည်ပြုချက်ရယူ၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထို့အပြင် MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် MSME ရန်ပုံငွေမှ ကျပ် ၂၀ ဘီလီယံအား ချေးငွေမဟုတ်သော MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအတွက် သုံးစွဲနိုင်ရန် လုပ်ထုံးလုပ်နည်း (မူကြမ်း)အား ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ချေးငွေ မဟုတ်သော MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် လုပ်ငန်းကော်မတီ၏ အတည်ပြုချက်ရယူ၍ သုံးစွဲသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် အောက်ပါတို့ကို တင်ပြအပ်ပါသည်–

(က) နိုင်ငံတော်၏ ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီးဖြစ်သော MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို တိုးပွားလာစေရန် SME ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၂၀ (ဂ)နှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

(ခ) နိုင်ငံတော်မှ အတိုးနှုန်းသက်သာသော ချေးငွေများထုတ်ချေးပေးမှုကို MSME များ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ချေးငွေစည်းကမ်းချက်များနှင့်အညီ ရယူနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါသည်။

(ဂ) MSME လုပ်ငန်းများက ချေးငွေရယူရာတွင် ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ အာမခံ ပစ္စည်းများ ပေးအပ်ရာတွင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများဖြစ်သည့် မြေ၊ အဆောက်အဦများအတွက် ပိုင်ဆိုင်မှုအထောက်အထားများ ဖြစ်သော မြေငှားဂရန်၊ မြေစာရင်းပုံစံ ၁၀၅/၁၀၆၊ စက်မှုဂရန်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၇) စသည်တို့ မရရှိသေးသည့် MSME လုပ်ငန်းများက ရရှိနိုင်ရေး ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကကူညီပံ့ပိုးဆောင်ရွက်ပေးသင့်ပါသည်။

ပုံ (၉၇) အစည်းအဝေးမှတ်တမ်းဓာတ်ပုံများ



## ၈.၄။ ဥပဒေပြင်ဆင်ရေးအဖွဲ့၏ဆောင်ရွက်ချက်များ

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပြင်ဆင်ရေးအဖွဲ့ကို စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်သော အဖွဲ့ဝင်(၂၃) ဦး

ဖြင့် MSME လုပ်ငန်းကော်မတီ၏ ၂၅.၈.၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၃) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

**ဇယား (၃၀) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအသစ်တွင် ပါဝင်ရမည့်အခန်းများနှင့် အကြောင်းအရာများ**

| စဉ် | လက်ရှိ SME ဥပဒေ | | အသစ်ရေးဆွဲပြဋ္ဌာန်းမည့် MSME ဥပဒေ | | မှတ်ချက် |
|---|---|---|---|---|---|
| | အခန်း | အကြောင်းအရာ | အခန်း | အကြောင်းအရာ | |
| ၁ | အခန်း (၁) | အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက် | အခန်း (၁) | အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ် ဖော်ပြချက် | |
| ၂ | အခန်း (၂) | ရည်ရွယ်ချက် | အခန်း (၂) | ရည်ရွယ်ချက် | |
| ၃ | အခန်း (၃) | အခြေခံမူများ | အခန်း (၃) | အခြေခံမူများ | |
| ၄ | အခန်း (၄) | ဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း တာဝန်များ | အခန်း (၄) | ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | |
| ၅ | အခန်း (၅) | လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်း တာဝန်များ | အခန်း (၅) | လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | |
| ၆ | အခန်း (၆) | လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | အခန်း (၆) | အေဂျင်စီနှင့်ဒေသဆိုင်ရာအေဂျင်စီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | |
| ၇ | အခန်း (၇) | အေဂျင်စီနှင့် အေဂျင်စီ ရုံးခွဲများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | အခန်း (၇) | ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း တာဝန်များ | |
| ၈ | အခန်း (၈) | စီးပွားရေးလုပ်ငန်း ဆိုင်ရာ အသင်းအဖွဲ့ များ၏ အခန်းကဏ္ဍ | အခန်း (၈) | လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | |
| ၉ | အခန်း (၉) | လုပ်ငန်းဆောင်ရွက်သူများ၏ တာဝန်နှင့် အခွင့်အရေးများ | အခန်း (၉) | တစ်နေရာတည်းတွင်ဝန်ဆောင်မှုပေး သောစနစ်နှင့် လုပ်ငန်းတာဝန်များ | |
| ၁၀ | အခန်း (၁၀) | ရန်ပုံငွေ စီမံခန့်ခွဲမှု အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | အခန်း (၁၀) | သတင်းအချက်အလက် စုဆောင်း ထိန်းသိမ်းခြင်း နှင့် ထုတ်ပြန်ခြင်း | |
| | အခန်း (၁၁) | တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသော စနစ် | အခန်း (၁၁) | လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေး ပံ့ပိုးဆောင်ရွက် ခြင်း | |
| ၁၂ | အခန်း (၁၂) | သတင်းအချက်အလက် စုဆောင်း ထိန်းသိမ်း ခြင်းနှင့် ထုတ်ပြန်ခြင်း | အခန်း (၁၂) | သုတေသနလုပ်ငန်းများ ဆိုင်ရာ ဆောင်ရွက်ခြင်း နှင့် နည်းပညာများ လွှဲပြောင်းပေးခြင်း | |
| ၁၃ | အခန်း (၁၃) | လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုး ရေးနှင့် နည်းပညာ အထောက် အပံ့ပေးခြင်း | အခန်း (၁၃) | ပြည်တွင်း၊ ပြည်ပဈေးကွက်များ ရှာဖွေ ချိတ်ဆက်ပေးခြင်း | |
| ၁၄ | အခန်း (၁၄) | ဈေးကွက်ရှာဖွေချိတ်ဆက်ပေး ခြင်း | အခန်း (၁၄) | အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်း ဆောင်ရွက်ပေးခြင်း | |

| စဉ် | လက်ရှိ SME ဥပဒေ | | အသစ်ရေးဆွဲပြဋ္ဌာန်းမည့် MSME ဥပဒေ | | မှတ်ချက် |
|---|---|---|---|---|---|
| | အခန်း | အကြောင်းအရာ | အခန်း | အကြောင်းအရာ | |
| ၁၅ | အခန်း (၁၅) | အခွန်အကောက် ဆိုင် ရာ ညှိနှိုင်းဆောင်ရွက် ပေးခြင်း | အခန်း (၁၅) | စွန့်ဦးတီထွင်မှု၊ စွန့်ဦးတီထွင် ပညာရေး နှင့် ကျွမ်းကျင်မှုများဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးဆောင်ရွက်ခြင်း | စွန့်ဦး တီထွင် မှုနှင့် Start up Business ကို အခန်း (၂)ခန်း ခွဲသည် |
| ၁၆ | အခန်း (၁၆) | စွန့်ဦးတီထွင်မှု နှင့် လုပ်ငန်းသစ်စတင်မှုကို ပံ့ပိုးဆောင်ရွက်ခြင်း | အခန်း (၁၆) | အစပျိုး စီးပွားရေး လုပ်ငန်း (Start up Business)များ လုပ်ငန်း စတင်နိုင်ရန် ပံ့ပိုးခြင်း | |
| ၁၇ | အခန်း (၁၆) | မှတ်ပုံတင်ခြင်း | အခန်း (၁၇) | စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ ၏ အခန်းကဏ္ဍ | |
| ၁၈ | အခန်း (၁၈) | အထွေထွေ | အခန်း (၁၈) | လုပ်ငန်းဆောင်ရွက်သူ၏ တာဝန်များ နှင့်အခွင့်အရေးများ | |
| | | | အခန်း (၁၉) | မှတ်ပုံတင်ခြင်း | |
| | | | အခန်း (၂၀) | အထွေထွေ | |

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ အသစ် ရေးဆွဲနိုင်ရေးဆောင်ရွက်ခြင်း**

- ➢ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အသေးစား၊ အငယ် စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ မူကြမ်း ရေးဆွဲရေးအဖွဲ့ကို စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဥက္ကဋ္ဌအဖြစ် ဦးဆောင် သော အဖွဲ့ဝင် (၂၃) ဦး ဖြင့် ၂၅.၈.၂၀၂၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။
- ➢ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဥပဒေမူကြမ်း ရေးဆွဲရေးအဖွဲ့အစည်းအဝေးများကို ကျင်းပ ပြုလုပ်ခဲ့ပြီး အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ စက်မှုဝန်ကြီးဌာန ဥပဒေ အကြံပေး၊ ဥပဒေရေးရာ ဝန်ကြီးဌာနမှ ပညာရှင်များနှင့် ပြင်ပဥပဒေ ပညာရှင် များထံမှ အကြံဉာဏ်များရယူ၍ ပြင်ဆင်ဖြည့်စွက်ခြင်းများကို ဆောင်ရွက် လျက်ရှိပါသည်။

ပုံ (၉၈) အစည်းအဝေးကျင်းပပြုလုပ်မှု မှတ်တမ်းဓာတ်ပုံများ



## ၉။ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လေ့ကျင့်သင်ကြားပေးနေသော သင်တန်းများ

ဇယား (၃၁) သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လေ့ကျင့်သင်ကြားပေးနေသော သင်တန်းများ

| စဉ် | ဝန်ကြီးဌာန | သင်တန်း အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၁၁ | |
| ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၄၈ | |
| ၃ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ၆၇ | |
| ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၃ | |
| ၅ | စက်မှုဝန်ကြီးဌာန | ၁၆ | |
| ၆ | အလုပ်သမားဝန်ကြီးဌာန | ၆ | |
| ၇ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ၇၅ | |
| ၈ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁၀ | |
| ၉ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၁၅ | |
| ၁၀ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၉ | |
| | စုစုပေါင်း | ၂၆၀ | |

ဇယား(၃၂) သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လေ့ကျင့်သင်ကြားပေးနေသော သင်တန်းများ
၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ မှ ၂၀၂၄ ခုနှစ်၊ ဧပြီလထိ (အသေးစိတ်စာရင်း)

| စဉ် | ဝန်ကြီးဌာန | သင်တန်း အမျိုးအစား အရေအတွက် | ဖွင့်လှစ်ပြီး အကြိမ် အရေအတွက် | တက်ရောက်ပြီး ဦးရေ | တက်ရောက်ဆဲ ဦးရေ |
|---|---|---|---|---|---|
| ၁။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | ၁၅ | ၁၅၄ | ၅,၀၇၇ | ၁၅ |
| ၂။ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ၅၆ | ၁,၇၂၄ | ၃၇,၈၄၅ | ၂၇ |

| စဉ် | ဝန်ကြီးဌာန | သင်တန်း အမျိုးအစား အရေအတွက် | ဖွင့်လှစ်ပြီး အကြိမ် အရေအတွက် | တက်ရောက်ပြီး ဦးရေ | တက်ရောက်ဆဲ ဦးရေ |
|---|---|---|---|---|---|
| ၃။ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ၈၀ | ၁,၈၉၄ | ၃၄,၈၃၁ | ၂,၅၉၀ |
| ၄။ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၂၄ | ၂၅ | ၇၇၈ | – |
| ၅။ | စက်မှုဝန်ကြီးဌာန | ၁၀ | ၃၆ | ၁,၈၆၉ | ၅၄၄ |
| ၆။ | အလုပ်သမားဝန်ကြီးဌာန | ၁၂ | ၁၀၀ | ၂,၄၆၁ | – |
| ၇။ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ၉၃ | ၅၈၂ | ၁၁,၂၂၉ | – |
| ၈။ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၈ | ၃၅ | ၇၉၂ | ၁၀၆ |
| ၉။ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၄၈ | ၁၁၇ | ၂,၃၉၁ | ၉၅ |
| ၁၀။ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန | ၁၄ | ၂၁ | ၈၆၂ | – |
| စုစုပေါင်း | | **၃၆၀** | **၄,၆၈၈** | **၉၈,၁၃၅** | **၃,၃၇၇** |

## ၁၀။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အဆိုပြုထားသည့် စိုက်ပျိုးမွေးမြူရေးအခြေခံ OROP ထုတ်ကုန်ဦးစားပေးအမယ်များ

### One Region One Product (OROP)အဓိပ္ပာယ်ဖွင့်ဆိုချက်

ဒေသတွင်း ထွက်ရှိသည့်ကုန်ကြမ်းများကို အသုံးပြု၍ ဒေသ၏ထူးခြားသည့် တန်ဖိုးမြင့် ထုတ်ကုန်အဖြစ်ထုတ်လုပ်နိုင်သည့် ထုတ်ကုန်ဖြစ်သည့်အပြင် ဒေသတွင်းသာမက ပြည်တွင်း ပြည်ပဈေးကွက်များသို့ပါ ထိုးဖောက်ဝင်ရောက်နိုင်ရန် အလားအလာရှိခြင်း၊ ဒေသခံပြည်သူ လူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် အထောက်အပံ့ ပြုနိုင်သည့် ထုတ်ကုန်ကို ခေါ်ဆိုသတ်မှတ်ပါသည်။(အဆိုပါ ထုတ်ကုန်များ ကို ထုတ်လုပ်နိုင်ရန် ဒေသခံပြည်သူလူထုနှင့် အစိုးရအာဏာပိုင်အဖွဲ့အစည်းများမှလည်း စိတ်ပါဝင်စားစွာ ကူညီအားပေးမြှင့်တင်ဆောင်ရွက်ပေးသည့် ထုတ်ကုန်ဖြစ်ရပါမည်။)



ဒေသအတွင်းထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အခြေခံ၍ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး၊ ပြည်တွင်းလုံလောက်မှုမှ ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product – OROP) အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လမ်းညွှန်မှုအရ သက်ဆိုင်ရာဒေသအလိုက် OROP ထုတ်ကုန်အမယ်များ ရွေးချယ်၍ Action Plan များ ရေးဆွဲဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ ဒေသတစ်ခုထုတ်ကုန်တစ်ခု(OROP)၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ဒေသတွင်း ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ဒေသ၏ထူးခြားသည့် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်သည့် ထုတ်ကုန်ဖြစ်သည့်အပြင် ဒေသတွင်းသာမက ပြည်တွင်း/ ပြည်ပ ဈေးကွက်များသို့ပါ ထိုးဖောက်ဝင်ရောက်နိုင်ရန် အလားအလာရှိခြင်း၊ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် အထောက်အပံ့ပြုနိုင်သည့် ထုတ်ကုန်ကို ခေါ်ဆိုသတ်မှတ်ပါသည်။ အဆိုပါထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန် ဒေသခံပြည်သူလူထုနှင့် အစိုးရအာဏာပိုင် အဖွဲ့အစည်းများမှလည်း စိတ်ပါဝင်စားစွာ ကူညီအားပေး မြှင့်တင်ဆောင်ရွက်ပေးသည့် ထုတ်ကုန်ဖြစ်ရပါမည်။

**ဇယား (၃၃) ဒေသအလိုက် OROP ထုတ်ကုန် ဦးစားပေးအမယ်များ**

| စဉ် | OROP ထုတ်ကုန် ဦးစားပေးအမယ်များ | |
|---|---|---|
| ၁။ | **ကချင်ပြည်နယ်** | |
| | ၁ | ကချင်ရိုးရာအထည်(ကျား/မ) |
| | ၂ | တစ်သျှူးငှက်ပျော(မြစ်ကြီးနား) |
| | ၃ | ရှောက်ကော (ပူတာအို) |
| ၂။ | **ကယားပြည်နယ်** | |
| | ၁ | အဆင့်မြှင့်ဆန် |
| | ၂ | အစေ့ထုတ်ပြောင်း |
| | ၃ | ရိုးရာအဝတ်အထည်(ကယားလုံချည် ကျား/မ) |
| ၃။ | **ကရင်ပြည်နယ်** | |
| | ၁ | ဆန်/ဆန်ကွဲ |
| | ၂ | ရော်ဘာ (မှိုင်းခံ၊RSS 1) RSS = Ribbed Smoked Sheet |
| | ၃ | ရိုဘတ်စတာကော်ဖီစေ့/မှုန့် (သံတောင်) |
| ၄။ | **ချင်းပြည်နယ်** | |
| | ၁ | နွားနောက်အသားခြောက် |
| | ၂ | အာရေဗီးယားကော်ဖီစေ့/မှုန့် (တီးတိန်/ ကန်ပက်လက်) |
| | ၃ | ဝဥအလွှာခြောက် |
| ၅။ | **စစ်ကိုင်းတိုင်းဒေသကြီး** | |
| | ၁ | ရွှေဘိုပေါ်ဆန်း |
| | ၂ | နေကြာဆီ (ကလေးမြို့) |
| | ၃ | ခေါင်ခမ်းလက်ဖက်စို/ခြောက် |

| စဉ် | OROP ထုတ်ကုန် ဦးစားပေးအမယ်များ | |
|---|---|---|
| ၆။ | **တနင်္သာရီတိုင်းဒေသကြီး** | |
| | ၁ | ရော်ဘာ (မှိုင်းခံ၊ ခရမ်း၊ MSR)<br>MSR = Myanmar Standard Rubber |
| | ၂ | စားအုန်းဆီကြမ်း၊ ဆီအုန်းအစေ့ဆံဆီ (Kernel Oil) |
| | ၃ | ရေထွက်ကုန် (ရေငန်ငါး၊ ရေငန်ပုဇွန်၊ ဂျင်းခရု) |
| | ၄ | ငှက်သိုက် |
| ၇။ | **ပဲခူးတိုင်းဒေသကြီး** | |
| | ၁ | မုန့်ဖတ်ခြောက် (တောင်ငူ) |
| | ၂ | နို့နှင့်နို့ထွက်ပစ္စည်း (ပြည်) |
| | ၃ | ရိုဘတ်စတာကော်ဖီမှုန့်(တောင်ငူ) |
| ၈။ | **မကွေးတိုင်းဒေသကြီး** | |
| | ၁ | ဆီထွက်သီးနှံ (မြေပဲ၊နှမ်း၊ နေကြာ) |
| | ၂ | စားသုံးဆီ(မြေပဲ၊နှမ်း၊ နေကြာ) |
| | ၃ | ဝါ |
| | ၄ | ချည်ထည်အမျိုးမျိုး |
| | ၅ | ပဲတီစိမ်း၊ ပဲစဉ်းငုံ |
| | ၆ | ကြက်သွန်နီ |
| ၉။ | **မန္တလေးတိုင်းဒေသကြီး** | |
| | ၁ | အာရေဗီးယားကော်ဖီစေ့/မှုန့် (ပြင်ဦးလွင်) |
| | ၂ | ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) |
| | ၃ | စားသုံးဆီ (မြေပဲ၊ နှမ်း၊ နေကြာ) |
| | ၄ | စိန်တစ်လုံးသရက်(ကျောက်ဆည်) |
| | ၅ | ဝါ |
| | ၆ | ယွန်းထည်(ညောင်ဦး) |
| ၁၀။ | **မွန်ပြည်နယ်** | |
| | ၁ | ရော်ဘာ (မှိုင်းခံ (RSS 1,3,5) ၊ ခရမ်း (MSR 10,20) |
| | | သားရေကွင်း၊ ပူဖောင်း၊ ရော်ဘာသစ် |
| | | RSS = Ribbed Smoked Sheet<br>MSR = Myanmar Standard Rubber |
| | ၂ | သစ်သီးယိုမျိုးစုံ |
| | ၃ | ဒူးရင်းသီး (ရေးမြို့) |
| ၁၁။ | **ရခိုင်ပြည်နယ်** | |
| | ၁ | အရည်အသွေးမြင့်စပါး၊ အရည်အသွေး မြင့်ဆန် |
| | ၂ | အဆင့်မြင့်ရိုးရာရက်ကန်းအထည် |
| | ၃ | ငါး/ပုဇွန် (ရေချို/ရေငန်) |
| ၁၂။ | **ရန်ကုန်တိုင်းဒေသကြီး** | |
| | ၁ | ဆန်၊ ပေါင်းဆန်၊ ဆန်မှုန့် |
| | ၂ | တိရစ္ဆာန်အစားအစာ |
| | ၃ | ပဲတီစိမ်း |
| | ၄ | ရေချိုငါး |

| စဉ် | OROP ထုတ်ကုန် ဦးစားပေးအမယ်များ | |
|---|---|---|
| ၁၃။ | ရှမ်းပြည်နယ် | |
| | ၁ | လက်ဖက်ဆီ၊လက်ဖက်စို(ပင်းတယ)၊<br>လက်ဖက်ခြောက်(နမ့်ဆန်) |
| | ၂ | ရိုဗက်စတာ/အာရေဗီးယားကော်ဖီစေ့/မှုန့် (ရပ်စောက်၊ ဟိုပုံး) |
| | ၃ | ကြက်ဥ(တောင်ကြီး၊ ကျောက်မဲ) |
| | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | |
| | ၁ | အာရေဗီးယားကော်ဖီစေ့/မှုန့် (ရွာငံ) |
| | ၂ | Green Tea လက်ဖက်ခြောက် (ပင်းတယ) |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | |
| | ၁ | ဆန်/ဆန်ကွဲ၊ ပေါင်းဆန် |
| | ၂ | ငါးတန်ငါးအသားလွှာ၊ ငါးမြစ်ချင်း၊ ဝက်သား |
| | ၃ | ပီလောပီနံ |
| | ၄ | ကြိမ် ၊ ဝါး ၊ ဓနိလက်မှုထုတ်ကုန် |
| ၁၅။ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | |
| | ၁။ | အထည်အမျိုးမျိုး |
| | ၂။ | သစ်သီးဖျော်ရည်နှင့်ယိုမျိုးစုံ |
| | ၃။ | ပဲကြော်၊ ပဲလှော် |
| | ၄။ | မှိုစ်နှင့်မှိုစ်ချဉ် (ပျဉ်းမနား) |

## ၁၁။ စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်လုပ်မှုလုပ်ငန်းများနှင့် MSME ကဏ္ဍ ရှိ OROP ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သုံးသပ်ချက်များ

စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်လုပ်မှုလုပ်ငန်းများနှင့် ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် OROP ဦးစားပေးထုတ်ကုန် ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အားပေးမြှင့်တင်ပေးရမည့်အချက်များကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ထုတ်လုပ်မှုနှင့် ထောက်ပံ့ပေးသွင်းနေသည့် လုပ်ငန်းများကို စနစ်တကျဖော်ထုတ်၍ ထိုထုတ်လုပ်မှု လုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တစ်ဦးချင်း တစ်ပိုင်တစ်နိုင်လုပ်ငန်းများ၊ သမဝါယမအစုအဖွဲ့ပိုင်လုပ်ငန်းများဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်စေရေး သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ ထောက်ပံ့ကူညီအားပေးရန်၊

(ခ ) ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဒေသတွင်းနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များ ပိုမိုရရှိလာစေရန် ထုတ်ကုန် ပြပွဲ၊ ပြိုင်ပွဲများ၊ Business Matching များ ပြုလုပ် ဆောင်ရွက်ပေးရန်၊

(ဂ ) ပြည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး စီးပွားရေးဝန်းကျင်ကောင်းများနှင့် လိုအပ်သည့်အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ပေးရန်၊

(ဃ) နည်းပညာ၊ ငွေကြေး၊ ဈေးကွက်၊ ကျွမ်းကျင်လုပ်သား၊ ကုန်ကြမ်း၊ စက်ပစ္စည်း၊ မျိုးမြေ၊ ရေ၊ နည်းစနစ် စသည့် လိုအပ်ချက်များ ပံ့ပိုးပေးရန်၊

(င) Good Agriculture Practice (GAP), Good Aquaculture Practice (GAqP) တို့နှင့်အညီ စိုက်ပျိုးမွေးမြူနိုင်ရေး ပံ့ပိုးပေးရန်၊

(စ) ကုန်စည်စီးဆင်းမှုနှင့် ငွေကြေးစီးဆင်းမှုများ လွယ်ကူချောမွေ့စေရေး ပံ့ပိုးပေးရန်၊

(ဆ) ခေတ်မီမွေးမြူရေးနှင့် ကုသရေးနည်းစနစ်များ၊ စီမံခန့်ခွဲမှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးပေးရန်၊

(ဇ) ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်း၊ ကျွမ်းကျင်မှုစံသတ်မှတ်ပေးခြင်းနှင့် သင်တန်းကျောင်းများ တည်ဆောက်ပေးခြင်းနှင့် စိုက်ပျိုးမွေးမြူရေးဇုန်များ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ပေးရန်၊

(ဈ) ဒေသအလိုက် OROP အစီအစဉ်များကို ရေးဆွဲပြီး ဒေသခံပြည်သူလူထုနှင့် ဒေသအစိုးရအဖွဲ့အစည်းများမှ အတူလက်တွဲပူးပေါင်း ဆောင်ရွက်ခြင်းအားဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်ပေးရန်။

## OROP စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ချက်ဖြစ်သည့် ဒေသတွင်းထွက်ရှိသည့် ကုန်ကြမ်းများကို တန်ဖိုးမြင့် ထုတ်ကုန်အဖြစ်ထုတ်လုပ်နိုင်ရန်၊ ဒေသခံပြည်သူလူထု၏ ထုတ်လုပ်မှု စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံစီးပွားမြင့်တင်နိုင်ရေးအတွက် အထောက်အပံ့ပြုနိုင်သည့် ဦးစားပေး OROP ထုတ်ကုန်များ သတ်မှတ်ပြီး အားပေးမြှင့်တင်နိုင်ရန်နှင့် ကျေးလက်နှင့် ဝေးလံခေါင်သီသော ဒေသများတွင် One Region One Product (OROP) ၏ ကြီးမားသော အကျိုးဖြစ်ထွန်းစေမှု နှင့် ဒေသတွင်းနှင့် ပြည်ပဈေးကွက်များ လက်လှမ်းမီမှုတို့ကို မြှင့်တင်နိုင်ရန်၊ OROP မှ ရရှိလာသည့် အခွင့်အလမ်းများကို အသုံးချရန် ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒေသတစ်ခုထုတ်ကုန်တစ်ခု မြှင့်တင်ရေးစီမံကိန်းကို အသေးစားဖွံ့ဖြိုးမှုစီမံကိန်း (Small Development Project-SDP) အဖြစ် အိန္ဒိယနိုင်ငံ၏အကူအညီဖြင့် စီမံကိန်းတန်ဖိုး အမေရိကန် ဒေါ်လာ ၇၅၅,၀၀၀ ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး စက်မှု ဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံအစိုးရအကြား နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

| | | |
|---|---|---|
| စီမံကိန်းရန်ပုံငွေ | - | အမေရိကန်ဒေါ်လာ ၇၅၅,၀၀၀ |
| ရန်ပုံငွေအထောက်အပံ့ | - | အိန္ဒိယနိုင်ငံအစိုးရ |
| စီမံကိန်းကာလ | - | (၂) နှစ်၊ ၂၀၂၄ ခုနှစ်၊ ဧပြီ လ မှ ၂၀၂၆ ခုနှစ် မတ်လအထိ |
| စီမံကိန်းအကောင်အထည်ဖော်မည့်ဒေသ | - | မကွေးတိုင်းဒေသကြီး၊ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် |

ရရှိမည့်အကျိုးကျေးဇူး - သင်တန်းနှင့်အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော သတင်းအချက်အလက်များ၊ အရင်းအမြစ်များ၊ အကြံပြုချက်များနှင့် လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ခြင်းဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် သက်ဆိုင်သူများအကြားOROP သတင်းအချက်အလက်နှင့် အရင်းအမြစ်များကို ဖြန့်ဝေနိုင်ခြင်း၊

- ဒေသတစ်ခုစီ၏ ယဉ်ကျေးမှုနှင့် ထူးခြားမှုတို့ကို ထင်ဟပ်စေမည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့် ကျွမ်းကျင်မှုနှင့် အသိပညာများ ရရှိပြီး OROP Support Center မှတစ်ဆင့် ဒေသအလိုက် OROP ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ရန် ဝန်ဆောင်မှုများ ပေးနိုင်ခြင်း။

**စီမံကိန်းအားအဆင့် ၃ဆင့်ဖြင့် အကောင်အထည်ဖော်ခြင်း**

စီမံကိန်းပထမအဆင့် - သက်ဆိုင်ရာ ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ခြင်းနှင့် ရွေးချယ်ထားသောဒေသများ၏ အလားအလာရှိသော ထုတ်ကုန်များနှင့် အမှန်တကယ် လိုအပ်ချက်များ နှင့် ပတ်သက်၍ အကဲဖြတ်မှု စစ်တမ်းကောက်ယူခြင်း၊

စီမံကိန်းဒုတိယအဆင့် - စစ်တမ်းရလဒ်များအပေါ် အခြေခံ၍ ၃ ရက်ကြာ သင်တန်း (သို့မဟုတ်) အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၊

စီမံကိန်းတတိယအဆင့် - ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် OROP ပံ့ပိုးကူညီရေးစင်တာ တည်ထောင်ခြင်း။

ပုံ(၉၈) စီမံကိန်းအဆင့် (၃)ဆင့်အား အကောင်အထည်ဖော်ခြင်း



## ၁၂။ MSME Webportal နှင့် Online Registration ဆောင်ရွက်ပေးနေမှု အခြေအနေများ

### ၁၂.၁။ MSME Webportal (www.msmewebportal.gov.mm)တွင် MSME များ လေ့လာနိုင်ရန် အတွက် သတင်းအချက်အလက် လွှင့်တင်ထားရှိမှုအခြေအနေများ

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ သတင်းအချက်အလက် လွယ်ကူမြန်ဆန်စွာ ရရှိနိုင်ရန် MSME Webportal (www.msmewebportal.gov.mm)တွင် MSME လုပ်ငန်းရှင်များ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို လွှင့်တင်ဆောင်ရွက် ပေးလျက်ရှိပါသည်။ MSME Webportal တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ တို့ဖွဲ့စည်းထားရှိမှုများ၊ MSME များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အပံ့ပေး ဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာနအလိုက် ပို့ချပေးလျက်ရှိသည့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ၊ SME မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ MSME များ လေ့လာမှတ်သားရန်လိုအပ်သည့် စာအုပ်စာတမ်းများ၊ ချေးငွေဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်ပေးနေမှုများ၊ အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် စာရင်းအင်းအချက်အလက်များစသည်တို့ကို လွှင့်တင်ထားရှိပါသည်။

SME ဥပဒေအား ပြင်ဆင်နိုင်ရေး ဆောင်ရွက်ခြင်း၊ မှတ်ပုံတင်ကြေး နှုန်းထားများ သတ်မှတ်နိုင်ရေးနှင့် ပေးသွင်းရမည့် ငွေစာရင်းခေါင်းစဉ်များ သတ်မှတ်နိုင်ရေးတို့အတွက် ဆောင်ရွက်နေစဉ်ကာလအတွင်း၌ Online Registration စနစ်ဖြင့် SME Member Card (အသစ်) လျှောက်ထားသူများကို ယာယီမှတ်ပုံတင်လက်မှတ်ကိုပါ ပူးတွဲထုတ်ပေးခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

ပုံ (၉၉) MSME Webportal လွှင့်တင်ထားမှု အခြေအနေ



အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအား ပြင်ဆင်ပြီးပါက ဥပဒေအရ လုပ်ငန်းအရွယ်အစား သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းကို Online မှ လျှောက်ထား၍ မှတ်ပုံတင်ကြေးကို e-Payment စနစ်ဖြင့် ပေးသွင်းနိုင်ရေး Online Registration & e-Payment စနစ်အား ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

**ပုံ (၁၀၀) Online Registration ဖြင့် SME မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ဆောင်ရွက်ပုံအဆင့်ဆင့်**






## ၁၂.၂။ SME Member Card/ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားရှိမှု အခြေအနေ

**ဇယား(၃၄) ထုတ်ပေးပြီး SME Member Card /ယာယီမှတ်ပုံတင်လက်မှတ်များ၏ လုပ်ငန်းအရွယ်အစားအလိုက်စာရင်း**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | အသေး စား | အလတ် စား | ပေါင်း | ရာခိုင် နှုန်း |
|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၈၄၂ | ၈၄ | ၉၂၆ | ၁.၉၇၃ |
| ၂ | ကယားပြည်နယ် | ၂၉၀ | ၇၅ | ၃၆၅ | ၀.၇၇၈ |
| ၃ | ကရင်ပြည်နယ် | ၅၈၂ | ၆၇ | ၆၄၉ | ၁.၃၈၃ |
| ၄ | ချင်းပြည်နယ် | ၁၈၈၇ | ၁၈ | ၁၉၀၅ | ၄.၀၅၈ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၄၁၈ | ၄၄၀ | ၂၈၅၈ | ၆.၀၈၈ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁၅၆၄ | ၁၀၀ | ၁၆၆၄ | ၃.၅၄၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၃၁၁၃ | ၆၀၇ | ၃၇၂၀ | ၇.၉၂၅ |
| ၈ | မကွေးတိုင်းဒေသကြီး | ၃၁၅၅ | ၃၁၃ | ၃၄၆၈ | ၇.၃၈၈ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆၁၂၀ | ၁၆၅၅ | ၇၇၇၅ | ၁၆.၅၆၃ |
| ၁၀ | မွန်ပြည်နယ် | ၁၂၈၇ | ၃၂၀ | ၁၆၀၇ | ၃.၄၂၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၁၃၆၅ | ၁၀၇ | ၁၄၇၂ | ၃.၁၃၆ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၅၀၁၀ | ၃၈၄၉ | ၈၈၅၉ | ၁၈.၈၇၂ |
| ၁၃ | ရှမ်းပြည်နယ် | ၃၇၆၁ | ၁၀၄၅ | ၄၈၀၆ | ၁၀.၂၃၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၃၅၀၄ | ၁၇၀၁ | ၅၂၀၅ | ၁၁.၀၈၈ |
| ၁၅ | နေပြည်တော် | ၁၂၈၄ | ၃၈၀ | ၁၆၆၄ | ၃.၅၄၅ |
| | **စုစုပေါင်း** | ၃၆၁၈၂ | ၁၀၇၆၁ | ၄၆၉၄၃ | ၁၀၀ |

**ပုံ (၁၀၁) ထုတ်ပေးပြီး SME Member Card /ယာယီမှတ်ပုံတင်လက်မှတ်များ၏ လုပ်ငန်းအရွယ်အစားအလိုက်စာရင်း**






ပုံ (၁၀၂) ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ SME Member Card /ယာယီမှတ်ပုံတင်လက်မှတ်
ထုတ်ပေးမှုအခြေအနေ




ဇယား (၃၅) ၃၀. ၄. ၂၀၂၄ ရက်နေ့အထိ သက်တမ်းရှိ SME Member Card အရေအတွက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ | သက်တမ်းရှိကတ်အရေအတွက် | | | မှတ်ချက် |
|---|---|---|---|---|---|
| | | အသေးစား | အလတ်စား | ပေါင်း | |
| ၁ | ကချင်ပြည်နယ် | ၄၄၉ | ၆၁ | ၅၁၀ | |
| ၂ | ကယားပြည်နယ် | ၅၈ | ၁၄ | ၇၂ | |
| ၃ | ကရင်ပြည်နယ် | ၂၉၉ | ၃၃ | ၃၃၂ | |
| ၄ | ချင်းပြည်နယ် | ၁၇ | ၁ | ၁၈ | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၀၉ | ၁၈၃ | ၇၉၂ | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂၃၅ | ၄၁ | ၂၇၆ | |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁၁၉၁ | ၃၀၀ | ၁၄၉၁ | |
| ၈ | မကွေးတိုင်းဒေသကြီး | ၁၀၀၄ | ၁၇၀ | ၁၁၇၄ | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၉၄၅ | ၇၂၉ | ၂၆၇၄ | |

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ | သက်တမ်းရှိကတ်အရေအတွက် | | | မှတ်ချက် |
|---|---|---|---|---|---|
| | | အသေးစား | အလတ်စား | ပေါင်း | |
| ၁၀ | မွန်ပြည်နယ် | ၃၇၄ | ၁၅၄ | ၅၂၈ | |
| ၁၁ | ရခိုင်ပြည်နယ် | ၇၀၂ | ၆၃ | ၇၆၅ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၉၃၀ | ၁၄၆၄ | ၃၃၉၄ | |
| ၁၃ | ရှမ်းပြည်နယ် | ၈၄၇ | ၄၃၀ | ၁၂၇၇ | |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉၁၂ | ၇၁၄ | ၁၆၂၆ | |
| ၁၅ | နေပြည်တော် | ၆၀၄ | ၂၁၀ | ၈၁၄ | |
| | စုစုပေါင်း | ၁၁၁၇၆ | ၄၅၆၇ | ၁၅၇၄၃ | |

ဇယား (၃၆) ဝန်ဆောင်မှုကဏ္ဍမှ လုပ်ငန်းအမျိုးအစားအလိုက်စာရင်းချုပ်

| စဉ် | MSIC Code | လုပ်ငန်းအမျိုးအစား | အသေးစား | အလတ်စား | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | D-၃၅ | လျှပ်စစ်ဓာတ်အား၊ ဓါတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအားပေးမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ | ၃၃ | ၁၇ | ၅၀ |
| ၂ | E-၃၆ | ရေဖြန့်ဝေခြင်းနှင့် မိလ္လာအညစ်အကြေး၊ ရေဆိုး၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲခြင်းနှင့် ကုစားခြင်းလုပ်ငန်းများ | ၇ | ၄ | ၁၁ |
| ၃ | F-၄၁ | ဆောက်လုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ | ၃၄၀ | ၆၂၅ | ၉၆၅ |
| ၄ | H-၄၉ | သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ | ၄၅၄ | ၁၉၇ | ၆၅၁ |
| ၅ | I-၅၅ | တည်းခိုခြင်းနှင့် အစားအသောက် ဝန်ဆောင်မှု လုပ်ငန်းများ | ၅၆၁ | ၃၃၂ | ၈၉၃ |
| ၆ | J-၅၈ | သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ | ၁၀၁ | ၄၇ | ၁၄၈ |
| ၇ | K-၆၄ | ငွေရေးကြေးရေးနှင့်အာမခံဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ | ၂၅ | ၇ | ၃၂ |
| ၈ | L-68 | အိမ်ခြံမြေအကျိုးဆောင် ဝန်ဆောင်မှုလုပ်ငန်းများ | ၃၇ | ၁၂ | ၄၉ |
| ၉ | M-69 | အသိပညာ၊ အတတ်ပညာ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ | ၁၂၃ | ၄၁ | ၁၆၄ |
| ၁၀ | N-77 | စီမံခန့်ခွဲမှုနှင့် အထောက်အကူပြုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ | ၅၈၆ | ၁၅၈ | ၇၄၄ |
| ၁၁ | p-85 | ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ | ၃၆၆ | ၂၁၅ | ၅၈၁ |
| ၁၂ | Q-86 | ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ | ၁၂၅ | ၆၆ | ၁၉၁ |
| ၁၃ | R-90 | အနုပညာဆိုင်ရာ ပညာရပ်များ၊ ဖျော်ဖြေမှုများနှင့် တီထွင်ဖန်တီးမှုများ | ၅၈ | ၇ | ၆၅ |

| စဉ် | MSIC Code | လုပ်ငန်းအမျိုးအစား | အသေးစား | အလတ်စား | စုစုပေါင်း |
|---|---|---|---|---|---|
| ၁၄ | T-97 | အိမ်ထောင်စုနှင့် သက်ဆိုင်သော လုပ်ငန်းများ ဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းများ | ၈ | ၁ | ၉ |
| ၁၅ | C-33 | စက်နှင့်စက်ကိရိယာများ ပြင်ဆင်ခြင်းနှင့် တပ်ဆင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ | ၂၅၄ | ၂၄ | ၂၇၈ |
| ၁၆ | C-29 | မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း လုပ်ငန်း များ | ၆၇၀ | ၉၀ | ၇၆၀ |
| ၁၇ | C-18 | ပုံနှိပ်ခြင်းနှင့် မှတ်တမ်းအချက်အလက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ | ၂၄၆ | ၆၃ | ၃၀၉ |
| ၁၈ | A-01 | စိုက်ပျိုးရေး၊ မွေးမြူရေး၊ တွင်းထွက်နှင့်သစ်တောထွက် ပစ္စည်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ | ၃၀ | ၁၀ | ၄၀ |
| ၁၉ | S-94 | အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၁၁၄၈ | ၄၂၃ | ၁၅၇၁ |
| | | စုစုပေါင်း | ၅၁၇၂ | ၂၃၃၉ | ၇၅၁၁ |

ဇယား (၃၇) ထုတ်လုပ်မှုကဏ္ဍမှ လုပ်ငန်းအမျိုးအစားအလိုက်စာရင်း

| စဉ် | MSIC Code | လုပ်ငန်းအမျိုးအစား | အသေးစား | အလတ်စား | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | C-10 | အစားအစာထုတ်လုပ်မှုလုပ်ငန်း | ၈၄၉၈ | ၁၀၀၇ | ၉၅၀၅ |
| ၂ | C-11 | အဖျော်ယမကာထုတ်လုပ်မှုလုပ်ငန်း | ၄၄ | ၅ | ၄၉ |
| ၃ | C-12 | ဆေးရွက်ကြီးနှင့်ပတ်သက်သော ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း | ၂၈ | ၅ | ၃၃ |
| ၄ | C-13 | အထည်အလိပ်လုပ်ငန်း | ၅၄၁ | ၂၇ | ၅၆၈ |
| ၅ | C-14 | ဝတ်ဆင်ရန်အထည်များထုတ်လုပ်မှုလုပ်ငန်း | ၈၉၉ | ၇၉ | ၉၇၈ |
| ၆ | C-15 | သားရေနှင့်ပတ်သက်သောကုန်ပစ္စည်းများ ထုတ်လုပ်မှု လုပ်ငန်း | ၂၃၅ | ၉ | ၂၄၄ |
| ၇ | C-16 | သစ်နှင့်သစ်အချောထည် ထုတ်လုပ်မှုလုပ်ငန်း | ၇၃၃ | ၇၄ | ၈၀၇ |
| ၈ | C-17 | စက္ကူနှင့်စက္ကူထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်း | ၇၂ | ၁၆ | ၈၈ |
| ၉ | C-19 | ကျောက်မီးသွေးနှင့်ရေနံစိမ်းထုတ်ကုန်များ ထုတ်လုပ်မှု လုပ်ငန်း | ၁၆၁ | ၁၅ | ၁၇၆ |
| ၁၀ | C-20 | ဓါတုဗေဒပစ္စည်းနှင့် ဓါတုဗေဒထုတ်ကုန်များ ထုတ်လုပ်မှု လုပ်ငန်း | ၂၂၀ | ၁၆ | ၂၃၆ |
| ၁၁ | C-21 | ဆေးဝါးနှင့်ရုက္ခဗေဒဆိုင်ရာထုတ်ကုန်များ ထုတ်လုပ်မှု လုပ်ငန်း | ၁၅၈ | ၁၅ | ၁၇၃ |
| ၁၂ | C-22 | ရော်ဘာနှင့် ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း | ၃၇၄ | ၇၉ | ၄၅၃ |
| ၁၃ | C-23 | သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှု လုပ်ငန်း | ၉၀၆ | ၉၀ | ၉၉၆ |
| ၁၄ | C-24 | အခြေခံသတ္တုပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း | ၁၀၈၈ | ၅၂ | ၁၁၄၀ |

| စဉ် | MSIC Code | လုပ်ငန်းအမျိုးအစား | အသေးစား | အလတ်စား | စုစုပေါင်း |
|---|---|---|---|---|---|
| ၁၅ | C-25 | သတ္တုသန့်စင်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း | ၂၃၅ | ၂၂ | ၂၅၇ |
| ၁၆ | C-26 | ကွန်ပျူတာနှင့် အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း | ၃ | ၁ | ၄ |
| ၁၇ | C-27 | လျှပ်စစ်ကိရိယာများ ထုတ်လုပ်မှုလုပ်ငန်း | ၂၅ | ၄ | ၂၉ |
| ၁၈ | C-28 | စက်နှင့်စက်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း | ၈၄၅ | ၂၉ | ၈၇၄ |
| ၁၉ | C-29 | မော်တော်ယာဉ်အမျိုးမျိုးနှင့် ပစ္စည်းတင်ယာဉ်များ ထုတ်လုပ်မှုလုပ်ငန်း | ၂၉ | ၅ | ၃၄ |
| ၂၀ | C-30 | အခြားသယ်ယူပို့ဆောင်ရေးဆိုင်ရာ စက်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း | ၁၁ | ၄ | ၁၅ |
| ၂၁ | C-31 | ပရိဘောဂထုတ်လုပ်မှုလုပ်ငန်း | ၄၇၇ | ၁၈ | ၄၉၅ |
| ၂၂ | A-01 | စိုက်ပျိုးရေး၊ မွေးမြူရေး၊ တွင်းထွက်နှင့်သစ်တောထွက် ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း | ၃၃၃ | ၁၈ | ၃၅၁ |
| ၂၃ | C-32 | အခြားကုန်ပစ္စည်းများထုတ်လုပ်ခြင်း | ၁၀၁၈ | ၆၀ | ၁၀၇၈ |
| | | **စုစုပေါင်း** | **၁၆၉၃၃** | **၁၆၅၀** | **၁၈၅၈၃** |

**ဇယား (၃၈) ရောင်းဝယ်မှုကဏ္ဍမှ လုပ်ငန်းအမျိုးအစားအလိုက်စာရင်း**

| စဉ် | MSIC Code | လုပ်ငန်းအမျိုးအစား | အသေးစား | အလတ်စား | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | C-၁၀ | အစားအစာရောင်းဝယ်မှုလုပ်ငန်း | ၂၅၈၈ | ၂၀၀၄ | ၄၅၉၂ |
| ၂ | C-၁၁ | အဖျော်ယမကာရောင်းဝယ်မှုလုပ်ငန်း | ၄၅ | ၅၇ | ၁၀၂ |
| ၃ | C-၁၂ | ဆေးရွက်ကြီးနှင့်ပတ်သက်သော ကုန်ပစ္စည်းရောင်းဝယ်မှုလုပ်ငန်း | ၃ | ၅ | ၈ |
| ၄ | C-၁၃ | အထည်အလိပ်ရောင်းဝယ်မှုလုပ်ငန်း | ၆၂ | ၅၁ | ၁၁၃ |
| ၅ | C-၁၄ | ဝတ်ဆင်ရန်အထည်များရောင်းဝယ်မှုလုပ်ငန်း | ၅၀၅ | ၃၃၆ | ၈၄၁ |
| ၆ | C-၁၅ | သားရေနှင့်ပတ်သက်သောကုန်ပစ္စည်းများ ရောင်းဝယ်မှုလုပ်ငန်း | ၃၈ | ၂၃ | ၆၁ |
| ၇ | C-၁၆ | သစ်နှင့်သစ်အချောထည် ရောင်းဝယ်မှုလုပ်ငန်း | ၄၅ | ၅၀ | ၉၅ |
| ၈ | C-၁၇ | စက္ကူနှင့်စက္ကူထုတ်ကုန်များ ရောင်းဝယ်မှုလုပ်ငန်း | ၃၆ | ၁၁ | ၄၇ |
| ၉ | C-၁၉ | ကျောက်မီးသွေးနှင့်ရေနံစိမ်းထုတ်ကုန်များ ရောင်းဝယ်မှုလုပ်ငန်း | ၉၈ | ၁၉၁ | ၂၈၉ |
| ၁၀ | C-၂၀ | ဓါတုဗေဒပစ္စည်းနှင့်ဓါတုဗေဒထုတ်ကုန်များ ရောင်းဝယ်မှုလုပ်ငန်း | ၁၃၇ | ၁၃၀ | ၂၆၇ |
| ၁၁ | C-၂၁ | ဆေးဝါးနှင့်ရုက္ခဗေဒဆိုင်ရာထုတ်ကုန်များ ရောင်းဝယ်မှုလုပ်ငန်း | ၁၉၇ | ၁၈၀ | ၃၇၇ |
| ၁၂ | C-၂၂ | ရော်ဘာနှင့် ပလတ်စတစ်ပစ္စည်းများ ရောင်းဝယ်မှုလုပ်ငန်း | ၅၈ | ၅၀ | ၁၀၈ |

| စဉ် | MSIC Code | လုပ်ငန်းအမျိုးအစား | အသေးစား | အလတ်စား | စုစုပေါင်း |
|---|---|---|---|---|---|
| ၁၃ | C-၂၃ | သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများ ရောင်းဝယ်မှုလုပ်ငန်း | ၁၆၂ | ၁၂၆ | ၂၈၈ |
| ၁၄ | C-၂၄ | အခြေခံသတ္တုပစ္စည်းများ ရောင်းဝယ်မှုလုပ်ငန်း | ၁၆၆၆ | ၁၄၂၈ | ၃၀၉၄ |
| ၁၅ | C-၂၅ | သတ္တုသန့်စင်ပစ္စည်းများ ရောင်းဝယ်မှုလုပ်ငန်း | ၂၆ | ၆၁ | ၈၇ |
| ၁၆ | C-၂၆ | ကွန်ပျူတာနှင့် အီလက်ထရောနစ် ပစ္စည်းများ ရောင်းဝယ်မှုလုပ်ငန်း | ၃၀၀ | ၂၁၉ | ၅၁၉ |
| ၁၇ | C-၂၇ | လျှပ်စစ်ကိရိယာများ ရောင်းဝယ်မှုလုပ်ငန်း | ၁၂၉ | ၁၂၉ | ၂၅၈ |
| ၁၈ | C-၂၈ | စက်နှင့်စက်ပစ္စည်းများ ရောင်းဝယ်မှု လုပ်ငန်း | ၁၈၃ | ၁၈၇ | ၃၇၀ |
| ၁၉ | C-၂၉ | မော်တော်ယာဉ်အမျိုးမျိုးနှင့် ပစ္စည်း တင်ယာဉ်များရောင်းဝယ်မှုလုပ်ငန်း | ၅၉ | ၈၁ | ၁၄၀ |
| ၂၀ | C-၃၀ | အခြားသယ်ယူပို့ဆောင်ရေးဆိုင်ရာ စက်ပစ္စည်းများ ရောင်းဝယ်မှုလုပ်ငန်း | ၄၉ | ၅၄ | ၁၀၃ |
| ၂၁ | C-၃၁ | ပရိဘောဂရောင်းဝယ်မှုလုပ်ငန်း | ၆၉ | ၆၄ | ၁၃၃ |
| ၂၂ | A-၀၁ | စိုက်ပျိုးရေး၊ မွေးမြူရေး၊ တွင်းထွက်နှင့် သစ်တောထွက်ပစ္စည်း ရောင်းဝယ်မှု လုပ်ငန်း | ၂၂၄ | ၃၄၀ | ၅၆၄ |
| ၂၃ | C-၃၂ | အခြားကုန်ပစ္စည်းများရောင်းဝယ်မှု လုပ်ငန်း | ၇၂ | ၅၅ | ၁၂၇ |
| | | စုစုပေါင်း | ၆၇၅၁ | ၅၈၃၂ | ၁၂၅၈၃ |

ဇယား (၃၉) အခြားကဏ္ဍမှ လုပ်ငန်းအမျိုးအစားအလိုက်စာရင်း

| စဉ် | MSIC Code | လုပ်ငန်းအမျိုးအစား | အသေးစား | အလတ်စား | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | A-01 | စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း | ၇၁၆၁ | ၈၀၇ | ၇၉၆၈ |
| ၂ | B-05 | သတ္တုတူးဖော်ခြင်းနှင့် ကျောက်တူးဖော်ခြင်းလုပ်ငန်း | ၆ | ၈ | ၁၄ |
| ၃ | C-32 | အခြားအထွေထွေလုပ်ငန်းများ | ၁၅၉ | ၁၂၅ | ၂၈၄ |
| | | စုစုပေါင်း | ၇၃၂၆ | ၉၄၀ | ၈၂၆၆ |

## ၁၂.၃။ MSME များ၏ Digital စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများဆောင်ရွက်ခြင်း

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ မြန်မာနိုင်ငံတွင် Digital Economy ကို အောင်မြင်စွာ တည်ထောင်နိုင်ရန် Master Plan နှင့် ရေတို၊ ရေရှည်စီမံကိန်းများ အကောင်အထည်ဖော်ရန် အတွက် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ(Digital Economy Development Committee) ကို ဖွဲ့စည်းခဲ့ပြီး ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီအနေဖြင့် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လမ်းပြမြေပုံ (Myanmar Digital Economy Roadmap) ကို မဏ္ဍိုင်(၄)ခု၊ မဟာဗျူဟာအခြေခံမှုဘောင်(၆) ရပ်၊ ဦးစားပေးနယ်ပယ် (၉) ခု၊ ရည်မှန်းချက် (၁၄) ခုနှင့် Action Plan (၄၈) ခုအရ ဆပ်ကော်မတီ (၅) ခုမှ သက်ဆိုင်ရာ ကဏ္ဍများ အောင်မြင်စေရန် မူဝါဒများချမှတ်ရာတွင်လည်းကောင်း၊ ဥပဒေများ ရေးဆွဲရာ တွင်လည်းကောင်း အကြံပေးခြင်း၊ Digital Transformation အတွက် လူ့စွမ်းအား အရင်း အမြစ်များ ပြုစုပျိုးထောင်ပေးခြင်း၊ Hard and Soft Infrastructure နှင့် Service Infrastructure များ မြှင့်တင်တည်ဆောက်ခြင်း၊ Digital Startup များ ပေါ်ထွက်လာစေရန် နှင့် Digital Ecosystem ပေါ်ထွန်းလာစေရန် အားပေးကူညီခြင်းများ ဆောင်ရွက်လျက်ရှိပါ သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် MSME လုပ်ငန်းများနှင့် ဦးစားပေးကဏ္ဍများ Digital အသွင် ကူးပြောင်းရေးလုပ်ငန်းကော်မတီကို အဖွဲ့ဝင် (၂၄) ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်များ ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ထုတ်ကုန်များကို Digital Platform အသုံးပြု၍ နိုင်ငံ တကာဈေးကွက်ရှာဖွေနိုင်ရေးစီစဉ်ပေးရန်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းများနှင့် ဦးစားပေးကဏ္ဍကြီး(၉)ခုကို ဒီဂျစ်တယ်နည်းပညာများ ထိရောက်စွာ အသုံးပြုလာနိုင်စေရေး စီမံဆောင်ရွက်ရန်၊ ဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံပါ သက်ဆိုင်ရာ Action Plan များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် Digital Startup များ ထွက်ပေါ်လာစေရန် အားပေးကူညီခြင်းများကို ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းတာဝန်များ ကိုဆောင်ရွက်လျက်ရှိပါသည်။

**ပုံ(၁၀၃)MSME လုပ်ငန်းများနှင့် ဦးစားပေးကဏ္ဍများ Digital အသွင်ကူးပြောင်းရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခြင်း**





## ၁၃။ အကြံပြုသုံးသပ်တင်ပြချက်

- ❖ MSME များနှင့် အကြီးစားစက်မှုလုပ်ငန်းများသည် အပြန်အလှန်အကျိုးပြု ချိတ်ဆက်ခြင်းနှင့် အထောက်အပံ့ပြုလျက်ရှိခြင်း၊
- ❖ MSME များမှ လိုအပ်သော နည်းပညာအထောက်အပံ့၊ နည်းပညာ လွှဲပြောင်းရယူနိုင်မှုများသည် စက်မှုလုပ်ငန်းကြီးများနှင့် ဝင်ရောက်လာ သည့် FDF များမှ ရယူနိုင်ခြင်း၊
- ❖ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ ဆင့်ကဲဖြစ်စဉ်အဖြစ် မေခရိုစီးပွားရေးဖွံ့ဖြိုး တိုးတက်လာခြင်း အခန်းကဏ္ဍတွင် MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး သည် အလွန်အရေးပါလျက်ရှိခြင်း၊
- ❖ ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်လာခြင်းအတွက် MSME ဖွံ့ဖြိုး တိုးတက်ရေးသည် အဓိကအကြောင်းအရင်း (Root Cause) ဖြစ်ခြင်း၊
- ❖ အာဆီယံ MSME မူဝါဒအညွှန်းကိန်းများအရ မြန်မာနိုင်ငံ၏ အညွှန်း ကိန်းရလဒ်သည် အာဆီယံ ပျမ်းမျှအောက်တွင် ရှိနေသေးခြင်းကို တွေ့ရှိ ရပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆောင်ရွက်ပေးရန် လိုအပ်လျက် ရှိခြင်း၊
- ❖ စက်မှုကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စက်မှုလုပ်ငန်း ကြီးများနှင့် MSME လုပ်ငန်းများအကြား "ချိတ်ဆက်ဆောင်ရွက်မှု မဟာ ဗျူဟာ"တစ်ရပ် ပေါ်ထွန်းလာရေးသည် အရေးကြီး လိုအပ်လျက်ရှိခြင်း၊
- ❖ လက်ရှိ MSME များသည် အခက်အခဲများပေါင်းစုံနှင့် ရင်ဆိုင်တွေ့ကြုံ လျက်ရှိခြင်းနှင့် ရင်သန်နိုင်ရန် ခက်ခဲလျက်ရှိခြင်းတို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးရန် အထူးလိုအပ်လျက်ရှိခြင်း၊
- ❖ စက်မှုလုပ်ငန်းများအချင်းချင်း ချိတ်ဆက်ပေါင်းစည်းခြင်းနှင့် MSME လုပ်ငန်းတူများ၊ အစုအဖွဲ့များ ဖြစ်ထွန်းလာစေရန်အတွက် ဆောင်ရွက် ပေးရန်လိုအပ်လျက်ရှိခြင်း၊
- ❖ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် "အစိုးရ၊ ပုဂ္ဂလိကနှင့် အသင်းအဖွဲ့ (ပညာရေး စသည့်)" တို့သည် ပေါင်းစည်းဆောင်ရွက်ရန် လိုအပ်လျက်ရှိခြင်း၊
- ❖ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ထိရောက်စွာကူညီပံ့ပိုး ဆောင်ရွက်ပေးနိုင်ရန်အတွက် ကုန်သွယ်မှုနှင့်စက်မှုလုပ်ငန်းနှင့် သက်ဆိုင် သောဌာနမှ တာဝန်ယူဆောင်ရွက်ရန် လိုအပ်ခြင်းနှင့် သက်ဆိုင်ရာဌာန များမှ ကူညီပံ့ပိုးပေးရန်လိုအပ်လျက်ရှိခြင်း။

## ၁၄။ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

MSME များ ရှင်သန်ဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

- ❖ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေသို့ ပြင်ဆင်နိုင်ရေးဆောင်ရွက်ရန်
- ❖ ဌာနအဖွဲ့အစည်းများ ပိုမိုအားကောင်းလာစေရန်ပြင်ဆင်ဖွဲ့စည်းရန်
- ❖ ငွေကြေးအရင်းအမြစ်များဖော်ထုတ်၍ ရင်းနှီးမြှုပ်နှံမှုများပံ့ပိုးပေးရန်
- ❖ Digital နှင့် IT နည်းပညာများ ပံ့ပိုးကူညီပေးရန်
- ❖ နိုင်ငံတကာဈေးကွက်များသို့ ချိတ်ဆက် ထိုးဖောက်နိုင်ရေး နည်းပညာ၊ သတင်းအချက်အလက်များ ကူညီပံ့ပိုးပေးရန်
- ❖ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ပေးရန်
- ❖ Skilled (Semi-Skilled) Labour များ မွေးထုတ်ပေးနိုင်ရန်အတွက် TVET Program များ ဆောင်ရွက်ပေးရန်နှင့် သင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန်
- ❖ စွန့်ဦးတီထွင်လုပ်ငန်းများနှင့် အစပျိုးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေရန် လိုအပ်သည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်
- ❖ MSME များ၏ ထုတ်ကုန်အရည်အသွေး၊ စံချိန်စံညွှန်းများ ဖွံ့ဖြိုးလာစေရန်နှင့် ယှဉ်ပြိုင်မှုစွမ်းရည်တိုးတက်လာစေရန် အစီအစဉ်များရေးဆွဲဆောင်ရွက်ရန်
- ❖ သယ်ယူပို့ဆောင်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရန်
- ❖ ထုတ်လုပ်မှုစွမ်းအား၊ တီထွင်ဆန်းသစ်မှုများကို တိုးတက်လာစေရန် ခေတ်မီနည်းပညာများရရှိရေး မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရန်
- ❖ သုတေသနနှင့်ဖွံ့ဖြိုးရေး(R&D)လုပ်ငန်းများနှင့် ဆန်းသစ်တီထွင်မှုစင်တာ (Innovation Center)များ ပေါ်ထွန်းလာစေရေး ဆောင်ရွက်ရန်
- ❖ အစိုးရအဖွဲ့အစည်းများ၊ တက္ကသိုလ်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်

- ❖ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ အကြီးစားစီးပွားရေးလုပ်ငန်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား စက်မှုချိတ်ဆက် ဆောင်ရွက်မှု အစီအစဉ်များဖော်ဆောင်ရန်
- ❖ စွမ်းဆောင်ရည်မြင့်မားလာစေရန်Capacity Building Program များစီစဉ်ဆောင်ရွက်ပေးရန်
- ❖ အများနှင့်အကျုံးဝင်သော စီးပွားရေးလုပ်ငန်း (Inclusive Business) များတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ချိတ်ဆက်ပူးပေါင်းပါဝင်နိုင်ရေး ဆောင်ရွက်ရန်
- ❖ သုတေသနစစ်တမ်းများရေးသားပြုစုရန်အတွက် SME Survey ကောက်ယူရန်

## ၁၅။ နိဂုံး

MSME များသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအသက်သွေးကြောဖြစ်ပြီး နိုင်ငံ စီးပွားရေး၏ ၉၀ ရာခိုင်နှုန်းကျော်သည် MSME ဖြစ်ခြင်း၊ ပြည်သူလူထု၏ အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်စွမ်းရှိခြင်းတို့ကြောင့် MSME များ ပိုမိုရှင်သန်ဖွံ့ဖြိုးလာစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲလာစေရန် လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာစေရန် နိုင်ငံတော်မှချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်များနှင့်အညီ ဖြစ်ပေါ်လာသည့် ခေတ်ရေစီးကြောင်းများအရ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်လျက်ရှိပါသည်။ ထိုသို့ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ဗဟိုကော်မတီမှ မူဝါဒပိုင်းဆိုင်ရာ ချမှတ်နိုင်ရန်နှင့် လုပ်ငန်းစဉ်များရေးဆွဲနိုင်ရေးအတွက် အဓိကကျသော SME ဥပဒေ ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရေး၊ လုပ်ငန်းကော်မတီမှ ချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆက်စပ်ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ငွေကြေးအထောက်အပံ့ရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအထောက်အပံ့များရရှိရေး ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို သိရှိလမ်းညွှန်မှုပြုနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

**ပြည်ထောင်စုဝန်ကြီး**
**စက်မှုဝန်ကြီးဌာန**

MSME

MSME လုပ်ငန်းကော်မတီရုံး
ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန
msmeccoffice.moi@gmail.com , msmewcoffice.moi@gmail.com
067-408371